# အကြံဉာဏ်ဖြင့် ကြီးပွားရေး

ဆရာကြီး
ရွှေဥဒေါင်း

NAPOLEON HILL ၏
THINK AND GROW RICH ကို
ပြန်ဆိုသည်

Mg Lhan Nar Maung
Hteegyaint

ဤစာအုပ်ပါပညာသည် ကျောင်းများကဲ့
သင်ကြားရသော ပညာရပ်များနေရာ၌
အားထုတ်နိုင်သည်မှာ ပထိုညီဖြောကြလည်း
ကျောင်းမှသင်ကြားတတ်မြောက်ခဲ့သော
ပညာကိုကြိုးပမ်းကြိုးတတ်ရေးသို့မဟုတ်
မြေရှင်းအကျိုးအမြတ်တိုး၍ အားလုံး ပါရှိသည်
ဟူ၍ နည်းလမ်းညွှန်ပြခြင်းဖြစ်လေသည်။

ရေးသူ

Mg Chan Thar Maung
Hteegyaint
15-7-2011
ထွန်းဦးစာပေ Mdy

ဒေသာမင်းကြီးစာအုပ်
အမှတ် ၇

*Napoleon Hill* ၏
*Think and Grow Rich* ကို

# ဆရာကြီး ရွှေဥဒေါင်း

မြန်မာပြန်သည်

# အကြံဉာဏ်ဖြင့် ကြီးပွားရေး

ဤ 'အကြံဉာဏ်ဖြင့် ကြီးပွားရေး'ကို ဦးသိန်းလွင်၊ ချမ်းမြေ့ စာပေ (၀၁၄၆၇)၊ ၅၊ ဇောတိကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်မျိုးစန္ဒာ၊ မိတ်ကောင်းပုံနှိပ်တိုက် (၀၄၀၈၂) ၁၃၅၊ ၄၆ လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

ပဥ္စမအကြိမ်– ၁၉၉၀ ပြည့်၊ မေလ (ယောမင်းကြီးစာပေ)
စတုတ္ထအကြိမ်– ၁၉၈၅ (အောင်စည်စာပေ)
တတိယအကြိမ်– ၁၉၆၅ (သော်တာစာပေ)
ဒုတိယအကြိမ်– ၁၉၆၀ (သော်တာစာပေ)
ပထမအကြိမ်– ၁၉၄၅ (ကြီးပွားရေး)

စာမူခွင့်ပြုချက် ၂၇/၉၀ (၃)
မျက်နှာဖုံးခွင့်ပြုချက် ၂၂/၉၀ (၃)
မျက်နှာဖုံးဒီဇိုင်း မောင်မြင့်လွင်
စောင်ရေ ၁,၀၀၀
တန်ဖိုး

**ယောမင်းကြီးစာပေက ထုတ်ဝေသည်**
၃၄၆/၁၉ အနောက်ရန်ကင်း၊ ရန်ကင်းစာတိုက်(၁၁၀၈၁)၊ ရန်ကုန်

# မာတိကာ

**စကားချီး** ၁

**အခန်း ၁**
အောင်မြင်ခြင်း၏ အခြေခံဖြစ်သောတရား
ကြီးပွားရေးအတွက် ပထမခြေလှမ်း ၁၁

**အခန်း ၂**
ယုံကြည်ခြင်း
ကြီးပွားရေးအတွက် ဒုတိယခြေလှမ်း ၃၃

**အခန်း ၃**
အဖန်တလဲလဲ ပွားများရခြင်း
ကြီးပွားရေးအတွက် တတိယခြေလှမ်း ၄၉

**အခန်း ၄**
ပညာရပ်တစ်ခုကောင်း တတ်မြောက်ခြင်း
ကြီးပွားရေးအတွက် စတုတ္ထခြေလှမ်း ၆၅

**အခန်း ၅**
စိတ်ကူးဉာဏ်
ကြီးပွားရေးအတွက် ပဉ္စမခြေလှမ်း ၇၅

**အခန်း ၆**
ကျက်စိပ်ရိုက်၍ အကြံထုတ်ခြင်း
ကြီးပွားရေးအတွက် ဆဋ္ဌမခြေလှမ်း ၉၁

**အခန်း ၇**
ဘုံးဖြတ်ခြင်း
ကြီးပွားရေးအတွက် သတ္တမခြေလှမ်း ၁၃၇

**အခန်း ၈**
ဖွဲ့ကောင်းခြင်း
ကြီးပွားရေးအတွက် အဋ္ဌမခြေလှမ်း ၁၄၇

**အခန်း ၉**
ဗိုလ်တစ်စု၏ တန်ခိုးအင်အား
ကြီးပွားရေးအတွက် နဝမခြေလှမ်း ၁၇၆

**အခန်း ၁၀**
လိင်စိတ်ဓာတ်ကို အသုံးချခြင်း
ကြီးပွားရေးအတွက် ဒသမခြေလှမ်း ၁၈၆

Mg Chan Thar Maung
Hteegyaint

Hteegyaint

## စကားချီး

- သင်သည် မည်သည့်အရာကို အလိုရှိသနည်း
- ငွေကို အလိုရှိသလော
- ထင်ပေါ် ကျော်စောခြင်းကို အလိုရှိသလော
- ဩဇာတိက္ကမ ကြီးခြင်းကို အလိုရှိသလော
- ရောင့်ရဲကျေနပ်ခြင်းကို အလိုရှိသလော
- ဥပမိရုပ် ကောင်းခြင်းကို အလိုရှိသလော
- စိတ်ငြိမ်းခြင်းကို အလိုရှိသလော
- ချမ်းသာသုခကို အလိုရှိသလော

ဤစာအုပ်တွင် ဖော်ပြပါရှိသော နည်းလမ်းမျိုးသည် ယောကျ်ားအတွက်ဖြစ်စေ၊ မိန်းမအတွက်ဖြစ်စေ လောက၌ မိမိတို့လိုအပ်သောအရာကို မချွတ်ဆတ်ဆတ် ရနိုင်ရန်အတွက် အတိုဆုံးသော ဖြတ်လမ်းကြီးဖြစ်ပေသည်။ ၎င်းနည်းလမ်းများသည် တစ်ဦး တစ်ယောက်သော သူ၏ စိတ်ကူးဉာဏ်ဖြင့် ကုလားထိုင်ပေါ်မှ တွေးတောကြံစည် ရေးသားချက်များမဟုတ်၊ လက်ဖဝါး, ခြေဖဝါးမှ တိုင်းကျော်, ပြည်ကျော် သူဌေးကြီးများ

အဖြစ်သို့တိုင် ရောက်ကြပြီးသော ပုဂ္ဂိုလ်ကြီးပေါင်း ၅၀၀ ကျော်တို့၏ စီးပွားရှာပုံ စနစ် နည်းနာတို့ကို စစ်ဆေးမေးမြန်း စုံစမ်းနိုးနှောပြီးသည့်နောက်၊ ၎င်းတို့၏ ပြောဆိုချက်များကို တစ်ခုနှင့်တစ်ခု တိုက်ညှိ နှိုင်းချိန်၍ အဆီအနှစ် ထုတ်နုတ်စီစဉ် စီရင် ရေးသားထားခြင်း ဖြစ်လေသည်။

သို့ဖြစ်ရကား ဤစာအုပ်သည် အပျင်းပြေဖတ်ရှုရန် ရည်ရွယ်ချက်ဖြင့် ရေးသားထားသော စာအုပ်မျိုးမဟုတ်သဖြင့် ရက်သတ္တပတ်ပေါင်း များစွာတိုင်အောင် အကြိမ်ကြိမ် အထပ်ထပ် ဖတ်ရှုဆင်ခြင်၍ လေ့လာသုံးသပ်ရန် လိုအပ်သော စာအုပ်မျိုး ဖြစ်ပေသည်။ ထို့ကြောင့် တစ်ကြိမ်ဖတ်လျှင် တစ်ခန်းမျှထက် မပိုစေဘဲ "ညက်ညက်ဝါး"၍ စားထိုက်ပေသည်။

ဤကြီးပွားတိုးတက်ရေး ပညာသည် ကျောင်းများတွင် သင်ကြားရသော ပညာရပ်များနေရာ၌ အစားသွင်းနိုင်သည်ဟု မဆိုလိုသော်လည်း ကျောင်းမှ သင်ကြားတတ်မြောက်ခဲ့သော ပညာကို ကြီးပွားတိုးတက်ရေးသို့မဟုတ် ငွေရမှုအတွက် ဘယ်ကဲ့သို့ အသုံးချရမည်ဟူ၍ နည်းလမ်းညွှန်ပြခြင်း ဖြစ်လေသည်။

ဖော်ပြပါရှိသော နည်းလမ်းများကို နှစ်ခြိုက်သဖြင့် လိုက်နာလေ့ကျင့်သောအခါ "ဗိုလ်တစ်စု"တည်းဟူသော နည်းစနစ်ကို အသုံးပြုဖို့ အထူးသတိပေးလို၏။ ဤစာအုပ်ကို ဖတ်ပြီးသဖြင့် နှစ်ခြိုက်သူ သုံးလေးယောက်တို့သည် အသင်းကလေး တစ်သင်း ဖွဲ့စည်း၍ ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံးတစ်ကြိမ်ကျ တွေ့ဆုံကြပြီးလျှင် စာအုပ်မှ အခန်းတစ်ခန်းကို ဖတ်ရှုကြ၍

ထင်မြင်ချက် အသီးသီးပေးကာ ဆွေးနွေးသင့်ကြပေသည်။ ထိုကဲ့သို့ ဆွေးနွေးခြင်းအားဖြင့် ပေါ်ထွက်လာသော စိတ်ကူးများကို အသီးသီးရေးမှတ်ထားသင့်ပေသည်။ ထိုကဲ့သို့ တွေ့ဆုံဖတ်ရှုခြင်း မပြုမီ အသင်းသား အသီးသီးတို့ကို နောက်အစည်းအဝေး၌ ဖတ်ရှုကြမည့် အခန်းကို သုံး,လေးရက် ကြိုတင်ဖတ်ရှုထား၍ လေးနက်စွာ စဉ်းစားဆင်ခြင်ထားအပ်ပေသည်။ အစည်းအဝေး၌ ဖတ်ရှုသည့်အခါ စာဖတ်ကောင်း၍ လေးလေးနက်နက် အဓိပ္ပာယ်ပေါ်ထွက်အောင် ဖတ်တတ်သူတစ်ယောက်က ဖတ်ပြသင့်ပေသည်။

ဤနည်းအတိုင်း လိုက်နာပြုကျင့်ခဲ့ပါမူ အကြင်သူတို့သည် စာအုပ်တွင် ဖော်ပြပါရှိသော နည်းစနစ်တို့အပြင် မိမိဦးခေါင်းမှ အစွမ်းကုန် ညှစ်ထုတ်ဆင်ခြင်ထားသည့် စိတ်ကူးများနှင့်တကွ၊ အသင်းသားများ၏ ဦးနှောက်မှ ထွက်ပေါ်လာသော စိတ်ကူးများ အတွက်ပါ အကျိုးခံစားခွင့် ရှိပေလိမ့်မည်။

ဖော်ပြပါရှိသောအကြောင်းအရာများမှာ ကြီးပွားတိုးတက်ဖို့ သို့မဟုတ် သူဌေးဖြစ်စေဖို့၊ ဘာကိုလုပ်ရမည်၊ ဘယ်ကဲ့သို့ လုပ်ရမည်ဟူ၍ အတိအလင်းဖော်ပြထား၏။ ထိုနည်းစနစ်များ မှာ သူဌေးပေါင်း ၅၀၀ ကျော်တို့၏ နည်းစနစ်များမှ အဆီအနှစ်များဖြစ်သောကြောင့် တစ်ဦးတစ်ယောက်သော သူအတွက် နည်းအားလုံးလိုကောင်းမှ လိုပေလိမ့်မည်။ သို့သော် ဤစာအုပ်ကို ဖတ်ရှုစဉ် အတွင်းတွင် ပုဂ္ဂိုလ်အသီးသီးနှင့် သက်ဆိုင်ရာ နည်းစနစ်ကို တွေ့ရှိရလိမ့်မည်ဟု မျှော်လင့်ပေသည်။

အထူးသတိပြုရန်မှာ– ဤစာအုပ်တွင် သင်၏ကြီးပွားရေး အတွက် လျှို့ဝှက်နက်နဲသော အချက်ကြီးတစ်ချက် ပါရှိ၏။ ထိုအချက်ကို ကျွန်ုပ်တို့ကိုယ်တိုင် ထုတ်ဖော်ညွှန်ပြခဲ့လျှင် ခရီး မရောက်မည် စိုးသောကြောင့် သင့်အလိုအလျောက် ရှာဖွေဖို့ ချန်လှပ်ထားခဲ့၏။ သင်သည် ကြီးပွားထိုက်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့လျှင် ထိုလျှို့ဝှက်သော အချက်ကို မုချဧကန် တွေ့ရမည် ဖြစ်၏။ တွေ့အောင်ရှာပါလေ။

ထူးခြားသောအချက်မှာ ထိုလျှို့ဝှက်သောအရာကို ကိုယ်တိုင် တွေ့အောင် ရှာနိုင်သောသူသည် မကြီးပွားဘဲ မနေနိုင်။ ထွက်၍ ပြေးသော်လည်း မလွတ်။ ခနဉစ္စာသည် ထိုသူရှိရာသို့ အတင်း လာရောက်ချေတော့မည်ဖြစ်၏။ ဤလျှို့ဝှက်သော အရာသည် အခန်းတိုင်းတွင်ပါရှိ၏။ ကြီးပွားထိုက်သောသူမှန်လျှင် မတွေ့ဘဲ မနေနိုင်ချေ။ တွေ့ရှိသောသူအဖို့၌ ငွေသည် လည်းကောင်း၊ ဩဇာတိက္ကမသည်လည်းကောင်း၊ လူချစ် လူခင်ပေါများခြင်း သည်လည်းကောင်း၊ ကျော်စောကိတ္တိရှိခြင်းသည်လည်းကောင်း၊ ချမ်းသာသုခသည်လည်းကောင်း အလိုအလျောက် လာရောက် မည်ဖြစ်၏။ သဘောစူးစိုက်စွာ ဖတ်၍ ရှာလေလော့။

ကောလိပ်ကျောင်း၌ မနေခဲ့ဖူးသော်လည်း စိတ်မပျက်လေ နှင့်။ အောင်လက်မှတ် မရခဲ့သော်လည်း အားမလျော့လေနှင့်။ ထိုအချက်ကိုတွေ့အောင်ရှာတတ်လျှင် သင်သည် မချွတ် ကြီးပွား ရလတ္တံ့။ သင်သည် ထိုအချက်ကို ပထမ အခန်း၌သော်

လည်းကောင်း၊ နောက်ဆုံးအခန်း၌သော် လည်းကောင်း၊ အလယ်ခန်းများ၌သော်လည်းကောင်း တွေ့ရှိကောင်း တွေ့ရှိပေလိမ့်မည်။ ယင်းသို့ တွေ့ရှိသည်နှင့် တစ်ပြိုင်နက် ငါသည် ဤအချိန်မှစ၍ ကေန်မုချ ကြီးပွားချေတော့အံ့ဟု ဝမ်းမြောက်ဝမ်းသာဖြင့် လက်ပမ်း ပေါက်ခတ်လေတော့။

ထိုလျှို့ဝှက်အပ်သော အရာကို ရှာဖွေရာ၌ သဲလွန်စ ရစိမ့်သောငှာ အမြွက်ကလေးတစ်ခု ဖော်ပြလိုက်ပေဦးအံ့။ ညက်ညက်ဝါး၍ စေ့စေ့ တွေးပါလေ။ ရှာမှီးစုဆောင်း ရရှိသမျှသော ပစ္စည်း ဥစ္စာ ဟူသမျှတို့သည် စိတ်ကူးဉာဏ် တည်းဟူသော မျိုးစေ့မှ ပေါက်ပွားရသည်သာ ဖြစ်ချေ၏။ စိတ်ကူးဉာဏ်သည်လည်း စိတ်၌သာ ဖြစ်ပေါ်ရမြဲ ဖြစ်၏။ ရိပ်မိစေခြင်းငှာ လွန်စွာထင်ရှားသော ဥပမာတစ်ခု ဆောင်ပေအံ့။

အသက်အာမခံ ကုမ္ပဏီတစ်ခု၌ အလုပ်လုပ်သော ကိုယ်စားလှယ်တစ်ယောက်သည် စက်ပိုင်တစ်ဦးဖြစ်သော ဦးလေး တစ်ယောက်ထံသို့ အလည်အပတ်သွားရောက်စဉ် ဦးလေး၏ အလုပ်ခန်းအတွင်းတွင် အတူတကွထိုင်လျက်ရှိကြ၏။ ထိုအခါ အလုပ်သမားတစ်ယောက်၏ သမီးကလေးတစ်ယောက်သည် အတွင်းသို့ ဖြည်းညင်းစွာဝင်လာ၍ စားပွဲအနီးတွင် တိတ်ဆိတ်စွာရပ်လျက်ရှိရာ ဦးလေးသည် သူငယ်မကိုမြင်သည်နှင့် "ဟော့... ဘာလာရှုပ်တာလဲ"ဟု ငေါက်ငမ်း၍ မေးလိုက်၏။ ထိုအခါ မိန်းကလေးသည် စက်ပိုင်၏ မျက်နှာကို စေ့စေ့ကြည့်လျက် "အမေက ပိုက်ဆံငါးမူး ပေးလိုက်ပါတဲ့"ဟု ပြော၏။

စက်ပိုင်။ ။ 'ဟော့... လာမရှုပ်နဲ့။ ပြန်သွား'

သူငယ်မ။ ။ 'ဟုတ်ကဲ့ရှင့်'ဟု ပြောသော်လည်း နေရာမှ မရွေ့ဘဲ ရပ်လျက်ပင် နေလေ၏။

စက်ပိုင်သည် သူငယ်မကို ဂရုမစိုက်တော့ဘဲ မိမိအလုပ်ကို ဆက်လက် လုပ်ကိုင်လျက်ရှိရာ အတန်ကြာသော အခါမှ ဦးခေါင်းကို ထောင်ကြည့်လိုက်သောအခါတွင် ထိုနေရာ၌ပင် ရပ်တည်လျက် ရှိသေးသော မိန်းကလေးကို မြင်လေ၏။

စက်ပိုင်။ ။ (မျက်လုံးပြူးလျက်) 'ဟဲ့... ကောင်မလေး သွားဆိုတာ မသွားသေးဘူးလား'

သူငယ်မ။ ။ 'အမေက ပိုက်ဆံငါးမူး ပေးလိုက်ပါတဲ့'

စက်ပိုင်။ ။ 'ဘယ်ကပိုက်ဆံငါးမူး ပေးရမှာလဲ၊ မပေးဘူး။ သွား... ငါရိုက်လွှတ်ရမလား'

သူငယ်မ။ ။ 'ဟုတ်ကဲ့ရှင့်'

သူငယ်မသည် နေရာမှ မရွေ့ချေ။ ကိုယ်စားလှယ်လည်း ထိုင်လျက် အကဲခတ်နေလေ၏။ အတန်ကြာပြန်သော်...

စက်ပိုင်။ ။ 'ဟော့– ဘယ့်နှယ့်ကောင်မလေးလဲ၊ သွားဆိုတာ မသွားသေးဘူးလား။ ငါပြောတာ မကြားဘူးလား'

သူငယ်မ။ ။ 'ကြားတယ်ရှင့်'

စက်ပိုင်။ ။ 'ကြားရင် ဘာကြောင့် မသွားသေးသလဲ'

သူငယ်မ။ ။ 'ပိုက်ဆံငါးမူး မရသေးလို့ရှင့်'

စက်ပိုင်။ ။ 'သယ်– တယ်ခက်တဲ့ ကောင်မလေးပါလား၊ ငါ ရိုက်လွှတ်လိုက်ရမလား' ဟု ပြောလျက် ထ,မည်ပြုသော်လည်း သူငယ်မသည် မလှုပ်ရှားဘဲ ငုတ်တုတ်ရပ်လျက်ရှိနေ၏။

စက်ပိုင်။ ။ 'ကောင်မလေး မသွားသေးဘူးလား'

သူငယ်မ။ ။ 'ပိုက်ဆံငါးမူး မရသေးဘူးရှင့်'

စက်ပိုင်။ ။ 'ဒီလောက်ပေတဲ့ ကောင်မလေး၊ နင်– သေပေတော့'ဟု ပြောလျက် ထိုင်ရာမှ ထပြီးလျှင် လမ်းလျှောက် တုတ်ကောက်ကို ကောက်ယူ၍ သူငယ်မအနီးသို့ ချဉ်းကပ်လေရာ ကိုယ်စားလှယ်လည်း ငေးလျက်ကြည့်နေ၏။ တူဖြစ်သော ကိုယ်စားလှယ်သည် ဦးလေးစက်ပိုင်၏ ခက်ထန် ကြမ်းကြုတ်သော စိတ်သဘောကို သိပြီးဖြစ်သည်နှင့် ဘုရား– ဘုရား– တ,သလျက် ခက်ချေတော့မည်ဟု ငေးကြည့်နေမိရာ သူငယ်မသည် မျက်လုံးပြူး မျက်ဆံပြူးနှင့် တုတ်ကိုကိုင်လျက် မိမိထံလာသော စက်ပိုင်ကြီးကို ကြောက်လန့်ဟန် မရှိသည့်ပြင် ရှေ့သို့ပင် ခြေတစ်လှမ်းတိုးလျက် ဦးခေါင်းကို မော့ကြည့်၍ 'အမေက ပိုက်ဆံငါးမူး ပေးလိုက်ပါတဲ့'ဟု အသံကုန်ဟစ်ကာ အော်ပြောလိုက်လေ၏။

ထိုအခါ စက်ပိုင်ကြီးသည် ရင်ဘတ်ကို လက်သီးနှင့်ထိုးခြင်း ခံလိုက်ရသည့်အလား မြှောက်ထားသောတုတ်ကို ပြန်ချလျက် ရုတ်တရက် ရပ်တန့်ကာ ကြည့်နေလေရာ တူဖြစ်သူ ကိုယ်စား

လှယ်ကလည်း အလွန်အံ့သြစွာနှင့် ကြောင် တောင်ငေးလျက် ကြည့်နေလေ၏။

စက်ပိုင်ကြီးသည် ရိုက်မည်ဟုရွယ်ထားသော တုတ်ကောက် ကိုချရင်း ခက်ထန်သော မျက်နှာထားသည် တဖြည်းဖြည်း ပျောက်သွား၍ အိတ်ထဲသို့ လက်နှိုက်ပြီးလျှင် ငါးမူးစေ့ တစ်စေ့ကိုနှိုက်ယူ၍ သူငယ်မအား ပေးလိုက်လေ၏။ သူငယ်မ သည် ငါးမူးစေ့ကိုလှမ်းယူ၍ စက်ပိုင်ကြီးကို စေ့စေ့ကြည့်လျက် ပင် နောက်ပြန် ဆုတ်သွား၍ တံခါးဝသို့ ရောက်သောအခါမှ လှည့်ကာ ထွက်သွားလေတော့၏။

သူငယ်မ ထွက်သွားပြီးသည့်နောက် စက်ပိုင်ကြီးသည် ပြတင်းပေါက်သို့သွား၍ အပြင်သို့ငေးကြည့်ကာ ၁၀ မိနစ်ခန့် တိုင်တိုင် စကားမပြောဘဲ ရပ်လျက်စဉ်းစားစိတ်ကူးနေလေရာ တူဖြစ်သူ ကိုယ်စားလှယ်လည်း ဦးလေး၏ အမူအရာကို အကဲ ခတ်လျက်ရှိလေ၏။ စက်ပိုင်ကြီးမှာ ခက်ထန်သော အမူအရာ ရှိသူတစ်ယောက်ဖြစ်၍ အလုပ်သမားများသည် အနီးသို့ ချဉ်း ကပ်ရန် မဝံ့ကြပါဘဲ လျက် အလုပ်သမားတစ်ယောက်၏ သမီး ၁၀ နှစ်ရွယ် မိန်းကလေးတစ်ယောက်က မိမိအား စိတ်ကို စိတ် ချင်း နှိမ်နင်းသွားနိုင်ခြင်းကို အံ့သြတွေးတောနေသည်ဟု တူ ဖြစ်သူက အကဲခတ်မိလေ၏။ တူဖြစ်သူ အသက်အာမခံ ကိုယ် စားလှယ်ကလည်း ဦးလေးနည်းတူ အံ့သြမိပေ၏။

ကူလီတစ်ယောက်၏ သမီးဖြစ်သူ မိန်းကလေးတစ်ယောက် က ခက်ထန်တင်းမာသော စိတ်သဘောရှိသည့် စက်ပိုင်ကြီး

တစ်ယောက်လုံးကို အောင်မြင်နိုင်နင်းလိုက်ခြင်းမှာ ဘယ်သို့သော အကြောင်းကြောင့်ပေနည်း…၊ တင်းမာသော လူကြီးသည် သူငယ်မလေး၏ ရှေ့မှောက်တွင် အဘယ်ကြောင့် ပျော့ပျောင်းသွား၍ သူငယ်မ၏ အလိုသို့ လိုက်ရလေသနည်း၊ ထိုသူငယ်မလေး၌ မည်သို့သော တန်ခိုး သတ္တိထူး ရှိလေသနည်း အစရှိသော မေးခွန်း ပုစ္ဆာတို့သည်ကား တူဝရီး နှစ်ယောက်စလုံးတို့သည် မိမိတို့ကိုယ်ကို မိမိတို့ မေးမြန်းမိကြသော ပုစ္ဆာများ ဖြစ်ကြလေသည်။

နောက်ဆုံး၌ တူဖြစ်သူ အသက်အာမခံ ကိုယ်စားလှယ်သည် ၎င်းပုစ္ဆာများကို အဖြေတွေ့ရှိခဲ့၏။ အဖြေတွေ့ရှိသော နေ့မှစ၍ ထိုသူသည် အသက်အာမခံ ပေါ်လစီများကို အတွင်ကျယ်ဆုံး ရောင်းချနိုင်သော ကိုယ်စားလှယ်တစ်ဦးအဖြစ်သို့ ရောက်သွားလေရာ ၎င်း၏ လစဉ်ကြေး ကော်မရှင်သည် ဝန်ထောက် ၁၀ ယောက်တို့၏ လခထက် များချေသေး၏။

ထိုပုစ္ဆာ၏အဖြေကို သင်ကိုယ်တိုင် တွေးတော တွေ့ရှိနိုင်ခဲ့လျှင် ဤစာအုပ်ကိုဖတ်ရှုဖို့ လိုကောင်းမှ လိုပေလိမ့်မည်။ ဤစာအုပ်တွင် ဖော်ပြပါရှိသော နည်းစနစ်များသည် ထို အရေးကြီးလှသည့် လျှို့ဝှက်သောအချက်ကို ညွှန်ပြခြင်းမျှသာ ဖြစ်၍ တွေ့ရှိသည်နှင့် တစ်ပြိုင်နက် ခရီးတစ်ဝက်ပေါက်ပြီဟု စိတ်နှလုံးကို ဒုန်းဒုန်း ချလိုက်ပေလော့။ အဘယ်ကြောင့် ဆိုသော် ထိုသူငယ်မသည် မတော်တဆ ကံအားလျော်စွာ ရရှိထားသော တန်ခိုးသတ္တိထူးကို သူငယ်တို့ ဘာဝ အမှတ်မဲ့

အသုံးချခြင်းအားဖြင့် လိုအပ်သောအရာကို ရနိုင်ခဲ့လျှင် နေရာကျအောင် ပိုင်ပိုင်နိုင်နိုင် အသုံးချတတ်သော သင့် လူကြီးတစ်ယောက်သည် သင်လိုသော ငွေကိုလည်းကောင်း၊ သင်လိုသော ကြီးပွားမှုကိုလည်းကောင်း အဘယ်ကြောင့် မရနိုင်ရှိအံ့နည်း။ ထိုလျို့ဝှက်သောအချက်ကို သင်တွေ့ရှိ၍ အသုံးချသောနေ့မှစ၍ သင်၏ကြီးပွားမှုသည် ဒီရေတက်သကဲ့သို့ တစ်နေ့တခြား တိုးတက်ပေလိမ့်သတည်း။

Mg Chan Thar Maung (Hteegyaint)

## အခန်း ၁

## ဆန္ဒိဒ္ဓိပါဒ် *
## အောင်မြင်ခြင်း၏ အခြေခံဖြစ်သောတရား
## ကြီးပွားရေးအတွက် ပထမခြေလှမ်း

လောကီရေး၌ ဖြစ်စေ၊ လောကုတ္တရာ ရေး၌ ဖြစ်စေ၊ ထမြောက် အောင်မြင်ခြင်း၏ မူလအခြေခံဖြစ်သော စိတ်နေစိတ်ထားသည်ကား ပြင်းစွာသော ဆန္ဒရှိခြင်းပင် ဖြစ်၏။ လောက၌ ကြွယ်ဝချမ်းသာမှုမှစ၍ မဂ်တရား၊ ဖိုလ်တရားကို ရခြင်းတိုင်အောင် ပြင်းစွာသော ဆန္ဒရှိခြင်းသည် သာလျှင် အခြေခံဖြစ်၏။ မဂ်တရား၊ ဖိုလ်တရားသာလျှင်မက သဗ္ဗညုတ ဉာဏ်တော်ကို ရခြင်းသည်ပင်လျှင် ပြင်းစွာသော ဆန္ဒကို အခြေခံပြု၍ ပါရမီတော် ဖြည့်ကျင့်ခြင်းအားဖြင့် ဘုရားအဖြစ်သို့ ရောက်နိုင်ကြရကား ဤမျှလောက် မခက်ခဲလှသော ကြီးပွား

---

* တန်ခိုး၏ အခြေအမြစ် လေးပါးရှိသည်။
(၁) ဆန္ဒိဒ္ဓိပါဒ် (၂) ဝီရိယိဒ္ဓိပါဒ် (၃) စိတ္တိဒ္ဓိပါဒ်
(၄) ဝီမံသိဒ္ဓိပါဒ်

ချမ်းသာမှုလောက်မျှကို ပြင်းစွာသော ဆန္ဒရှိသူတစ်ယောက်သည် အဘယ်မှာလျှင် မရနိုင်ဘဲ ရှိပါအံ့နည်း။

ဤသို့ဆိုရာ၌ ကြီးပွားချမ်းသာခြင်းကို အလိုမရှိသူဟူ၍ မရှိပါဘဲလျက် များစွာသောသူတို့သည် အဘယ်ကြောင့် မကြီးပွား မချမ်းသာကြရလေသနည်းဟု စောဒကတက်ရန်ရှိ၏။ ကျွန်ုပ်တို့ ဆိုလိုရင်းကား... ချမ်းသာလိုကာ မတ္တကို ပြင်းစွာသော ဆန္ဒဟူ၍ ခေါ်ဆိုနိုင်သည်မဟုတ်။ ဤတစ်သက်တွင် မကြီးပွား မချမ်းသာဘဲ မနေဟူ၍ စိတ်နှလုံး ဒုန်းဒုန်း ချထားနိုင်သော စိတ်မျိုးကိုသာ ဆိုလိုခြင်း ဖြစ်ချေ၏။ ထိုကဲ့သို့ ပြင်းပြစွာသော ဆန္ဒဖြစ်ပေါ်ခြင်းသည် တန်ခိုး ဣဒ္ဓိပါဒ်ကြီး တစ်ခု ဖြစ်လာတော့၏။ ထို့ကြောင့် ဣဒ္ဓိပါဒ် (၄) ပါး၊ အဓိပတိ (၄) ပါးတို့တွင် ဆန္ဒတည်းဟူသော သဘောတရားကို မူလရင်းအခြေခံထား၍ မြတ်စွာဘုရားသခင်ဟောတော်မူခြင်းဖြစ်၏။ ပြင်းစွာသောဆန္ဒဖြင့် အခြေခံလျက် ကြွင်းကျန်သော တန်ခိုးဣဒ္ဓိပါဒ် (၃)ပါး၊ အဓိပတိ (၃)ပါးတို့သည် အလိုအလျောက် လိုက်ပါလာရတော့၏။ ပြင်းစွာသော ဆန္ဒဖြစ်ပေါ်လာသည့်အခါ စိတ်အားထက်သန်ခြင်း၊ ဝီရိယနှင့် ဖွဲ့ကောင်းခြင်း၊ ဉာဏ်ရှိသလောက် အမျိုးမျိုးဖန်တီးစီမံခြင်း စသည်တို့သည် အလိုလို နောက်မှ လိုက်ပါရမြဲဖြစ်၏။ ဆန္ဒတည်းဟူသော မီးရထားစက်ခေါင်းခုတ်နှင်လိုက်လျှင် ကျန်သော သဘောတရား တို့သည် ရထားတွဲများသဖွယ် နောက်မှ လိုက်ပါမြဲ ဖြစ်ချေ၏။

သို့ဖြစ်ရကား... လောက၌ ကြီးပွားချမ်းသာမှုကိုဖြစ်စေ၊ မဂ်တရား၊ ဖိုလ်တရားတည်းဟူသော နိဗ္ဗာန်ချမ်းသာကိုဖြစ်စေ၊

ပြင်းစွာသောဆန္ဒဖြင့် လိုချင်မှုသည် အရေးကြီးလှ၏။ လိုချင်ကာ မတ္တ ဖြစ်ရပါလို၏ဆိုရိုးမျှနှင့် မရနိုင်ချေ။ ထို့ကြောင့် လောကီချမ်းသာမှုကို အလိုရှိသည်ဖြစ်စေ၊ နိဗ္ဗာန်ချမ်းသာကို အလိုရှိသည်ဖြစ်စေ၊ ရှေးဦးစွာ လိုသော အချက်သည်ကား... မည်ကာမတ္တမျှ အလိုရှိခြင်းတည်းဟူ သော စိတ်ကို ပြင်းစွာသော ဆန္ဒအဖြစ်သို့ ရောက်လေအောင် ဖော်ပြလတ္တံ့သော နည်း အမျိုးမျိုးတို့ဖြင့် လေ့ကျင့်မွေးမြူရာ၏။ အဘယ်အရာမဆို ပြင်းစွာသောဆန္ဒဖြင့် လိုချင်ခဲ့ပါလျှင် မရမရှိနိုင်ဟု မှတ်ယူလေ။ ပြင်းစွာသော ဆန္ဒ ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ခရီး တစ်ဝက် ဆိုက်ရောက်လာပြီဟု ကျွန်ုပ်တို့ဆိုလို၏။

မြတ်စွာဘုရားသခင်သည် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ပြင်းစွာသောဆန္ဒဖြင့်အလိုရှိတော်မူ၍ ဒီပင်္ကရာဘုရားလက်ထက် တော်၌ ဆုပန်တော်မူခဲ့၏။ ၎င်းနောက် ထိုဆန္ဒ အလျောက် ပါရမီတော်ဖြည့်ကျင့်တော်မူနိုင်ခဲ့သဖြင့် နောက်ဆုံးတွင် ဘုရား အဖြစ်သို့တိုင် ရောက်ခဲ့၏။ ဤမျှလောက် ခက်ခဲသောအရာကို ပင်လျှင် ဆန္ဒတည်းဟူသော အရင်းခံတန်ခိုးသတ္တိဖြင့် ရနိုင် စွမ်းပေရကား၊ မဂ်ဖိုလ်နိဗ္ဗာန်ကို လည်းကောင်း၊ လောက၌ ကြီးပွားချမ်းသာမှုကို လည်းကောင်း ဆန္ဒပြင်းစွာ ရှိသောသူ တစ်ယောက်သည် အဘယ်မှာလျှင် မရဘဲရှိနိုင်ပါအံ့နည်း။

ဆန္ဒိဒ္ဓိပါဒ်တည်းဟူသော တန်ခိုးသတ္တိကို ရာဇဝင်၌ ပါရှိသော အဖြစ်အပျက် တစ်ခုအားဖြင့် ထင်ရှားအောင် ဥပမာ ဆောင်ဦးအံ့။ စစ်ဗိုလ်ကြီးတစ်ယောက်သည် မြစ်တစ်ဖက်ကမ်း၌

ရှိသော ရန်သူ စစ်တပ်ကို တိုက်ခိုက်ဖြိုဖျက်ရန် ပြင်းစွာဆန္ဒဖြစ်ပေါ်ဖူး၏။ ရန်သူစစ်တပ်သည် မိမိ၏စစ်တပ်ထက် ဦးရေများပြား တောင့်တင်းကြောင်းကိုလည်း သိ၏။ သို့သော် မိမိစစ်သားများသည် မိမိကဲ့သို့ပင် နိုင်ချင်သော ဆန္ဒပြင်းစွာ ပေါ်ပေါက်ခဲ့လျှင် ဧကန်မုချနိုင်ရလိမ့်မည်ဟူ၍လည်း ယုံကြည်စိတ်ချ၏။ သို့ဖြစ်ရကား စစ်ဗိုလ်ကြီးသည် မိမိ၏ စစ်သားများကို လှေဖြင့်တင်ဆောင်၍ တစ်ဖက်ကမ်းသို့ ဆိုက်ရောက် ကြသောအခါ လှေအားလုံးကို မီးရှို့ပစ်ပြီးနောက် စစ်သားများအားပြောသည်မှာ- "ငါ့လူများ၊ ငါတို့မှာ အသက်ရှင်ကြသည့်နည်းလမ်း တစ်လမ်းသာရှိတော့သည်။ ယခုတိုက်မည့် စစ်ပွဲတွင် ငါတို့ဘက်ကနိုင်မှ ငါတို့ပြန်ခွင့်ရကြတော့မည်။ ရှုံးနိမ့်ခဲ့လျှင် ပြေးရန်လမ်းမရှိသောကြောင့် ငါတို့အားလုံး သေကြဖို့သာရှိတော့သည်။ အသက်မသေလိုကြလျှင် နိုင်အောင်တိုက်ကြပေလော့" ဟု ပြော၏။

စစ်သားများသည် ထိုအခြင်းအရာကို သိမြင်ကြ၍ ငါတို့မနိုင်လျှင် ငါတို့သေကြရတော့မည်။ မနိုင်,နိုင်အောင် တိုက်ပါသော်ကောဟု ဆန္ဒပြင်းစွာ ဖြစ်ကြလျက် ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ကြလေရကား၊ မိမိတို့ထက် စွမ်းအားကြီးမားသော ရန်သူစစ်တပ်ကြီးကို ဖြိုဖျက် နိုင်နင်းခဲ့ဖူးလေသည်။ ဤသည်ကားဆန္ဒိဒ္ဓိပါဒ်၏ တန်ခိုးသတ္တိပေတည်း။

မည်သည့်ကိစ္စကိုမဆို အောင်မြင်ထမြောက်အောင် ဆောင်ရွက်လိုသူဟူသမျှသည် နောက်သို့ပြန်၍ မဆုတ်နိုင်စေခြင်းငှာ

လေ့ကို မီးရှို့ပစ်ဘိသည့်အလား ဆောင်ရွက်ကြရချေမည်။ ဆုတ်သာ တက်သာ ဟူသော သဘောထားမျိုးနှင့် စိတ်ဒွိဟ ထား၍ ဆောင်ရွက်သူတို့သည် နောက်ပြန်၍ ဆုတ်ရတတ်သည်သာ များလှချေသည်။ ဓနဥစ္စာရှာဖွေရာ၌ ဥစ္စာကို အလို ရှိကာမျှနှင့် ရနိုင်ကြမည်မဟုတ်။ မရလျှင် မနေဟူသော စိတ်ဆန္ဒမျိုးထား၍ ဥစ္စာရဖို့အတွက် မည်ကဲ့သို့သော နည်းလမ်းမျိုးဖြင့် ဆောင်ရွက်မည်ဟု အကြံအစည်ထုတ်ပြီးလျှင် ၎င်းအကြံအစည်အတိုင်း ဖွဲကောင်းကောင်းနှင့် ဆောင်ရွက်ခဲ့လျှင် ဧကန်မုချ အလိုဆန္ဒ ပြည့်ဝရချေမည်ဖြစ်၏။

ဓနဥစ္စာ ရှာဖွေရာ၌ လိုအပ်သော ဥစ္စာကို ရစိမ့်သောငှာ အောက်ပါ နည်းလမ်းများဖြင့် ဆောင်ရွက်ရမည်။

(၁) လိုအပ်သော စီးပွားရေး၊ ငွေအရေအတွက်ကို မိမိ၏ စိတ်ထဲတွင် တိတိကျကျ ပိုင်းခြား မှန်းထားရမည်။ ငွေများများကြီး အလိုရှိသည် ဟူသော မှန်းဆချက်မျိုးနှင့် ကိစ္စမပြီးချေ။ မည်ရွေ့မည်မျှ အလိုရှိသည်ကို တိတိကျကျ မှန်းထားရခြင်းမှာ အချည်းနှီး အကြောင်းမဲ့ မဟုတ်ကြောင်းကို နောက်အခန်းတစ်ခန်းတွင် ဖော်ပြလိမ့်မည်။

(၂) ထိုငွေကိုရမှုအတွက် မိမိက မည်မျှလောက် အထိ အပင်ပန်း အဆင်းရဲခံနိုင်မည်ဟူ၍လည်း တိတိကျကျ ဆုံးဖြတ်ထားရမည်။ လောက၌ တစ်ခုခုမပေးဘဲ အချည်းနှီး အလကားရနိုင်သော အရာဟူ၍ မရှိချေ။

(၃) မှန်းထားသော ငွေကို မည်သည့် နေ့ရက်တွင် ရလိုသည်ဟု ရက်စွဲနှင့်တကွ တိတိကျကျ ဆုံးဖြတ်ထားရမည်။

(၄) ထိုငွေကို ရမှုအတွက် ဘယ်ကဲ့သို့ဆောင်ရွက်မည်ဟု အကြံအစည်ပြုလုပ်ပြီးလျှင် ၎င်းအကြံအစည်အတိုင်း မဆိုင်းမလင့်ဘဲ ချက်ချင်း စတင် ဆောင်ရွက်ရမည်။

(၅) အလိုရှိသော ငွေအရေအတွက်၊ ရရှိမည့်ရက်စွဲ၊ ထိုငွေရမှုအတွက် မိမိက အနစ်နာခံနိုင်မည့်အချက်များ၊ ၎င်းရမှုအတွက် ဆောင်ရွက်မည့်အကြံအစည်များ စသည်တို့ကို စာရွက်တစ်ရွက်ပေါ်တွင် ထင်ထင်ရှားရှား ရေးသားဖော်ပြရမည်။

(၆) ၎င်းစာရွက်ကို နံနက်အိပ်ရာထသောအခါ၌တစ်ကြိမ်၊ အိပ်ရာဝင်သောအခါ၌ တစ်ကြိမ် အသံထုတ်၍ ဖတ်ရမည်။ ထိုကဲ့သို့ ဖတ်နေစဉ် ထိုငွေကို လက်ထဲရောက်ပြီးကဲ့သို့ စိတ်ချယုံကြည်၍ မျက်စိထဲတွင် ထင်မြင်ရမည်။

အထက်ပါ နည်းလမ်း ၆ ခုအတိုင်း ကျကျနန လိုက်နာဆောင်ရွက်ဖို့ အလွန်အရေးကြီးလှ၏။ အထူးသဖြင့် နံပါတ် ၆ ကို တိတိကျကျနှင့် မပျောက်မကွက် လိုက်နာဖို့ အလွန်အရေးကြီး၏။ လက်ထဲသို့ မရောက်သေးသော ငွေကို လက်ထဲရောက်ပြီကဲ့သို့ ထင်မြင်တတ်ဖို့ ခဲယဉ်းလှသည်ဟုပြောရန်ရှိ၏။ သို့သော် ထိုငွေကို မရမနေဆိုသည့် ပြင်းစွာသော ဆန္ဒမျိုးဖြင့် လိုချင်ရိုးမှန်သူ တစ်ယောက်အဖို့၌ ထိုကဲ့သို့ ထင်မြင်ရန် ခဲယဉ်းမည်

မဟုတ်ချေ။ ထိုငွေရရှိမှုအတွက်မှ တစ်ပါး အခြားမည်သည့် အတွက်ကိုမျှ စိတ်အာရုံမစိုက်ဘဲ တစ်စိတ်တည်း၊ တစ်အာရုံ တည်း ထားနိုင်လောက်အောင် ပြင်းစွာသော ဆန္ဒရှိသူတို့အဖို့ မှာ လက်သို့မရောက်မီကပင် ရောက်ရှိပြီးကဲ့သို့ ထင်မြင်နိုင်ရန် မခက်ခဲလှချေ။

ဣဒ္ဓိပါဒ် (၄)ပါး၊အဓိပတိ (၄)ပါးတို့တွင် ခေါင်းဆောင် ကြီးဖြစ်သည့် ဆန္ဒိဒ္ဓိပါဒ်နှင့် ဆန္ဒာဓိပတိတို့အကြောင်းကို နား မလည်ခဲ့သူတို့အဖို့ကား အထက်ပါ နည်းလမ်း (၆) ခုတို့သည် တောက်တီး တောက်တဲ့ရှိလှသည်ဟု မှတ်ထင်ကောင်း မှတ်ထင် ကြပေလိမ့်မည်။ သို့သော် အမေရိကန်ပြည်၌ အကြွယ်ဝဆုံး သူဌေးကြီး တစ်ဦးဖြစ်သော မစ္စတာကနာဂျီသည် သံမဏိ အလုပ်ရုံကြီးတွင် သာမန် ကူလီ တစ်ယောက်အဖြစ်နှင့် အလုပ် လုပ်ခဲ့ရာမှ အထက်ပါ နည်းလမ်း (၆) ခုအတိုင်း ဆောင်ရွက် ခဲ့ခြင်းအားဖြင့် ကုဋေကုဋာ ကြွယ်ဝ ချမ်းသာသော အဖြစ်သို့ တိုင် ရောက်ခဲ့ဖူးသည့် ထုံးဟောင်းသာဓက ရှိပေ၏။

အထက်ပါနည်းလမ်း (၆) ခုအတိုင်း လိုက်နာဆောင်ရွက် ရန်မှာ များစွာ ပင်ပန်းခဲယဉ်းလှသည် မဟုတ်ချေ။ ကျောင်းမှ ပညာ မည်ရွေ့မည်မျှ တတ်မြောက်ခဲ့ရမည်ဟူ၍လည်း မလိုချေ။ ဓနဥစ္စာ ရရှိမှုဆိုသည်မှာ ကံအားလျော်စွာ ဖြစ်တတ်သော သဘောရှိသည်ဟူ၍ ကံကိုသာ ယုံကြည်အားကိုးနေခြင်းအား ဖြင့် မဖြစ်နိုင်ကြောင်း သိနားလည်တတ်သော ဉာဏ်မျိုးရှိမှု သာလျှင် အရေးကြီးလှပေသည်။ အမွေရခြင်း၊ ထီပေါက်ခြင်း

တို့မှ တစ်ပါး ဉစ္စာ, ငွေကြေး သိန်းသန်း ကုဋေတိုင်အောင် ကိုယ်တိုင် ရှာဖွေ စုဆောင်းလာကြသော သူဌေးကြီး, သူကြွယ် ကြီးဟူသမျှတို့သည် ပြင်းစွာသော ဆန္ဒကိုအရင်းခံပြု၍ အကြံ အစည်ထုတ်ပြီးလျှင် ၎င်းအကြံအစည်အတိုင်းဖွဲ့ကောင်းကောင်း နှင့် ဆောင်ရွက် လုပ်ကိုင်ခဲ့ခြင်းအားဖြင့်သာလျှင် သူဌေးကြီး, သူကြွယ်ကြီးအဖြစ်သို့တိုင် ရောက်ခဲ့ကြခြင်း ဖြစ်ချေ၏။

ဤနေရာ၌ အတိအလင်း ဖော်ပြလိုသည်မှာ ဓနဉစ္စာကို ပြင်းစွာသော ဆန္ဒဖြင့် လိုချင်သော စိတ်မျိုးမရှိ၊ ရှိပြီးကဲ့သို့ မထင်မြင်နိုင်ခဲ့လျှင် သိန်း၊ သန်း၊ ကုဋေအထိ ကြွယ်ဝချမ်းသာ သော သူဌေးကြီး တစ်ယောက်အဖြစ်သို့ မရောက်နိုင်ကြောင်း မှတ်ယူလေ။ စိတ်ကူးထဲ မိမိကိုယ်မိမိ သူဌေးဟူ၍ မထင်မြင်နိုင် ခဲ့လျှင် တကယ်လည်း သူဌေးမဖြစ်နိုင်ဟူ၍ မှတ်လေ။

မြန်မာပြည် ရာဇဝင်တွင် ယခုခေတ်ကဲ့သို့ သူဌေးဖြစ်နိုင် သော လမ်းပေါက်, လမ်းစပေါများသောခေတ်ဟူ၍ တစ်ကြိမ် တစ်ခါမျှ မကြုံဖူးသေးချေ။ စစ်ကြီးအတွင်းက ယာယီအလုပ် မျိုးတို့ဖြင့် ယာယီသူဌေးများ ပေါ်ပေါက်ခဲ့ကြသည်။ မှန်၏။ သို့သော် ယာယီ အလုပ်မျိုး ဖြစ်သောကြောင့် စစ်ပြီးသည်နှင့် တစ်ပြိုင်နက် ကွယ်ပျောက်ကြလေပြီ။ ယခုမူကား ရောင်းဝယ်မှု ကိစ္စအမျိုးမျိုးတို့တွင် ထာဝစဉ် လုပ်ငန်းမျိုး တည်ထောင်နိုင် ကြပြီဖြစ်၍ ထာဝစဉ်သူဌေးမျိုး ပေါ်ပေါက်ကြချေတော့မည်။

ယခုခေတ်သည်ကား နေရာတကာတွင် အသစ်ပြုပြင် ပြောင်းလဲလျက် ရှိပြီးဖြစ်သောကြောင့် ခေါင်းဆောင် အသစ်

များ၊ ပညာသင်ကြားရေးနည်းလမ်းအသစ်များ၊ ကုန်စည် ကူးသန်းရောင်းဝယ်ရေးနည်းလမ်းအသစ်များ၊ စာအုပ်အသစ်များ ရုပ်ရှင်ကားနှင့်ရေဒီယိုအတွက် စိတ်ကူးနှင့်အစီအစဉ်အသစ်များ စသည်တို့ ပေါ်ပေါက်ဆဲ ပေါ်ပေါက်လတ္တံ့ ရှိကြပေမည်။ ဤခေတ်မျိုးတွင် စိတ်ကူးဉာဏ်အသစ်နှင့် ဖွဲ့ကောင်းကောင်း ဆောင်ရွက်နိုင်သူအဖို့မှာ မရနိုင်သော စီးပွား ဥစ္စာဟူ၍ မရှိနိုင်ချေ။

ဤခေတ်သစ်ကြီး၌ စိတ်ကူးဉာဏ်အသစ် မထုတ်နိုင်သောသူတို့သည် အဟုတ်တကယ် ကြီးပွားချမ်းသာသော အဖြစ်သို့ မရောက်နိုင်ဟူ၍ တထစ်ချ မှတ်ယူလေ။ စိတ်ကူးဉာဏ်အသစ်ထုတ်သည့်အတွက် နားမလည်သူတို့က ပြက်ရယ်လှောင်ပြောင်ပြုလုပ်ပြောဆိုကြငြားသော်လည်း စိတ်မပျက်သင့်ချေ။

မည်သည့်အရာမျိုးကို ပြုလုပ်လိုသည်ဖြစ်စေ၊ တရားနည်းလမ်း ကျ,မကျကိုသာ ရှေးဦးစွာဆင်ခြင်စဉ်းစား၍ တရားနည်းလမ်းကျသည်ဟု မိမိကိုယ်တိုင်က ယုံကြည်စိတ်ချခဲ့လျှင် နှောင့်နှေးခြင်းမရှိဘဲ ဆောင်ရွက်ပါလေ။ ထိုသို့ ဆောင်ရွက်ခြင်းအားဖြင့် အနှောင့်အယှက် အထစ်အငေါ့ တွေ့သည့်အခါ မည်သူက မည်ကဲ့သို့ပြောစေကာမူ စိတ်အားလျော့ခြင်း မရှိဘဲ ဆက်လက်ဆောင်ရွက်ပါလေ။ အနှောင့်အယှက် အထစ်အငေါ့ဟူသမျှတို့တွင် အောင်မြင်ခြင်း၏ မျိုးစေ့များ ပါရှိကြောင်းကို ကောင်းကောင်းကြီး သတိပြုပါလေ။

ကမ္ဘာပေါ်မှာ အကြွယ်ဝဆုံး သူဌေးကြီး တစ်ဦးဖြစ်သော ဟာန်နရီဖို့သည် ပထမက ပစ္စည်း ဥစ္စာလည်းမရှိ၊ ကျောင်းမှ

သင်ကြားခဲ့ရသော ပညာမျိုးလည်း မရှိပါဘဲလျက် မြင်းမပါသော ရထားမျိုး စ,၍ထွင်ရန် စိတ်ကူးခဲ့ရာ၊ နောက်ဆုံးတွင် ထမြောက် အောင်မြင်ခဲ့သဖြင့် ကမ္ဘာပေါ်၌ မော်တော်ကားအများဆုံးရောင်းချနိုင်သော အလုပ်ရုံပိုင်ရှင်ကြီးအဖြစ်သို့တိုင် ရောက်ခဲ့လေသည်။

သောမတ်အေဒီဆင်သည် လျှပ်စစ်ဓာတ်ဖြင့် ထွန်းညှိရသော မီးခွက်မျိုးကို စ,၍ထွင်ရန် စိတ်ကူးခဲ့ရာ အကြိမ်ပေါင်း တစ်သောင်းတိုင်တိုင် စမ်းသပ်ဆုံးရှုံးခဲ့သော်လည်း မဖြစ်လျှင်မနေဟူသော ဇွဲဖြင့် ဆက်လက် စမ်းသပ် လုပ်ကိုင်ခဲ့ခြင်း အားဖြင့် နောက်ဆုံးတွင် ထမြောက် အောင်မြင်ခဲ့ရလေသည်။ တကယ့်ယောကျာ်းတို့ မည်သည် စိတ်ကူးအတိုင်း မဖြစ်ရမချင်း လက်မလျှော့ကြချေ။

အီဘရာဟင်လင်ကွန်းသည် ကပ္ပလီလူမျိုးများကို ကျွန်အဖြစ်မှ လွတ်မြောက်စေရန် စိတ်ကူးခဲ့ရာ ယခုအခါ၌ တစ်ကမ္ဘာလုံးတွင် ငွေဝယ်ကျွန်ဟူ၍ မရှိတော့ချေ။

ရိုက်ညီအစ်ကိုတို့သည် ကောင်းကင်ပျံနိုင်သည့် လေယာဉ်ပျံမျိုးကို စိတ်ကူးခဲ့ရာ ယခုအခါ၌ လေယာဉ်ပျံ များသည် ကောင်းကင်တွင် တဝီဝီ ပျံသန်းလျက် ရှိကြလေပြီ။

မာကွန်နီသည် ကြေးနန်းကြိုးမပါဘဲ စကားပြောနိုင်သောနည်းကို စ,၍ထွင်ဖို့ စိတ်ကူးခဲ့ရာ ယခုအခါ၌ ညနေတိုင်း နံနက်တိုင်း ရေဒီယိုသံ ကြားနေကြရခြင်းကို ထောက်သဖြင့် ၎င်း၏စိတ်ကူးသည် အချည်းနှီးမဖြစ်ကြောင်း ထင်ရှားခဲ့လေပြီ။

လောက၌ အကြီးအကျယ် ထမြောက် အောင်မြင်ခြင်းဟူသမျှတို့သည် အစ, ပထမ၌ စိတ်ကူးဉာဏ်မှသာ ဖြစ်လေရကား စိတ်ကူးဉာဏ်၏တန်ခိုးသတ္တိနှင့် စိတ်ကူးဉာဏ်၏တန်ဖိုးကို ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်ချေ။

စိတ်ကူးဉာဏ်ရှိသူအပေါင်းတို့ နိုးကြားကြလေ၊ ထကြလော့။ သင်တို့၏ ဇာတာစန်းလဂ်သည် တက်ကြွလျက် ရှိနေလေပြီ။ စိတ်ကူးဉာဏ်ရှိသူတို့အဖို့ ကမ္ဘာတွင် တစ်ခါမျှ မကြုံဖူးသော ခေတ်ကြီးမျိုး ပေါ်ထွန်းလျက်ရှိလေပြီ။ ကြံကြလော့။

ကြွယ်ဝ ချမ်းသာလိုသော စိတ်ဇောကို အခြေခံပြု၍ ဘယ်အခါမျှ အရှုံးမပေးသော ဇွဲမျိုးနှင့် အထ မမြောက်မချင်း, မအောင်မြင်မချင်း ဆောင်ရွက် လုပ်ကိုင်ကြလော့။ ကြီးပွားလိုသောဆန္ဒမရှိသူ၊ လျစ်လျူဥပေက္ခာစိတ်မျိုးရှိသူ၊ ပျင်းရိသောသူမျိုးတို့၌ ကြီးပွားချမ်းသာနိုင်သော စိတ်ကူးဉာဏ်မျိုး မဖြစ်ပေါ်နိုင်ကြောင်း သတိပြုလေ။

လောက၌ အထွတ်အထိပ်သို့ ရောက်သူများ၊ စီးပွားဥစ္စာ မြောက်မြားစွာ ရှာဖွေရရှိသူများသည် အနှောင့် အယှက် အထစ်အငေါ့ အမျိုးမျိုးတို့နှင့် တွေ့ဆုံရ၍ ၎င်းတို့ကို ချိုးနှိမ်ကျော်လွှန်ပြီးသည့် နောက်မှာ အထွတ်အထိပ်သို့ ရောက်ကြရကြောင်းကိုလည်း သတိပြုမိလေ။

နောက်တစ်ခန်းကို မဖတ်ရှုသေးမီ မိမိ၏စိတ်ထဲတွင် မျှော်လင့်ခြင်း၊ ယုံကြည်ခြင်း၊ ဇွဲသတ္တိကောင်းခြင်း၊ သည်းခံခြင်း တည်းဟူသော အရည်အချင်းများကို နိုးကြားအောင် လှုံ့ဆော်

ထားလေလော့။ ၎င်းအရည်အချင်းမျိုးနှင့် ပြည့်စုံ၍ ဖော်ပြလတ္တံ့သော နည်းလမ်းများအတိုင်း လိုက်နာခဲ့သော် ထမြောက်အောင်မြင်ခြင်းအတွက် အသင့် ပြင်ဆင်ပြီးပြီဟု မှတ်ယူလေလော့...။

တစ်စုံ တစ်ခုသော အရာကို အလိုရှိခြင်းနှင့် ထိုအရာကို လက်ခံဖို့ အသင့်ပြင်ဆင်ပြီး ရှိနေခြင်းတို့မှာ ခြားနားခြင်းရှိ၏။ လိုသောအရာကို ဧကန်မုချ ရလိုက်မည်ဟု စိတ်ချယုံကြည်ခြင်း မရှိသမျှ ကာလပတ်လုံး ထိုအရာကိုလက်ခံရရှိဖို့ အသင့်မရှိသေးဟူ၍ မှတ်ယူလေ။ ပွင့်လင်းသောစိတ်သဘောရှိသူတို့၌သာလျှင် ယုံကြည်သောစိတ်မျိုးဖြစ်ပေါ်နိုင်၏။ ပိတ်ဆို့ထားသော စိတ်သဘောမျိုးရှိသူတို့၌ ယုံကြည်ခြင်း၊ ဖွဲကောင်းခြင်း၊ ကြည်လင်ခြင်းစသော စိတ်မျိုး မဖြစ်ပေါ်နိုင်ကြောင်း သတိပြုလေ။

မြင့်မြင့်မှန်း၍ များများရဖို့ ရည်ရွယ်ထားသော သူသည် ပစ်ချရာ၌ လှဲ၍အိပ်ဖို့ ပြင်ထားသော သူတို့ထက် ကြီးပွားတိုးတက်ခြင်းရှိကြောင်း မမေ့မလျော့သင့်ပေ။

ဤအခန်းကို မပိတ်မီ ပြင်းစွာသော ဆန္ဒရှိခြင်း၏ တန်ခိုးသတ္တိအကြောင်းနှင့် ပတ်သက်၍ အံ့သြဖွယ် ကောင်းလှသော အထ္ထုပ္ပတ္တိတစ်ခုကို ဖော်ပြရပေဦးအံ့။

အမေရိကန်ပြည်၌ ဘလ်ယားဟီးလ် အမည်ရှိသူ သူငယ်တစ်ယောက်သည် မွေးဖွားစ အခါက နားရွက်လည်း မပါ၊ နားပေါက်မျှလည်း မပါ။ 'ဂင်းပိတ်' အတိုင်း ပါလာခဲ့သည်ဖြစ်၍ ဆရာဝန်အပေါင်းတို့က ထိုသူငယ်မှာ တစ်သက်ပတ်လုံး နားကြားနိုင်ဖို့၊ စကားပြောနိုင်ဖို့ မျှော်လင့်ဖွယ်မရှိဟု တညီ

တည္သွတ်တည်း ထွက်ဆိုကြ၏။ သို့ရာတွင် ထိုသူငယ်၏ ဖခင်မစ္စတားဟီးလ်ကမူ မိမိ၏ သားသည် စကား ပြောနိုင်ရအံ့၊ နားကြားနိုင်ရအံ့ဟု စိတ်ထဲတွင် ဆုံးဖြတ်၍ ထိုဆုံးဖြတ်ချက်အတိုင်းဖြစ်မြောက်စေလိုသော ဆန္ဒသည် ပြင်းစွာဖြစ်ပေါ်ခဲ့၏။

နားပေါက်မှုမပါဘဲ နားကြားနိုင်ဖို့ကိစ္စမှာ လွန်စွာခဲယဉ်းလှသော်လည်း ဖခင်ဖြစ်သူကမူ မိမိဆန္ဒအတိုင်း ဖြစ်စေနိုင်လိမ့်မည်ဟူ၍ တစ်ထစ်ချယုံကြည်ထား၏။ နားပေါက် မပါသော်လည်း နားကြားရအောင် ပြုလုပ်ပေးနိုင်သာ နည်းသည်ဧကန်မုချရှိရမည်ဟု ယုံကြည်ထား၍ ထိုနည်းကို မိမိတွေ့ရှိရမည်ဟူ၍လည်း စိတ်ချထား၏။

၎င်းဖခင်သည် ဆန္ဒ၏တန်ခိုးသတ္တိကို နားလည်ယုံကြည်သူတစ်ယောက်ဖြစ်ရကား မိမိ၌ ဖြစ်ပေါ်လျက်ရှိသည့် ပြင်းစွာသောဆန္ဒကို သားငယ်၏ စိတ်ထဲသို့ ကူးပြောင်းပေးနိုင်အောင်ဘယ်ကဲ့သို့ ပြုလုပ်ရမည်နည်းဟု အကြံထုတ်၏။ ဆိုလိုရင်းကား မိမိ၌ဆန္ဒပြင်းစွာ ဖြစ်ပေါ်နေသည့်နည်းတူ သားငယ်၌လည်း နားကြားလိုသောဆန္ဒ ပြင်းစွာ ဖြစ်ပေါ်လာအောင်ဘယ်ကဲ့သို့ ပြုလုပ်ပေးရမည်နည်းဟု စိတ်ကူးလျက်ရှိ၏။

ထိုသူသည် မိမိဆန္ဒကို မည်သူအားမျှပြောမပြဘဲ အချိန်ရှိသမျှ နာရီရှိသမျှ တစ်ကြံတည်း ကြံစည်လျက်ရှိ၏။

စကားသင်သော အရွယ်သို့ ရောက်သောအခါ မိဘ များသည် သူငယ်၏အမူအရာကို စောင့်ကြပ်အကဲခတ်လျက်ရှိကြရာသားငယ်သည် အခြားသော ကလေး သူငယ်များကဲ့သို့ ဂူးဂူး

ဂဲဂဲနှင့် သူငယ်တို့၏ ဘာဝ စကားပြောခြင်း မပြုသော်လည်း အချို့သောအသံမျိုးကို အနည်းငယ်မျှကြားနိုင်ကြောင်းကို အမူအရာအားဖြင့် သိရှိကြရ၏။ ထိုအခြင်းအရာကို တွေ့မြင်ရသည်နှင့် တစ်ပြိုင်နက် ဖခင်ဖြစ်သူသည် အားတက်လာ၍ အနည်းငယ် သဲ့သဲ့မျှ ကြားနိုင်စွမ်းသော အာရုံကြောကို များများကြီးကြားနိုင်စွမ်းသော အာရုံကြောအဖြစ်သို့ အဘယ်ကြောင့် တိုးချဲ့အားပေး၍ မဖြစ်နိုင်ဘဲ ရှိအံ့နည်းဟု စဉ်းစား၊ ဆင်ခြင်မိလေ၏။

တစ်နေ့သ၌ဖခင်ဖြစ်သူသည် ခြေနင်းရုံဖြင့် တေးသီချင်းသံပေါ်နိုင်သော ပီယာနိုလာခေါ် စန္ဒရားတစ်မျိုးကို ဝယ်ယူလာခဲ့၍ သူငယ်၏ရှေ့၌ တေးသီချင်းများကို တီးပြရာ သူငယ်သည် ကြည်လင်ရွှင်ပျသော မျက်နှာထားနှင့် စန္ဒရားသံကို နားထောင်လျက်ရှိကြောင်း ဝမ်းမြောက်ဝမ်းသာ တွေ့မြင်ရလေ၏။ တေးချင်းများအနက် သူငယ်သည် 'တစ် (စ) လောင်းဝေး' အမည်ရှိ တေးချင်းသံကို အထူးသဖြင့် နှစ်သက်ဟန် လက္ခဏာရှိလေရာ၊ တစ်နေ့သ၌ သူငယ်သည် ၎င်းတေးချင်းများကို စန္ဒရားတွင် တပ်ပြီးနောက် စန္ဒရားဘောင်ကို သွားဖြင့် ကိုက်လျက် နှစ်နာရီတိုင်တိုင် ခြေဖြင့်နင်းကာ နားထောင်လျက်ရှိသည်ကို တွေ့ကြရလေ၏။ အရိုးသည် သဒ္ဒါရုံကို ဆောင်ကြဉ်းနိုင်သော အစွမ်းရှိသည်နှင့် သွားဖြင့် ကိုက်ထားသော အရာဝတ္ထုမှ ထွက်သောအသံကို ကြားနိုင်ခြင်းအကြောင်းကို ဖခင်ဖြစ်သူသည် ထိုအခါကမသိသေးဘဲ ရှိနေရကား၊ သားငယ်၏ အပြုအမူကို လွန်စွာအံ့ဩလျက်ရှိ၏။

၎င်းနောက် ဖခင်သည် သူငယ်၏ ဦးခေါင်းရိုးကို နှုတ်ခမ်းဖြင့် ထိတွေ့လျက် စကားပြောစမ်းသည့်အခါ သူငယ်သည် ကောင်းစွာကြားနိုင်ကြောင်း သိရှိရလေ၏။ ထိုအခြင်းအရာကို တွေ့ရှိရသောအခါ ဖခင်သည် မိမိ၌ ပြင်းစွာဖြစ်ပေါ်လျက်ရှိသော ဆန္ဒကို သားငယ်၏စိတ်ဓာတ်ထဲသို့ ကူးပြောင်းပေးနိုင်ရန် သဲလွန်စတစ်ခု ရချေပြီဟု များစွာအားတက်ခဲ့လေ၏။

ဖခင်သည် ဤနည်းအားဖြင့်သားငယ်ကိုစကားတတ်အောင် သင်ကြားပေးပြီးနောက် သားငယ်၏စိတ်ထဲ၌ ကိုယ့်ကိုကိုယ် အားကိုးတတ်သော သဘောထားမျိုးလည်းကောင်း၊ စိတ်ကူးဉာဏ် ထုတ်တတ်သော အလေ့အကျင့်မျိုးလည်းကောင်း၊ အခြား သူတို့ကဲ့သို့ ကြားတတ် ပြောတတ်သော အဖြစ်မျိုးသို့ ရောက်လိုသော ဆန္ဒမျိုးလည်းကောင်း ဖြစ်ပေါ်စိမ့်သောငှာ ပုံပြင်ဝတ္ထုအမျိုးမျိုးတို့ကို စပ်ဟပ်ကြံဖန်ကာ အိပ်ရာဝင်တိုင်း ပြောပြလေ၏။

နောက်ဆုံး၌ သားငယ်၏ စိတ်ထဲတွင် ထိုချွတ်ယွင်းချက်အတွက်ကြောင့် နောင်အဖို့၌ အကျိုးမယုတ်စေမည့်အပြင် ၎င်းအချက်ကို အသုံးပြုခြင်းအားဖြင့် အခြားသူတို့ထက် အကျိုးကျေးဇူးခံစားဖွယ်ရာ အခွင့်အလမ်းများပင် ပေါ်ပေါက်လာလိမ့်မည့်အကြောင်းကို စွဲလမ်းယုံကြည်စိမ့်သောငှာ ပုံပြင်ဝတ္ထုများ ဖန်တီးစီစဉ် ပြောပြခဲ့လေ၏။

သားငယ်သည် ဖခင်၏စကားကို ဆင်ခြေကန်ခြင်း မပြုဘဲ ပြောသမျှကို စွဲမြဲစွာ ယုံကြည်ထားလေရကား၊ ဖခင်သည် များစွာ ဝမ်းမြောက်လျက်ရှိ၏။ သူငယ်ကို ကျောင်းသို့ ပို့သော

အခါ ကျောင်းဆရာများသည် သူငယ်အား ဂရုဏာသက်သည့်အတွက် အခြားကျောင်းသားများထက် ပိုမို၍ ဂရုစိုက်ကြလေရကား၊ မိမိ၏ ချွတ်ယွင်းချက်အတွက် အကျိုးမယုတ်သည့်ပြင် အကျိုးပင်ရှိသေးသည်ဟု သူငယ်၏စိတ်၌ တိုး၍ ယုံကြည်ခြင်းဖြစ်ရလေ၏။ ထိုအတောအတွင်း သူငယ်၏ ကြားတတ်သော အာရုံကြောသည် တိုး၍အားကောင်းလာသည့် အဖြစ်ကိုလည်း တွေ့ရှိရလေ၏။ သူငယ်၏ အစ်ကိုတစ်ယောက်သည် သတင်းစာများကို ဆိုင်တည်ခင်းရောင်းချသော အလုပ်ဖြင့် စီးပွားရှာလျက်ရှိရာ ဘလ်ယားဟီးလ်သည်ကိုယ့်စွမ်းကိုယ်အားကိုးသော သူငယ်တစ်ယောက်ဖြစ်သည့်အလျောက်၊ သတင်းစာများ လှည့်လည်ရောင်းချနိုင်ပါရန် မိဘများအား ခွင့်တောင်းလေ၏။ သို့ရာတွင် မိခင်ဖြစ်သူသည် နားမပါသော သူငယ်တစ်ယောက် ဖြစ်သည့်အတွက် လမ်းပေါ်တွင် တိုက်မိ ခိုက်မည့် ဘေးအန္တရာယ်မျိုးရှိတတ်သည်ကို စိုးရိမ်သဖြင့် ခွင့်မပြုဘဲထားခဲ့၏။

တစ်နေ့သ၌ ဘလ်ယားဟီးလ်သည် မိဘများမရှိခိုက်တွင် နေအိမ်မှ တိတ်တဆိတ်ထွက်သွား၍ အိမ်နီးချင်းတစ်ယောက်ထံမှ ပိုက်ဆံ ၃ ပဲမျှချေးယူပြီးလျှင် သတင်းစာများဝယ်ယူ၍ ရောင်းချပြီးနောက် ရသောငွေဖြင့် အဖန်ဖန်အထပ်ထပ် ခေါက်တုံ့ခေါက်ပြန် ဝယ်ယူရောင်းချလေရာ ညနေမိုးချုပ်သဖြင့် အိမ်သို့ပြန်လာသောအခါ၌ အမြတ်ငွေ စုစုပေါင်း ၁ ကျပ် ၅ ပဲမျှ ရရှိခဲ့လေ၏။ မိဘများသည် အိမ်သို့ပြန်လာသောအခါ ငွေ ၁ကျပ် ၅ ပဲကို ဆုပ်ကိုင်လျက် မောမောနှင့် အိပ်ပျော်နေသော သား

ငယ်ကိုတွေ့ကြရကား မိခင်ဖြစ်သူသည် သားငယ်၏ လက်မှ ငွေ၁ကျပ် ၅ ပဲကိုဖြေယူ၍ ဝမ်းနည်းပန်းနည်း ငိုကြွေးရှာလေ၏။

ဖခင်ဖြစ်သူကား ဝမ်းမနည်းသည့်ပြင် လက်ပမ်းပေါက် ခတ်ချင်လောက်အောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေ၏။ အကြောင်းမူကား ဖခင်သည် မိမိသွန်သင်သည့်အတိုင်း သားငယ် ၌ ကိုယ့်ကိုကိုယ် အားကိုးတတ်သော စိတ်ဓာတ်မျိုး ဖြစ်ပေါ် လျက်ရှိကြောင်း လက်တွေ့ တွေ့ရှိရသောကြောင့်ပေတည်း။

မိခင်၏ မျက်စိ၌ကား နားမပါသောမိမိသားငယ်ကလေးသည် ငွေ ၁ ကျပ် ၅ ပဲရမှုအတွက် ရှုပ်ယှက်ခက်နေသော လမ်းများပေါ် တွင် အသက်ကို စွန့်စား၍ သွားလာခဲ့ရရှာသည်ဟု မြင်မိ၏ ဖခင်၏ မျက်စိ၌ကား သားငယ်သည် မိမိ၏ သတ္တိဖြင့် ဘေးအန္တရာယ်များကို စွန့်စားသွားလာခဲ့ပြီးနောက် ထမြောက် အောင်မြင်၍ ပြန်လာခဲ့သည်ဟု မြင်မိ၏။ ဖခင်မူကား ငါ၏ သားငယ်သည် လူညံ့တစ်ယောက်မဟုတ်ဟူ၍ အကဲဖြတ် လိုက်၏။ ထိုကဲ့သို့ အကဲဖြတ်သည့်အတိုင်းလည်း မှန်ကန် ကြောင်း တွေ့ရလေသည်။

ဘလ်ယားသည် ကျောင်းတွင်ပညာသင်ကြား၍ အလယ် တန်း၊ အထက်တန်း စသည်တို့ကို အောင်မြင်ပြီးနောက် ကောလိပ်ကျောင်းသို့ပင် ဆက်လက်သင်ကြားလေရာ ကျောင်းဆရာ များက ၎င်း၏အနီးသို့ ချဉ်းကပ်၍ ပြောပြသော စကားများမှ တစ်ပါး၊ စုံလင်စွာမကြားရချေ။ ကျောင်းနှင့် ဆိုင်ရာလူကြီး

များက ဘလ်ယားကို သာမန်ကျောင်းများတွင် မထားစေဘဲ နားထိုင်းနှင့်လူအများ ထားသောကျောင်းမျိုးသို့ ပို့စေရန် ပြောကြသော်လည်း ၎င်း၏ဖခင်သည် မိမိ၏သားငယ်ကို လူချင်းမတူသောကျောင်းမျိုးသို့မပို့ ဟူ၍သန္နိဋ္ဌာန်ချပြီးလျှင် 'တတ်ချင်တတ်–မတတ်ချင်နေ၊ ခင်ဗျားတို့အပူမဟုတ်ဘူး' ဟူသော သဘောမျိုးနှင့် ကျောင်းရိုးရိုးသို့ ပို့အပ်မြဲ တိုင်းပို့အပ်လေ၏။ ဖခင်ဖြစ်သူသည် ကျောင်း အုပ်ချုပ်ရေးဆိုင်ရာ လူကြီးများနှင့် အကြိမ်ကြိမ် စကားများရသော်လည်း လူကြီးများသည် ထိုသူ၏ စိတ်အားထက်သန်ခြင်းကိုသိရှိကြ၍ နောက်ဆုံးတွင် လက်လျှော့ကာ လက်ခံကြရလေ၏။

ကောလိပ်ကျောင်း၌ရှိစဉ် နားထိုင်းသောသူတို့အတွက် လျှပ်စစ်ဓာတ်ဖြင့် အထူးတလည် စီမံပြုလုပ်ထားသော ကိရိယာတန်ဆာ မျိုးရောင်းချသော ဆိုင်တစ်ဆိုင်က ထိုကိရိယာမျိုးတစ်ခုကိုစမ်းသပ် အသုံးပြုရန်ပေးပို့လိုက်ရာ ဘလ်ယားသည် ၎င်းကိရိယာကိုစမ်းသပ် အသုံးပြုကြည့်သည်တွင် အံ့သြဖွယ် ထူးခြားခြင်းရှိသော အဖြစ်ကို တွေ့ရှိရလေ၏။ အကြောင်းမူကား ဘလ်ယားသည် ထိုကိရိယာကို တပ်ဆင်၍ ဓာတ်ခလုပ်ကို နှိပ်လိုက်သည်တွင် နားကောင်းသော သူများကြားနိုင်ဘိသကဲ့သို့ ကြည်လင်ထင်ရှားစွာ သဲသဲကွဲကွဲ ကြားရသည်ကိုတွေ့ရှိရသောကြောင့်ပေတည်း။ ထိုအခါ ဘလ်ယားမှာ လူချင်းမတူမျှသော အဖြစ်မျိုးမှ လွတ်မြောက်ခဲ့လေပြီဟု သားအဖ နှစ်ယောက်တို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်လိုက်ကြပုံမှာ ပြောဖွယ် မရှိတော့ချေ။

ထိုနေ့မှစ၍ ဘလ်ယားသည် တယ်လီဖုန်း၊ ရေဒီယို၊ အသံထွက်ရုပ်ရှင်ကား စသည့် ယခင်က အသုံးမပြုနိုင်ခဲ့သော ပျော်ရွှင်မှုများကို မြိန်ရေ ရှက်ရေ မနေမနား အသုံးပြုလျက် ရှိလေ၏။ သဘာဝမှုသည် ထိုသူငယ်အား နားပင်း၊ လူအ၊ အဖြစ်နှင့် တစ်သက်လုံးနေစေရန် လက်မခံဟူ၍ လူချင်းတူတူ သူချင်းမျှမျှဖြစ်ရအောင် ကြိုးစားခဲ့ရာ နောက်ဆုံးတွင် အောင်မြင် ထမြောက်ကြောင်း တွေ့ရလေသည်။

သို့ရာတွင် ဘလ်ယား၏ ကိစ္စမှာ ဤမျှနှင့် မပြီးသေးချေ။ မိမိ၏ ချွတ်ယွင်းချက်ကို အကျိုးရှိအောင် အသုံးချဖို့ ကိစ္စ ရှိသေး၏။

ဘလ်ယားသည် သူတစ်ပါးနည်းတူ နားကြားလာရသော အဖြစ်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်လှ၍ ထိုကိရိယာ တန်ဆာ လုပ်ကိုင် ရောင်းချသော ကုမ္ပဏီသို့ မိမိ၏ အဖြစ် အပျက်ကို အတိအလင်း ထုတ်ဖော် ရေးသားလိုက်လေရာ၊ ၎င်း ကုမ္ပဏီ ဆိုင်ရာ လူကြီးများသည် ဘလ်ယား၏ အားရပါးရ ရေးသား ထားသောစာကို မြင်ရသည်နှင့် ဘလ်ယားအား မိမိတို့၏ အလုပ်ရုံသို့ ဖိတ်ကြားခေါ်ငင်လေ၏။

အလုပ်ရုံသို့ ရောက်သောအခါ အကြီးအမှူး ဖြစ်သော အင်ဂျင်နီယာသည် ဘလ်ယားအား ရုတ်ခြည်း တစ်လျှောက် လှည့်လည်ပြသလျက်ရှိစဉ် ဘလ်ယား၏စိတ်ထဲတွင် ရုတ်တရက် အကြံ တစ်ခု ဖြစ်ပေါ် လာလေ၏။ ထို အကြံသည်ကား

ဘလ်ယား၏ ချွတ်ယွင်းချက်ကို အကျိုးရှိအောင် အသုံးပြုဖို့ နည်းလမ်း၏ သဲလွန်စ ပေတည်း။ အကြောင်းကို ဆိုသော် ဘလ်ယားသည် ကမ္ဘာပေါ်၌ ရှိရှိသမျှသော ဆွံ့အ, နားပင်း သူတို့အား မိမိ၏ အတ္ထုပ္ပတ္တိကို သိရှိအောင် ပြုလုပ်ပေးခြင်း အားဖြင့် ဒုက္ခိတအဖြစ်မှ လွတ်အောင် ကူညီပေးရန် အကြံ အစည်ပင် ဖြစ်ချေ၏။

သို့ဖြစ်ရကား ဘလ်ယားသည် ထိုကိရိယာမျိုး ပြုလုပ် ရောင်းချသောကုမ္ပဏီ၏ ရောင်းချပုံနည်းစနစ်ကို တစ်လတိုင်တိုင် သေချာစွာစုံစမ်း၍ ကမ္ဘာပေါ်ရှိ နားပင်းသူ အပေါင်းတို့နှင့် ဘယ်ကဲ့သို့ ဆက်သွယ်ပေးရမည့် အကြောင်းကို နည်းသစ်များ တီထွင်စိတ်ကူးလေ၏။ နောက်ဆုံး၌ ဘလ်ယားသည် မိမိ စိတ်ကူးကြံစည်ထားသော ရောင်းချနည်း အစီအစဉ်ကို စာရွက် ပေါ်တွင် ပြသလေရာ လူကြီးများသည် ဘလ်ယား၏ အစီအစဉ်ကို အလွန် ကြိုက်နှစ်သက်ကြသည်နှင့် ၎င်းအား ချက်ချင်း ရာထူး ပေး၍ ၎င်း၏အကြံအတိုင်း စတင်ဆောင်ရွက်ရန် အလုပ်ပေး ကြလေ၏။

ဘလ်ယားသည် အလုပ်ဝင်သည်နှင့် တစ်ပြိုင်နက် နားပင်း လူအ,များအတွက် ကျောင်း တစ်ကျောင်း တည်ထောင်၍ ၎င်းတို့အား စကားပီ, နားကြားဖြစ်အောင် သင်ကြားပေး သော အလုပ်ကိုဆောင်ရွက်လေ၏။ ယင်းသို့ဆောင်ရွက်ရာ၌ ဘလ်ယားပြုလုပ်ပုံမှာ နားပင်းသော လူအ,များကို လူချင်း တူတူ, သူချင်းမျှမျှဖြစ်လိုသော စိတ်ဆန္ဒမျိုး ပြင်းစွာဖြစ်ပေါ်

လာအောင် ရှေးဦးစွာ နှိုးဆွပေးလေ၏။ ၎င်းအလုပ်မှာ ဘလ်ယား၏ ဖခင်က ဘလ်ယားအား ရှေးဦးစွာ တီထွင်အသုံး ပြုလာခဲ့သော နည်းစနစ်ဖြစ်လေရာ ဘလ်ယားသည် မိမိ၌ ထမြောက်အောင်မြင်ခြင်းရှိသည်ကို တွေ့မြင်ရ၍ ၎င်းနည်းအတိုင်း လိုက်နာဆောင်ရွက်ခြင်းအားဖြင့် မိမိ၏ကျောင်းသား နားပင်းများသည်လည်း အထက်ပါကိရိယာကို အသုံးပြုခြင်းအားဖြင့် နောက်ဆုံးတွင် စကားပီ, နားကြားအဖြစ်မျိုးသို့တိုင် ရောက်လာကြလေသည်။

အထက်ပါ အတ္တုပ္ပတ္တိကို ဖတ်ရှုခြင်းအား [redacted] ဖခင်ဖြစ်သူ၌ ဆန္ဒပြင်းစွာဖြစ်ပေါ်ခြင်းသည် သားဖြစ်သူ၏ စကားပီ, နားကြားအဖြစ်မျိုးသို့တိုင် ရောက်ရုံမျှမက တစ်သက်ပတ်လုံး အသက်မွေးဝမ်းကျောင်းဖြစ်စေသည့် အလုပ်အကိုင်မျိုးကိုပင် ရစေနိုင်ကြောင်း တွေ့ရှိရပေရကား ဆန္ဒိဒ္ဓိပါဒ်၏ တန်ခိုးကြီးခြင်းကို အဘယ်သူသည် မယုံကြည် အားမကိုးနိုင်ဘဲ ရှိပါအံ့နည်း။

ပြင်းစွာသော ဆန္ဒဖြစ်ပေါ်၍ ထိုဆန္ဒအတိုင်းဖြစ်မြောက်လိမ့်မည်ဟု စိတ်ထဲ၌ ကောင်းကောင်းကြီး ယုံကြည်စိတ်ချနိုင်ပါလျှင် ၎င်းဆန္ဒအတိုင်း ပြည့်စုံလိမ့်မည်ဟု မှတ်ယူလေလော့။

လောက၌ စိတ်သည် တန်ခိုးအကြီးဆုံးသော အရာဖြစ်သည်ဟု ဘုရားရှင်ဟောတော်မူခဲ့၏။ ထိုတန်ခိုးကြီးလှသော စိတ်၌ ပြင်းစွာသော ဆန္ဒဖြစ်ပေါ်နေခဲ့လျှင် ၎င်းဆန္ဒပြည့်စုံမှုအတွက် အဘယ်သူသည် နှောင့်ယှက် ဖျက်ဆီးခြင်းငှာ တတ်နိုင်ပါအံ့

နည်း။ ဆန္ဒပြင်းစွာ ဖြစ်ပေါ်လျက်ရှိသော သူသည် ထိုဆန္ဒ အတိုင်း ပြည့်စုံမှုအတွက် မနားမနေ အကြံဉာဏ် ထုတ်နေရ မည့်ပြင် ကံအားလျော်စွာ အခွင့်အရေးများ ပေါ်လာသောအခါ တွင်လည်း ၎င်းအခွင့်အရေးများကို မိမိ၏ ဆန္ဒပြည့်စုံမှုအတွက် အံ့ဩဖွယ်ရာ အသုံးချတတ်သည်သာလျှင် ဖြစ်ချေ၏။

ယင်းသို့ဖြစ်လျှင် ဆန္ဒတည်းဟူသော စိတ်ဓာတ်၏ တန်ခိုး သတ္တိကို မည်သို့သော နည်းဖြင့် အသုံးချရ ပါမည်နည်းဟု မေးဖွယ်ရာရှိ၏။ ၎င်းပုစ္ဆာပြဿနာကို ဤအခန်းနှင့် လာလတ္တံ့ သော အခန်းများတွင် ဖြေဆိုလိမ့်မည် ဖြစ်ချေ၏။

လွန်ခဲ့သည့် စစ်ကြီးအတွင်း၌ စီးပွားပျက်ခဲ့သူများ၊ ခေတ်သစ်၌ အမှီပြု၍ စီးပွားရှာကြဦးမည်ဟု ကြံရွယ်ထားသူ များမှစ၍ စီးပွားဟောင်းကို ပြန်ရသူများနှင့် စီးပွားသစ် ရှာကြံလိုသူများသည် ပြင်းစွာသော ဆန္ဒရှိခြင်း၏ တန်ခိုး အင်အားကြီးမားခြင်းကို နလုံးခိုက်အောင် မြဲမြဲစွဲစွဲပိုက်လျက် ဖွဲကောင်းကောင်းနှင့် လုံ့လဥဿာဟ ပြုကြကုန်သတည်း။

အခန်း ၂

# ယုံကြည်ခြင်း
## ကြီးပွားရေးအတွက် ဒုတိယခြေလှမ်း

လျှပ်စစ်ဓာတ်သည် ဆွဲငင်ဓာတ်သောအား၊ တွန်းလှန်တတ်သောအားဟူ၍ အားနှစ်မျိုးရှိသကဲ့သို့ လူတို့၏စိတ်ဓာတ်မှာလည်း အားနှစ်မျိုးရှိ၏။ မေတ္တာဓာတ်၊ ယုံကြည်ခြင်းဓာတ်၊ လိင်ဓာတ်၊ မျှော်လင့်ခြင်းဓာတ်၊ ဆန္ဒဓာတ် စသည်တို့သည် ဆွဲငင်တတ်သော အားရှိသည့် စိတ်ဓာတ်များ ဖြစ်လေရာ ကြောက်ရွံ့ခြင်း၊ မုန်းတီးခြင်း၊ မနာလိုခြင်း စသည်တို့သည် တွန်းလှန်တတ်သောအားရှိသည့် စိတ်ဓာတ်မျိုး ဖြစ်လေသည်။ တွန်းလှန်တတ်သောစိတ်ဓာတ်နှင့် ဆွဲငင်တတ်သော စိတ်ဓာတ်တို့သည် သဘာဝအားဖြင့် ဆန့်ကျင်ဘက် သဘောရှိသော စိတ်ဓာတ်များ ဖြစ်ကြသောကြောင့် တစ်ခုသောစိတ်အတွင်းဝယ် တစ်ပြိုင်နက်တည်း တည်နေခြင်းငှာ မတတ်ကောင်းချေ။ (ဤစိတ်ဓာတ် အမျိုးမျိုးတို့အကြောင်းကို နောင်လာလတ္တံ့သော အခန်းတစ်ခန်းတွင် စုံလင်စွာ ဖော်ပြရပေဦးမည်)။

ဆွဲငင်တတ်သော စိတ်ဓာတ် ၇ မျိုးတို့အနက် ယုံကြည်ခြင်းဓာတ်၊ မေတ္တာဓာတ်နှင့် လိင်ဓာတ်တို့သည် ခွန်အားအကြီးမားဆုံးသော စိတ်ဓာတ်ဖြစ်၏။ တစ်ဦးတစ်ယောက်သောပုဂ္ဂိုလ်၏ စိတ်ကူးဉာဏ်တွင် ၎င်းစိတ်ဓာတ်မျိုး ကိန်းအောင်းဖြည့်စွက်လိုက်သည့်အခါ မနှိုင်းယှဉ်သာအောင် ခွန်အား ကြီးမားသန်စွမ်းလာရလေသည်။

မေတ္တာဓာတ်နှင့် ယုံကြည်ခြင်းဓာတ်တို့သည် မနောကိုအမှီပြု၍ ဖြစ်ရသော စိတ်ဓာတ်များဖြစ်လေရာ လိင်ဓာတ်မှုကားရုပ်တရားကိုအစွဲပြု၍ ဖြစ်ပေါ်ရသော ဓာတ်မျိုးဖြစ်ချေ၏။ ထိုဓာတ်သုံးခုကို ပေါင်းစပ်လိုက်သောအခါတွင်မူကားလောက၌ မစွမ်းဆောင်နိုင်သောအရာဟူ၍ မရှိလောက်အောင် ခွန်အားကြီးမားလှပေ၏။

## ယုံကြည်ခြင်းစိတ်ဓာတ် အားကောင်းအောင်ပြုနည်း

ယုံကြည်ခြင်းတည်းဟူသော စိတ်ဓာတ်သည်ကား အလိုအလျောက် မဖြစ်ပေါ်ခဲ့လျှင် ဖြစ်ပေါ်အောင် ပြုလုပ်နိုင်သည့်ပြင် ဖြစ်ပေါ်ပြီး ရှိနေလျှင်လည်း အားကောင်းအောင်ပွားများပေးနိုင်သော စိတ်ဓာတ်မျိုးဖြစ်ချေ၏။ အားကောင်းအောင်ပြုလုပ်နည်း ဆိုသည်မှာ ဘာဝိဂတာ-ဗဟုသိကာ ဟူသောစကားအရ အကြိမ်ကြိမ် အဖန်ဖန်၊ အထပ်ထပ် မနေမနားပွားများပေးရသော နည်းပင်ဖြစ်လေသည်။

အကယ်၍ ၃နှစ်ပြည့်သောနေ့တွင် ငွေ ၃၀,၀၀၀ ပြည့်အောင် ကြွယ်ဝချမ်းသာလာဖို့ ရည်မှန်းထားပြီးအံ့။ ထိုနေ့ ထိုရက်တွင် ထိုငွေကိုရလိမ့်မည်ဟု အကြိမ်ကြိမ်အဖန်ဖန်၊ အထပ်ထပ် နှလုံးသွင်းခြင်းအားဖြင့် နေ့ရက်ရှည်ကြာလာသောအခါတွင် ဧကန်မုချ ရရှိလိမ့်မည်ဟူ၍ စိတ်ထဲတွင် ထင်မြင်ယုံကြည်လာခြင်းဖြစ်ပေါ်လာပေလိမ့်မည်။ ဤသည်ကား အလွန်တရာ အရေးကြီးလှသော လေ့ကျင့်ခြင်းတစ်ရပ်ဖြစ်ချေ၏။ ကြိုးစား၍ လိုက်နာလေ။

အားနည်းသော၊ စိတ်ကို အားကြီးသော စိတ်အဖြစ်သို့ ရောက်အောင် ပြုပြင်ပေးရန်မှာ အကြိမ်ကြိမ် အဖန်ဖန်ပွားများပေးရသော နည်းတစ်ခုသာရှိကြောင်း သတိပြုလေ။

စိတ်သည် ယဉ်ပါးအောင်ပြုလုပ်ပေးခြင်းအားဖြင့် တဖြည်းဖြည်း ပြုပြင်ပြောင်းလဲပေးနိုင်သော အရာမျိုးဖြစ်၏။ ဥပမာဆိုသော် အိမ်နီးချင်းတံငါသည် တစ်ယောက်သည် ငါး၏ဦးခေါင်းကို ထုရိုက်နေကြောင်း တွေ့မြင်ရသည့်အခါ ပထမ၌ မှုန်းတီးစက်ဆုပ်ခြင်းဖြစ်၏။ တွေ့မြင်ရဖန်များသဖြင့် ယဉ်ပါးလာသည့်အခါ သည်းခံနိုင်သောစိတ် ဖြစ်ပေါ်လာ၏။ ထိုမှမက ကာလရှည်စွာ တွေ့မြင်ရသဖြင့် အလွန်ယဉ်ပါးလာသည့်အခါ ကိုယ်တိုင်ဝင်၍ ထုရိုက်ပေးလိုသော စိတ်ပင်ဖြစ်ပေါ်လာတတ်၏။ ထို့ကြောင့်လည်း တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုးဟူသောစကားပုံ ပေါ်လာရခြင်းဖြစ်လေသည်။

ပထမ၌ သုံးနှစ်စေ့သောနေ့တွင် ငွေ ၃၀,၀၀၀ ကြွယ်ဝလိမ့်မည်ဟု သာမန်အားဖြင့်သာ ယုံကြည်ကြပေလိမ့်မည်။ပွား

များဖန် များသောအခါ၊ တိုး၍ တိုး၍ ယုံကြည်လာပြီးလျှင် နောက်ဆုံးတွင် (နှလုံးသို့ ခိုက်သည်တိုင်အောင်) ပြင်းပြင်း ထန်ထန် စွဲစွဲမြဲမြဲ ယုံကြည်လာလိမ့်မည်။

ထို့ကြောင့် တစ်ခုသောစိတ်ကူးသည် နှလုံးသို့ခိုက်သည်တိုင် အောင် ပြင်းထန်လှ၍ ယုံကြည်ခြင်းတည်းဟူသော သဒ္ဓါတရား နှင့်ပေါင်းစပ်လိုက်သည့်အခါတွင်မူကား၊ ဧကန်မုချဖြစ်မြောက် ရှိမည်ဟူ၍ တစ်ထစ်ချယုံကြည်ပေလော့။

စိတ်ကူးတို့မည်သည် လောကဓာတ်စကားအရ ဦးနှောက်မှ စ၍ဖြစ်ပေါ်တတ်လေရာ အချို့သောစိတ်ကူးတို့သည် ဦးနှောက် တွင်ဖြစ်ပေါ်၍ ဦးနှောက်၌သာပျောက်ကွယ်တတ်လေ၏။ အချို့ သောစိတ်ကူးတို့မူကား၊ အလွန်လေးနက်လှသည်ဖြစ်၍ နှလုံးသို့ တိုင်အောင် ထိခိုက်တတ်လေ၏။ ဒုတိယစိတ်ကူးမျိုးသည် ယုံ ကြည်ခြင်း သဒ္ဓါဓာတ်နှင့် ပေါင်းစပ်လိုက်သည့်အခါ သာ၍ ခွန်အားကြီးမားလာပေရာ၊ မေတ္တာဓာတ်၊ လိင်ဓာတ်တို့နှင့် ပေါင်းစပ်လိုက်ပါမူကား ကမ္ဘာကြီးကို ပြုပြင်ပြောင်းလဲပေး နိုင်သော ခွန်အားအစွမ်းရှိပေ၏။

ယုံကြည်ခြင်းဆိုသည်မှာ နှစ်ဘက်အသွားရှိသောဓားကဲ့သို့ ကောင်းခြင်းအတွက် လည်းကောင်း၊ ဆိုးခြင်းအတွက် လည်း ကောင်း အကျိုးပေးနိုင်သော စိတ်ဓာတ်မျိုးဖြစ်၏။ များစွာ သော လူတို့သည် ဤအကြောင်း ထိုအကြောင်းမှ စ၍ အကြောင်းအမျိုးမျိုးတို့ကြောင့် စီးပွားဥစ္စာ မဖြစ်နိုင်ဟူသော အယူဝါဒ၌ စွဲလမ်းယုံကြည်ခြင်း ရှိတတ်ကြလေရာ ထိုသူတို့

သည် မိမိတို့ကိုယ်ကို မိမိတို့ နှစ်သက်ကြသော သူတို့ပေတည်း။ အကြောင်းမူကား ထိုသူတို့သည် မိမိကိုယ်ကို မကြီးပွားနိုင်ဟူ၍ တစ်ထစ်ချ ယုံကြည် ဆုံးဖြတ်ထားသူများ ဖြစ်သောကြောင့်ပေတည်း။

တစ်စုံတစ်ခုသောအရာကို အလိုရှိသော ဆန္ဒပြင်းစွာ ဖြစ်ပေါ်၍ မိမိ၏ စိတ်ကို လေ့ကျင့်နေသည့်အခါ လိုအပ်သောအရာသည် မိမိ၏လက်ဝယ်သို့ ရောက်နေပြီးသကဲ့သို့ ယုံကြည်စိတ်ချထား၍ ရရှိပြီးသကဲ့သို့ ပြုမူကျင့်ကြံလေလော့။

စိတ်သည် အလွန်ဆန်းကြယ်သော အရာဖြစ်လေရာ မိမိ၏ စိတ်ကို မိမိ၏စိတ်က အမိန့်ပေး၍ ခိုင်းစေနိုင်၏။ ယုံယုံကြည်ကြည်နှင့် စိတ်ချလက်ချပေးလိုက်သော အမိန့်တစ်ခုကိုစိတ်သည် တော်လှန် ငြင်းဆန်ခြင်းငှာ မတတ်ကောင်းချေ။

ဤမျှလောက်အထိ ဖတ်ရှုမိသော သူတို့သည် မိမိတို့၏ စိတ်ကို အမိန့်ပေး၍ စေခိုင်းရာ၌ ယုံကြည်ခြင်း စိတ်ဓာတ်နှင့် ပေါင်းစပ်ကာ အမိန့်ပေးရန် နည်းလမ်းကို ကိုယ်တိုင် စမ်းသပ်လေ့ကျင့်နိုင်လောက်ပေပြီ။ ဤကဲ့သို့ မှန်ကန်စွာ အလေ့အကျင့်ပြုသည့်အခါ နေရာတကျဖြစ်လာသော အခြေသို့ ဆိုက်ရောက်ရမည်ဖြစ်ရာ အညွှန်းများကို ဖတ်ရှုနားလည်ရုံမျှနှင့် နေရာကျနိုင်မည် မဟုတ်ကြောင်းကိုလည်း သတိပြုပါလေ။

ယုံကြည်ခြင်းတည်းဟူသောသဒ္ဒါစိတ်ဓာတ်သည် လေ့ကျင့်ခြင်းအားဖြင့် ဖြစ်ပေါ်အောင် သို့မဟုတ် ခွန်အားသန်

စွမ်းအောင် ပြုပြင်ပေးနိုင်သော အရာမျိုးဖြစ်လေရာ ထိုလေ့ကျင့်ခန်းသို့ မရောက်မီ ယုံကြည်ခြင်းတည်းဟူသော သဒ္ဓါစိတ်ဓာတ်၏ အနက်သဘောကို ဖော်ပြပေဦးအံ့။

ပထမဦးစွာ မိမိအစွမ်းအစကို ယုံကြည်၍ သဘာဝ ဓမ္မ၏ တန်ခိုးသတ္တိ ကြီးမားခြင်းကိုလည်း ယုံကြည်လေလော့။

ယုံကြည်ခြင်းတည်းဟူသော သဒ္ဓါစိတ်ဓာတ်သည် သဘာဝ ဓမ္မ၏ အသက်သွေးကြောဖြစ်၍ သတ္တဝါတို့၏ စိတ်ကူးကို လှုပ်ရှားနိုးကြားခြင်းအဖြစ်သို့ ရောက်စေနိုင်၏။

ထိုသဒ္ဓါစိတ်ဓာတ်ကို အမှီပြု၍ စိတ်ကူးတို့သည် အညွှောင့်အညွန့်အတက်များ ဝေဝေဆာဆာ ပေါက်လာနိုင်ကြကုန်၏။

ယုံကြည်ခြင်းတည်းဟူသော သဒ္ဓါစိတ်ဓာတ်သည် ခေတ်ကာလ လောကဓာတ်ပညာဖြင့် ပိုင်းခြားဝေဖန်ခြင်းငှာ မတတ်ကောင်းသော အရာတို့ကို စွမ်းဆောင်နိုင်၏။ ယုံကြည်ခြင်းတည်းဟူသော သဒ္ဓါစိတ်ဓာတ်သည် ဆုံးရှုံးခြင်းကို ကုသရန်အတွက် အကောင်းဆုံးသော ဆေးနည်းဖြစ်၏။

ယုံကြည်ခြင်းတည်းဟူသော သဒ္ဓါစိတ်ဓာတ်သည် ဆန္ဒဓာတ်နှင့် ပေါင်းစပ်သည့်အခါ သဘာဝဓမ္မ၏ လျှို့ဝှက်နက်နဲသော ဆေးနည်းများကို သိနိုင်စွမ်း၏။

အထက်ပါ ဖော်ပြထွက်ဆိုချက်များသည် တစ်ခုစီ တစ်ခုစီ မှန်ကန်ကြောင်းကို သက်သေ တစ်ခုစီဖြင့် ထင်ရှားအောင် ဖော်ပြနိုင်ပေသည်။

ယုံကြည်ခြင်းဆိုသည်မှာ စင်စစ်အားဖြင့် မိမိ၏ စိတ်ဓာတ်ကို မိမိ စေခိုင်းနိုင်ခြင်းပင် ဖြစ်သောကြောင့် အဖန် တလဲလဲ ပွားများခြင်းအားဖြင့် ထိုစိတ်ဓာတ်ကို မွေးမြူခြင်းအပေါ်တွင် တည်လျက်ရှိ၏။

ဤနေရာ၌ မိမိ၏စိတ်ဓာတ်ကို မိမိ အလိုရှိသည့်အတိုင်း အဖန်တလဲလဲ ပွားများခြင်းအားဖြင့် လိုအပ်သောစိတ်ဓာတ်မျိုး ဖြစ်ပေါ်နိုင်ခြင်းအကြောင်းကို ဖော်ပြရပေဦးအံ့။

မှန်သောအရာကိုဖြစ်စေ၊ မှားသောအရာကိုဖြစ်စေ အဖန် တလဲလဲ ပွားများသည့်အခါ စိတ်ထဲတွင် အဟုတ်တကယ်မှတ် ထင်လာရကြောင်းကို ဆိုင်ကော်လော်ဂျီပညာက ဖွင့်ဆိုထား ၏။ ဗုဒ္ဓဘာသာတရားတော်တွင်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော လက္ခဏာရေးသုံးပါးကို ကိန်းသေ အမှန်ပြု၍ ပွားများခြင်းအားဖြင့် နောက်ဆုံးတွင် လက္ခဏာပေါက်သော အရိယာတစ်ယောက် ဖြစ်လာနိုင်ကြောင်း အတည့်အလင်းဖော် ပြထား၏။

မည်သူမဆို မိမိ၏စိတ်ထဲ၌ အထွတ်အထိပ်ထားသောစိတ်ကူး သည် ထိုသူအား ဆွဲဆောင်လျက်ရှိ၏။ တစ်ခုသော စိတ်ကူး သို့မဟုတ် အကြံအစည်ကို စိတ်ထဲတွင်လက်ခံထား၍ ၎င်းစိတ်

ကူးကို နှလုံးသို့ ခိုက်သည့်တိုင်အောင် သိမ်းပိုက်ထားပါမူကား အကြင်သူ၏ပြုလုပ်ပြောဆို ကြံစည်မှုဟူသမျှတို့သည် မူလစိတ်ကူး၏ လမ်းကြောင်းအတိုင်းသာ စွပ်၍လိုက်ရမည် ဖြစ်ချေ၏။

မည်သည့်စိတ်ကူးမျိုးဖြစ်စေ၊ နှလုံးသို့ခိုက်သည်တိုင်အောင် ပြင်းထန်စွဲမြဲခြင်းရှိသည့်အခါ (အာရမ္မဏပစ္စယသတ္တိ၊ အာသေဝနပစ္စယသတ္တိတို့၏အစွမ်းဖြင့်)လောကကို လွှမ်းမိုးနိုင်သည် အထိ ကျော်လွှန်နိုင်သည်အထိ တန်ခိုးသတ္တိကြီးမားကြောင်းကို ယုံကြည်လေ။

တစ်စုံတစ်ခုသောစိတ်ကူးအကြံအစည်ကိုစိတ်ထဲတွင် လက်ခံထားသည့်အခါ ထိုအကြောင်းကို အထပ်ထပ်နှလုံးသွင်းခြင်းသည် မျိုးစေ့ကို ရေလောင်းပေးခြင်းနှင့်လည်းကောင်း၊ မြေဩဇာထည့်သွင်းပေးခြင်းနှင့်လည်းကောင်း တူလှပေ၏။ ထို့ကြောင့် မိမိ၏ ရည်ရွယ်ချက်ကို စာဖြင့်ထင်ရှားစွာ ရေးသား၍ နံနက်ရောညပါ ကိုယ်တိုင် ကြားနိုင်လောက်အောင် ရွတ်ဖတ်စေဖို့ ညွှန်ပြရခြင်း ဖြစ်လေသည်။

မိမိ၏ ရည်ရွယ်ချက်တစ်ခုကို ထမြောက်အောင် ဆောင်ရွက်နေသည့် အတောအတွင်း ပတ်ဝန်းကျင်၌ ဆန့်ကျင်ဘက်စိတ်ဓာတ်တို့ကို ရှောင်ကွင်း၍ မိမိစိတ်တိုင်းကျ နေထိုင်နိုင်အောင် စီမံထားပါလေ။ မိမိကိုယ်ကို မိမိ စစ်ဆေးလိုက်သည့်အခါ အကြီးဆုံးသော ပြစ်ချက်ကြီးတစ်ခု တွေ့ရှိတတ်သည်ကား မိမိကိုယ်ကိုမိမိ မယုံကြည်တတ်ခြင်းပင် ဖြစ်ချေ၏။ ဤချွတ်ယွင်းချက်ကို ပပျောက်အောင် ပြုလုပ်ပေးရန်နှင့် 'ရဲဆေး

တင်ပေးရန် နည်းလမ်းမှာ မိမိစိတ်ကို မိမိ ထပ်ခါတလဲလဲ အားပေးခြင်းအားဖြင့် အောက်ပါအတိုင်းလေ့ကျင့်ပေးရန်လို၏။

## ကိုယ့်အစွမ်းကို ကိုယ်ယုံကြည်အောင် လေ့ကျင့်နည်း

၁။ ငါမှန်းထားသော ရည်ရွယ်ချက်အတိုင်းပြည့်စုံအောင် ဆောင်ရွက်နိုင်သော အစွမ်းသတ္တိသည် ငါ၌ အမှန်ရှိသည်။ ထို့ကြောင့် ၎င်းရည်ရွယ်ချက်အတိုင်း ပြည့်စုံအောင် မနေမနား ကြိုးစား၍ ဖွဲကောင်းကောင်းနှင့် ငါဆောင်ရွက်ရမည်။ မပြည့်စုံမချင်း ဆောင်ရွက်ရန် ငါ ယခု သစ္စာပြုမည်။

၂။ ငါ၏ ရည်ရွယ်ချက်ကြောင့် ငါ၏ အစွမ်းသတ္တိများ ထွက်ပေါ်လာ၍ ရည်ရွယ်ချက် အတိုင်း ပြည့်စုံလိမ့်မည်ဟု ငါသိသည်။ ထို့ကြောင့် ရည်ရွယ်ချက်အတိုင်း ပြည့်စုံသော တစ်နေ့တွင် ဘယ်လို လူတစ်ယောက် ဖြစ်လာပါလိမ့်မည်ဟု စိတ်ထဲ၌ ထင်ထင်ရှားရှား ထင်မြင်ရအောင် နေ့တိုင်းနာရီဝက်ကျ ငါစိတ်ကူး၍ ကြည့်မည်။

၃။ ငါ၏ ဆန္ဒအစွမ်းကြောင့် ငါ၏ရည်ရွယ်ချက် ပြည့်စုံစေဖို့ နည်းလမ်းတစ်ခုခု ပေါ်ပေါက်လာရမည်ဟု ငါသိသည်။ ထို့ကြောင့် ငါ့သတ္တိကို ငါတိုး၍ ယုံကြည်အားကိုးလာအောင် နေ့တိုင်း ၁၀ မိနစ် လေ့ကျင့်ပေးမည်။

၄။ ငါ၏ ရည်ရွယ်ချက်ကို သေချာစွာ ရေးသားဖော်ပြထားပြီးပြီ။ ထိုရည်ရွယ်ချက်အတိုင်း ပြည့်စုံလိမ့်မည်ဟု စိတ်ချ

ယုံကြည်ခြင်း မရှိသေးသမျှ ကာလပတ်လုံး ဆက်လက်၍ ငါကြိုးစားမည်။

၅။ မှန်ကန်ခြင်းနှင့် တည့်မတ်ခြင်းတို့ အပေါ်၌ အခြေခံ မပြုခဲ့လျှင် မည်သည့်စည်းစိမ်မျိုး၊ မည်သည့်အခြေအနေမျိုးမှ မတည်တံ့နိုင်ကြောင်း ငါကောင်းကောင်းသိသည်။ ထို့ကြောင့် ပတ်သက်သူအားလုံး အကျိုးမများစေသော အမှုကိစ္စမျိုးကို ငါမဆောင်ရွက်။ ငါက သူတစ်ပါးအကျိုးကို လိုလိုချင်ချင် သယ်ပိုးဆောင်ရွက်ပေးခြင်းအားဖြင့် ငါ့အကျိုးကိုသူတစ်ပါး တို့သယ်ပိုးဆောင်ရွက်ပေးစေမည်။ သူတစ်ပါးအပေါ်၌ ဖြူစင် သန့်ရှင်းသော စိတ်မျိုးမထားလျှင် ငါ့အကြံအစည် အထ မမြောက်နိုင်ကြောင်း ငါသိသောကြောင့် သူတစ်ပါးကိုမုန်းတီး ခြင်း၊ မနာလို ဝန်တိုခြင်း၊ ငြူစူခြင်း၊ တစ်ကိုယ်ကောင်းကြံခြင်း စသော စိတ်ညစ်များကို ပယ်ထုတ်၍ မေတ္တာစိတ် ကိုသာ ပွားများပေမည်။ ငါ့ ကိုယ်ကိုဖြစ်စေ၊ သူတစ်ပါးကို ဖြစ်စေ၊ ယုံကြည်စိတ်ချသော စိတ်မျိုး ထားခြင်းအားဖြင့် သူတစ်ပါး တို့က ငါ့ကို ယုံကြည်စိတ်ချအောင် ပြုလုပ်မည်။

အထက်ပါနည်းစနစ်ကို ရေးကူး၍ အောက်၌လက်မှတ်ထိုး ပြီးလျှင် အာဂုံဆောင်ထား၍ တစ်နေ့လျှင် တစ်ကြိမ်ကျ အသံ ထုတ်၍ ရွတ်ဆိုရမည်။ ယင်းသို့ရွတ်ဆိုစဉ် အခါ ဖော်ပြရာပါ အခြင်းအရာများသည် ငါ၏ စိတ်ကူးဉာဏ်နှင့် အပြုအမူတို့ကို ပြုပြင်ပြောင်းလဲခြင်းဖြစ်၍ ငါသည် ကိုယ့်အစွမ်းကို ကိုယ်ယုံ ကြည်ပြီး ထမြောက်အောင်မြင်သော လူတစ်ယောက်ဖြစ်လာ တော့မည်ဟု စိတ်ထဲ၌ ကောင်းကောင်းကြီး ယုံကြည်ရမည်။

အဖန်တလဲလဲ နှလုံးသွင်းခြင်းသည် မည်သည့်အတွက်ကြောင့် အကျိုးဖွံ့ဖြိုးစေသည်ဟု အနောက်တိုင်း လောကဓာတ်နှင့် ဆိုင်ကော်လော်ဂျီဆရာကြီးတို့ ဖော်ပြခြင်းမှာ မစွမ်းနိုင်ကြသော်လည်း မြတ်စွာဘုရားမှုကား အာသေဝနပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်း ဖြစ်သည်ဟု ပဋ္ဌာန်းပါဠိတော်တွင် ဟောတော်မူလေသည်။

ကြောက်တတ်သောစိတ်ကို လက်သင့်ခံ၍ မွေးမြူထားခဲ့လျှင် တိုး၍တိုး၍ ကြောက်လာခဲ့သည့် နည်းတူ ရဲရင့်သောစိတ်ကိုလက်သင့်ခံ၍ မွေးမြူထားလျှင်လည်း တိုး၍တိုး၍ ရဲရင့်လာရမြဲ ဖြစ်လေသည်။ ထို့ကြောင့် တက်စရိုလျှင် ဟူသော စကားဖြစ်ပေါ်လာရခြင်းဖြစ်၏။ စိတ်ထဲ၌တကယ်ထင်မှတ်လျှင် တကယ်ဖြစ်တတ်သည့်အကြောင်းကို ဥပမာတစ်ခုဆောင်ဦးအံ့။ ဘဏ်တိုက်အရာရှိကြီးတစ်ဦးသည် လူကြီးများ၏သဘောတူညီချက်မရှိဘဲ ဘဏ်တိုက်မှငွေများကို တိတ်တဆိတ်ထုတ်ယူပြီး ကစားလောင်းစားပြုလုပ်ရာဆုံးရှုံးခဲ့၏။ ငွေစာရင်းစစ်ဆေးမည့် နေ့တွင် ထိုသူသည် ထွက်ပြေးတိမ်းရှောင်နေခဲ့၍ တစ်ခုသော ဟိုတယ်တွင် အခန်းတစ်ခုငှားပြီးလျှင် ပုန်းအောင်းနေခဲ့၏။ လိုက်လံရှာဖွေကြသောလူများသည် ထိုလူကိုဟိုတယ်ခန်းတွင် တွေ့ကြသောအခါ ထိုသူ၏နှုတ်မှ ရှက်လှချေရဲ့ဗျာ၊ ရှက်လွန်းလို့ ကျုပ်သေရချေရဲ့ဗျ ဟု တတွတ်တွတ် ရေရွတ် ညည်းတွားနေသည်ကို တွေ့ကြရ၏။ ထိုသူသည် ၃ ရက်အတွင်း သေဆုံးလေရာ ဆရာဝန်များက စိတ်ဖြင့် ကိုယ့်ကိုကိုယ် သတ်၍ သေသည်ဟု ထွက်ဆိုကြဖူးလေသည်။

စင်စစ်သော်ကား ထိုသူသည် ရှက်ရုံနှင့်သေနိုင်သည်မဟုတ်။ ရှက်သည့်အတွက်ကြောင့် သေရတော့မည်ဟု စိတ်က ပြဋ္ဌာန်း ယုံကြည်ထားသည့်အတွက် သေရခြင်းဖြစ်လေသည်။

စိတ်သည် အလွန်တန်ခိုးကြီး၏။ ထင်မြင်သည့်အတိုင်းဖြစ်နိုင်သော အစွမ်းသတ္တိလည်း ရှိ၏။ တန်ခိုးရှိသော စိတ်ရှိသည့် ပုဂ္ဂိုလ်က မြေကြီးကို ရေဖြစ်စေဟုနှလုံးသွင်းလိုက်လျှင် အကယ်ပင် ရေဖြစ်နိုင်၏။ ရှင်မောဂ္ဂလာန်မထေရ်သည် တန်ခိုးကြီးသည် ဆိုရာ၌ ထိုပုဂ္ဂိုလ်သည် တန်ခိုးကြီးသည်မဟုတ်။ ထိုပုဂ္ဂိုလ်၏ လေ့ကျင့်ထားသော စိတ်သည်သာလျှင် တန်ခိုးကြီးခြင်း ဖြစ်၏။

စိတ်၏တန်ခိုးသတ္တိကို ယုံကြည်လေ။ စိတ်၏တန်ခိုးသတ္တိကို တိုးတက်အောင် ပြုလုပ်နည်းမှာ အဖန်တလဲလဲ ပွားများခြင်းသာဖြစ်ကြောင်း သတိပြုလေ။

တက်ကြွသောစိတ်ကို မွေးမြူလျှင် ကြာလေတက်လေဖြစ်ရမည့်နည်းတူ နိမ့်ကျလျှော့ဆင်းသောစိတ်ကို မွေးမြူထားလျှင်လည်း ကြာလေ လျှော့ဆင်းလေဖြစ်ရမည် မုချဖြစ်၏။

ဤစကားသည် ၂ နှင့် ၂ ပေါင်းလျှင် ၄ ဖြစ်သည်ဟူသော စကားကဲ့သို့ပင် မှန်ကန်လှ၏။

ဤအကြောင်းနှင့် ပတ်သက်၍ အနောက်တိုင်းလက်ဘ်ဆရာကြီး တစ်ယောက် ရေးသားထားပုံမှာ အချက်ကျလှသဖြင့် ဖော်ပြလိုက်ရ၏။

ကမ္ဘာလောကကြီး၌ အောင်ပန်းကို ဆွတ်လှမ်းနိုင်သူတို့မှာ အမြန်အဆန်ဆုံး လူများချည်းလည်း မဟုတ်။ ကာယဗလ၊ ဉာဏဗလ အကြီးဆုံးလူများချည်းလည်း မဟုတ်။ မိမိကိုယ်ကို ဆွတ်လှမ်းနိုင်သော အစွမ်းသတ္တိရှိသည်ဟု ယုံကြည်စိတ်ချထား သူတို့လည်း ဆွတ်လှမ်းနိုင်ကြ၏။

သင်၏ စိတ်ဓာတ်အတွင်း၌ ထမြောက်အောင်မြင်ခြင်း၏ မျိုးစေ့ကလေးသည် ကိန်းအောင်းလျက်ရှိ၏။ ၎င်းကိုနှိုးဆွ၍ ပြုစုပျိုးထောင်ပေးခြင်းအားဖြင့် ထမြောက် အောင်မြင်ခြင်းသို့ ရောက်အောင် တိုက်တွန်းပေးလေလော့။

စောင်းကောက်အတွင်း၌ တေးသံအမျိုးမျိုး ရှိသော်လည်း ကျင်လည်စွာ တီးခတ်မှသာလျှင် သာယာသောအသံ ဖြစ်ပေါ် လာနိုင်၏။ ထို့အတူ သင်၏စိတ်သည် စောင်းကောက်နှင့် တူလှ၏။ သာယာသောတေးသံ ထွက်ပေါ်လာလေအောင် လေ့ကျင့်၍ တီးခတ်လေလော့။

ယုံကြည်ခြင်းနှင့်အလားတူ တန်ခိုးအင်အား ကြီးမားသော စိတ်ဓာတ်တစ်ခုသည်ကား လိင်နှင့်ပတ်သက်သော စုံမက်ချစ်ခင် ခြင်းစိတ်ဓာတ်ပင်ဖြစ်၏။ ဤနေရာ၌ ချစ်ခင်ခြင်းတည်းဟူသော မေတ္တာစိတ်ဓာတ်သည် သုံးမျိုးရှိကြောင်းကို ပိုင်းခြားဝေဖန်၍ ပြရပေဦးအံ့။

သဗ္ဗေသတ္တာဟူသော မေတ္တာပို့ခြင်း၌ သတ္တဝါဟူသမျှ အပေါ်တွင် ထားအပ်သောမေတ္တာစိတ်မျိုးကို ဗြဟ္မစိုရ်မေတ္တာ

ဟူ၍ ခေါ်ဆိုထိုက်၏။ ရာဂအရင်းခံ၍ ယောကျ်ားနှင့်မိန်းမတို့ ထားရှိတတ်သော မေတ္တာမျိုးကို ချစ်ခင်စုံမက်ခြင်းဟူ၍ ခေါ် ဆိုထိုက်၏။ ယောကျ်ားသည် မိန်းမအား လည်းကောင်း၊ မိန်းမသည် ယောကျ်ားအား လည်းကောင်း ရာဂ၏ အစွမ်းဖြင့် ရရှိသော စိတ်မျိုးသက်သက်ကို လိင်စိတ်ဟူ၍ ခေါ်ထိုက်၏။

အချို့သော ယောကျ်ားမိန်းမတို့သည် အကြင် လင်မယား အဖြစ်နှင့် အတူတကွ ပေါင်းသင်းဆက်ဆံနေထိုင်ကြငြားသော်လည်း စင်စစ်အားဖြင့် ချစ်ခင်စုံမက်သော မေတ္တာစိတ်မျိုး အလွန်နည်းပါးလှ၍ တစ်ယောက်ကိုတစ်ယောက် ရလိုမှုတည်းဟူသော ရာဂစိတ်၊ သို့မဟုတ် လိင်စိတ်သည်သာလျှင် ခွန်အားကြီးမားလျက်ရှိ၏။ ပထမဦးတစ်ယောက်ကိုတစ်ယောက် ချစ်ခင်စုံမက်ပါသည်ဆိုသော်လည်း ရပြီးသဖြင့် ရာဂစိတ်၏ ကျေနပ်ခြင်းရှိသည့်အခါ ချစ်ခင်စုံမက်ခြင်း လျော့ပါးသွားသည်ကို တွေ့ရတတ်ပေသည်။ အမှန်ကိုဆိုရသော် အကယ်စင်စစ် စုံမက်ချစ်ခင်သော လင်စုံမယားစုံတို့၏ ရာခိုင်နှုန်းသည် အလွန်နည်းပါးလှပေရာ များစွာသော လင်မယားတို့မှာ လိင်စိတ်အားဖြင့် သာလျှင်တစ်ယောက်နှင့် တစ်ယောက် နှောင်ဖွဲ့ထားခြင်းဖြစ်ချေ၏။ အကယ်စင်စစ် စုံမက်ချစ်ခင်သော လင်မယားတို့ မူကား ရပြီးသော်လည်း ကြာလေ စုံမက်ချစ်ခင်လေရှိကြရ၍ ကွာရှင်းခြင်းလည်း မရှိနိုင်ချေ။ ဤအချက်သည် အလွန်တစ်ရာ သိမ်မွေ့ရကား စဉ်းစားကြည့်သော သူတို့သာလျှင် သိနိုင်ကြပေလိမ့်မည်။

အထက်ပါ မေတ္တာစိတ် အမျိုးမျိုးတို့တွင် ယောကျ်ားနှင့် မိန်းမ ချစ်ကြိုက်စုံမက်ခြင်းတည်းဟူသောမေတ္တာစိတ်ဓာတ်မျိုး သည် လောကီကြီးပွားမှု အရေးတွင် အလွန်တစ်ရာ ခွန်အား ကြီးမားလှသော စိတ်ဓာတ်မျိုးဖြစ်ချေ၏။ လောကီဘက်ဆိုင် ရာ ကြီးပွားမှုကိစ္စတွင် အထွတ်အထိပ်သို့ ရောက်အောင် တတ်နိုင်သောပုဂ္ဂိုလ်ကြီးတို့၏ အတ္ထုပ္ပတ္တိများကို ဖတ်ရှုသည့်အခါ အဆိုပါ ချစ်ကြိုက်စုံမက်ခြင်းတည်းဟူသော မေတ္တာစိတ်ဓာတ် ၏ လှုံ့ဆော်မှုကြောင့် ထိပ်သီးသို့ ရောက်သွားနိုင်ခြင်း ဖြစ် ကြောင်း တွေ့ရှိရပေသည်။ ချစ်ကြိုက်စုံမက်ခြင်းတည်းဟူသော မေတ္တာ စိတ်ဓာတ်ဆိုသည်မှာ ဆွဲငင်ခြင်းတည်းဟူသော ခွန် အားမျိုး အများကြီးရှိတတ်သည့် စိတ်ဓာတ်မျိုး ဖြစ်ပေရကား လောကဥ္စရှိသမျှသောအရာတို့ကို မိမိထံသို့ရောက်အောင် ဆွဲငင် ခေါ်ယူနိုင်စွမ်း သတ္တိရှိ၏။ ထို့ကြောင့်ထိုသူများတို့ ကြံစည်ဆောင် ရွက်လျက်,ထမြောက်အောင်မြင်ရသည်သာများလေသည်။ အမေရိကန် သမ္မတဟောင်း ခေါင်းဆောင် တစ်ဦးဖြစ် သော အာဗျဟင်လင်းကွန်းသည်လည်းကောင်း၊ နပိုလီယန်စစ် ဗိုလ်ကြီးသည် လည်းကောင်း၊ နယ်လ်ဆင် စစ်ဗိုလ်ကြီးလည်း ကောင်း၊ စာရေးဆရာကြီး ချားလ်ဒစ်ကင်းသည်လည်းကောင်း၊ များစွာသောကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးတို့သည် လည်းကောင်း စုံမက်ချစ်ခင်ခြင်း တည်းဟူသော စိတ်ဓာတ်ကို အခြေခံပြု၍ ထွန်းကားကြီးပွားသွားကြကြောင်း တွေ့ရပေ၏။

သို့သော် ဆွဲငင်တတ်သောသဘောရှိသည့် ယုံကြည်ခြင်းတည်း ဟူသော စိတ်ဓာတ်အကြောင်းကို ဆက်လက်ဖော်ပြပေဦးအံ့။

ယခုခေတ်၌ ယုံကြည်ခြင်း၏ တန်ခိုးသတ္တိကို အထင်ရှားဆုံး ဖော်ပြလျက်ရှိသော ပုဂ္ဂိုလ်သည်ကား မဟတ္တမဂန္ဒီပင် ဖြစ်၏။ ယခုခေတ်ကာလတွင် လူဦးရေ အများဆုံးအပေါ်၌ တန်ခိုး ဩဇာ လွှမ်းမိုးလျက်ရှိသော ပုဂ္ဂိုလ်သည်ကား မဟတ္တမဂန္ဒီ ပင်ဖြစ်၏၊ အချို့သောသူတို့မှာ ရာထူးအတွက်ကြောင့် ဖြစ်စေ ငွေစာအတွက်ကြောင့်ဖြစ်စေ၊ မျိုးရိုးဇာတိကြောင့် ဖြစ်စေ၊ လူဦးရေအတော်အတန်မျှလောက် အပေါ်တွင် ဩဇာလွှမ်းမိုး နိုင်ကြ၏။ မစ္စတာဂန္ဒီမူကား ယုံကြည်ခြင်း တည်းဟူသော သဒ္ဓါစိတ်သက်သက်ဖြင့် လူဦးရေ ကုဋေ ၂၀ ကျော်တို့အပေါ်၌ ဩဇာလွှမ်းမိုးလျက်ရှိခြင်းမှာ ကမ္ဘာ့၏ရာဇဝင်တွင် အံ့မခန်း အဖြစ်အပျက်တစ်ခုပေတည်း။ မစ္စတာဂန္ဒီသည် ငွေစာအစွမ်း ဖြင့်လည်းကောင်း ရာထူးဂုဏ်ထူး အစွမ်းဖြင့် လည်းကောင်း၊ လေယာဉ်ပျံ မရှင်းဂန်း အမြောက်တပ်တို့၏ အစွမ်းဖြင့်လည်း ကောင်း၊ မတတ်နိုင်သောအရာတို့ကို ယုံကြည်ခြင်းတည်းဟူ သော သဒ္ဓါစိတ်ဓာတ် အစွမ်းဖြင့် စွမ်းဆောင်လျက်ရှိ၏။ လူ ဦးရေ ကုဋေ ၂၀ ကျော်တို့ကို တစ်ကိုယ်တည်း တစ်စိတ်တည်း ကဲ့သို့ ပေါင်းစည်းထားနိုင်သော တန်ခိုးသတ္တိမှာ ယုံကြည်ခြင်း သဒ္ဓါတရား၏ အံ့ဩဖွယ်သော အစွမ်းပေတည်း။

ကမ္ဘာသူကမ္ဘာသားတို့သည် ယုံကြည်ခြင်း၏ တန်ဖိုးကိုနား လည်လာကြသောအခါ အလုပ်ရှင်နှင့် အလုပ်သမား၊ ငွေရှင်နှင့် ဆင်းရဲသားတို့သည် တစ်ယောက်ကိုတစ်ယောက် ယုံကြည်အား ထားလျက် အတူတကွ လုပ်ကိုင်တတ်ကြမည် ဖြစ်ပေသည်။

အခန်း ၃

## အဖန်တလဲလဲ ပွားများရခြင်း
## ကြီးပွားရေးအတွက် တတိယခြေလှမ်း

တစ်ခုသော စိတ်ကူးအကြံအစည် ဖြစ်ပေါ်လာသည့်အခါ ကောင်းသောအကြံအစည်ဖြစ်စေ၊ မကောင်းသောအကြံအစည် ဖြစ်စေ၊ ထိုစိတ်ကူးအကြံအစည်အတိုင်း ဆောင်ရွက်ရန်အခွင့် မသာသဖြင့် သတိမေ့လျော့ ပျောက်ပျက်သွားသည်ဟုမှတ်ထင် ရသော်လည်း ထိုအကြံအစည်သည် စိတ်ထဲပွင် လှိုင်းဂယက် ရိုက်ထားခဲ့ဖူးသကဲ့သို့ ကျန်နေရစ်သည်သာဖြစ်၍ ဘယ်အခါမှ လုံးလုံးကွယ်ပျောက်သွားသည် မဟုတ်ချေ။ ဥပမာ မောင်ဖြူ သည် မောင်မဲကို သတ်လိုသောအကြံအစည် ဖြစ်ခဲ့ဖူး၍အခွင့် မသာသဖြင့် မသတ်လိုက်ဖြစ်သော်လည်း မောင်ဖြူသည်မောင်မဲ ကို သတ်လိုသော သဘော ပပျောက်စေကာမူ ယခင်က သတ်ချင်ခဲ့ဖူးသော အကြံအစည်သည် မောင်ဖြူ၏စိတ်ကို လှိုင်း ဂယက် ရိုက်ထားဖူးသည်ဖြစ်သောကြောင့် မောင်ဖြူစိတ်ထဲတွင် မနောကံ အကုသိုလ်အဖြစ်နှင့် ကိန်းအောင်းနေရစ်ရလေ၏။ ကောင်းမှုကုသိုလ်တို့တွင်လည်း ဤနည်းအတူပင်။

ထို့ကြောင့် ကျွန်ုပ်တို့ပြုခဲ့မိသော ကုသိုလ်ကံ၊ အကုသိုလ်ကံစသည်တို့သည် သိကြားမင်း၏ ပုရပိုက်၌ မှတ်ထားသည်လည်း မဟုတ်။ ကောင်းကင်တမန်က ရေးမှတ်သည်လည်း မဟုတ်။ ပြုမိသောသူ၏ စိတ်ထဲတွင် လိုင်းဂယက်အဖြစ်နှင့် ကိန်းအောင်းကျန်နေရစ်ခြင်းမျှသာ ဖြစ်ချေ၏။ နှိုးကြားလျက်ရှိသော သတိကမေ့သွားသော်လည်း လွန်ခဲ့ပြီးသမျှသော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့သည် နိဗ္ဗာန်မရောက်မချင်း စိတ်ထဲတွင် ကိန်းအောင်းလျက် ဘယ်အခါမှ ပျောက်ပျက်လွင့်စင်သွားသည်ဟု မရှိနိုင်ချေ။ စိတ်သည် အလွန်ဆန်းကြယ်ဘိတကား။

စိတ်ထဲ၌ တစ်ကြိမ်တစ်ခါ ဖြစ်ပေါ်ဖူးသော အကြံအစည်ပင်လျှင် ပျောက်ပျက်သည်ဟုမရှိနိုင်ခဲ့လျှင် ဘာဝိဂတာ–ဗဟုသိတာ သဘောဖြင့် အကြိမ်ကြိမ်အဖန်ဖန် ထပ်တလဲလဲပွားများ၍ နှလုံးသွင်းထားသော အကြံအစည်တစ်ခုသည် အဘယ်မှာလျှင် ပျောက်ပျက်နိုင်ပါအံ့နည်း။ မပျောက်ပျက်နိုင်သည့်ပြင် (အာသေဝန ပစ္စယ သတ္တိဖြင့်) ပွားများလေလေ၊ အလွန့်အလွန် တန်ခိုးကြီးလာလေလေ ရှိချေတော့၏။

စိတ်သည် အနတ္တသဘောဖြစ်သောကြောင့် အစိုးမရ၊ အလိုသို့ မလိုက်သောသဘောရှိသည်ဟု ဆိုရငြားသော်လည်း ကျွန်ုပ်တို့က အစိုးမရနိုင်သောအချက်လည်းရှိသေး၏။ ထိုအချက်သည်ကား ကောင်းသောစိတ် ဖြစ်မှု၊ မကောင်းသောစိတ် ဖြစ်မှုကိစ္စပင်တည်း။ ကောင်းသော စိတ်ကူးအကြံအစည်ကို လက်ခံမွေးမြူခဲ့လျှင် ကောင်းသောစိတ်ဖြစ်လာ၍ မကောင်းသော စိတ်ကူး

အကြံအစည်ကို လက်ခံခဲ့လျှင် မကောင်းသော စိတ်ဖြစ်၍ လာလေရာ၊ ကောင်းသောစိတ်ကူးကိုသာ ရွေးချယ် လက်ခံမှု သည် ကျွန်ုပ်တို့ စိုးပိုင်သောကိစ္စ ဖြစ်ချေ၏။ မျက်စိ နားအစ ရှိသော ဒွါရပေါက်တို့ကို အစွဲပြု၍ စိတ်ကူးအကြံအစည် အမျိုး မျိုးတို့ ဖြစ်ပေါ်လျက်ရှိပေရာ ၎င်းတို့အနက်မှ ကောင်းသော စိတ်ကူးအကြံအစည်ကိုသာ လက်ခံ သိမ်းပိုက်ထားခြင်းသည် ကျွန်ုပ်တို့စိုးပိုင်သော ကိစ္စဖြစ်၏။ များစွာသောသူတို့မှာမူ ထို ဒွါရပေါက်တို့ကို အစွဲပြု၍ ဖြစ်ပေါ်လာသော စိတ်ကူးအကြံ အစည်တို့ကို စိစဉ်ရွေးချယ်ခြင်းမပြုဘဲ လက်ခံလေ့ရှိ၏။ ထို့ကြောင့် လည်း မကြီးပွားမချမ်းသာနိုင်ဘဲ ဆင်းရဲဒုက္ခ ရောက်ကြရသူကို ပေါများလှခြင်း ဖြစ်လေသည်။ ထိုသူတို့သည် ဖြစ်ပေါ်လာသော စိတ်ကူးအကြံအစည်တို့ကို စိစစ်ရွေးချယ်ရမှန်းလည်းမသိ၊ ရွေးချယ်တတ်သော အလေ့အကျင့်လည်း မရှိ။ ရွေးချယ်ရန် လိုသည်ဟူ၍ပင် နားမလည်ရကား စိတ်ကူး အကြံအစည်ကို ပြုပြင်ပေးဖို့မူကား တက်တက်စင် ကွာဝေးလေတော့၏။

စိတ်သည် မြေသြဇာကောင်းမွန်လှသော ဥယျာဉ်ကြီးနှင့် တူပေရာ၊ ထိုဥယျာဉ်ကြီး၌ အဖိုးတန်အသုံးဝင်သော မျိုးစေ့ တို့ကို ချထားစိုက်ပျိုးခြင်းမပြုဘဲ ပစ်ထားခဲ့ပါလျှင် အလေ့ကျ ပေါင်းပင်မျိုးတို့သည် ထူထပ်စွာ ပေါက်ရောက်ကြပေလိမ့်မည်။ ထို့ကြောင့် သဘာဝအလျောက်ပစ်၍မထားဘဲ အဖိုးတန်အသုံး ဝင်သော စိတ်ကူးအကြံအစည်တို့ကိုသာ အထပ်ထပ်သွင်း၍ ပေးရန် အလွန်တရာ အရေးကြီးလှပေသည်။

ဆန္ဒိဒ္ဓိပါဒ် အခန်းတွင် ပါရှိသော လေ့ကျင့်ခန်း နံပါတ် ၆ ၌ သင်၏ အလိုဆန္ဒကို စာနှင့်ရေးသား၍ တစ်နေ့ ၂ ကြိမ် အသံထုတ် ဖတ်ပြီးလျှင်၊ ထိုဆန္ဒအတိုင်း ပြည့်စုံပြီးကဲ့သို့ ထင်မြင်အောင်စိတ်ကူးကြည့်ရန်ညွှန်ကြားခဲ့ရာ၊ ၎င်းအညွှန်းအတိုင်း လိုက်နာခြင်းအားဖြင့် သင်အလိုရှိသော အရာသည်ယုံယုံကြည် ကြည်ဖြင့် သင်၏ စိတ်နှင့် ဆက်သွယ်ခွင့် ရပေလိမ့်မည်။ ဤနည်းအတိုင်း အကြိမ်ကြိမ် အဖန်ဖန် ထပ်ခါတလဲလဲ ပြုကျင့်သောအခါတွင်မူကား သင်သည် ထိုဆန္ဒအတိုင်း ပြည့်စုံရာ ပြည့်စုံကြောင်းဖြစ်သော စိတ်ကူးအကြံအစည်တို့သာလျှင် ဖြစ်ပေါ်တတ်သော အလေ့အကျင့်တစ်ခု ရရှိပေလိမ့်မည်။ ဤသည်ကား အလွန်အရေးကြီးလှ၏။ ထိုအလေ့အကျင့်မျိုး ရရှိလာသည့် အခါတွင် ဆန္ဒပြည့်စုံဖို့ သဲလွန်စရပြီဟု ဆိုလောက်ပေပြီ။

ထို့ကြောင့် သင်၏ ဆန္ဒအကြောင်းရေးသားချက်ကို အသံထုတ်၍ ဖတ်ရှုစဉ်အခိုက်တွင် သာမန်ကာလျှံကာ ဖတ်ရှုရုံမျှနှင့် ကိစ္စမပြီးနိုင်ကြောင်း၊ ဟဒယနှလုံးသို့ ခိုက်သည့် တိုင်အောင် ရှုးရှုးစိုက်စိုက် ဖတ်ရှုဆင်ခြင်ရန် လိုကြောင်း သတိပြုပါလေ။ နှလုံးသို့ခိုက်သည့်တိုင်အောင် လှိုက်လှိုက်လှဲလှဲ ဖြစ်ပေါ်လာသော စိတ်ကူး အကြံအစည်တို့သည်သာလျှင် သန်စွမ်းသော အညွှန့်အတက်များ ထွက်ပေါ်လာနိုင်ကြောင်းကိုလည်း သတိမမေ့လေနှင့်။ စီးပွားရှာမှု ကိစ္စအတွက်သာမဟုတ်။ လက္ခဏာရေးသုံးပါးတို့ကို ဘာဝိဂတာ၊ ဗဟုသီကာသဘောဖြင့် ပွားများအားထုတ်ကြသော ပုဂ္ဂိုလ်တို့သည် ဤအချက်ကို သဘောမစိုက်

မိတတ်ကြသည်ဖြစ်၍ မိမိတို့ ရည်မှန်းသလောက် ခရီးမပေါက် ရောက်နိုင်ကြဘဲ ရှိနေကြခြင်း ဖြစ်လေသည်

အနက်သဘောကို နှလုံးသို့ခိုက်အောင် လိုက်လိုက်လှဲလှဲစွဲစွဲ မြဲမြဲဆင်ခြင်နှလုံးသွင်း၍ ယုံကြည်ခြင်းသဒ္ဒါတရားနှင့် ပေါင်းစပ် ပူးတွဲခြင်းမပြုဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူ၍ နှုတ်ဖြင့် အကြိမ် ပေါင်း တစ်ကုဋေရွတ်ဆိုငြားသော်လည်း အကျိုးများလှမည် မဟုတ်ချေ။ ဤစာအုပ်တွင် ဖော်ပြပါရှိသော လေ့ကျင့်ခန်း များကို လိုက်နာရာတွင်လည်း ဤနည်းအတူပင် မှတ်ယူလေ။

လေ့ကျင့်ခါစ အကြိမ်များတွင် လိုက်လိုက်လှဲလှဲရှိသော စိတ်မျိုး မဖြစ်ပေါ်နိုင်သေးငြားသော်လည်း စိတ်မပျက်လေ နှင့်။ အထုံဓလေ့ မွေးမြူခြင်းဆိုသည်မှာ တစ်ရက်နှစ်ရက်မျှနှင့် ဖြစ်နိုင်သော အရာမျိုးမဟုတ်။ ဖွဲကောင်းကောင်းနှင့် အပင်ပန်း ခံ၍ ဆောင်ရွက်ရသော အရာမျိုးဖြစ်၏။ သို့သော် လိုသော အရာကိုရလိုသော ဆန္ဒရှိသူတို့အဖို့မှာ ဤမျှလောက်သောပင် ပန်းမှုကို အပျော့ဟူ၍ အောက်မေ့ရချေသည်။ မြတ်နိုးအပ်သော အရာဟူသမျှသည် အချည်းနှီး အလကားရနိုင်သည် မရှိ။ တန်ရာတန်ဖိုး ပေးရမည်သာ ဖြစ်ချေ၏။

ကံအားလျော်စွာ ရံခန်ရံခါဖြစ်တတ်ခြင်းမှတစ်ပါး၊ ဘဏ် ပညာရှိရုံမျှ၊ တတ်ကျွမ်းလိမ္မာရှိရုံမျှနှင့်မြောက်မြားသော ဥစ္စာဓနကို မရနိုင်ချေ။ ဤစာအုပ်တွင် ဖော်ပြပါရှိသော စီးပွား ဥစ္စာရာဖွေမှုနည်းနာတို့မှာ ကံကိုသာ အားကိုး ပြုသော နည်း စနစ်မျိုးမဟုတ်။ တကယ်လိုက်နာနိုင်ခဲ့လျှင် တကယ်ဧကန်လိုရာ ရနိုင်သော နိသျှည်းမျိုး ဖြစ်ချေ၏။ ဤနည်းစနစ်များသည်

တစ်ယောက်အဖို့သာ သင့်တော်၍ အခြားတစ်ယောက်အဖို့ မသင့်တော်သော နည်းမျိုးလည်း မဟုတ်။ လူခပ်သိမ်းတို့နှင့် သင့်တော်၍ ကြီးပွားလိုသောဆန္ဒ အကယ်ရှိသူတိုင်း လိုက်နာနိုင်သော နည်းစနစ်မျိုးဖြစ်ချေ၏။ လိုက်နာသော သူတို့အနက် တချို့တဝက်သည် ထမြောက်အောင်မြင်ခြင်းမရှိ ဆိုပါလျှင် နည်းစနစ်၏ အပြစ်မဟုတ်။ လိုက်နာသူတို့၏ အပြစ်မျှသာ ဖြစ်ချေ၏။ ဆုံးရှုံးခြင်းနှင့် တွေ့ရသည်ဆိုပါလျှင် နောက်တစ်ကြိမ် ကြိုးစားလေဦးလော့။ မအောင်မြင်မချင်း ကြိုးစားလေဦးလော့။

တစ်ခုသော အလိုဆန္ဒပေါ်တွင် ပြင်းထန်စွာ စိတ်အာရုံ စူးစိုက်နိုင်သော သတ္တိရှိလေလေ ဘာဝေတဗ္ဗမမ္ဘနည်းကို တိုး၍ အသုံးချနိုင်လေလေ ရှိပေလိမ့်မည်။

ဆန္ဒိဒ္ဓိပါဒ်ခန်းတွင် ပါရှိသော လေ့ကျင့်နည်းကို လိုက်နာဆောင်ရွက်သည့်အခါ စိတ်အာရုံ စူးစိုက်ရန်လိုခြင်း တည်းဟူသော အဖြစ်ကို တွေ့ရလိမ့်မည်။

စိတ်အာရုံစူးစိုက်ခြင်းအကြောင်းနှင့်စပ်လျဉ်း၍ ဖော်ပြရသော အခန်း ၁ တွင်ဖော်ပြပါရှိသောလေ့ကျင့်နည်းကို လိုက်နာလေ့ကျင့်သည့်အခါ အကယ်၍ ငွေတစ်သိန်းကြွယ်ဝဖို့ ရည်ရွယ်ချက်ထားခဲ့လျှင် ထိုတစ်သိန်းမျှသော ငွေသည် မိတ်ထားသောမျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် ထင်မြင်လာသည့်တိုင်အောင် စိတ်အာရုံစူးစိုက်ပါလေ။ ဤနည်းအတိုင်း အနည်းဆုံး တစ်နေ့တစ်ကြိမ်ကျပြုလုပ်ရမည်။ ယုံကြည်ခြင်း သဒ္ဓါခန်းတွင် ဖော်ပြပါရှိသော လေ့ကျင့်နည်းကို လိုက်နာလေ့ကျင့်ရာတွင်လည်း

မိမိ ကိုယ်တိုင် ငွေပိုင်ရှင်တစ်ယောက်အဖြစ်နှင့်စိတ်ထဲတွင် ထင်မြင် လာသည့်တိုင်အောင် စူးစူးစိုက်စိုက်ဆင်ခြင်ပါလေ။

အလွန်အရေးကြီးသော အချက်မှာ စိတ်သည် တစ်စုံတစ်ခု သော အာရုံ၌ အကြိမ်ကြိမ်အထပ်ထပ် လေ့ကျင့်ပေးသောအခါ ထိုအာရုံ၏ သဘောကို ယုံကြည်လာရမြဲဖြစ်ရကား၊ မိမိကိုယ်ကို ငွေတစ်သိန်းရှင်ဟူ၍ ယုံကြည်အောင်လေ့ကျင့်ထားခဲ့လျှင် နောက် ဆုံးတွင် အကယ်ပင် ငွေတစ်သိန်းရှင် အနေဖြင့် ထင်မြင်လာ ရတော့၏။ ထိုအခါ၌ ငွေတစ်သိန်းရှင် ဖြစ်ရာဖြစ်ကြောင်းဖြစ်သော နည်းလမ်းတို့ကို စိတ်သည် အခါခပ်သိမ်း ညှစ်ထုတ်စိတ်ကူး လျက်သာ နေလေတော့၏။ ငွေရပေါက် ရလမ်းတို့သည် လူ ခပ်သိမ်းတို့၏ မျက်မှောက်တွင် အစဉ်အမြဲလိုပင် ဖြစ်ပေါ်လျက် ရှိလေရာ လူသာမန်တို့သည် ထိုသို့သောအခွင့်ရေးတို့ကို မမြင် တတ်သော်လည်း ဤနည်းဖြင့် လေ့ကျင့် ထားသော စိတ်မူကား... အခွင့်အရေးကိုမြင်သည်နှင့် တစ်ပြိုင်နက် ငါးသည် ငါးစာကို ဟပ်သည့် အလားကဲ့သို့ ချက်ချင်းပင် ဟပ်မျိုတတ်လေသည်။ လေ့ကျင့်ထားသောစိတ်သည် ငွေရပေါက် ရလမ်းကို တမင် သတိပြု၍ စုံစမ်းရှာဖွေမနေရတော့ဘဲ ကြောင်သည် ကြွက်ကို ချောင်းသည့်အလားကဲ့သို့လည်းကောင်း၊ ဥဗျိုင်းသည် ငါးကို ချောင်းသော အလားကဲ့သို့လည်းကောင်း လက်မလွတ်စေရအောင် တစ်ခါတည်းစောင့်လျက် ချောင်းနေလေတော့၏။

စိတ်သည် အလွန် ထူးဆန်း၏။ ထူးဆန်းသလောက်ကို လူတိုင်း မသိကြပေ။ တစ်စုံတစ်ခုသော အာရုံ၌ ပုကမှီး...

သိသိသာသာ လေ့ကျင့်ပေးထား၍ အရှိန်ရလာသောအခါတွင် မိမိကအားစိုက်၍ စိတ်ကူးနေရန်ပင် မလိုတော့ဘဲ သူ့ဘာသာ အလျောက် စိတ်ကူးထုတ်၍ နေလေတော့၏။ အရှိန်ကောင်း ကောင်းကြီးရလာသော အခါတွင် လူက အိပ်သော်လည်း စိတ်ကမအိပ်တော့ချေ။ ငွေရပေါက်ရလမ်း စိတ်ကူးအကြံ အစည်တို့သည် အိပ်မက်ထဲ၌ပင် ဖြစ်ပေါ်လာတတ်လေတော့၏။ တစ်ခါတစ်ရံ နိုးကြားရင်း စိတ်ကူး၍မရနိုင်သော အကြံတစ်ခု သည် အိပ်ပျော်နေရင်း အိပ်မက်ထဲ၌ ဖြစ်ပေါ် ရရှိသည်များ ကိုပင် ကြုံဖူးလေသည်။

အကယ်၍ ငွေတစ်သိန်းရှင်ဖြစ်လာဖို့ ရည်မှန်းထားငြားအံ့။ ငွေတစ်သိန်းရမှုအတွက် ဆောင်ရွက်ရန် နည်းလမ်းတစ်စုံတစ်ခု ဖြစ်ပေါ်လာသည့်တိုင်အောင် စောင့်ဆိုင်းမနေတော့ဘဲ ထိုငွေ တစ်သိန်းကိုလက်ထဲသို့ ရောက်ပြီးကဲ့သို့ ထင်မြင်လာအောင် အားထုတ်လေ့ကျင့်ပြီးလျှင် ငွေတစ်သိန်းရရာ ရကြောင်းဖြစ် သောနည်းလမ်းကို စိတ်ထဲ၌ ဖြစ်ပေါ်လာရမည်ဟု အတင်း တောင်းခံလေလော့။ ဖြစ်ပေါ်လာရလိမ့်မည်ဟူ၍လည်း မျှော် လင့်နေလေလော့။ တစ်နေ့သောအခါ ထိုနည်းလမ်းသည် စိတ် ထဲတွင် ငါးပွက်သကဲ့သို့ ရုတ်တရက်ပေါ်ထွက်လာရမည်ဖြစ်ရာ ထိုအခါ၌ စောင့်ချောင်းနေသော ဥဇျိုင်းကဲ့သို့ တစ်ခါတည်း ကောက်ဖမ်း၍ ချက်ချင်းပင် စတင် ဆောင်ရွက်လေလော့။

ဤအချက်သည် အလွန့်အလွန်အရေးကြီးပေရကား ဖင့်နွှဲ ဆိုင်းလင့်ခြင်းဖြစ်နေခဲ့လျှင် လက်လွတ်သွားမည်ကို အလွန်စိုးရိမ်

နေရသည်။ တစ်ကြိမ်လက်လွှတ်ခံလိုက်မိလျှင် နောက်တစ်ကြိမ် မပေါ်လာတော့ဘဲ တစ်သက်လုံး အချည်းနှီး စောင့်မျှော် နေရသည့်အထိပင် ဖြစ်သွားတတ်သည်။

အကြံအစည်တို့ မည်သည်မှာ တမင်အားစိုက်၍ ကြံစည်ရသောအကြံ၊ မိမိက အားမစိုက်ဘဲနှင့် လျှပ်စစ်ကဲ့သို့ ဖျတ်ခနဲ ဖြစ်ပေါ်လာသော အကြံဟူ၍ နှစ်မျိုးရှိ၏။ ပထမအကြံအစည် မျိုးမှာ မိမိစိုးပိုင်သောစိတ်ပိုင်းဖြင့် အလုပ်လုပ်ခြင်းဖြစ်၍ ဒုတိယ အကြံအစည်မျိုးမှာ မိမိက မစိုးပိုင်သော စိတ်ပိုင်းဖြင့် အလုပ်လုပ်ခြင်းဖြစ်၏။ များသောအားဖြင့် ပထမနည်းမျိုးဖြင့် ဖြစ်ပေါ်လာသော အကြံအစည်မျိုးက သာ၍ အရေးပါအရာ ရောက်တတ်သေး၏။ ဤအကြောင်းကို နားလည်ရိပ်မိသူ အလွန်နည်းပါးလှ၏။ ဤကဲ့သို့ဖြစ်ရခြင်းမှာ အဓိပတိပစ္စယသတ္တိ အာသေဝနပစ္စယသတ္တိတို့၏ အစွမ်းဖြစ်သောကြောင့် အလွန်တစ်ရာ ခွန်အားကြီးမားသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်းလည်း ရှိသောကြောင့် ယုံကြည်ကြပေလော့။

အခန်း(၁)တွင်ဖော်ပြပါရှိသော လေ့ကျင့်နည်းနံပါတ်(၄)၌ ထိုငွေရမှုအတွက် ဘယ်ကဲ့သို့ဆောင်ရွက်မည်ဟု အကြံ(ချက်ချင်း) စတင် ဆောင်ရွက်ရမည်ဟူ၍ ဖော်ပြထားခဲ့ရာ ၎င်းကို လိုက်နာဆောင်ရွက်ရာတွင် အထက်ပါ စာပိုဒ်တွင် ပါရှိသော နည်းလမ်းကို အသုံးပြုပါလေ။ ငွေရမှုအတွက် နည်းလမ်းကို တီထွင်စီစဉ်သည့်အခါတွင် အကျိုးတွေအကြောင်းတွေနှင့် စဉ်းစား ဆင်ခြင်ခြင်းပြုတတ်သည့် စိုးပိုင်သောစိတ်ပိုင်းကို အားမထား

ကျိုးကြောင်းဆင်ခြင်တတ်သော ဉာဏ်မျိုးသည် သင့်ကို လေနှင့်။ ကျိုးကြောင်းဆင်ခြင်တတ်သော ဉာဏ်မျိုးသည် သင့်ကို လှည့်စားတတ်သည်။ သို့ဖြစ်၍ သင် မစိုးပိုင်သော လျှပ်ပစ်သကဲ့သို့ ဖျတ်ခနဲပေါ်ထွက်လာသောစိတ်ကူးကို မိမိက ဖြစ်နိုင်မည်,မဖြစ်နိုင်မည် စသည်ဖြင့် ဆန်းစစ်၍မနေလေနှင့်။ အားခဲ၍ ထိုအတိုင်း လိုက်နာဆောင်ရွက်ဖို့သာ ပြင်ဆင်လေတော့။ ကျိုးကြောင်းဆင်ခြင်တတ်သော ဉာဏ်သည်ကား သင်၏ ပျင်းရိခြင်းကို အားပေးအားမြှောက်ပြုတတ်သည်ဖြစ်၍ မဖြစ်နိုင်စရာ အချက်တွေကို ဖော်ထုတ်ကာ ဆင်ခြေပေးတတ်လေရာ လောက၌ သူတစ်ပါးတို့ အံ့သြလောက်အောင် ထမြောက်အောင်မြင်ခြင်း ရှိကြသူဟူသမျှတို့သည် ကျိုးကြောင်းဆင်ခြင်တတ်သောဉာဏ်၏ စကားကို နားမထောင်ဘဲ တစ်ချက်လွှတ် ဆောင်ရွက်ကြခြင်းအားဖြင့် သူတစ်ပါးတို့ မဖြစ်နိုင်ဟုထင်ရသော အမှုကိစ္စတို့ကို စွမ်းဆောင်နိုင်ကြခြင်းဖြစ်ကြောင်း ကြပ်ကြပ်ကြီး သတိပြုပါလေ။

ဤစာအုပ်တွင်ဖော်ပြပါရှိသော ကြီးပွားနည်းမျိုးမှာ ရသမျှကလေးကိုမသုံးစွဲဘဲ စုထား၍ မသေမီ ငွေကလေး သုံး,လေးသောင်းမျှလောက်စုမိတတ်သော ကြီးပွားနည်းမျိုးမဟုတ်။ မိမိ၏ ရပ်ရွာ၊ မိမိ၏နယ်ပယ်၌ လူချွန်တစ်ယောက်ဖြစ်လာအောင် ကြီးပွားဖို့ ရည်မှန်းထားသော နည်းစနစ်ဖြစ်၏။ ငွေကလေးအနည်းငယ်ကို မသုံးရက်ဘဲစုထား၍ ပြတ်လပ်သော လခစားများအား အတိုးကြီးကြီးနှင့် ချေးသော ရည်ရွယ်နည်းမှာမူ ဒလဝမ်ကုလားများထံမှရရှိနိုင်သည်ဖြစ်သောကြောင့် စာဖွဲ့ရေးသားနေရန် လိုမည် မဟုတ်ချေ။

မိမိရည်မှန်းထားသောငွေကို လက်ဝယ်သို့ရောက်ပြီဟု ထင်မြင်အောင် (မျက်စိမှိတ်လျက်) ဆင်ခြင်နှလုံးသွင်းသောအခါတွင် မိမိမည်ကဲ့သို့အပင်ပန်းအဆင်းရဲခံလျက်ဆောင်ရွက်လုပ်ကိုင်နေကြောင်းကိုလည်း စိတ်ထဲတွင် ထင်မြင်လာသည့် တိုင်အောင် ဆင်ခြင်အောက်မေ့ရမည်။ ဤအချက်သည် အလွန်အရေးကြီး၏။

အကျဉ်းချုပ်မှာထားချက်။ ။သင်သည် ဤစာအုပ်ကို ဖတ်ရှုနေခြင်းကို ထောက်ခြင်းအားဖြင့် ပညာဗဟုသုတ စုဆောင်းရန် အထုံဝလေ့ပါကြောင်း ထင်ရှားလေပြီ။ ကြီးပွားရေးဆိုင်ရာ ပညာကို ဝါသနာပါကြောင်းလည်း ထင်ရှားလေပြီ။ ဗဟုသုတအတွက် သက်သက်ဖတ်ရှုခြင်းဖြစ်မူကား ယခင်က သင်မသိခဲ့သော အချက်အလက်များ တွေ့ရှိရလိမ့်မည်ဟု မျှော်လင့်၏။ ထိုသို့မဟုတ်ဘဲ အကယ်စမ်းသပ်လိုက်နာရန်အကြံအစည်နှင့် ဖတ်ရှုခြင်းဖြစ်ပါမူကား အညွှန်းအချို့ကို လိုက်နာ၍ အချို့ကို ချန်လှပ်ထားမည် ကြံစည်ခဲ့ပါလျှင် ရည်မှန်းသည့်အတိုင်း မပေါက်ရောက်နိုင်ဟူ၍ တစ်ထစ်ချယုံကြည်စိတ်ချလေလော့။ မှန်းရွယ်သည့်အတိုင်း ပေါက်ရောက်လိုပါမူကား၊ ဖော်ပြပါရှိသမျှသော အညွှန်းတို့ကို ချွင်းချက်မရှိဘဲယုံယုံကြည်ကြည်နှင့် တိတိကျကျ လိုက်နာလေလော့။

အခန်း ၁ တွင်ပါရှိသော လေ့ကျင့်ခန်း ၆ ရပ်ကို တစ်ဖန်အကျဉ်းရုံး၍ ဤအခန်းနှင့်ဆိုင်ရာ အလေ့အကျင့်များနှင့် ပေါင်းရုံးဖော်ပြရပေအံ့။

ပထမအချက်။ ။အနှောင့်အယှက်မရှိ၊ ဆိတ်ငြိမ်သောနေရာသို့သွား၍ဖြစ်စေ၊ ညအခါအိပ်ရာထဲ၌ဖြစ်စေ။ (မျက်စိမှိတ်လျက်)ရည်မှန်းထားသောငွေအရေအတွက်ကိုလည်းကောင်း၊ ၎င်းငွေကို ရလိုသည့်အချိန်ကာလအပိုင်းအခြား နေ့စွဲရက်စွဲကိုလည်းကောင်း၊ ထိုငွေအတွက် ဘယ်မျှလောက် အပင်ပန်း အဆင်းရဲခံနိုင်မည်ကိုလည်းကောင်း ရေးသားဖော်ပြထားသော သင်၏စာကို အသံထွက်အောင် ရွတ်ဆိုရမည်။ ယင်းသို့ ရွတ်ဆိုစဉ်အခါ ထိုငွေကို သင်၏လက်ဝယ်သို့ ရောက်ပြီကဲ့သို့ ထင်မြင်အောင် ဆင်ခြင်ရမည်။

ရည်မှန်းချက်ဆိုသည်မှာ အမျိုးမျိုးရှိနိုင်၏။ ငွေရှာသောကုန်သည်ပွဲစားစသည်တို့မှာ ငွေကိုရည်မှန်းနိုင်၏။ ကုမ္ပဏီတိုက်ကြီးများ၌ အလုပ်လုပ်သူတို့မှာ မန်နေဂျာဖြစ်ဖို့၊ ဒါရိုက်တာဖြစ်ဖို့ ရည်မှန်းနိုင်၏။ အစိုးရအမှုထမ်းများမှာ ဝန်ထောက်အရေးပိုင်မင်းကြီးစသည်တို့ဖြစ်ဖို့ ရည်မှန်းနိုင်၏။ သို့သော်ငွေဆိုသည်မှာ လူတိုင်းတို့ ရှာမှီးနေကြသော ပစ္စည်းမျိုးဖြစ်သောကြောင့် ငွေဖြင့်ဥပမာဆောင်၍ပြရခြင်း ဖြစ်လေသည်။

ဥပမာ သင်သည် ပွဲစားတစ်ယောက်ဖြစ်၍ ငွေတစ်သိန်းကို ၅ နှစ်အတွင်းလက်ဝယ်ရောက်ဖို့ရည်မှန်းထားသည်ဖြစ်အံ့။ သင်ရေးထားသောစာမှာ အောက်ပါအတိုင်း ခပ်ဆင်ဆင်ဖြစ်ရမည်။

ငါသည် ၁၉၄... ခုနှစ် ဇန်နဝါရီလ ၁ ရက်အတွင်းငွေတစ်သိန်းရအောင် စုဆောင်းမည်ဖြစ်၍ ထိုငွေသည် ဤကာလအပိုင်းအခြားတွင် ငါ့လက်ဝယ်သို့ တစိမ့်စိမ့် ဝင်လာစေရမည်။

ထိုငွေရမှုအတွက် ငါသည် ရောင်းသူဝယ်သူနှစ်ဘက်လုံးစိတ်ကျေနပ်အောင် အနည်းနည်းအဖုံဖုံ အစွမ်းကုန်ကြိုးစား၍ အချိန်ရသမျှ ဤကိစ္စအတွက်သာလျှင် ကြိုးပမ်းချေတော့မည်။

ထိုငွေသည် ငါ့လက်ဝယ်သို့ ရောက်လိမ့်မည်ဟု ငါယုံကြည်သည် ဘယ်မျှလောက် ယုံကြည်စိတ်ချသနည်းဆိုသော် ယခုပင်လျှင် ထိုငွေကို ငါ့မျက်စိထဲတွင်မြင်လျက်ရှိချေပြီ။ လက်နှင့်စမ်းကြည့်လျှင် တွေ့နိုင်လောက်ပြီ။ ငါအစွမ်းကုန် ထုတ်သလောက် ငါ့လက်ဝယ်သို့ လျင်မြန်စွာရောက်ချေတော့အံ့။ ထိုငွေရမှုအတွက် ဆောင်ရွက်ရန် နည်းလမ်းသည် ငါ့စိတ်ကူးထဲတွင် ဧကန်မုချ တစ်နေ့နေ့၌ထွက်ပေါ်လာရမည်ဖြစ်ရာထိုအကြံပေါ်လာသည်နှင့်တပြိုင်နက် ငါဆောင်ရွက်ချေတော့အံ့။

ဒုတိယအချက်။ ။အထက်ပါစာနှင့် ခပ်ဆင်ဆင် ရေးထားသော သင်၏စာကို အိပ်ရာဝင်တစ်ကြိမ်၊ အိပ်ရာထတစ်ကြိမ် နေ့တိုင်းနေ့တိုင်း မပျက်မကွက်ရွတ်ဆို၍ ငွေတစ်သိန်းကို မိတ်ထားသော မျက်စိထဲ၌ ထင်မြင်လာသည်တိုင်အောင် ဆင်ခြင်နှလုံးသွင်းရမည်။

တတိယအချက်။ ။ရေးသားထားသော အထက်ပါအစီရင်ခံ့ကို သင်မြင်နိုင်လောက်သော နေရာ၌ တင်ထား၍ အာဂုံဆောင်နိုင်သည်တိုင်အောင် အသံထုတ်၍ ရွတ်ဆိုရမည်။

ဤညွှန်ကြားချက်ကို လိုက်နာခြင်းသည် မြတ်စွာဘုရားဟောကြားတော်မူသည့် ပဋ္ဌာန်းကျမ်းကြီးတွင်ပါရှိသည့်အတိုင်း

အာရမ္မဏပစ္စယသတ္တိ၊ အဓိပတိ ပစ္စယသတ္တိ၊ အာသေဝနပစ္စယ သတ္တိစသည့် အလွန်ကြီးမားလှသော တန်ခိုးအင်အားတို့ကို အသုံးပြုနေခြင်းဖြစ်သောကြောင့် ဧကန်မုချ အကျိုးပေးရမည် ဟု စိတ်ချလေလော့။ ဆင်ခြင်နှလုံးသွင်းသောအခါ၌ နှလုံး သို့ ခိုက်အောင် ရှူးရှူးစိုက်စိုက် အာရုံပြုဖို့လည်း မမေ့လေနှင့်။

ဤလေ့ကျင့်ခန်းများသည် ပထမ၌ ခြောက်ကပ်ကပ်ရှိသည် ဟု ထင်မြင်မိကြပေမည်။ သို့သော် ဤအတွက်နှင့် အနှောင့် အယှက်မဖြစ်စေနှင့်။ ခြောက်ကပ်၍ ပျင်းရိဖွယ်ရာ မှတ်ထင် သော်လည်း ကြိုးစား၍ လိုက်နာလေလော့။ အညွှန်းအတိုင်း ခွဲကောင်းကောင်းနှင့် တိတိကျကျ လိုက်နာသောသူတို့အဖို့မှာ ကမ္ဘာလောက၌ ကြီးပွားရေးလမ်းကြောင်းကြီးများသည် အချောင်း ချောင်း အစင်းစင်းနှင့် ထင်လင်းစွာ တွေ့မြင်ရပေလိမ့်မည်။ ထိုအခါတွင် သင်၌ ရှေးယခင်က မကြုံခဲ့ဖူးသေးသော တန်ခိုး သတ္တိထူးများသည် ထင်ရှားစွာ ဖြစ်ပေါ်လာပေလိမ့်မည်။ အလွန် အားတက်ဖွယ် ကောင်းသောကြောင့် ကြိုးစား၍ လိုက်နာ လေလော့။

လူသတ္တဝါသည် ချမ်းသာမှုအတွက်လည်းကောင်း၊ ဆင်းရဲ မှုအတွက်လည်းကောင်း၊ မဂ်ဖိုလ်နိဗ္ဗာန်အတွက်လည်းကောင်း၊ အပါယ်ကျမှုအတွက် လည်းကောင်း၊ မိမိကိုယ်တိုင် ဖန်တီး စီမံပေးနိုင်သော စိတ်ဓာတ်မျိုးရှိသည့် သတ္တဝါတစ်မျိုးဖြစ်ရ ကား ဒုလ္လဘငါးပါးတို့တွင် ထည့်သွင်း ဟောကြားတော်မူခဲ့သည် မှာ နားလည်နိုင်ကြဖို့ ရှိ၏။

ဤအခန်းသည် လိုသောအရာကိုရမှုအတွက် အလွန်အရေး ကြီးလှသောအခန်းဖြစ်ရကား ဤအခန်းတွင် ဖော်ပြပါရှိသော အညွှန်းများကို သဘောပေါက်အောင် ဖတ်ရှုပြီးနောက် ခွဲ ကောင်းကောင်းနှင့် လိုက်နာလေ့ကျင့်ရမည်။

အဖန်တလဲလဲ ပွားများခြင်းအားဖြင့် မစိုးပိုင်သော စိတ် ပိုင်းကို စိုးပိုင်သော စိတ်ပိုင်းက ပြုပြင်ပေးခြင်းသည် လိုသော အရာကို ပြည့်စုံစေမှုအတွက်အလွန်အရေးကြီးသော အချက်ဖြစ် ပေရာ ကြွင်းကျန်သော လေ့ကျင့်ခန်းတို့မှာ ၎င်းအတွက် အဖြည့်အစွက်များသာ ဖြစ်ချေ၏။ ဤအချက်ကို စိတ်ထဲတွင် အစဉ်မပြတ် သတိရနေသည်တိုင်အောင် စွဲမြဲစွာမှတ်သားထား ပါလေ။

ဖော်ပြခဲ့ဖူးသော လေ့ကျင့်ခန်းများကို သူငယ်ဘဝက စာကျက်ခဲ့ရသကဲ့သို့ မှန်မှန်ကန်ကန်လေ့ကျင့်၍ ကလေးသူငယ် တို့၏ ယုံကြည်ခြင်းမျိုးဖြင့် လေးလေးနက်နက် ယုံကြည်လာ အောင် ကြိုးစားခဲ့ပါလေ။

ဤစာအုပ်တစ်အုပ်လုံးကို ဖတ်ရှုပြီးနောက် ဤအခန်းကို တစ်ဖန်ပြန်၍ အောက်ပါနည်းနာအတိုင်း လိုက်နာဆောင်ရွက် ပါလေ။

အခန်း ၃ ကို ညတိုင်း အသံထုတ်လျက် တစ်ကြိမ်ကျ ဖတ်ရှု၍ အဖန်တလဲလဲ ပွားများရခြင်းတည်းဟူသော နည်းစနစ် သည် လိုသောအရာ ပြည့်စုံစေမှုအတွက် ဧကန်မုချ အရေး

ကြီးပါပေသည်ဟု စိတ်ထဲတွင် ကောင်းကောင်းကြီး သဘောပေါက်လာသည်တိုင်အောင် ဆင်ခြင်သုံးသပ်ရမည်။ ဤစာအုပ်ကိုဖြစ်စေ၊ ဤအခန်းကိုဖြစ်စေ၊ ဖတ်ရှုစဉ် အထူးကြိုက်နှစ်သက်၍ အရေးကြီးသည်ဟုထင်သော စာပိုဒ်များကို မျဉ်းသားမှတ်ထားရမည်။

အထက်ပါညွှန်ကြားချက်အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ခဲ့ပါလျှင် ထမြောက်အောင်မြင်ခြင်းတည်းဟူသော လမ်းစတွင် ခြေချမိပြီဟု မှတ်လေလော့။

Mg Chan Mar Maung Hteegyaint

# အခန်း ၄

## ပညာရပ်တစ်ခုကောင်း တတ်မြောက်ခြင်း ကြီးပွားရေးအတွက် စတုတ္ထခြေလှမ်း

ပညာဗဟုသုတ ရှာမှီးကြရာ၌ အထွေထွေဗဟုသုတ ရှာမှီးခြင်း၊ တစ်ခုတည်းသော ပညာရပ်ကို ကမ်းတစ်ဖက်ရောက် တတ်မြောက် ကျွမ်းကျင်အောင် ရှာမှီးခြင်းဟူ၍ နှစ်နည်းရှိလေရာ အမျိုးပေါင်းစုံလင်ရန် ရည်ရွယ်ချက်နှင့် အထွေထွေဗဟုသုတရှာမှီးသောနည်းမှာ မည်မျှပင်စုံလင်၍ မည်မျှလောက်ခေါက်မိစေကာမူ ဓနဥစ္စာကြွယ်ဝရေးအတွက် များစွာအသုံးမဝင်ချေ။ သိပ္ပံကျောင်းကြီးများ၌ ကျောင်းဆရာ အဖြစ်နှင့် အသက်မွေးမြူကြသော ပရော်ဖက်ဆာ ဆရာကြီးများကဲ့သို့ ခက်ခဲနက်နဲလှပေသော ပညာရပ်မျိုး စုံလင်အောင်တတ်မြောက် ကျွမ်းကျင်သူဟူ၍ ရှားပါးပေလိမ့်မည်။ သို့ရာတွင် များစွာသော ထိုဆရာကြီးတို့သည် စားရ,သောက်ရရုံမျှရှိ၍ ဓနဥစ္စာ ပေါကြွယ်ဝသော သူဌေးကြီးများအဖြစ်သို့ ရောက်နိုင်ကြသည် မရှိချေ။ ၎င်းဆရာကြီးများသည် မိမိတို့ တတ်မြောက်ထားသော ပညာဗဟုသုတကို သူတစ်ပါးတို့အား သင်ပြပေးရုံမျှ

လောက်သာ အသုံးပြုတတ်၍ ငွေရှာမှုအတွက် ထိုပညာကို အသုံးမချကြချေ။

စုဆောင်းလေ့လာထားသော ပညာကို ဉာဏ်ဖြင့်အစီအစဉ်ပြုလုပ်၍ ငွေရှာမိုးမှုအတွက် ရည်ရွယ်ချက်နှင့် အသုံးမချခဲ့လျှင် ပညာဗဟုသုတသက်သက်သည်ငွေကိုဆွဲငင်နိုင်သောအစွမ်းမရှိချေ။

ဤအချက်ကို သဘောမပေါက်ဘဲ ဗဟုသုတစုံခဲ့လျှင် လိုချင်တာ ရနိုင်သည်ဟု မှားယွင်း ထင်မှတ်တတ်ကြသည်ဖြစ်သောကြောင့် များစွာသော သူတို့သည် တစ်သက်တာတွင် မကြီးပွားနိုင်ဘဲ အချွတ်ချွတ် အချော်ချော် ဖြစ်ရှာရလေသည်။ တတ်မြောက်ထားသော ပညာကို တစ်စုံတစ်ခုသော ရည်မှန်းချက်အတွက် ဉာဏ်ဖြင့်စီစဉ်ကာ အသုံးပြုတတ်မှ သာလျှင် ထိုပညာ၏ တန်ဖိုးသည် ပေါ်ထွက်လာနိုင်သည် ဖြစ်ချေ၏။

ခေတ်ကာလ ကျောင်းကြီးများသည် ကျောင်းသားများအား ပညာဗဟုသုတရရှိစေမှုအတွက်သာလျှင် သင်ကြားပေး၍ ရပြီးသော ပညာကို ဘယ်ကဲ့သို့စီစဉ်၍ အသုံးပြုရမည်ဟု ပြသမပေးကြခြင်းမှာ အလွန်အရေးကြီးသော ချွတ်ယွင်းချက်ကြီးတစ်ခုဖြစ်ချေ၏။

များစွာသောသူတို့က သိပ္ပံကျောင်းကြီးများ၌ ပညာသင်ကြားခဲ့ဖူးမှသာ ပညာတတ်သည်ဟု မှတ်ထင်တတ်ကြ၏။ အမေရိကန်ပြည်၌ အကြွယ်ဝဆုံး သူဌေးကြီးတစ်ဦးဖြစ်သော ဟင်နရီဖို့သည် ကျောင်း၌ ၆ တန်းမျှလောက်သာ ပညာသင်ခဲ့ဖူးသော်လည်း သာမန်အလုပ်သမား တစ်ယောက် ဘဝမှ

သူဌေးကြီးအဖြစ်သို့ရောက်အောင် စွမ်းဆောင်နိုင်ခဲ့လေသည်။

စင်စစ်မှာ ဗဟုသုတ မျိုးစုံလင်အောင် လေ့လာလိုက်စား ထားသော သူတစ်ယောက်ကို ပညာရှိ လူစွမ်းကောင်း ဟူ၍ ခေါ်ဝေါ်ထိုက်သည်မဟုတ်။ သူတစ်ပါးတို့၏ အခွင့်အရေးကို ထိခိုက်ကျူးကျော်ခြင်း မရှိစေရဘဲ မိမိ၌ရှိသော ဉာဏ်များကို အကျိုး အများဆုံးရှိအောင် စီစဉ် အသုံးချတတ်သော သူကို သာလျှင် ပညာရှိ လူစွမ်းကောင်းဟူ၍ ခေါ်ဆိုထိုက်ပေ၏။

ပထမကမ္ဘာစစ်ကြီးအတွင်း၌ အမေရိကန်ပြည်ထုတ် သတင်း စာတစ်စောင်က မစ္စတာဖို့အား စစ်ဖြစ်ဖို့ မလိုလားသော ပညာမဲ့တစ်ယောက်ဟူ၍ ခေါင်းကြီးပိုင်းတွင် ရေးသားစွပ်စွဲခဲ့ ဖူးရာ မစ္စတာဖို့သည် ထိုသတင်းစာကို အသရေပျက်မှုနှင့် တရားစွဲခဲ့ဖူး၏။ ရုံးတော်၌ စစ်ဆေးသည့်အခါ တရားခံ၏ ရှေ့နေများသည် မစ္စတာဖို့အား ပညာမဲ့တစ်ယောက်ဖြစ်ကြောင်း ထင်ရှားစိမ့်သောငှာ မေးခွန်းများ ထုတ်ကြ၏။

မစ္စတာဘယ်နီဒစ် အာနိုးဆိုသူကား မည်သို့သော ပုဂ္ဂိုလ် မျိုးဖြစ်သနည်း... ၁၇၇၆ ခုနှစ်တွင် အမေရိကန် သူပုန်တို့ အရေးကိုနှိမ်နင်းရန်အတွက် ဗြိတိသျှအစိုးရက စစ်သားပေါင်း မည်မျှစေလွှတ်ခဲ့သနည်းစသော မေးခွန်းမျိုးတို့ဖြင့် စမ်းသပ် မေးမြန်းလေရာ မစ္စတာဖို့သည် မပြောဆိုနိုင်ဘဲ ရှိခဲ့၏။

ယင်းကဲ့သို့ ဗဟုသုတ သက်သက်ဖြစ်သော မေးခွန်းပုစ္ဆာ ပေါင်းမြောက်မြားစွာတို့ကို ရှေ့နေများက ဉာဏ်ရှိသလောက် တစ်ခုပြီးတစ်ခု ဆက်လက် မေးမြန်းကြလေရာ နောက်ဆုံး၌

မေးခွန်းထုတ်သော ရှေ့နေ မစ္စတာဖို့သည် အခံရခက်လာသည်နှင့်မေးခွန်းထုတ်သော ရှေ့နေ အား လက်ညှိုးထိုးလျက်ပြောနေသည်မှာ အနက်အဓိပ္ပာယ် မရှိသော သင်၏မေးခွန်းများကို ကျွန်ုပ်ဖြေဆိုရမည်ဖြစ်လျှင် ကျွန်ုပ်၏ စားပွဲ၌ တပ်ထားသော ဆိုင်ရာဆိုင်ရာခလုတ်ကို နှိပ်လိုက်ခါမျှနှင့် ကျွန်ုပ်၏အလုပ်နှင့်ပတ်သက်၍ ကျွန်ုပ်မေးလိုသမျှသော မေးခွန်း ပုစ္ဆာတို့ကို သွက်သွက်လက်လက် ဖြေနိုင်မည့်သူများကို ကျွန်ုပ် တို့ငှားထားသည်။ ကျွန်ုပ်တို့ သိလိုသမျှကို သိရအောင် ဤနည်း အတိုင်း စီမံထားပါလျက် အရာမရောက်သော သင်၏ မေးခွန်းများ ကို ဖြေဆိုနိုင်ရန်အတွက် ကျွန်ုပ်၏ဦးနှောက်ရှုပ်ခံ၍ အဘယ် ကြောင့် မှတ်သားထားရန်လိုသည်ဟု သိပါရစေဟု တုံ့ပြန်ချေဆို လိုက်ရကား၊ မေးခွန်းထုတ်သောရှေ့နေမှာ အကျပ်ရိုက်သွားသည့် ပြင် နားထောင်နေကြသူ ပရိသတ် အပေါင်းတို့သည်လည်း ထိုချေဆိုချက်သည် ပညာမဲ့တစ်ယောက်၏ ချေဆိုချက် မဟုတ် ကြောင်း ကောင်းကောင်းကြီး ကျေနပ်သွားလေကုန်၏။

အလိုရှိသောပညာကို အလိုရှိသောအချိန်တွင် ကောက်ခါ ငင်ခါ ရနိုင်အောင်စီမံထား၍ ထိုပညာတို့ကို အသုံးချနိုင်အောင် နေရာတကျ စီမံတတ်သော သူကိုသာလျှင် ပညာရှိဟူ၍ ခေါ် ဆိုထိုက်၏။ ဟင်နရီဖို့သည် ဆိုင်ရာဆိုင်ရာ ပညာရပ်တစ်ခုတွင် ကမ်းတစ်ဖက်ရောက် တတ်မြောက်သောသူများကို မိမိလက် အောက်တွင် လုပ်ခစားပေးထား၍ ကောက်ခါငင်ခါ အသုံးပြု ခဲ့ခြင်းအားဖြင့် အကြွယ်ဝဆုံးသော သူဌေးကြီးတစ်ဦး အဖြစ်သို့တိုင် ရောက်ခဲ့လေသည်။ ထိုပညာရပ်တစ်ခုစီကို သူ၏ ဦးခေါင်းထဲ၌

မှတ်သားထားရန် မလိုချေ၊ ဤစာအုပ်မျိုးကို ဖတ်ရှုရန်လိုသည်ဟု သိနားလည်သဖြင့်၊ ဖတ်ရှုလျက်ရှိသူ တစ်ယောက်သည် အထက်ပါ သက်သေ၏ အဓိပ္ပာယ် လေးနက်သော အဖြစ်ကို သိနားလည် နိုင်လောက်ပေလိမ့်မည်။

သည်ရည်မှန်းထားသောငွေကို မရမီ သင်လုပ်ကိုင်လျက်ရှိသော အလုပ်အကိုင်နှင့်ပတ်သက်၍ သိသင့် သိခွင့်ရှိသမျှသော အချက်အလက်တို့ကို တစ်ဖက်ကမ်းခတ် တတ်မြောက်အောင် ဆည်းပူးထားဖို့ လိုပေလိမ့်မည်။ အလုပ်ကြီးအခြေသို့ ရောက်သဖြင့် ကိုယ်တိုင်ဆည်းပူးရန် မတတ်နိုင်ခဲ့လျှင် ပညာရပ်တစ်ခုစီ ဗိုလ်စွဲသော လူတစ်စုရှိစေဖို့ စီမံထားရချေမည်။

အချို့သော သူတို့သည် သိပ္ပံကျောင်းကြီးများ၌ သင်ရသော ပညာမျိုး မတတ်ခဲ့သည့်အတွက် မိမိတို့ကိုယ်ကို ကိုယ် ပညာမတတ်ဟု မှတ်ထင်ကာ အထင်အမြင် သေးတတ်ကြလေသည်။ ကိုယ့်ကိုကိုယ် အထင်အမြင်သေးခြင်းသည် ကိုယ့်အစွမ်းကို ကိုယ်ယုံကြည်ခြင်းမရှိတတ်သဖြင့် ကြီးပွားရေးတွင် အနှောင့်အယှက်ကြီး ဖြစ်စေရကား ဟင်နရီဖို့၏ ပုံသက်သေကို ကြပ်ကြပ်ကြီး နှလုံးသွင်းကြရချေသည်။

ပညာကိုဝယ်လျှင် ရနိုင်ကြောင်း သိဖို့ အရေးကြီး၏။

ပထမဦးစွာမည်သည့်ပညာရပ်မျိုးကို မည်သည့်အတွက်သင် အလိုရှိသည်ဟု သေချာစွာ ပိုင်းခြားဆုံးဖြတ်လေလော့။ သင် ရည်မှန်းထားသော ပန်းတိုင်ကို မျှော်ကြည့်လိုက်သည့်အခါ ထိုပန်းတိုင်သို့ ရောက်အောင် မည်သည့်ပညာရပ်မျိုးလိုသည်ဟု ဆုံးဖြတ်နိုင်ပေလိမ့်မည်။ လိုအပ်သော ပညာရပ်တစ်ခုကောင်းကို

ဆုံးဖြတ်ပြီးနောက် ထိုပညာရပ်ကို ရနိုင်ရန် နည်းလမ်းကိုစုံစမ်းရှာဖွေရမည်။ ပညာရှာမှီးသော နည်းလမ်းမှာ...

(၁) ကိုယ်တိုင် လက်တွေ့ဆည်းပူးသောနည်း...

(၂) ဗိုလ်ဆွဲသူတစ်စု၏ အကူအညီဖြင့် ဆည်းပူးသောနည်း

(၃) သိပ္ပံကျောင်းကြီးများ၌ ဆည်းပူးသောနည်း

(၄) သက်ဆိုင်ရာ စာအုပ်များမှ ဆည်းပူးသောနည်း

(၅) စာပေးစာယူအားဖြင့် အတတ်သင်ကျောင်းမှ ဆည်းပူးသောနည်း

လိုအပ်သောပညာရပ်ကို ဆည်းပူးပြီးသည်နောက်မှန်းထားသော ရည်ရွယ်ချက်အတွက် ကွက်စိပ်ရိုက်၍ စီစဉ်ပြီးလျှင် အသုံးချရမည့် အဖိုးတန်သောရည်မှန်းချက်အတိုင်း ပြည့်စုံလေအောင် အသုံးချရန်မဖြစ်နိုင်ခဲ့လျှင် ထိုပညာသည် အဖိုးများစွာမတန်လှချေ။ ထိုအကြောင်းကြောင့် ကောလိပ်ကျောင်းမှ အောင်လက်မှတ်ရသူများသည် အထွေထွေဗဟုသုတ အတော်အတန် ပြည့်စုံသူများဟူ၍သာ အသိအမှတ်ပြုခြင်းခံရ၍ ဝမ်းခါးဝရုံ, လှုရုံလောက်ထက်ပို၍ များပြားသော လခ,မျိုးကို မရနိုင်ခြင်း ဖြစ်လေသည်။

ရည်မှန်းထားသော ကြီးပွားမှုအတွက် ပညာတစ်မျိုးမျိုးသည် အခါခပ်သိမ်း လိုတတ်မြဲဖြစ်ရာ၊ အထက်ပါ ဆည်းပူးနည်း တစ်နည်းနည်းကို အသုံးပြုထိုက်ပေသည်။ အချို့သောသူတို့က ကျောင်းမှထွက်လာလျှင် ပညာသင်ကြားဆည်းပူးခြင်းကိုစွန့်ကန်ပြီဟု မှတ်ထင်တတ်ကြပေရာ၊ မည်သည့်အလုပ်အကိုင်မျိုး၌ဖြစ်စေအထွတ်အထိပ်သို့ ရောက်ကြသောသူ ဟူသမျှတို့

သည် လိုအပ်သော ပညာရပ်တစ်မျိုးမျိုး တစ်သက်ပတ်လုံး ဆည်းပူး၍ အားမရနိုင်သူများဖြစ်ကြောင်း သတိပြုပါလေ။ စင်စစ်သော်ကား ကျောင်းများမှ သင်ပြပေးလိုက်သော ပညာသည် နောက်ဆက်လက်၍လိုက်စားလေ့လာရန်အတွက်အခြေခံကလေးဖြစ်ရုံလောက်သာ ရှိချေ၏။

အံတွက်အချက်ကလေးနှင့် စာရေးတတ်၊ ဖတ်တတ်ရုံမျှနှင့် အလုပ်ရနိုင်သော ခေတ်သည် ကုန်လွန်ခဲ့လေပြီ။ အလုပ်ရပြန်ပါလျှင်လည်း ဝမ်း,ခါး၊ မဝတဝ မလုတလု အလုပ်မျိုးလောက်သာ ရနိုင်၏။

ယခုခေတ်သည် တစ်ခုကောင်းပညာကို လုံလောက်စွာတတ်သူများအဖို့ အလုပ်အကိုင်ပေါများသော ခေတ်ဖြစ်၏။ သာမန်ကျောင်းထွက်လက်မှတ်မျိုးနှင့် မလုံလောက်။ ကူးသန်းရောင်းဝယ်မှုပညာ၊ လျှပ်စစ်ဓာတ်ဘက်ဆိုင်ရာပညာ၊ စာရင်းကိုင်အတတ်ပညာ၊အင်ဂျင်နီယာအတတ်ပညာ၊သတင်းစာပညာ စသော ပညာရပ်တစ်ခုကောင်းတတ်မြောက်သူတို့အတွက်လမ်းပွင့်လျက်ရှိ၏။

ကုမ္ပဏီတိုက်ကြီးများကလည်း ဒီဂရီအောင်လက်မှတ် သက်သက် ရခဲ့ရုံမျှနှင့် မကျေနပ်။ ကျောင်း၌နေစဉ်ပင် ပေါင်းသင်းဆက်ဆံရေးဘက်၊ စီမံအုပ်ချုပ်မှုဘက်တို့တွင် နာမည်တွင်ခဲ့သူများကိုစာမေးပွဲတွင်အမှတ်အများဆုံးရသူတို့ထက်ပိုမိုလိုလားလျက်ရှိကြလေပြီ။ ထို့ကြောင့် ရှေ့လာဘ်ကိုမြင်သော ကုမ္ပဏီကြီးများသည် စာမေးပွဲတွင် အမှတ်အများဆုံး ရသူများထက် အကျင့်စာရိတ္တ အထူးကောင်းခြင်း၊ ကိုယ်လက်လှုပ်ရှားမှုဆိုင်ရာ

ကစားနည်းတို့၌ ခေါင်းဆောင်နိုင်ခြင်း၊ သွက်လက်ချက်ချာခြင်း၊ ဥပဓိရုပ်ကောင်းခြင်း စသော အရည်အချင်းမျိုးကို ပိုမိုလိုလားကြလေသည်။

တိုင်းကြီးပြည်ကြီးများ၌မူကား၊ ကျောင်းမှထွက်ပြီးသော အလုပ်သမားလူကြီးများအတွက် ဆိုင်ရာဆိုင်ရာ ပညာရပ်တစ်ခုကို သင်ကြားနိုင်ရန်အတွက် ညကျောင်းများဖွင့်လှစ်ထားကြသည်ဖြစ်ရာ ကျွန်ုပ်တို့တိုင်းပြည်မှာမူ ထိုသို့သော အခြေအနေမျိုးသို့ မရောက်သေးသည်ဖြစ်၍ စာပေးစာယူနည်းဖြင့် သင်ပြသော ကျောင်းမျိုးကို အားထားကြရချေမည်။ ၎င်းကျောင်းမျိုးမှာလည်း ဆိုင်ရာပညာရပ်များတွင် အလွန်ကျွမ်းကျင်သောပုဂ္ဂိုလ်များ စီစဉ်ထားသည့် သင်ခန်းစာများဖြစ်သောကြောင့် ပညာဆည်းပူးသူတို့အတွက် အလွန်တစ်ရာ ကောင်းမွန်သင့်လျော်လှပေသည်။

စာပေးစာယူနည်းဖြင့် သင်ကြားသော ကျောင်းမျိုး၏ ကောင်းခြင်းတစ်ရပ်မှာ တစ်ခုသော ပညာကို သင်ပါတော့မည်ဟု ဆုံးဖြတ်၍ စတင် သင်ကြားမိလျှင် ဆုံးအောင် သင်သည်ဖြစ်စေ၊ တစ်ဝက်တစ်ပျက်နှင့် ရပ်လိုသည်ဖြစ်စေ သဘောတူထားပြီးသော ကျောင်းလခ,ကို ပြေလည်အောင် ပေးရခြင်းအားဖြင့် ထိုကျောင်းသားသည် အစအဆုံးပေါက်အောင် သင်ရလေတော့၏။ ဤအတွက်ကြောင့် ထိုကျောင်းသားသည် အစပြုမိသော အလုပ်တစ်ခုကို ဆုံးခန်းတိုင်အောင် ဆောင်ရွက်တတ်သော အလေ့အကျင့်တစ်ခု ရရှိလေရာ ထိုအလေ့အကျင့်သည် ကြီးပွားရေးအတွက် တစ်သက်ပတ်လုံး ကြီးစွာ

သော အထောက်အပံ့ ဖြစ်လေတော့၏။ အခြား ကောင်းမွန်သော အချက်တစ်ခုမှာ ထိုကျောင်းမျိုးမှ အောင်လက်မှတ်ရရှိထားသူတို့သည် ကုမ္ပဏီတိုက်ကြီးတို့၏ လေးစားယုံကြည်ခြင်းကို ခံရတတ်၍ အလုပ်အကိုင်လျှောက်ထားရာ၌ လွယ်ကူတတ်လေသည်။ အကြောင်းမူကား အလုပ်တစ်ဘက်နှင့် စာပေးစာယူကျောင်းတွင် အောင်လက်မှတ်ရသည့်တိုင်အောင် အစအဆုံး ပညာသင်ကြားနိုင်သော ဇွဲသတ္တိရှိသည့် အလုပ်သမား တစ်ယောက်သည် လူညံ့တစ်ယောက်မဟုတ်ဟု ကုမ္ပဏီတိုက်မန်နေဂျာများက ရိပ်မိ နားလည်ကြသောကြောင့် ပေတည်း။

လောကကြီးပွားမှု၌ ဖြေဆေးမရှိသည့် ချွတ်ယွင်းချက်တစ်ခုသည်ကား ကြီးပွားလိုသော စိတ်ဆန္ဒမရှိခြင်းပင် ဖြစ်ချေ၏။ လူတိုင်းပင် ကြီးပွားလိုသည်ဟု ပြောကြမည် ဖြစ်သော်လည်း အကယ်ကြီးပွားလိုသော ဆန္ဒပြင်းစွာရှိသူတို့၏ ရာခိုင်နှုန်းမှာ မများလှချေ။ အလုပ်တစ်ဘက်နှင့် ပညာရပ်တစ်ခုကို အစမှ အဆုံးတိုင်အောင်၊ လက်မှတ်ရသည် တိုင်အောင် လေ့လာသင်ကြားနိုင်သည်အထိ ဇွဲသတ္တိရှိသူတစ်ယောက်မှာ ကြီးပွားလိုသော ဆန္ဒပြင်းစွာရှိသူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားသည် ဖြစ်၍ ထိုသူသည် မည်သည့်အလုပ်အကိုင် မျိုး၌ ဖြစ်စေ အောက်ဆုံးထစ်တွင် ရပ်နေမည်မဟုတ်ဟု စိတ်ချလေလော့။ အထက်လူကြီးများသည် ထိုသူ၏ အရည်အချင်းကို တစ်နေ့နေ့တွင် သိမြင်ရမည်ဖြစ်၍ တိုးတက် ကြီးပွားရေးအတွက် အခွင့်အလမ်း ဖွင့်ပေးတတ်ချေသည်။

လွန်ခဲ့သော စစ်ကြီးအတွင်းပညာသင်ကြားခြင်း ပျက်ကွက်၍ အချိန်အရွယ်ကုန်လွန်သဖြင့် အလုပ်လုပ်ကိုင်ကြသော အလုပ်သမားများသည် စာပေးစာယူ ပညာသင် ကျောင်းများတွင် ပညာရပ်တစ်မျိုးမျိုးကို သင်ကြားကြရန် အထူးပင်သင့်လျော်သဖြင့် ထောက်ခံလိုက်ရပေသည်။ ထို့ပြင် ယခုခေတ်ကြီးသည် ခေတ်သစ်ကြီးဖြစ်၍ ယခင်ခေတ်က ကြီးပွား ထွန်းကားလာခဲ့ဖူးသော အလုပ်အကိုင်မျိုးသည် ယခုခေတ်တွင် မထွန်းကားရှိနေတတ်သည်ဖြစ်ရကား... ထိုသို့သော သူတို့အတွက် အလုပ်အကိုင်ပြောင်းလဲ လုပ်ကိုင်ရန်မှာလည်း အဆိုပါ ကျောင်းမျိုးသည် ကြီးစွာသော အထောက်အပံ့ ဖြစ်နိုင်ပေ၏။ အတတ်ပညာကို အဖိုးပေး၍ ဝယ်ယူလျှင် အဖိုးကြီးကြီးနှင့် တစ်ဆင့်ရောင်းစားနိုင်၏။

Mg Chan Thar Maung
Hteegyaint

Mg Chan Thar Maung
Hteegyaint

# အခန်း ၅

## စိတ်ကူးဉာဏ်
## ကြီးပွားရေးအတွက် ပဌမခြေလှမ်း

စိတ်ကူးဉာဏ်ဆိုသည်ကား ဆန္ဒအတိုင်း ပြည့်စုံစေရန်အတွက် အကြံအစည်ထုတ်ရသော အလုပ်ကိုဆောင်ရွက်ရန် လက်နက် ကိရိယာပင်ဖြစ်လေရာ ဝိမံသိဒ္ဓိပါဒ်၏ အရာပင်ဖြစ်ချေ၏။ တန်ခိုးသို့မဟုတ် ဣဒ္ဓိပါဒ်လေးပါးရှိသည့်အနက် ဝိမံသိဒ္ဓိပါဒ်သည် နောက်ဆုံးမှ ပိတ်၍လိုက်သော ဗိုလ်ချုပ်ဖြစ်၍ ၎င်း၏အစွမ်းသတ္တိ ကြီးမားပုံမှာလည်း အံ့သြလောက်ပါပေ၏။

ဤခေတ်သည် လောကီဘက်တွင် စိတ်ကူးဉာဏ်၏ တန်ခိုး သတ္တိကြီးမားကြောင်း အလွန်ထင်ရှားသော ခေတ်ကြီး ဖြစ်ချေ၏။ လူတို့၏အဖြစ်အပျက်ကို ရာဇဝင်တင်သည့် အခါမှစ၍ စိတ်ကူးဉာဏ်၏ အစွမ်းဖြင့် တီထွင်ထားသော အဆန်းအပြား များသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ကျော် အတွင်းတွင် ယခင်နှစ်ပေါင်း ထောင်,သောင်း အခါကထက် ပေါများချေ သေး၏။ လေကိုနိုင်နင်းသည့် အရာဌာနတွင် ငှက်များကပင်

အရှုံးပေးကြရ၏။ အာကာသ၏ခတ်သဘောကို သိမြင်ကြသည် ဖြစ်၍ မိုင်ပေါင်း ထောင်သောင်း၌ရှိသော သူတစ်ယောက်၏ အသံကို အိမ်နီးချင်း တစ်ယောက်၏ အသံကဲ့သို့ ကြားနိုင်၏။ သန်းပေါင်းများစွာ ဝေးကွာသော အရပ်၌ရှိသော နေကို အချိန်အတွယ် လုံးပတ်နှင့်တကွ တွက်ချက်ဖော်ပြနိုင်၏။ ရှေးခေတ်က ဈာန်အဘိညာဉ်ရသော ပုဂ္ဂိုလ်များသာလျှင် အလိုရှိတိုင်း ခရီးသွားနိုင်ကြပေရာ ယခုခေတ်၌မူ ပုထုဇဉ် အနွတစ်ယောက် ဖြစ်စေကာမူလည်း တစ်နာရီလျှင် မိုင်ပေါင်း ၃၀၀ ကျော်ပေါက်အောင် ခရီးသွားနိုင်သည့်ပြင် မကြာမီ အတောအတွင်း ကမ္ဘာကိုနေ့ချင်းပေါက် ပတ်နိုင်သောအဖြစ်မျိုးကိုပင် ရောက်ကြပေလိမ့်မည်။

စိတ်ကူးဉာဏ်ကိုအသုံးပြုခြင်းအရာဌာန၌ လူတို့သည်အထွတ်အထိပ်သို့ရောက်ပြီဟု မဆိုနိုင်သေးပေရာ လောကီမှု၌ စိတ်ကူးဉာဏ်ကို အသုံးပြုလာကြခြင်းမှာ ကကြီး,ခကွေးလောက်မျှသာ ရှိသေး၍ ရှေ့သို့တိုးတက်ရန် နည်းလမ်းများစွာ ရှိချေသေး၏။

## စိတ်ကူးဉာဏ် နှစ်မျိုး

စိတ်ကူးဉာဏ်ဆိုသည်မှာ (၁) ဆက်စပ် ဖန်တီးတတ်သော စိတ်ကူးဉာဏ် (၂) အသစ်ထွင်တတ်သော စိတ်ကူးဉာဏ်ဟူ၍ နှစ်မျိုးရှိ၏။ ပထမစိတ်ကူးဉာဏ်မျိုးသည် ရှိပြီးသော စိတ်ကူးများကို တစ်မျိုးတစ်မည်ဖြစ်အောင် ဆက်စပ်ပေါင်းစု ဖန်တီးသော အလုပ်ကိုလုပ်နိုင်၏။ အသစ်တစ်ခု ဖြစ်ပေါ်လာအောင်

တီထွင်နိုင်သော အစွမ်းသတ္တိမျိုးကား မရှိချေ။ ထိုစိတ်ကူး ဉာဏ်မျိုးသည် မိမိ၏ တွေ့ကြုံသင်ကြားခဲ့ရဖူးသော အဖြစ်အပျက်များကို အခြေခံပြု၍ တစ်စုံတစ်ခု ဖြစ်အောင် ပေါင်းစပ် ဖန်တီးနိုင်သော စိတ်ကူးမျိုးဖြစ်၏။ လျှပ်စစ်ဓာတ်မီး၊ ရေဒီယို၊ ဘိုင်စကုတ် စသည်တို့ကို ပြုလုပ်နိုင်သည်မှာ ပထမ စိတ်ကူးဉာဏ်၏ အစွမ်းသတ္တိပေတည်း။

ဒုတိယစိတ်ကူးဉာဏ်၏ သတ္တိမှာကား ပထမစိတ်ကူးဉာဏ် မျိုးထက်ပင် ပို၍ ခက်ခဲနက်နဲသေး၏။ ထိုစိတ်ကူးဉာဏ်မျိုး သည် မရှိသေးသော မဖြစ်ပေါ်သေးသော အရာကို လှမ်းမျှော် စိတ်ကူးနိုင်ခြင်း၊ သူတစ်ပါး၏စိတ်အကြံကိုသိခြင်း၊ အနာဂတ် ကို မှန်းမျှော်တွေးဆ သိမြင်နိုင်ခြင်းတိုင်အောင် အစွမ်းသတ္တိ ရှိပေ၏။ ထိုဉာဏ်မျိုးမှုကား မဇ္ဈိမဒေသတွင် မြတ်စွာဘုရား လက်ထက်တော်က ထွန်းကားခဲ့ဖူးသော်လည်း ယခုခေတ်တွင် တိမ်မြုပ် ငုပ်ကွယ်နေခဲ့လေပြီ။ သို့သော် အနောက်တိုင်းကြီး များက ဤအစွမ်းသတ္တိမျိုးကို ယခုမှ အသိအမှတ်ပြုကာ လေ့ လာလိုက်စားစ ပြုကြဆဲပင် ရှိသေး၏။ ထိုဉာဏ်မျိုးသည် ဧကဂ္ဂတာကျအောင် လွန်မင်းစွာ စိတ်အာရုံ စူးစိုက်ခြင်း ရှိသော အခါမှသာလျှင် ဖြစ်ပေါ်တတ်သည့် အသိဉာဏ်မျိုး ဖြစ်ရကားငုပ်ကွယ်စပြုနေသော နည်းနာနိသျကို ယခုမှစတင်၍ စုံစမ်းလေ့လာခြင်း ပြုလျက်ရှိကြလေသည်။

သို့သော် စိတ်ကူးကို အသုံးပြုရာတွင် သူတစ်ပါး၏ စိတ် အကြံအစည်ကို သူစွမ်းနိုင်သည့် အသိဉာဏ်မျိုးသို့ ထိအောင်

မပေါက်ရောက်နိုင်သော်လည်း ၎င်းကို အလေ့အကျင့်ပြုလုပ်ထားခဲ့လျှင် လောက၌ အကျိုးရှိသော နေရာများစွာတို့တွင် အသုံးချနိုင်ပေ၏။

ကမ္မဋ္ဌာန်း ထိုင်ခိုင်းမည်ထင်၍ မလန့်လေနှင့်။သို့သော် တကယ်ကြီးပွားလို၍ လိုသည့်အတိုင်း အမှန်ကြီးပွားမည်ဆိုခဲ့လျှင် ထိုင်တန်က ထိုင်ရပေလိမ့်မည်။

စိတ်သည် အလွန်တန်ခိုးကြီး၏။ တန်ခိုးကြီးသော စိတ်မျိုးကိန်းအောင်းသည့် ပုဂ္ဂိုလ်သည် အလိုရှိတိုင်း ဖန်ဆင်းနိုင်၏။ နိမ္မာနရတိဘုံသား နတ်တို့သည် အလွန်တန်ခိုးကြီးသော စိတ်မျိုးရှိကြသည်ဖြစ်၍ အလိုရှိတိုင်း ဖန်ဆင်း သုံးဆောင်နိုင်ကြသည်ဆို၏။ နတ်သည်လည်း အလိုရှိသောဆန္ဒအတိုင်း ပြည့်ဝစေနိုင်ခြင်းမှာ တန်ခိုးကြီးသော စိတ်မျိုး ဖြစ်လာလေအောင် ပြုလုပ်ရာ၌ လွန်ခဲ့ပြီးသော အညွှန်းများအတိုင်း တိတိကျကျ လိုက်နာဖို့ အရေးကြီးလှပေ၏။

အရောင်းအဝယ်ဘက်၌ ဖြစ်စေ၊ စက်မှုလက်မှုဆိုင်ရာ လုပ်ငန်းများ၌ဖြစ်စေ၊ ဘဏ္ဍာရေးဘက်၊ စီးပွားရေးဘက်၊ ကဗျာလင်္ကာဘက်၊ ပန်းချီပန်းပုဆိုင်ရာ ပညာဘက် စသည်တို့၌ဖြစ်စေ၊အထွတ်အထိပ်သို့ ရောက်ကြသော ကမ္ဘာ့ကျော် ပုဂ္ဂိုလ်ကြီးများသည် အသစ်ထွင်ခြင်း တည်းဟူသော ဒုတိယစိတ်ကူးဉာဏ်မျိုး တစ်စိတ်တစ်ဒေသ ရှိကြသူများသာလျှင် ဖြစ်ချေ၏။ နောင်အနာဂတ်ကို မျှော်ကြည့်နိုင်သည်အထိ အစွမ်းသတ္တိမရှိကြသော်လည်း အသိဉာဏ်နှင့်တစ်စိတ်တစ်ဒေသ အကျုံးဝင်သော ဉာဏ်မျိုးရှိကြသူများ ဖြစ်ကြလေသည်။

နောင်အနာဂတ်ကို မျှော်ကြည့်ခြင်းဆိုရာတွင်လည်း အကျိုးအကြောင်း ဆက်စပ်၍ ယခု ဤကဲ့သို့ဖြစ်လျှင် နောင်ဘယ်သို့ဖြစ်လိမ့်မည်ဟု တွေးဆနိုင်သော ဉာဏ်မျိုးမှာ အသိဉာဏ်နှင့်တူသော ဒုတိယဉာဏ်မျိုးမဟုတ်။ ပထမစိတ်ကူးဉာဏ်မျိုးမျှသာဖြစ်၏။ ဒုတိယအသိဉာဏ်မျိုးရှိသူမှာ မျက်စိမှိတ်လိုက် ဆင်ခြင်လိုက်လျှင် နောင်အဖြစ်ကိုလည်းကောင်း၊ သူတစ်ပါး၏ အကြံကို လည်းကောင်း ထင်မြင်လာချေတော့၏။ မမြင်လျှင် မမြင်ဘဲရှိတတ်၏။ လွဲချော်သည်ဟူ၍ကား မရှိနိုင်ချေ။

ခြေလက်အင်္ဂါ စသည်တို့သည် အသုံးပြုသလောက် သွက်လက်လာသည့်နည်း အထက်ပါ စိတ်ကူးဉာဏ် နှစ်မျိုးတို့မှာလည်း လေ့ကျင့်အသုံးချသလောက်ကို တတ်ပိုင်စိုးခြင်း ရှိနိုင်ပေ၏။

ဆန္ဒဆိုသည်ကား စိတ်ထဲ၌ လှုံ့ဆော်ချက် တစ်ခုမျှသာဖြစ်၏။ အစိုင်အခဲလည်းမရှိ၊ အခိုးအငွေ့မျှလည်း မဟုတ်ချေ။ သို့ပါသော်လည်း ဖန်တီးတတ်သော ပထမစိတ်ကူးဉာဏ်မျိုး၊ တီထွင်တတ်သော ဒုတိယစိတ်ကူးဉာဏ်တို့နှင့် စပ်ဖက်ပူးပေါင်းသည့်အခါတွင် တိုက်ကြီးတာကြီး အစရှိသည့် ထင်ရှားနိုင်မာသော ဝတ္ထုဓာတ်ကြီးများ ဖြစ်လာနိုင်ပေ၏။

စိတ်ကူးဉာဏ်သည် အသုံးမပြုဘဲ ပစ်ထားခဲ့လျှင် ပစ်ထားသော ခြေလက်အင်္ဂါတို့နည်းတူ ထိုင်းမှိုင်းလေးကန်သွားတတ်သည်ဖြစ်၍ သွက်လက်ပိုင်စိုးခြင်း ရှိလေအောင် မကြာခဏအသုံးချပေးဖို့ မမေ့လေနှင့်။

လေ့ကျင့်စအခါ၌ ဆန္ဒပြည့်စုံမှုအတွက် စေ့စပ်ဖန်တီးတတ်သော ပထမစိတ်ကူးဉာဏ်မျိုးကို များများကြီးအသုံးပြုရမည် ဖြစ်သောကြောင့် ထိုစိတ်ကူးဉာဏ်မျိုးကိုသိ၍ လေ့ကျင့်ရန်လို၏။

စိတ်ဆန္ဒ၌သာတည်ရှိသောငွေကို တကယ်ငွေဖြစ်လာအောင်ဆောင်ရွက်ရာတွင်အကြံအစည်ကို အစီအစဉ်ပြုလုပ်ထားဖို့လို၏။ ထိုအစီအစဉ်ကို စေ့စပ်ဖန်တီးခြင်းတည်းဟူသော ပထမစိတ်ကူးမျိုးဖြင့် ပြုလုပ်ရချေမည်။

ဤစာအုပ်ကို အဆုံးတိုင် ဖတ်ရှုပြီးနောက် ဤအခန်းကိုတစ်ဖန်ထပ်၍ မှန်းထားသောဆန္ဒ ပြည့်စုံမှုအတွက် မည်ကဲ့သို့ဆောင်ရွက်မည်ဟု စိတ်ကူးဉာဏ်ဖြင့် အကြံအစည်တစ်ခု အစီအစဉ်တစ်ခုပါ ပြုပါလေ။ လွန်ခဲ့သော အခန်းများ၌ အစီအစဉ်ပြုလုပ်ရန် နည်းလမ်းကို အကျယ်တဝင့် ဖော်ပြခဲ့ပြီးလေပြီ။ အစီအစဉ်ကို စာဖြင့်မရေးရသေးလျှင် ယခုရေးသားပါလေ။ ထိုအစီအစဉ်ကို ရေးသားမိသည်နှင့်တပြိုင်နက်၊ စိတ်ကူး၌သာဖြစ်၍ စမ်းသပ်ခြင်းငှာ မတတ်ကောင်းသော ဆန္ဒကိုစမ်းသပ်၍ရသော စာအဖြစ်သို့ရောက်အောင် ပြုလုပ်ပြီးလေပြီ။ အထက်ပါ စာပိုဒ်ကို အသံထုတ်၍တစ်ဖန် ဖြည်းဖြည်းဖတ်ရင်း ဆန္ဒကိုငွေဖြစ်အောင် ပြုလုပ်ရမည့် ကိစ္စတွင် ပထမခြေလှမ်း လှမ်းမိပြီဟု သဘောပိုက်ပါလေ။

ကမ္ဘာလောက၌ မြင်မြင်သမျှသော ဝတ္ထုပစ္စည်းတို့သည်စမ်းသပ်၍ မရသော (အင်နာဂျီ) အားအရှိန်သတ္တိသက်သက်မှ

အခိုင်အမာ ဝတ္ထုဓာတ်ကြီးများ ဖြစ်လာကြကြောင်းကို ဆင်ခြင်နှလုံးသွင်းလေ။

ဆန္ဒသည် စမ်းသပ်၍မရသော လှုံ့ဆော်မှုသက်သက်ဖြစ်၏။ လှုံ့ဆော်မှုမည်သည် အားအရှိန်သတ္တိဖြစ်၏။ စမ်းသပ်၍မရသော အားအရှိန်သတ္တိသည် ကမ္ဘာလောကကြီးကို ဖြစ်စေနိုင်ရကား သင်၏ ဆန္ဒတည်းဟူသော အားအရှိန်သတ္တိသည် တစ်သိန်း, နှစ်သိန်းမျှသောငွေကို အဘယ်ကြောင့် မဖြစ်စေနိုင်ဘဲ ရှိရအံ့နည်း။

စမ်းသပ်၍ မရသဖြင့် မထင်ရှားသည့် ဆန္ဒတည်းဟူသော အားအရှိန်သတ္တိမှ စမ်းသပ်၍ရသဖြင့် ထင်ရှားရှိသောငွေအဖြစ်သို့ ရောက်အောင်ပြုလုပ်ရာတွင် သင်သည် သဘာဝဓမ္မ၏နည်းစနစ်ကို အသုံးချလျက်ရှိ၏။ သဘာဝနည်းအတိုင်း ပြုလုပ်ရာတွင် သင်သည်သဘာဝဓမ္မ၏ နည်းစနစ်ကို အသုံးချလျက်ရှိ၏။ သဘာဝဓမ္မနည်းအတိုင်း ပြုလုပ်သော ကိစ္စတစ်ခုသည် အဘယ်ကြောင့်မဖြစ်နိုင်ဘဲ ရှိရပါအံ့နည်း။ ဧကန်မုချမလွဲတမ်းဖြစ်ရမည်။ စိတ်ချလက်ချယုံကြလေလော့။

မလွှဲမပြောင်းနိုင်သော သဘာဝဓမ္မနည်းကို အသုံးချခြင်းအားဖြင့် သင်သည် လိုအပ်သောဓနဥစ္စာကို ရရှိနိုင်၏။ သို့သော်ရှေးဦးစွာ သင်ပြုဖို့လိုသော အလုပ်သည်ကား သဘာဝဓမ္မ၏နည်းဥပဒေများကို နားလည်အောင်ပြုလုပ်၍ ၎င်းတို့ကို အသုံးချတတ်အောင် လေ့ကျင့်ရန်လို၏။ ကြီးပွားတိုးတက်ခြင်းသို့မဟုတ် ဆန္ဒအတိုင်း ပြည့်စုံနိုင်ခြင်းတို့မှာ လျှို့ဝှက်သောအချက်မဟုတ်၊ သိမြင်တတ်သော ပညာမျက်စိရှိသူတို့သည်

ကမ္ဘာလောက၌ မြင်ရသမျှသော ပစ္စည်းတို့ အပေါ်တွင် ပြောင်ပြောင်ကြီး ဖော်ပြထားသည်ကို တွေ့မြင်ရပေလိမ့်မည်။

မျိုးစေ့ကလေးမှ သစ်ပင်ကြီးဖြစ်လာခြင်း ၊ ကာလလ ရေကြည်မှ ယခုစာဖတ်လျက်ရှိသော သင်ဖြစ်လာရခြင်းတို့သည် သတ္တိအစွမ်းကြောင့် ဖြစ်လေရာ၊ သင်သည်လည်း ထိုသတ္တိ အစွမ်းဖြင့် ဆံနွှကို ငွေဖြစ်အောင် ပြုလုပ်တော့မည်ဖြစ်၏။

ယခုရေးသား ဖော်ပြလျက်ရှိသော အကြောင်းအရာကို သင်သည် စုံလင်ကောင်းမွန်စွာ နားမလည်သော်လည်း စိတ် မပျက်လေနှင့်။ စိတ်အကြောင်းကို လေ့လာခဲ့ဖူးသူတစ်ယောက် မဟုတ်ခဲ့လျှင် ဤအခန်းတွင် ပါရှိသော အကြောင်းအရာ အားလုံးတို့ကို တစ်ကြိမ်ဖတ်ရုံမျှနှင့် စေ့စုံအောင် နားလည် နိုင်ဖို့ အလွန်ခဲယဉ်းပေလိမ့်မည်။

သို့သော် ပါရမီရင့်သူ တစ်ယောက်ဖြစ်လျှင် အချိန်တန် သောအခါ တိုး၍နားလည်လာပါလိမ့်မည်။ သည်းခံ၍ ဖတ်ရှု ဆင်ခြင်ပါလေ။ အပြေးအလွှား ဖတ်ရှုရသော ဝတ္ထုစာအုပ်မျိုး မဟုတ်သောကြောင့် တစ်ပိုဒ်ချင်း စဉ်းစဉ်းစားစား ဖတ်ပါလေ။

ဖတ်ရှုသည့်အခါ တစ်ခေါက်ထက်တစ်ခေါက် တိုး၍တိုး၍ ရှင်းလင်းကျေနပ်လာသည်ကို တွေ့ရလိမ့်မည်။ ဖတ်ရှုဆင်ခြင် ခြင်းအလုပ်၌ နှောင့်နှေးဆိုင်းလင့်ခြင်း၊ ရပ်ဆိုင်းထားခြင်း မပြု ပါလေနှင့်။ သုံးခေါက်စေ့အောင် ဘယ်နည်းနှင့်မဆို ဖတ်ပါ လေ။ သုံးခေါက်ပြည့်သော အခါတွင်မှကား သင်သည် ဤစာအုပ်ကို လက်လွှတ်တော့မည်မဟုတ်ပါ။

## စိတ်ကူးဉာဏ်ကို လက်တွေ့အသုံးချပုံ

စိတ်ကူးဉာဏ်သည် အကြံအစည်ကိုဖြစ်စေ၏။ အကြံအစည် သည် ဥစ္စာဓနပေါကြွယ်ဝခြင်း၏ အစ,မူလဖြစ်၏။ စိတ်ကူး ဉာဏ်မှပေါ်ထွက်လာသော အကြံအစည်ကို အသုံးပြုခြင်းအားဖြင့် ဓနဥစ္စာပေါ်များကြွယ်ဝသောအဖြစ်သို့ ရောက်ဖူးသော သူတို့၏ ဥဒါဟရုံများကို ဖော်ပြရပေဦးအံ့။ ၎င်းတို့ကို ဖတ်ရှုဆင်ခြင်ခြင်း အားဖြင့် သင်၌ အထောက်အပံ့ရလိမ့်မည်ဟု မျှော်လင့်၏။

လွန်ခဲ့သောနှစ်ပေါင်း ၆၀ ခန့်လောက်က အမေရိကန်ပြည် တွင် တောမှ ဆရာဝန်တစ်ယောက်သည် ဆေးတိုက်တစ်တိုက် သို့လာ၍ ဆေးစပ်သော စာရေးကလေးတစ်ယောက်နှင့်တွေ့ဆုံ ကြပြီးလျှင် တစ်နာရီ ကျော်ခန့်မျှ တီးတိုး တိုင်ပင်ကြ၏။ နောက်ဆုံး၌ ဆရာဝန်သည် ကရားကြီးတစ်လုံး၊ သစ်သား ယောက်မ တစ်ချောင်းနှင့် စာရွက်တစ်ရွက်ကို ထုတ်ပေးလေရာ စာရေးကလေးသည် ဒေါ်လာဒင်္ဂါး ၅၀၀ ကို ဆရာဝန်လက်သို့ ထည့်လိုက်လေ၏။ ထိုစာရွက်ပေါ်၌ အဖျော်ရည် တစ်မျိုး ဖော်စပ်နည်းရေးသားဖော်ပြလေရာ ကရားနှင့်ယောက်မတို့မှာ ၎င်းကိုဖော်စပ်ပြုလုပ်ရန် လက်နက်ကိရိယာများဖြစ်၏။ စာရေး ကလေးသည် မိမိစုဆောင်း ရရှိထားသမျှသော ဒေါ်လာ ၅၀၀ ဖြင့် ၎င်းတို့ကို အပြီးအပိုင် ဝယ်ယူလိုက်ခြင်း ဖြစ်၏။

စာရွက်ပေါ်တွင် ရေးသားထားသောစာမှာ ဆရာဝန်၏ စိတ်ကူးဉာဏ်မှ ဖြစ်ပေါ်လာသော အကြံအစည်တစ်ခုမျှသာ

ဖြစ်ရာ ထိုအကြံအစည်မှာ ဆရာဝန်အဖို့ ဒေါ်လာ ၅၀၀ မျှ
သာ ထိုက်တန်သော်လည်း စာရေးကလေးအဖို့မူကား ဒေါ်
လာသန်းပေါင်းများစွာ ရရှိနိုင်ခဲ့လေသည်။ သို့သော် စာရေး
ကလေးသည် ထိုအရာကိုဝယ်စဉ်အခါက ဧကန်မုချကြွယ်ဝ
လာလိမ့်မည်ဟု တပ်အပ်သေချာသိရှိနိုင်သည် မဟုတ်သေးဘဲ
စွန့်စား၍ ဝယ်ယူလိုက်ခြင်းဖြစ်၏။

ဆရာဝန်သည် ဖျော်ရည် ဖော်စပ်နည်းကို စမ်းသပ်တွေ့ရှိ
ထားသော်လည်း တစ်စုံတစ်ခု လိုလျက်ရှိရာ ထိုလိုအပ်သော
တစ်စုံတစ်ခုမှာ စာရေးကလေး၌သာ ရှိ၏။

ထိုအရာသည် ဘယ်အရာဖြစ်သနည်း။ စိတ်ကူးကြံစည်
ကြည့်စမ်းလော့။ စာရေးကလေးသည် အညွှန်းတွင်ပါရှိသော
နည်းအတိုင်း အဖျော်ရည်စပ် ရောင်းချလေရာ ကြော်ငြာရေး
သမားများ၊ သတင်းစာတိုက်များ၊ စာရေးစာချီများ၊ လက်
နှိပ်စက်သမား၊ ဖန်ပုလင်း အလုပ်သမားများ၊ သကြားချက်
သမား၊ ကြံစိုက်ပျိုးသူများမှစ၍ ထောင်သောင်း မကသော
အလုပ်သမားများသည် ထိုအဖျော်ရည်ကို အမှီပြု၍ အသက်
မွေးဝမ်းကျောင်း အလုပ်တစ်ခုရရှိသည့်ပြင် များစွာသော
ကုန်သည်တို့မှာလည်း ၎င်းကိုတစ်ဆင့်လက်လီရောင်းချကြခြင်း
အားဖြင့် ငွေကြေးမြောက်မြားစွာ ရရှိခဲ့ကြလေသည်။

၎င်းအဖျော်ရည်သည်ကား တစ်ကမ္ဘာလုံး သောက်သုံးလာ
ခဲ့သော 'ကိုကာကိုလာ' ပင်ဖြစ်လေရာ ဆရာဝန်၏ အညွှန်းတွင်
စာရေးကလေးက ဖြည့်စွက်ပေါင်းထည့်လိုက်သော အရာသည်
ကား အခြားမဟုတ်။ စိတ်ကူးဉာဏ်ပင် ဖြစ်ချေ၏။

ဤစာအုပ်တွင် ဖော်ပြပါရှိသော နည်းလမ်း ၁၃ ခုတို့မှာ စာရေးကလေးသည် 'ကိုကာကိုလာ'ကို တစ်ကမ္ဘာလုံး အနှံ့အပြား တွင်ကျယ်စေရအောင် ဆောင်ရွက်ရာ၌ အသုံးပြုခဲ့သောနည်းပင်ဖြစ်ရသည်ကား၊ သည်၌လည်း အလားတူ အဖိုးတန်သော အကြံအစည်မျိုးတစ်ခုရှိခဲ့လျှင် ထိုသူကဲ့သို့ပင် တစ်ကမ္ဘာလုံးပျံ့နှံ့၍ ကြွယ်ဝချမ်းသာသော အဖြစ်မျိုးသို့ ရောက်နိုင်မည် ဖြစ်၏။

ထို့ကြောင့် လက်ာဆရာကြီးတစ်ယောက်က စိတ်အကြံတို့သည် အရာဝတ္ထုများဖြစ်၍ တစ်ကမ္ဘာလုံးကို ပတ်လျက်တည်စေနိုင်သည်ဟု ရေးသားဖူးလေသည်။

**ဒေါ်လာ တစ်သန်းရှိခဲ့လျှင် ဘယ်ကဲ့သို့ ပြုမည်နည်း**

အမေရိကန်ပြည်၌ ဒေါက်တာဂွန်ဆောလတ် ဆိုသူသည် ကောလိပ်ကျောင်းတွင် ပညာသင်ကြားလျက်ရှိစဉ် ထိုအခါက ပညာသင်ကြားပုံ နည်းစနစ်တွင် ချွတ်ယွင်းချက်များ တွေ့ရှိရသည်ဖြစ်၍ မိမိကိုယ်တိုင် ကျောင်းကြီး တစ်ကျောင်း တည်ထောင်ပြီးလျှင် မိမိစိတ်တိုင်းကျ နည်းစနစ်မျိုးဖြင့် ကျောင်းသားများအား ပညာသင်ကြားပေးလိုသော ဆန္ဒသည် ပြင်းစွာဖြစ်ပေါ်လျက်ရှိ၏။ ဂွန်ဆောလတ်၏ သင်ပြနည်းကား တစ်ခုသော ပညာရပ်ကို အခြောက်တိုက်စာမျိုးမဟုတ်ဘဲ အလုပ်နှင့်ကိုယ်ထိလက်ရောက် လုပ်ကိုင်စေခြင်းအားဖြင့် သင်ပြပေးရန်နည်းဖြစ်လေသည်။

ဂွန်ဆောလတ်သည် ထိုကျောင်းမျိုး တည်ဆောက်ရန် ဒေါ်လာတစ်သန်းခန့် လိုလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ထား သော်လည်း လိုအပ်သော ဒေါ်လာတစ်သန်းမှာ လက်ဝယ်တွင် လည်းမရှိ၊ လက်ဝယ်သို့ရောက်အောင် ဆောင်ရွက်ရန်လည်း မတတ်နိုင်ဘဲ ပြင်းစွာသော ဆန္ဒသာလျှင် ဖြစ်ပေါ်လျက်ရှိ၏။ ၎င်းဆန္ဒအလျောက် ဘယ်ကဲ့သို့ ပြည့်စုံအောင် ပြုလုပ်ရပါမည် နည်းဟူ၍လည်း အကြံအစည်အမျိုးမျိုး ထုတ်ခဲ့၏။ သို့သော် လည်း တတ်နိုင်ခဲ့ဟန် လက္ခဏာမရှိချေ။

ထိုသူသည်အိပ်ရာဝင်လျှင်လည်း ၎င်းစိတ်၊အိပ်ရာမှ နိုးလာ သောအခါတွင်လည်း ၎င်းစိတ်၊ သွားရာလာရာအရပ်တိုင်း ၎င်း စိတ်ဖြင့်နေလာခဲ့ရာ ထိုသူ၏ဆန္ဒသည် ကြာလေတိုးလေ တိုး၍ တိုး၍ ထက်သန်လာလေတော့၏။ ဒေါ်လာတစ်သန်းဆိုသောငွေ မှာ ကလေးကစားသော ငွေမဟုတ်ကြောင်း ဂွန်ဆောလတ်သည် သိသော်လည်း ရလိုသောဆန္ဒ ပြင်းစွာဖြစ် ပေါ်ခဲ့လျှင် ကေန်မုချ ရမည်ဟု ယုံကြည်လျက်ရှိ၏။ တစ်ခုတည်းသော ရည်မှန်းချက် ထား၍ ပြင်းထန်လှစွာသောဆန္ဒဖြင့် ထောက်ခံအားပေးခဲ့လျှင် ထိုရည်မှန်းချက်အတိုင်း ထမြောက်အောင်မြင်ရမည်ဟု ယုံကြည် စိတ်ချလျက်ရှိ၏။ သို့ပါသော်လည်း ဘယ်နည်းနှင့် ဆောင်ရွက် ရမည်ဟု အကြံမပေါ်ပေါက်သေးဘဲ ရှိခဲ့၏။

များစွာသောသူတို့မှာ နှစ်နှစ်တိုင်တိုင်ကြာရှိ၍ ဘာတစ်ခု မျှ နေရာမကျသေးသည်ကို တွေ့ရသောအခါတွင် ဤအကြံ ကောင်းတော့ ကောင်းရဲ့၊ နို့ပေမင့် ငွေတစ်သန်းတောင်ရဖို့

ဘယ်နည်းနှင့်မှ ငါတတ်နိုင်တော့မှာ မဟုတ်ပါဘူးဟု အောက် မေ့ကာ လက်လျှော့လိုက်ကြပေလိမ့်မည်။ ဂွန်ဆောလတ်မူကား ထိုကဲ့သို့ လက်မလျှော့ဘဲ အောက်ပါအတိုင်း စိတ်ကူးမိ၏။

ငွေတစ်သန်းရဖို့ ငါစိတ်ထဲက ကူးရုံကူးနေခဲ့တာ အတော် ကြာသွားပြီ။ စိတ်ကူးရုံကူးနေလို့ မဖြစ်သေးဘူး။ ကိုယ်ထိ လက်ရောက် အလုပ်လုပ်ပေးမှ တော်မယ်။ ဒီလောက်တောင် ရှိလှတဲ့ငွေတွေကို တနင်္ဂနွေတစ်ပတ်အတွင်း ငါ့လက်ထဲ ရောက် အောင်လုပ်မယ်ဟု ဆုံးဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် ဂွန်ဆော လတ်၏စိတ်ထဲ၌ မိမိပိုင်းဖြတ်ထားသော ရက်သတ္တပတ်အတွင်း တွင် ထိုငွေတစ်သန်းကို ဧကန်ရတော့မည်ဟု စိတ်ချယုံကြည် လိုက်၏။

ထိုသူ၏ နားထဲ၌ ဒီအရင်က ဘာကြောင့် ဒီလိုမပိုင်းဖြတ်ခဲ့ သလဲ။ ဒီငွေဟာ သင့်ကို စောင့်နေတာကြာပြီဟု တစ်ဦး တစ်ယောက်သော သူ၏အသံဖြင့် ပြောလိုက်သည်ကို ကြားလိုက် ရသကဲ့သို့ ဖြစ်သွား၏။

ထိုအချိန်မှစ၍ ဖြစ်ပျက်သောအဖြစ်အပျက်များသည် အလွန် လျင်မြန်လေတော့၏ ဂွန်ဆောလတ်မှာ တရားဟောဆရာ တစ် ယောက်ဖြစ်လေရကား ကျွန်ုပ်၏လက်ဝယ်၌ ဒေါ်လာတစ်သန်း ရှိခဲ့လျှင် ဘယ်ကဲ့သို့အသုံးချမည်ဟူသော အကြောင်းကို ဟောပြော မည်ဟူ၍ သတင်းစာများတွင် ထည့်သွင်းကြော်ငြာလေ၏။

ဂွန်ဆောလတ်သည် နောက်တနင်္ဂနွေနေ့တွင် ထိုတရားကို ဟောပြောမည်ဟုရက်ချိန်းထားရကား ထိုရက်အတွင်းတွင် မိမိ

ဟောပြောမည့် အချက်အလက်များကိုမှတ်တမ်းတင်၍ ရေးမှတ်ထားလေ၏။ ထိုအကြောင်းကို နှစ်နှစ်တိုင်တိုင် စိတ်ကူးလာသော ဂွန်ဆောလတ်အဖို့မှာ ၎င်းမှတ်စုမျိုး ရေးသားရန် မခက်ခဲလှချေ။

စနေနေ့ည အိပ်ရာသို့ဝင်သောအခါ ဂွန်ဆောလတ်သည် မိမိဟောပြောမည့်အချက်များကို အပြည့်အစုံ ရေးသားစီစဉ်ပြီးဖြစ်ရကား နက်ဖြန်တွင် မိမိအလိုရှိသော ငွေတစ်သန်းကို ရချေတော့မည်ဟု လုံးလုံးကြီး ယုံကြည်စိတ်ချလိုက်လေတော့၏။

နံနက်မိုးလင်း၍ မိမိဟောပြောမည့်အကြောင်းကို ဆင်ခြင်သုံးသပ်လိုက်သောအခါတွင်လည်း ဂွန်ဆောလတ်သည် လိုသော ငွေတစ်သန်းကို ရချေတော့မည်ဟု ထပ်လောင်း ယုံကြည်မိပြန်လေ၏။

ရေမိုးချိုး၍ နံနက်စာစားသောက်ပြီးသဖြင့် ဟောပြောရန်နေရာသို့ သွားလေရာ ဂွန်ဆောလတ်သည် မိမိပြောလိုသော အကြောင်းအရာကို ဟောပြောတော့မည်ဟု ပရိသတ်ရှေ့တွင် ထ,လိုက်သောအခါ မိမိမှတ်ချက်များ မပါလာသည့်အဖြစ်ကို တွေ့ရှိရလေ၏။ အိမ်သို့ပြန်ယူရန်လည်း အချိန်မရှိတော့ချေ။

သို့ဖြစ်ရကား ဂွန်ဆောလတ်သည် လက်တန်းပြောဟောတော့မည်ဟု ပရိသတ်ရှေ့တွင် မျက်စိမှိတ်ကာ ဆင်ခြင်ပြီးလျှင် မိမိ၏အကြံအစည်ကို လှိုက်လှိုက်လှဲလှဲ စိတ်ရောမာန်ပါ ဟောပြောလေ၏။ ဂွန်ဆောလတ်က မိမိ၌ ဒေါ်လာတစ်သန်းရှိခဲ့လျှင် ကျောင်းကြီးတစ်ကျောင်း တည်ထောင်၍ ယောကျ်ားကလေးရော၊ မိန်းကလေးများပါ အကျိုးများစေမည့် လက်

တွေ့ ပညာသင်နည်းဖြင့် သင်ပြပေး၍ ၎င်းတို့၏ စိတ်ကူးဉာဏ် ထက်သန်စေရန် နည်းလမ်းမျိုးတို့ပါ ရေရေလည်လည် ပတ်ပတ်နပ်နပ် ဟောပြောလေ၏။

ဟောပြောချက်အဆုံး၌ ပရိသတ်တို့အနက် နောက်ဆုံးပိုင်း ဆီ၌ထိုင်နေသော လူတစ်ယောက်သည် ထလာ၍ ဂွန်ဆောလတ် အနီးသို့ချဉ်းကပ်ပြီးလျှင်၊ ဆရာကြီး ဆရာကြီး၏ ဟောပြောချက်ကို ကျွန်ုပ်အလွန်နှစ်သက်သည်။ ဆရာကြီး၌ ငွေတစ်သန်းရှိခဲ့လျှင် ဆရာကြီးဟောပြောသည့်အတိုင်း လူအများအကျိုးကျေးဇူး ရှိအောင် စွမ်းဆောင်နိုင်လိမ့်မည်ဟူ၍လည်း ကျွန်ုပ်ယုံကြည်သည်။ နက်ဖြန် ကျွန်ုပ်အလုပ်တိုက်သို့ လာခဲ့ပါ။ ဆရာကြီးလိုသော ဒေါ်လာတစ်သန်းကို ကျွန်ုပ်ပေးပါမည်ဟု ပြောလေ၏။

ထိုသူသည် မိမိ၏ အမည်နေရပ်ကို ထုတ်ဖော်ပြောပြီးသော အခါ သူဌေးကြီးတစ်ဦး ဖြစ်ကြောင်း သိရှိပေရာ၊ ဂွန်ဆောလတ်သည် နောက်တစ်နေ့တွင် ၎င်းသူဌေးကြီးထံ သွားရောက်၍ ငွေတစ်သန်း ရရှိခဲ့သဖြင့် အလိုရှိသော ကျောင်းကြီးကို သူဌေးကြီးအမည်နှင့် တည်ထောင်နိုင်ခဲ့လေ၏။

ဒေါ်လာတစ်သန်းဟူသောငွေမှာ တရားဟောဆရာ တစ်ယောက်၏ တစ်သက်ပတ်လုံး စုဆောင်းသော်လည်း ရနိုင်သော ငွေမျိုးမဟုတ်ပါပဲလျက်၊ ဂွန်ဆောလတ်သည် တစ်စက္ကန့်မျှ အတွင်းတွင် ဖြစ်ပေါ်သော အကြံအစည်ဖြင့် ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပေ၏။ စိတ်ကူးဖြင့် ဖြစ်သော အကြံအစည်သည် အရေးပါအရာရောက်လှပေတကား။ ယင်းကဲ့သို့ အရာရောက်

ရခြင်းမှာ မူလအရင်းဖြစ်သည့် ပြင်းစွာသောဆန္ဒဖြင့်ထောက်ခံ လျက် ရှိပေသောကြောင့်ပေတည်း။

ဤအရေးကြီးသော အချက်ကို မှတ်သားလော့။ (ထိုသူသည် လိုသောငွေကိုရရန် မိမိစိတ်ထဲတွင်တိတိကျကျပိုင်းဖြတ်၍ ရစေမှုအတွက် နည်းလမ်းတစ်စုံတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်ချပြီးသည့်နောက် ၃၆ နာရီအတွင်းတွင် အပြည့်အစုံ ရရှိခဲ့လေသည်။)

နှစ်နှစ်အတောအတွင်း၌ ဒါဝ်ဆောလတ်သည် ငွေတစ်သန်းကိုရလိုခဲ့သည်မှန်သော်လည်း၊ သူတစ်ပါးနည်းတူ ရလိုကာမတ္တဖြင့်သာ ရလိုခြင်းဖြစ်သောကြောင့် တကယ်၌ မရနိုင်ဘဲနေခဲ့၏။ တနင်္ဂနွေတစ်ပတ်အတွင်း ရစေရမည်ဟု ပိုင်းဖြတ်လိုက်သော စိတ်သည်မူကား အလွန်တန်ခိုးသတ္တိ ကြီးမားလှသည်ဖြစ်၍ လိုသောဆန္ဒအတိုင်း ပြည့်ဝနိုင်စေခြင်းဖြစ်လေသည်။

ထိုကဲ့သို့ ရဲရဲဝံ့ဝံ့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်သော သူတစ်ယောက်အဖို့ မဖြစ်မြောက်နိုင်သောအရာသည် မရှိဟုယုံကြည်စိတ်ချလေလော့။ ဤနည်းလမ်းဥပဒေသည် သဘာဝဓမ္မ၏ နည်းလမ်းဥပဒေဖြစ်ရကား၊ ထိုဥပဒေကိုနားလည်၍ အသုံးချတတ်လျှင် ဒါဝ်ဆောလတ်သာမက သင်သည်လည်းစိတ်၏တန်ခိုးဖြင့် စွမ်းဆောင်နိုင်၏။ ဤစာအုပ်မှာ ထိုဥပဒေကို အသုံးချတတ်စေရန် နည်းလမ်း ၁၃ ချက်တို့ကို ထုတ်ဖော်ညွှန်ပြခြင်း ဖြစ်၏။

အထက်ပါဥဒါဟရုံနှစ်ခုတို့တွင် 'ကိုကာ ကိုလာ'ရောင်းသော စာရေးကလေးနှင့် ဒါဝ်ဆောလတ်တို့သည် တစ်ခုတည်း

သော ရည်မှန်းချက်ဖြင့် တစ်ခုသောအကြံအစည်အတိုင်း မဆုတ်မနစ်ဆောင်ရွက်ခဲ့လျှင် စိတ်ကူးဉာဏ်သည် ငွေဖြစ်၍ လာနိုင်ခြင်းတည်းဟူသော သဘာဝတရားကို သိမြင်နားလည်ကြသော ပုဂ္ဂိုလ်များဖြစ်၏။

လုံ့လဝီရိယနှင့် ရိုးဖြောင့်တည့်မတ်ခြင်းသက်သက်မျှဖြင့် ဥစ္စာဓန လွန်ကြွယ်ဝသောအဖြစ်သို့ရောက်နိုင်သည်ဟု မှတ်ထင်သူတစ်ယောက်ဖြစ်ခဲ့လျှင် ၎င်းမှတ်ထင်ချက်ကို ပယ်ဖျောက်လေလော့။ ၎င်းအယူဝါဒသည် လုံးလုံးလျားလျားမှားယွင်း၏။ ဓနဥစ္စာတို့မည်သည်မှာ အလုံးအရင်းနှင့် ဆိုက်ရောက်လာသော အခါတွင် တစ်ဦးတစ်ယောက်သော ပုဂ္ဂိုလ်၏ ပြင်းထန်လှစွာသော လုံ့လဥဿဟ အစွမ်းကြောင့် ဆိုက်ရောက်လာခြင်း မဟုတ်။ ကံအားလျော်စွာ ဆိုက်ရောက် လာခြင်းလည်း မဟုတ်။ နည်းစနစ်ကိုသိ၍ အလုပ်လုပ်တတ်သူအဖို့၌ အလိုအလျောက် ပြေးဝင်လာဘိသကဲ့သို့ ဖြစ်ရတတ်လေသည်။

အကြံအစည်ဆိုသည်ကား စိတ်ကူးဉာဏ်၏လှုံ့ဆော်မှုကြောင့် ထွက်ပေါ်လာသောအရာဖြစ်လေရာ ၎င်းသည် ကိုယ်၏လှုပ်ရှားထကြွခြင်းကိုဖြစ်စေနိုင်၏။ ရောင်းဝယ်ရေး အတတ်၌ သာမန် အရောင်းသမားနှင့် တတ်သိကျွမ်းကျင်သူသည် တစ်ခုသော ကုန်စည်ကိုရောင်း၍ မစွံသည့်အခါ တတ်သိကျွမ်းကျင်သူသည် စိတ်ကူးနှင့် ပူးတွဲရောင်းချခြင်းအားဖြင့် စွံအောင် ရောင်းချနိုင်ကြောင်း သိနားလည်ကြ၏။ သာမန်အရောင်းသမားတို့မူကား ထိုအချက်ကို နားမလည်ကြချေ။ ထို့ကြောင့်လည်း သာမန်အဖြစ်၌ နေကြရခြင်း ဖြစ်လေသည်။

ကျွမ်းကျင်သောအရောင်းသမားတစ်ယောက်ဖြစ်ဖို့ စာအုပ်ရိုက်နှိပ် ရောင်းချသူတစ်ယောက်သည် စာအုပ်ရောင်းချခြင်းနှင့်ပတ်သက်၍ အရေးကြီးသော အချက်တစ်ခုကို ရိပ်မိထား၏။ များစွာသောသူတို့သည် စာအုပ်ထဲတွင် ရိုက်နှိပ် ပါရှိသောအကြောင်းအရာထက် စာအုပ်၏အမည်ကို ပိုမိုအရေးထားတတ်ကြောင်းကို ထိုသူသည် ရိပ်မိ၏။ ထို့ကြောင့် တွင်ကျယ်စွာမရောင်းရသောစာအုပ်ကို လူ၏စိတ်ဓာတ်အား ဆွဲငင်တတ်သောနာမည်မျိုးဖြင့် မျက်နှာဖုံးကို ပြောင်းလဲ ရိုက်နှိပ်ရောင်းချလေရာ ရောင်း၍မလောက်နိုင်အောင် တွင်ကျယ်သည်ကို တွေ့ရှိရ၏။

၎င်းသည်ကား စိတ်ကူးဉာဏ်ကြောင့် ပေါ်ထွက်လာသောအကြံအစည်ပင်ဖြစ်ချေ၏။ အကြံအစည်ဆိုသည်မှာ တန်ဖိုးဆုံးဖြတ်ခြင်းငှာ မတတ်ကောင်းပေ။ စိတ်ကူးဉာဏ် ကောင်းသဖြင့်အကြံအစည်ကောင်းတစ်ခုဖြစ်ပေါ်စေနိုင်သောသူတစ်ယောက်သည် မိမိ၏ အကြံအစည်ကိုထားချင်သောအဖိုးထား၍ရောင်းချနိုင်လေသည်။

ကျွန်ုပ်တို့မြန်မာပြည်၌ စိတ်ကူးဉာဏ် ကောင်း၍ သူဌေးကြီး ဖြစ်ကြသည့် အရေးအတွက်မှာ ပြောပလောက်အောင်မများလှသေးသော်လည်း တိုင်းကြီးပြည်ကြီးများ၌မူ စိတ်ကူးဉာဏ်အတွက်ကြောင့် ကုဋေကုဋေ ကြွယ်ဝသူတို့ ပေါများလှလေပြီ။ မည်သည့်တိုင်းပြည်၌ဖြစ်စေ၊ သူဌေးကြီး ဖြစ်အောင်ကြွယ်ဝချမ်းသာခြင်းသို့ ရောက်ကြသူများသည် အကြံအစည်ကောင်းတစ်ခု ရောင်းသောသူနှင့် ဝယ်ယူသောသူတို့ ပူးပေါင်းတွဲဖက် လုပ်ကိုင်ကြသောနေ့မှစ၍ ကြီးပွားထွန်းကားခြင်းသို့

ရောက်ကြသည်ကို တွေ့ရတတ်ပေသည်။ ကမ္ဘာကျော် သူဌေး ကြီး ကာနက်ဂျီသည် မိမိကိုယ်တိုင်အကြံအစည်ထုတ်၍ မနေဘဲ ထုတ်နိုင်သူတို့၏ အကြံအစည်များကို ငွေဖြင့်ဝယ်ယူ၍ အသုံး ချခြင်းအားဖြင့် မိမိရော ရောင်းချသူတို့ပါ ကြွယ်ဝချမ်းသာ သော အဖြစ်သို့ ရောက်ကြရလေသည်။

များစွာသော သူတို့သည် အကွက်ကောင်း အချက်ကောင်း တစ်ခုပေါ်ပေါက်အောင် စောင့်မျှော်နေတတ်ကြ၏။ အချက် ကောင်း အကွက်ကောင်းတို့ ကုလားထိုင်ပေါ်မှ စောင့်မျှော် ၍ နေခြင်းထက် ဖော်ပြခဲ့ပြီးသော နည်းနာမျိုးဖြင့် 'ခေါ်ယူ' ခြင်းကသာ တွေ့ကျယ်ပေလိမ့်မည်။

ဥစ္စာနေတို့၏ အလုံးအရင်းအစမှာ အကြံအစည်ပင် ဖြစ် လေရာ အကြံအစည်ဆိုသည်မှာ ဦးခေါင်းပါသူ ဟူသမျှတို့ လေ့ကျင့်ခြင်းအားဖြင့် ထုတ်နိုင်သော အရာမျိုးဖြစ်လေသည်။

အကြံအစည်ကောင်းတစ်ခုဖြစ်ပေါ်လာသည့်အခါ အလွန် ခဲယဉ်းသဖြင့် ရုတ်တရက်ဆောင်ရွက်ရန် မတတ်နိုင်သေးသော အကြံအစည်မျိုး ဖြစ်ခဲ့လျှင် ၎င်းကို ၎ပ်ကွယ် မသွားစေရန် အကြံအစည် ချော့၍ မွေးထားရချေမည်။ နောက်ဆုံး၌ ကိုယ့်အကြံအစည် ကြီးမား၍ ခွန်အားကောင်းလာသည့်အခါ မဆောင်ရွက်ဘဲ မနေနိုင်အောင် တိုက်တွန်း နှိုးဆော်လာပေလိမ့်မည်။ ထို အခါ၌ ၎င်းသည် ရှေ့တွင် ကာဆီးပိတ်ဆို့လျက် ရှိသော အနှောင့်အယှက် အကန့်အကွက်တို့ကို တွန်းလှန် ဖြိုဖျက်နိုင် ပေလိမ့်မည်။

အကြံအစည်တို့သည် ထင်ရှားမရှိသော အရာမျိုးဖြစ်သော်ငြားလည်း ၎င်းကိုဖြစ်ပေါ်စေသည့် ထင်ရှားရှိသော ဦးနှောက်ထက် တန်ခိုးအင်အားကြီးမားသေး၏။ လူသေဆုံး၍ ဦးနှောက်သည် မြေကြီးသြဇာ ဖြစ်သွားပြီးသည့်နောက်၌ပင် ၎င်းတို့သည် ဆက်လက်တည်တံ့နေနိုင်အောင် အစွမ်းသတ္တိရှိကုန်၏။ ဂေါတမမြတ်စွာဘုရားသည် လည်းကောင်း၊ ခရစ်တော်သည် လည်းကောင်း၊ မဟောမက်သည် လည်းကောင်း ကွယ်လွန်ကုန်ကြပြီးဖြစ်သော်လည်း ၎င်းတို့၏ ဦးနှောက်မှ ဖြစ်ပေါ်ခဲ့သော အကြံအစည်တည်းဟူသော ဟောချက်များသည် ယခုတိုင် သန်းပေါင်းများစွာသော လူတို့၏ ဦးနှောက်တွင် အပင်ပေါက်လျက် ရှိချေသေး၏။ အံ့သြစရာပင်။

Mg Chan Thar Maung
Hteegyaint

Hteegyaint

အခန်း ၆

## ကွက်စိပ်ရိုက်၍ အကြံထုတ်ခြင်း ကြီးပွားရေးအတွက် ဆဋ္ဌမခြေလှမ်း

လူတို့စွမ်းဆောင် ထူထောင်သမျှသောအရာတို့သည် ဆန္ဒ၌ အစပြုခဲ့ရခြင်းကို လည်းကောင်း၊ ဆန္ဒကို စိတ်ကူးတည်းဟူသော အလုပ်ရုံ၌ ထုရိုက်ပြုပြင်လိုက်သည့်အခါ အကြံအစည်အစီအစဉ်ဟူ၍ ဖြစ်ပေါ်လာရခြင်းကိုလည်းကောင်း ဖော်ပြခဲ့ပြီးဖြစ်လေပြီ။

အခန်း ၁ ၌ ငွေကိုလိုသော ဆန္ဒမှသည် ငွေဖြစ်အောင် ပြုလုပ်ရန်အတွက် လေ့ကျင့်နည်း ၆ ရပ်ကို ဖော်ပြခဲ့ပြီး ဖြစ်ရာ၎င်းတို့အနက် နံပါတ် ၄ မှာ လိုအပ်သော ငွေကို ရမှုအတွက် အကြံအစည်တစ်ခု စီစဉ်ထားဖို့ တိုက်တွန်းထား၏။

ဤနေရာ၌ လက်တွေ့ဆောင်ရွက်နိုင်သော အကြံအစည်မျိုးကို ဘယ်ကဲ့သို့ ပြုလုပ်ရမည်ဟု ဖော်ပြရချေမည်။

၁။ လိုသောငွေကို ရရှိမှုအတွက် ပြုလုပ်ထားသော အကြံအစည်အတိုင်း ဆောင်ရွက်ရန် လိုအပ်သော လူတစ်စုနှင့် ပူးပေါင်းရမည်။ ထိုသို့ ပူးပေါင်းရာ၌ 'ဗိုလ်တစ်စု၏ တန်ခိုးအင်အား' ဟူသော အခန်းတွင် ဖော်ပြမည့် နည်းစနစ်ကို

အသုံးပြုပါလေ။ ဤအချက်ကို လိုက်နာရန် အထူးသဖြင့် အရေးကြီးသောကြောင့် မလိုက်နာဘဲ မနေလေနှင့်။

၂။ ဗိုလ်စွဲသော လူတစ်စုနှင့် ပူးပေါင်းရန် အကြံပြုရာတွင် ၎င်းတို့၏ အကူအညီကို ရစိမ့်သောငှာ ထိုသူတို့အား သင်က ဘယ်ကဲ့သို့သော အကျိုးကျေးဇူးမျိုး ခံစားစေမည်ဟု ပိုင်းခြားဆုံးဖြစ်ထားရမည်။ မိမိ၌ အကျိုးခံစားခွင့်မရှိဘဲ မည်သူမျှ ကြာရှည်စွာ အချည်းနှီး အလုပ်လုပ်၍ မပေးနိုင်။ အမြော်အမြင်ရှိသော သူတစ်ယောက်သည် အခြားသူတစ်ယောက်အား မိမိအတွက်အချည်းနှီးအလုပ်လုပ်ပေးစေဖို့ မျှော်လင့်မည်လည်း မဟုတ်ချေ။ သို့သော် အကျိုးခံစားခွင့်ဆိုသည်မှာ ငွေပေးခြင်းမှ အခြားသော နည်းများအားဖြင့်လည်း ဖြစ်နိုင်၏။

၃။ ဗိုလ်စွဲသောလူတစ်စုနှင့် တနင်္ဂနွေတစ်ပတ်လျှင် အနည်းဆုံး နှစ်ကြိမ်မျှ တွေ့ဆုံဆွေးနွေး၍ ဆောင်ရွက်မည့် အကြံအစည်တစ်ခု အသေအချာ စီစဉ်မိသည့်တိုင်အောင်ပင် ကြံရမည်။

၄။ သင်ရွေးချယ်ထားသည့် ဗိုလ်တစ်စုနှင့် သင်သည် အခါခပ်သိမ်း စည်းလုံးညီညွတ်ခြင်းရှိစေရမည်။ အနည်းငယ်မျှမညီညွတ်ခြင်းရှိခဲ့လျှင် အထမမြောက်နိုင်ဟု စိတ်ချလေလော့။

အောက်ပါအချက်ကို စွဲမြဲစွာ မှတ်သားထားလေလော့။

ပထမအချက်။ ။ သင်သည် သင်၌ အလွန့်အလွန်အရေးကြီးသော ကိစ္စကြီးကို ဆောင်ရွက်လျက်ရှိ၏။ ထိုကိစ္စအထမြောက်စေနိုင်ရန်မှာ လုံးလုံးကြီး အပြစ်အနာအဆာကင်းသောအကြံအစည်မျိုးကို စီစဉ်ရပေမည်။

ဒုတိယအချက်။ ။သင်သည် အခြားသောသူတို့၏ အကြားအမြင် ပညာဗဟုသုတနှင့် စွမ်းရည်သတ္တိတို့ကို အသုံးချရန် လိုလိမ့်မည်။ သူဌေးကြီးအဖြစ်သို့ ရောက်ကြသူ ဟူသမျှသည် ၎င်းစနစ်ကို မလွဲတမ်း အသုံးပြုကြသူများ ဖြစ်ကြသည်။

တစ်ဦးတည်းသော ပုဂ္ဂိုလ်သည် မည်မျှပင် စွမ်းရည်သတ္တိရှိသည်ဆိုစေကာမူ ပညာဗဟုသုတနှင့် စွမ်းရည် သတ္တိရှိသော အခြားသူတို့၏ အကူအညီကို မရဘဲ ကြီးကြီး ကျယ်ကျယ် ထွန်းကားကြွယ်ဝသောအဖြစ်မျိုးသို့ မရောက်နိုင်ချေ။ ရည်မှန်းထားသော ငွေကိုရမှုအတွက် အကြံအစည် ပြုလုပ်ရာတွင် သင်တစ်ကိုယ်တည်းမဟုတ်ဘဲ သင်ရွေးချယ်ထားသော ဗိုလ်တစ်စုကို ပူးတွဲဆင်ခြင်တိုင်ပင် ပြုလုပ်ထားသည့် အကြံအစည်ဖြစ်စေရမည်။ တစ်ခုသော အကြံအစည်ကို သင်၏ တစ်ဦးကောင်း တီထွင်ထားစေကာမူ ထိုအကြံအစည်ကို ဗိုလ်တစ်စုနှင့် ဆွေးနွေးနှီးနှော၍ လိုလျှင်ဖြည့်,ပိုလျှင်နုတ်ပြီးလျှင် အားလုံး၏သဘောတူညီချက်ရအောင် စီမံရမည်။

ပထမအကြံအစည်အတိုင်း အလုပ်လုပ်၍ အထ,မမြောက်ခဲ့လျှင် နောက်အကြံအစည်သစ်တစ်ခု ပြောင်းလဲ အလုပ်လုပ်ရမည်။ ထိုအကြံအစည် မဖြစ်မြောက်ပြန်လျှင်လည်း နောက်တစ်ခုလဲလှယ်၍ ဖြစ်မြောက်အောင် အကြံအစည်တစ်ခု မတွေ့မချင်း ပြောင်းလဲဆောင်ရွက်ရမည်။ များစွာသော သူတို့သည် အကြံအစည်တစ်ခုနှစ်ခု အထ,မမြောက်ခဲ့လျှင် စိတ်ပျက်အားလျှော့၍ တစ်ခါတည်း လက်လျှော့ပစ်တတ်လေရာ ဤအချက်

တွင် သင်သည် အခြားသူတို့နှင့် ခြားနားခြင်းရှိစေရမည်။ သို့တစ်ပါး လက်လျှော့သော်လည်း လက်မလျှော့သော 'စွဲ'ကို လေ့ကျင့်မွေးမြူရမည်။

မည်မျှပင် ဉာဏ်ပညာနှင့် စွမ်းရည်သတ္တိရှိသော လူတစ်ယောက်ဖြစ်စေကာမူ လက်တွေ့ အလုပ်လုပ်၍ ဖြစ်နိုင်သော အကြံအစည် တစ်ခုမရှိဘဲ ဥစ္စာ အမြောက်အမြား ကြွယ်ဝချမ်းသာသောအဖြစ်မျိုးသို့ ရောက်နိုင်သည်မရှိချေ။ ဤအချက်ကို မှတ်သားထား၍ အကြံအစည်တစ်ခု အထ,မမြောက်သည့်အခါ ထာဝရဆုံးရှုံးခြင်းမဟုတ်၊ ခေတ္တဆုံးရှုံးခြင်းမျှသာ ဖြစ်သည်ဟု သဘောပိုက်လေ။ အထ,မမြောက်ခြင်းမှာ သင်ပြုလုပ်ထားသော အကြံအစည်၌ ချွတ်ယွင်းချက်တစ်ခုခုရှိသောကြောင့်သာ ဖြစ်ရမည်။ အခြား အကြံအစည်သစ်တစ်ခု ပြုလုပ်၍ ထပ်မံဆောင်ရွက်ဦးလော့။

အေဒီဆင်သည် လျှပ်စစ်ဓာတ်မီးကို ပြုလုပ်ရာ၌ အကြိမ်ပေါင်းတစ်သောင်းတိုင်တိုင် မဖြစ်မြောက်ဘဲနေပြီးမှ ထမြောက်အောင်မြင်ခြင်းရှိခဲ့၏။ အကြိမ်ပေါင်း တစ်သောင်းမျှသော ဆုံးရှုံးခြင်းတို့သည် ခေတ္တဆုံးရှုံးခြင်းမျှသာဖြစ်၍ နောက်ဆုံးတွင် ထမြောက် အောင်မြင်ရလေသည်။

ခေတ္တဆုံးရှုံးခြင်းမည်သည် သင်၏အကြံအစည်၌ ချွတ်ယွင်းချက် တစ်ခုခုရှိသောကြောင့်သာဖြစ်ရမည်။ များစွာသော သူတို့သည် ကြွယ်ဝမှုအတွက် အကြံအစည်တစ်ခုခု မရှိသည့်

အတွက်ကြောင့် လူမွဲများ အဖြစ်ဖြင့် သေဆုံးကြရရှာခြင်း ဖြစ်လေသည်။

ဟင်နရီဖို့သည် သူတစ်ပါးတို့ထက် လွန်ကဲ ထူးမြတ်သော စိတ်မျိုးရှိသောကြောင့် သူဋ္ဌေးကြီး အဖြစ်သို့ ရောက်ရခြင်း မဟုတ်။ နေရာကျသော အကြံအစည် တစ်ခုအတိုင်း လိုက်နာဆောင်ရွက်ခဲ့ခြင်းအားဖြင့် သူဋ္ဌေးကြီးဖြစ်ရခြင်းဖြစ်လေသည်။ လောက၌ ဟင်နရီဖို့ထက် ပညာဗဟုသုတ စုံလင်သူတို့သည် အနမတဂ္ဂ ပေါများလှသော်လည်း ငွေရမှုအတွက် နေရာကျသော အကြံအစည်ကောင်း တစ်ခု မရှိကြသည့်အတွက် လူမွဲအဖြစ်မှ မတက်နိုင်ကြဘဲ နေကြရလေသည်။

မည်သည့်ကိစ္စမျိုး၌ဖြစ်စေ၊ မိမိကရှုံးပြီဟု အရှုံးမပေးသမျှ ကာလပတ်လုံး မရှုံးသေးကြောင်း သတိပြုလေ။

အနှောင့်အယှက် တွေ့သည်နှင့် တပြိုင်နက် စိတ်ပျက်အားလျှော့တတ်သူတို့ များလှသောကြောင့် ဤအချက်ကို ထပ်ခါတလဲလဲ ဖော်ပြရချေမည်။

ဟင်နရီဖို့သည် ကမ္ဘာကျော် သူဋ္ဌေးကြီးအဖြစ်သို့ ရောက်သွားရာ၌ တစ်ရှိန်တည်း ဖြောင့်တန်း၍ တိုးတက်သွားနိုင်သည် မဟုတ်။ ဆုံးရှုံးသည့် အခါတိုင်း အကြံအစည်သစ် တစ်မျိုးပြောင်းလဲတီထွင်ခြင်းအားဖြင့် အထွတ်အထိပ်သို့ ရောက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဓနဉစ္စာရှာမှီးရာ၌ ထိပ်တန်းသို့ ရောက်ကြသူတို့၏ အဖြစ်အပျက်ကို ဆင်ခြင်သည့်အခါ ၎င်းတို့၏ အောင်မြင်ခြင်းများ

ကိုသာ ဂရုပြုတတ်ကြ၍ ထိပ်တန်းသို့မရောက်မီ ခေတ္တဆုံးရှုံးမှု များကို နှိမ်နင်းခဲ့ပုံများကိုမူကား အမှတ်မဲ့ ကျော်သွားတတ်ကြလေသည်။

ဤစာအုပ်တွင် ဖော်ပြပါရှိသော နည်းစနစ်ကို လိုက်နာသူများသည် ခေတ္တ ရှုံးနိမ့်ခြင်းတို့ကို မတွေ့ရဘဲ ကြွယ်ဝချမ်းသာသောအဖြစ်သို့ ရောက်နိုင်ကြလိမ့်မည်ဟု မမျှော်လင့်သင့်ချေ။ ရှုံးနိမ့်ခြင်းနှင့် ကြုံတွေ့ရသည့်အခါ သင်၏ အကြံအစည် ချွတ်ယွင်းသော အချက်ကို ပြင်ဆင်၍ ပန်းတိုင်သို့ ရောက်အောင် ဆက်လက်၍ လှော်ခတ်လေလော့။

ပန်းတိုင်သို့မရောက်မီ လက်လျှော့ခဲ့လျှင် သင်သည် လူညံ့တစ်ယောက်ဖြစ်လိမ့်မည်။ လူညံ့သည် အဘယ်အခါမျှမအောင်၊ လူအောင်သည် ဘယ်အခါမျှ မညံ့ကြောင်း မှတ်ယူလေ။

သင့်အဖို့ ဗိုလ်တစ်စုကို ရွေးချယ်သည့်အခါ စိတ်မပျက်လွယ်သူတို့ကိုသာ ရွေးချယ်ဖို့ သတိပြုလေ။ အချို့သူတို့က ငွေကို ငွေချင်းသာ ရှာနိုင်သည်ဟု မှတ်ထင်တတ်ကြ၏။ ဤဝါဒသည် မမှန်ချေ။ ဖော်ပြပြီးခဲ့သော နည်းနာနိဿျအတိုင်း လိုက်နာဆောင်ရွက်ခဲ့လျှင် ဆန္ဒသည် ငွေကို ဖြစ်စေနိုင်၏။ ငွေသည် အရာဝတ္ထုမျှသာဖြစ်သောကြောင့် လှုပ်ရှားခြင်း၊ ကြံစည်ခြင်း၊ စကားပြောခြင်းတို့ကို မပြုနိုင်သော်လည်း ဆန္ဒပြင်းစွာရှိသူတစ်ယောက်က လာဖို့ခေါ်သောအခါ ကြားနိုင်သော သတ္တိရှိ၏။

လောက၌ လူနှစ်မျိုး နှစ်စားရှိ၏။ တစ်မျိုးမှာ ခေါင်းဆောင်များဖြစ်၍ တစ်မျိုးမှာ နောက်လိုက်များ ဖြစ်ကြ၏။

သင်ဆောင်ရွက်လျက်ရှိသောအလုပ်အကိုင်၌ခေါင်းဆောင်ဖြစ်လိုသလော၊ သို့တည်းမဟုတ် နောက်လိုက် အဖြစ်နှင့်ပင်ကျေနပ်နိုင်သလော။ ဆုံးဖြတ်ပါလေ။ ခေါင်းဆောင်၏ တန်ဖိုးနှင့် နောက်လိုက်၏ တန်ဖိုးသည် ကြီးစွာသော ခြားနားခြင်းရှိ၏။ နောက်လိုက်အဖြစ်နှင့် ကျေနပ်ခဲ့လျှင် ခေါင်းဆောင်၏အခွင့်အရေးကို မမျှော်လင့်ထိုက်ပေ။

· နောက်လိုက်ဖြစ်ရခြင်းသည် ရှက်ဖွယ်ရာတစ်ခု မဟုတ်ချေ။ သို့သော် နောက်လိုက်ဘဝ၌ တစ်သက်လုံး နေရလျှင် အပြစ်တင်ကင်းမည် မဟုတ်ချေ။

များစွာသော ခေါင်းဆောင်ကြီးတို့သည် နောက်လိုက်အဖြစ်နှင့်အစပြုကြရ၏။ ၎င်းတို့သည် ဉာဏ်ရှိသောနောက်လိုက်များဖြစ်ကြသည့် အတွက်ကြောင့် ခေါင်းဆောင် အဖြစ်သို့ရောက်ကြရ၏။ နောက်လိုက်ကောင်း တစ်ယောက် မဖြစ်ဘဲထူးကဲသောခေါင်းဆောင်တစ်ယောက် ဖြစ်နိုင်သူ အလွန်နည်းပါး၏။ နောက်လိုက်ကောင်းကောင်းတတ်လျှင် ခေါင်းဆောင်ဖြစ်ဖို့ လျင်မြန်၏။ ဉာဏ်ရှိသော နောက်လိုက် တစ်ယောက်သည် ခေါင်းဆောင်ထံမှ ဗဟုသုတပညာရရန် ရှိသောကြောင့် အခွင့်ကောင်းတစ်ခုရှိသည်ဟု မှတ်အပ်၏။

## ခေါင်းဆောင်၏ အရည်အချင်းများ

၁။ မိမိအစွမ်းနှင့် မိမိအလုပ်ကို နားလည်ခြင်း အပေါ်တွင်အခြေခံပြုသည့် မယိမ်းယိုင်သော သတ္တိရှိခြင်း။ ကိုယ့်

အစွမ်းနှင့်ကိုယ့်သတ္တိကို မယုံကြည် အားမကိုးသောခေါင်းဆောင် တစ်ယောက်ထံတွင် မည်သူကမျှ နောက်လိုက် မလုပ်ချေ။ ဉာဏ်ရှိသော နောက်လိုက် တစ်ယောက်သည် ထိုသို့သော ခေါင်းဆောင်တစ်ယောက်ထံတွင် ကြာရှည်စွာ နောက်လိုက် လုပ်မည်မဟုတ်ချေ။

၂။ မိမိကိုယ်ကို မိမိနိုင်နင်းခြင်း။ မိမိကိုယ်ကို မိမိနိုင်နင်း အောင် မအုပ်ချုပ် မထိန်းသိမ်းနိုင်သော သူတစ်ယောက်သည် သူတစ်ပါးတို့ကို နိုင်နင်းအောင် အုပ်ချုပ်နိုင်မည် မဟုတ်ချေ။ ကိုယ့်ကိုကိုယ် နိုင်နင်းခြင်းသည် နောက်လိုက် ငယ်သားများ အတွက် ကောင်းမြတ်သော နမူနာတစ်ခုဖြစ်၍ ဉာဏ်ရှိသော နောက်လိုက်များက အားကျ အတုယူကြပေလိမ့်မည်။

၃။ တရားသဖြင့် သဘောထားတတ်ခြင်း။ တရားသဖြင့် မျှတသော စိတ်သဘောထားမျိုး မရှိခဲ့လျှင် မည်သည့်ခေါင်း ဆောင်မျှ ငယ်သားများ၏ ကြည်ညို ရိုသေခြင်းကို ခံရမည် မဟုတ်ချေ။

၄။ ပိုင်းခြား ဆုံးဖြတ်နိုင်သော သတ္တိရှိခြင်း။ ပိုင်းပိုင်း ခြားခြား၊ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ရန် မတတ်နိုင်သော သူတစ် ယောက်သည် ကိုယ့်ကိုကိုယ် စိတ်မချကြောင်း ထင်ရှား၏။ ထို သူသည် သူတစ်ပါးတို့ကို အောင်မြင်စွာ ခေါင်းဆောင်ခြင်းငှာ မတတ်နိုင်ချေ။

၅။ အကြံအစည်အစီအစဉ်ကို သေချာစွာ သတ်မှတ်ထား ခြင်း။ ခေါင်းဆောင်ကောင်းတို့မည်သည် မိမိ၏အလုပ်ကိုစီစဉ်

ထား၍ အစီအစဉ်အတိုင်း အလုပ်လုပ်ရချေမည်။ သတ်မှတ်ထားသော လုပ်ငန်းအစီအစဉ်မရှိဘဲ ပုံတော်သလို ရော်ရမ်းမှန်းဆခါဖြင့် အလုပ်လုပ်သော ခေါင်းဆောင်သည် တက်မမပါသော လှေနှင့်တူသောကြောင့် ကျောက်ဆောင်များနှင့် တိုက်တတ်ချေသည်။

၆။ မတွက်ကပ်ဘဲ အလုပ်လုပ်ခြင်း။ ခေါင်းဆောင်တို့မည်သည် နောက်လိုက် ငယ်သားများထက် ပို၍ အလုပ်လုပ်ရန် အသင့်ရှိရမည်။

၇။ နှစ်သက်ဖွယ်သော ဥပဓိရုပ်ရှိခြင်း။ သပ်သပ်ရပ်ရပ်ဝတ်စားတတ်ခြင်း မရှိသူတစ်ယောက်သည် ပထမတန်းခေါင်းဆောင်တစ်ယောက်မဖြစ်နိုင်ချေ။ ခေါင်းဆောင်တို့မည်သည် နောက်လိုက်တို့၏ ကြည်ညိုရိုသေခြင်းကို ခံရမည်ဖြစ်ရာ ဥပဓိရုပ်ညံ့သူတစ်ယောက်ကို နောက်လိုက်များက ကြည်ညိုရိုသေနိုင်ကြမည် မဟုတ်ချေ။

၈။ ထောက်ထားနားလည်တတ်ခြင်း။ ခေါင်းဆောင်တို့မည်သည် နောက်လိုက်ငယ်သားများ၏ အခက်အခဲများကို နားလည်တတ်၍ ထောက်ထားစာနာတတ်သော သဘောရှိရချေမည်။

၉။ ကွက်စိပ်ရိုက်၍ နားလည်ခြင်း။ ခေါင်းဆောင်တို့မည်သည် မိမိ၏အခြေအနေကို အနုစိတ်ဖြာ၍ သိရှိနားလည်ထားရန် လိုပေသည်။

၁၀။ လုံးဝတာဝန်ယူလိုခြင်း။ ခေါင်းဆောင်တို့မည်သည် နောက်လိုက်ငယ်သားများ၏ မှားယွင်းချက်များအတွက် လုံးဝ တာဝန်ယူရမည်။ တာဝန်မယူဘဲ အပြစ်ကို သူတစ်ပါးအပေါ် သို့ လွှဲချတတ်လျှင် ခေါင်းဆောင်ဖြစ်နိုင်မည် မဟုတ်ချေ။ နောက်လိုက်တစ်ယောက်၏ ညံ့ဖျင်းမှုကြောင့် အမှားအယွင်း ရှိခဲ့လျှင် ခေါင်းဆောင်သည် မိမိလိုသည်ဟု မှတ်ယူတတ်ရမည်။

၁၁။ ခေါင်းဆောင်သည် တွဲဖက် ဆောင်ရွက်ခြင်း၏ နည်းစနစ်ကို လိုက်နာ၍ အသုံးချတတ်ရမည့်ပြင် မိမိ၏ငယ်သား များအားလည်း ဤနည်းအတူဖြစ်စေဖို့ ပြုပြင်တတ်ရမည်။

ခေါင်းဆောင်ခြင်းမည်သည်မှာ နှစ်မျိုးနှစ်စားရှိ၏။ ပထမ အမျိုးမှာ နောက်လိုက်ငယ်သားများ၏ သဘောတူညီချက်အရ ခေါင်းဆောင်ခြင်းဖြစ်လေရာ၊ ဒုတိယအမျိုးမှာ နောက်လိုက် ငယ်သားတို့၏သဘောတူညီချက်မရဘဲ အတင်းအဓမ္မ ခေါင်း ဆောင်ခြင်းဖြစ်၏။ ၎င်းနှစ်မျိုးအနက် ပထမ ခေါင်းဆောင် မျိုးသည်သာ အရာရောက်လေသည်။

နောက်လိုက်များ၏ သဘောတူချက်မရဘဲ အတင်းအဓမ္မ ခေါင်းဆောင်ခြင်းသည် ကြာရှည်စွာမခံကြောင်းကို ရာဇဝင် များ၌ သက်သေသာဓကများစွာရှိ၏။ သက်ဦးဆံပိုင်ဘုရင်များ နှင့် အာဏာရှင်များ လျှောကျခြင်းမှာ ဤအချက်ကြောင့် ဖြစ်လေသည်။

ယခုခေတ်သည် ခေါင်းဆောင်များနှင့် နောက်လိုက်များ ဆက်ဆံကြရာတွင် တစ်မျိုးတစ်မည် ပြောင်းလဲဆက်ဆံရန် လို

သော ခေတ်ဖြစ်သောကြောင့် လုပ်ငန်းအရပ်ရပ်တို့တွင် ခေတ်၏ သဘောကို နားလည်သော ခေါင်းဆောင်သစ်များ လိုလျက်ရှိ၏။ အတင်းအဓမ္မ ခေါင်းဆောင်နည်းမျိုးကိုသာ နားလည်၍ တွဲဖက် ဆောင်ရွက်ခြင်းတည်းဟူသော စနစ်ကို နားမလည်သည့် ခေတ်မမီသော ခေါင်းဆောင်များသည် ခေါင်းဆောင်များအဖြစ်မှ လျှောကျ၍ ငယ်သားဘဝသို့ ရောက်ကြရချေမည်။ ၎င်းတို့အဖို့ အခြားနည်းလမ်း မရှိချေ။

နောင်အခါ၌ အလုပ်သမားနှင့် အလုပ်ရှင်သည်လည်းကောင်း၊ ခေါင်းဆောင်နှင့် နောက်လိုက်သည် လည်းကောင်း အတူတကွ ပူးပေါင်းလုပ်ကိုင်၍ အမြတ်ကို အချိုးကျ ခွဲဝေခံစားကြရသော နည်းစနစ်မျိုးဖြင့် အလုပ်လုပ်ကြရပေလိမ့်မည်။ ထိုအခါ အရင်းအနှီးထုတ်သော ငွေရှင်နှင့် အလုပ်သမားတို့ အတိုက်အခံ ပြုလုပ်ကြသော အဖြစ်မျိုးမှ လွတ်မြောက်ကြပေလိမ့်မည်။

ယခုအခါတွင်လည်း မည်သည့်လုပ်ငန်းမျိုး၌ဖြစ်စေ၊ အထက်ပါ အချက်ကြီး ၁၁ ချက်တွင် ဖော်ပြပါသော အရည်အချင်းမျိုးနှင့်ပြည့်စုံသည့် ခေါင်းဆောင်မျိုးကို လိုလျက်ရှိနေပြီဖြစ်ရာ သင်သည် ထိုအရည်အချင်းမျိုးနှင့် ပြည့်စုံအောင် လေ့ကျင့်၍ ယခုဖြစ်ပေါ်နေသော အခွင့်အလမ်းကို ငွေရှာမှုအတွက် အဘယ်ကြောင့် အသုံးမပြုဘဲ ရှိရအံ့နည်း။

ခေါင်းဆောင်တို့၌ လိုအပ်သော အချက်များကို ဖော်ပြခဲ့ပြီးဖြစ်ရာ ၎င်းတို့ ချွတ်ယွင်းချက်များကို ဖော်ပြပေဦးအံ့။

၁။ အနုစိပ်၍ မစီမံတတ်ခြင်း။ ခေါင်းဆောင်တို့မည်သည် မိမိနှင့် သက်ဆိုင်သော အလုပ်တာဝန်ကို 'အလုပ်များလွန်း၍ ဂရုမစိုက်နိုင်' ဟု မရှိစေရ။ ဤသို့ဆိုရာ၌ နေရာတကာတိုင်း ကိုယ် ဆောင်ရွက်ရမည်ဟု ဆိုလိုခြင်းမဟုတ်။ အချို့ကိစ္စများကို ကျွမ်းကျင်သော လက်ထောက်များသို့ လွှဲအပ်တတ်သော အလေ့အကျင့်ရှိစေရမည်။

၂။ နှပ်ဖွဲသော အလုပ်မျိုးကို မလုပ်လိုတတ်ခြင်း။ ခေါင်းဆောင်တို့မည်သည် သူတစ်ပါးတို့အား စေခိုင်းသော အလုပ်မျိုးကို အရေးကြီးလျှင် ကိုယ်တိုင်လည်း ဆောင်ရွက်ရန်အသင့်ရှိစေရမည်။ အရေးပင်ကြီးသော်လည်း နှပ်ဖွဲလွန်းသောကြောင့် ငါနှင့်မဆိုင် ငါမလုပ်နိုင်ဟု မရှိစေရ။

၃။ ပညာကို အသုံးချ၍ အလုပ်မလုပ်နိုင်မီ ပညာတတ်ရုံမျှနှင့် အကျိုးခံစားခွင့်မျှော်လင့်ခြင်း။ လောကကြီးသည် တတ်ထားသော ပညာအတွက် အဖိုးမပေး၊ ထိုပညာနှင့် ကိုယ်တိုင်အလုပ်လုပ်သည်ဖြစ်စေ၊ သူတစ်ပါးကို အလုပ် လုပ်စေသည်ဖြစ်စေ သို့မှသာ အဖိုးရနိုင်၏။

၄။ နောက်လိုက်များ၏ တုပြိုင်ခြင်းကို ကြောက်ရွံ့စိုးရိမ်ခြင်း။ နောက်လိုက်တစ်ယောက်က မိမိ၏ နေရာကို လုလိမ့်မည်ဟု စိုးရိမ်တတ်သော ခေါင်းဆောင်သည် တစ်နေ့နေ့၌ ထိုစိုးရိမ်ချက်အတိုင်း ဖြစ်ရတော့မည်ဟု စိတ်ချလေတော့။ ကျွမ်းကျင်သော ခေါင်းဆောင်သည် လွှဲအပ်သင့်သော အသေး

အဖွဲ့ အလုပ်များကို လွှဲအပ်နိုင်ရန်အတွက် လက်ထောက်များကို သင်ပြပေးထား၏။ ဤနည်းအားဖြင့်သာလျှင် 'မျက်စိတစ်ရာ နားတစ်ရာ' ဖြစ်နိုင်၍ နေရာတကာတိုင်း အုပ်ချုပ်နိုင်၏။ ထိုသို့သော ခေါင်းဆောင်မျိုးသည် တစ်ကိုယ်ကိုဆယ်ကိုယ်ခွဲထားခြင်းနှင့် တူသောကြောင့် တိုး၍ အလုပ် တွင်ကျယ်နိုင်၏။ ကျွမ်းကျင်သော ခေါင်းဆောင်သည် မိမိပညာနှင့် ဥပဓိရုပ်ကောင်းခြင်းကို အသုံးပြုခြင်းအားဖြင့် နောက်လိုက်ငယ်သားများအား တိုး၍ တွင်ကျယ်အောင် အလုပ်လုပ်စေနိုင်၏။

၅။ စိတ်ကူးဉာဏ် ကင်းမဲ့ခြင်း။ စိတ်ကူးဉာဏ်မရှိခဲ့လျှင် ခေါင်းဆောင်တို့သည် အကျဉ်းအကျပ်အခက်အခဲနှင့် ကြုံတွေ့သည့်အခါ မတတ်နိုင်အောင် ဖြစ်တတ်သည့်ပြင် နောက်လိုက်များကို လမ်းညွှန်ရန်အတွက် အကြံအစည်လည်းမထုတ်တတ်ချေ။

၆။ တစ်ကိုယ်ကောင်း ကြံတတ်ခြင်း။ အလုပ်တစ်ခု ထမြောက်သည့်အခါ နောက်လိုက်များကို မမြှောက်စားလိုဘဲ မိမိတစ်ဦးတည်း အကျိုးခံစားလိုသော ခေါင်းဆောင်မျိုးသည် နောက်လိုက်များ၏ ကျေနပ်ခြင်းကို မဖြစ်စေနိုင်ချေ။

စင်စစ်သော်ကား ကျွမ်းကျင်သောခေါင်းဆောင်မည်သည် နောက်လိုက်များကိုသာ မြှောက်စား၍ ၎င်းတို့ကြောင့်သာ ထမြောက် အောင်မြင်ရသည်ဟု ထုတ်ဖော် ချီးကျူးတတ်၏။ နောက်လိုက်တို့မည်သည် ခေါင်းဆောင်တို့၏ ချီးကျူးခြင်းခံရသောအခါ တိုး၍ အလုပ်လုပ်တတ်ကြောင်းကိုလည်း နားလည်၏။

၇။ ကျူးလွန်တတ်ခြင်း။ နောက်လိုက်တို့သည် အစားကျူးခြင်း၊ အအိပ်ကျူးခြင်း၊ သောက်သုံးကျူးခြင်းမှစ၍ ကာမဂုဏ်ကျူးခြင်းစသော လွန်ကျူးခြင်းမျိုးကို မဆင်ခြင်နိုင်သော ခေါင်းဆောင်မျိုးကို ကြည်ညိုရိုသေခြင်း မရှိတတ်ချေ။ မည်သို့လွန်ကျူးမှုမျိုးဖြစ်စေ အပင်ပန်းခံနိုင်သော သတ္တိကို ဖျက်ဆီးတတ်၍ အသက်နေ နည်းစေတတ်၏။

၈။ သစ္စာမရှိခြင်း။ မိမိ၏ အထက်လူ၊အောက်လူ၊တန်းတူလူများအပေါ် သစ္စာမရှိသော ခေါင်းဆောင် တစ်ယောက်သည် ကြာရှည်စွာ ခေါင်းဆောင်မဖြစ်နိုင်။ ထိုသူမျိုးသည် လူတိုင်း၏ ကဲ့ရဲ့ရှုတ်ချခြင်းကို ခံရ၏။ မည်သည့်အလုပ်အကိုင်မျိုးတွင်မှ ကြီးပွားထွန်းကားခြင်း မရှိနိုင်ချေ။

၉။ အာဏာကို အသုံးပြုလွန်ခြင်း။ ခေါင်းဆောင်တို့မည်သည် နောက်လိုက်များအပေါ်တွင် အာဏာ ပြခြင်းဖြင့် ရွံ့ကြောက်အောင် မပြုလုပ်ဘဲ အားပေးအားမြှောက် ပြုလုပ်ခြင်းအားဖြင့် အလုပ်ကို တွင်ကျယ်အောင် ဆောင်ရွက်တတ်၏။ အာဏာပြတတ်သော ခေါင်းဆောင်မျိုးသည် အတင်းအဓမ္မ ခေါင်းဆောင်လိုရာ ရောက်၏။ ခေါင်းဆောင်အစစ်တို့မည်သည် အာဏာကို အသုံးပြုရန် မလို၊ အလုပ်ကို နားလည်ခြင်း၊ တရားသဖြင့် မျှမျှ၊တတ သဘောထားခြင်း၊ထောက်ထားစာနာတတ်ခြင်း စသော အပြုအမူတို့ဖြင့် တပည့်များကို လိုရာရောက်အောင် ဆောင်ကြဉ်းသွားတတ်၏။

၁၀။ ဘွဲ့ထူးဂုဏ်ထူးကို အလေးဂရုပြုလွန်းခြင်း။ ဘွဲ့ထူးရမှ နောက်လိုက်များ ရှိသေသည်ဟု အယူရှိသော သူသည် ခေါင်းဆောင်စစ် မဟုတ်သေးချေ။ ဘွဲ့ထူးကိုမြတ်နိုးလွန်းသော လူတစ်ယောက်သည် အခြားမြတ်နိုးဖွယ်ရာသော အရည်အချင်းမျိုး မိမိ၌မရှိကြောင်းဖော်ပြ၏။

အထက်ပါ ချွတ်ယွင်းချက်များသည် မကြီးပွားသော ခေါင်းဆောင်များ၌ တွေ့ရတတ်သော ချွတ်ယွင်းချက်များဖြစ်၏။ ၎င်းချွတ်ယွင်းချက်မျိုး အားလုံးပြည့်စုံမှ ပြုတ်၍ ကျတတ်သည်မဟုတ်၊ ၎င်းတို့အနက် ချွတ်ယွင်းချက်တစ်ခုခုဖြစ်ခဲ့လျှင်ပင် ခေါင်းဆောင်အရာမှ ပြုတ်ကျတတ်လေသည်။ ထို့ကြောင့် ခေါင်းဆောင်ဖြစ်လိုခဲ့လျှင် အထက်ပါ ချွတ်ယွင်းချက်စာရင်းကို သေချာစွာ စစ်ဆေးဖတ်ရှု၍ ထိုအပြစ်မျိုးကို တစ်ခုမျှမရှိရအောင် ကြိုးစားရမည်။

အလုပ်အကိုင် အမျိုးမျိုးရှိကြသည့်အနက် လခစားအလုပ်မျိုးမှာ ကျွန်ုပ်တို့မြန်မာပြည်၌ အထူးအားထား လုပ်ကိုင်ကြသော အလုပ်မျိုးဖြစ်ပေရာ အလုပ်ရမှုသည် လျှောက်လွှာရေးသားပုံအပေါ်တွင် တည်လျက်ရှိသောကြောင့်အလုပ်တိုက်ရှင်၏ စိတ်ဓာတ်ကိုညှို့မိနိုင်စေရန် လျှောက်လွှာရေးနည်းမျိုးကို အကျယ်တဝင့် ဖော်ပြရပေဦးအံ့။

လျှောက်လွှာတွင် အောက်ပါအချက်များ ပါရှိစေရမည်။

၁။ အတန်းပညာ။ ကျောင်း၌အောင်မြင်ခဲ့သောအတန်းနှင့်တကွမည်သည့်ဘာသာရပ်၌ အထူး အထုံ ဝါသနာပါရှိခဲ့သည့်အကြောင်းကို သေချာစွာ ဖော်ပြရမည်။

---

၂။ လက်တွေ့အလုပ်။ သင်လျှောက်ထားသော အလုပ်အကိုင်မျိုးနှင့် အလားတူ အလုပ်အကိုင်မျိုးကို လုပ်ကိုင်ခဲ့ဖူးလျှင် ယခင်ကလုပ်ကိုင်ခဲ့ဖူးသည့် အလုပ်ရှင်၏အမည်၊ နေရပ်တို့ကို ဖော်ပြရမည်။ ယခုလျှောက်ထားသော အလုပ်နှင့် ပတ်သက်၍ သင် အထူး လေ့ကျင့်ဆည်းပူးထားသော ဗဟုသုတမျိုး ရှိခဲ့လျှင်လည်း ထင်ရှားစွာ ဖော်ပြရမည်။

၃။ ထောက်ခံချက် လက်မှတ်များ။ အလုပ်တိုက်ရှင်တို့သည် အသစ်ခန့်ထားရမည့် အလုပ်သမား၏ အတိတ် အဖြစ်အပျက်ကို သိလိုမြဲဖြစ်သောကြောင့် အောက်ပါ စာများကို မိတ္တူကူး၍ ပူးတွဲပေးပို့ရမည်။

(က) အလုပ်ရှင်ဟောင်းထံမှစာ

(ခ) ဆရာသမားထံမှစာ

(ဂ) ထင်ရှားသော ပုဂ္ဂိုလ်ကြီးများထံမှစာ

၄။ သင်၏ ဓာတ်ပုံ။ နောက်ဆုံးရိုက်ထားသည့် သင်၏ ဓာတ်ပုံတစ်ပုံကိုလည်း ပူးတွဲပေးပို့ရမည်။

၅။ တစ်မျိုးတည်းသော အလုပ်ကို ဖော်ထုတ်လျှောက်ထားခြင်း။ မည်သည့် အလုပ်အကိုင်မျိုးဟူ၍ ဖော်မပြဘဲ သင့်တော်ရာအလုပ်မျိုး တစ်ခုခုဟူသော လျှောက်ထားနည်းမျိုးကို ရှောင်ကြဉ်ရမည်။ အလုပ်တစ်ခုခုဟူ၍ လျှောက်ထားခဲ့လျှင် သင်၌ အထူးလေ့လာထားသော ပညာဗဟုသုတမျိုး တစ်ခုမျှ မရှိဟု ဝန်ခံရာရောက်နေပေလိမ့်မည်။

၆။ အထူးအရည်အချင်းကို ဖော်ပြခြင်း။ သင်လျှောက်ထားသော ရာထူးအတွက် သင်သည် အဘယ်ကြောင့် အထူးသဖြင့်သင့်လျော်သည်ဟူသောအကြောင်းကို အကျိုးအကြောင်းနှင့်တကွ ဖော်ပြခြင်း၊ 'ဤအချက်သည် အလွန်တစ်ရာ အရေးကြီး၏'။ အလုပ်ရှင်သည် ဤအချက်ကို အထူးထောက်ထား၍ စဉ်းစားလိမ့်မည်။

၇။ အစမ်းသဘောနှင့် ခန့်ထားဖို့ လျှောက်ထားခြင်း။ တနင်္ဂနွေ တစ်ပတ်ဖြစ်စေ၊ တစ်လဖြစ်စေ၊ အလုပ်ရှင် လိုသလောက်ဖြစ်စေ၊ အစမ်းသဘောနှင့်လခမရှိလုပ်ပေးရန် တာဝန်ခံ၍လျှောက်ထားခြင်း။ ဤသို့လျှောက်ထားသောသူသည် ကိုယ့်အစွမ်းကို ကိုယ်ယုံကြည် စိတ်ချမှသာလျှင် လျှောက်ထားဝံ့သောကြောင့် အလုပ်ရှင်တို့ ကျေနပ်တတ်လေသည်။ အလုပ်ရှင်တို့သည် များသောအားဖြင့် အစမ်းခန့်သော နေ့ရက်များအတွက်ပါ လခပေးတတ်ကြသည်ဖြစ်ရာ အလကား စေခိုင်းလိုသော အလုပ်ရှင်မျိုးမှာ 'ကပ်စေးနဲ' များဖြစ်ကြ၍ ကြာရှည်စွာ အမှုထမ်းရန် မကြံရွယ်ထိုက်ပေ။

၈။ အလုပ်ရှင်၏ အလုပ်သဘောကို နားလည်ထားခြင်း။ သင် လျှောက်ထားမည့် အလုပ်တိုက်၏ အလုပ်သဘောကို ကောင်းစွာ နားလည်အောင် စုံစမ်းပြီးမှ မိမိသိရှိရသမျှသော အကြောင်းအရာတို့ကို ထည့်သွင်းဖော်ပြရမည်။ ဤသို့ ဖော်ပြခြင်းအားဖြင့် သင်သည် စိတ်ကူးဉာဏ်ရှိ၍ သင် လုပ်မည့်

အလုပ်အကိုင်တွင် တကယ်စိတ်ပါ ဝင်စားခြင်း ရှိကြောင်း ထင်ရှားစေသဖြင့် အလုပ်ရှင်၏ အကြိုက်နှင့် တွေ့တတ်ပေသည်။

ဥပဒေကို နားလည်ဆုံးသော ရှေ့နေသည် အမှုကို နိုင်စေတတ်သည် မဟုတ်။ မိမိ၏ အမှုကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်တတ်သော ရှေ့နေသည်သာလျှင် အမှုကို နိုင်စေတတ်ကြောင်း သတိပြုပါလေ။ လျှောက်လွှာကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားခြင်းနှင့် အမှုကို ပြင်ဆင်ခြင်းတို့သည် သဘောတူပင်ဖြစ်လေရာ လျှောက်လွှာကို အလုပ်ရှင်၏ 'မျက်စိကျ' အောင် ပြင်ဆင်ထားခြင်းသည် အလုပ်ရမှုအတွက် တစ်ဝက်ကျော် အောင်မြင်ပြီးပြီဟု မှတ်ယူလေ။

သင်၏ အတ္ထုပ္ပတ္တိကို ဖော်ပြရသည့် လျှောက်လွှာကိုရည်လွန်းသည်ဟု မစိုးရိမ်လေနှင့်။ သင်သည် လျှောက်ထားသော အလုပ်ကို ရလိုသကဲ့သို့၊ အလုပ်ရှင်သည်လည်း လူကောင်းတစ်ယောက် ရလိုသော ဆန္ဒရှိ၏။ ထို့ကြောင့် အလုပ်ရှင်သည် လျှောက်ထားသူတစ်ယောက်အကြောင်းကို စုံလင်အောင် သိလိုသော စိတ်ရှိလေသည်။

လျှောက်လွှာကို တတ်နိုင်သမျှ သပ်သပ်ရပ်ရပ် ရှိအောင် ပြုပြင်ထားခြင်းသည် သင်၌ အပင်ပန်းခံရမည်ကို မကြောက်တတ်သော စိတ်မျိုးရှိကြောင်း ထင်ရှားစေနိုင်ကြောင်း သတိပြုပါလေ။

အထက်ဖော်ပြရာပါ အကြောင်းအရာများ စုံလင်စွာ ဖော်ပြပါရှိသော လျှောက်လွှာကို တတ်နိုင်သမျှ အကောင်းဆုံးသော

စက္ကူပေါ်တွင် သပ်ရပ်စွာ လက်နှိပ်စက်ဖြင့်ရိုက်ကူး၍ စာအုပ်ဖုံးသော ဂျပ်စက္ကူ အထူစားမျိုးဖြင့် စာအုပ်သဖွယ် သေသပ်စွာ ချုပ်လုပ်ထားရမည်။ မျက်နှာဖုံးပေါ်တွင် အောက်ပါနမူနာအတိုင်း လက်ရေးလှ ရေးတတ်သော ပန်းချီဆရာ ဖြစ်စေ၊ ပုံနှိပ်စာလုံးဖြစ်စေ သပ်ရပ်စွာ ပုံနှိပ်ထားရမည်။

ဟံသာဝတီ ကုမ္ပဏီမှ ငွေစာရင်းကိုင် လျှောက်ထားသူ မောင်ငွေခိုင်၏ အရည်အချင်းများကို ဖော်ပြပါရှိသောလျှောက်လွှာ။

အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားခြင်း ဖြစ်ပါလျှင်လည်း အောက်ပါအတိုင်း ဖော်ပြရမည်။

Brife of the qualifications of Maung Ngwe Khaing, applying for the position of accountant in the Hanthawaddy Co.

သင်၏ ဓာတ်ပုံကို လျှောက်လွှာ တစ်နေရာတွင် ကော်နှင့် ကပ်ထားရမည်။

ဤအညွှန်းအတိုင်း တိတိကျကျ လိုက်နာ၍ စိတ်ကူးရှိသလောက်တိုး၍ ကောင်းမွန်သပ်ရပ်အောင် တတ်နိုင်လျှင် ပြုပြင်လေလော့။

အောက်ပါအချက်များကိုလည်း သတိပြုပါလေ။

၁။ လူတို့မည်သည် မိမိဝါသနာပါသော အလုပ်မျိုးကို သာလျှင် စိတ်ပါလက်ပါ လုပ်ကိုင်တတ်သောကြောင့် မည်သို့ အလုပ်မျိုး၌ ဝါသနာပါသည်ဟု အသေအချာဆုံးဖြတ်ပါလေ။ ဝါသနာပါသော အလုပ်မျိုးမရှိသေးလျှင် ဖန်ဆင်းယူရမည်။

၂။ သင်လုပ်လိုသော အလုပ်တိုက်၊ သို့မဟုတ် မည်သူ၏ လက်အောက်တွင် အလုပ်လုပ်လိုသည်ဟု ဆုံးဖြတ်ရမည်။

၃။ သင်လုပ်လိုသော အလုပ်တိုက်၏ ဝါဒကိုလည်းကောင်း၊ လုပ်သားများကိုလည်းကောင်း၊ တိုးတက်ရေးနည်းလမ်းများကို လည်းကောင်း စုံစမ်းဆင်ခြင်ရမည်။

၄။ သင်၌ မည်သည့် အရည်အချင်းမျိုးရှိသည်ဟု ကိုယ့်ကို ကိုယ်စစ်ဆေး၍ ထိုအရည်အချင်းကို အလုပ်တိုက်၌ ဘယ်ကဲ့သို့ အသုံးချနိုင်မည်ဟု ဝေဖန်ပြီးလျှင် အလုပ်တိုက်၏ တိုးတက်ရာ တိုးတက်ကြောင်း နည်းလမ်းများကို စိတ်ကူး၍ ဘယ်ကဲ့သို့ အသုံးချရန် အကြံပေးနိုင်ပါမည်နည်းဟု ဆင်ခြင်ရမည်။

၅။ သင်လုပ်လိုသောကုမ္ပဏီ၌ လစ်လပ်သောအလုပ်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဂရုမစိုက်ဘဲ သင်စွမ်းဆောင်နိုင်သော အချက်ကို မက်လောက်အောင် ဖော်ပြ၍ ခန့်ထားအောင် ကြိုး စားရမည်။

၆။ မိမိဖော်ပြလိုသောအချက်များကို စာကောင်းကောင်း စီစဉ် ရေးသားတတ်သူ တစ်ယောက်အား စီကုံးရေးသားစေရမည်။

၇။ ကုမ္ပဏီတိုက်ကြီးတို့ မည်သည်မှာ တိုးတက်ရာတိုးတက် ကြောင်းနည်းလမ်းများ၊ အကြံပေးနိုင်သူများကို အခါခပ်သိမ်း လိုလားမြဲဖြစ်သောကြောင့် လစ်လပ်သည်ဖြစ်စေ၊ မလစ်လပ် သည်ဖြစ်စေ စိတ်ကူးသစ်ရှိသူများကို စဉ်းစားတတ်ကြလေ သည်။ သင့်ကိုခန့်ထားရလျှင် အကျိုးရှိလိမ့်မည်ဟု သဘောကျ လောက်အောင် ဖော်ပြနိုင်လျှင် စမ်းသပ်ခန့်ထားရမည်ဖြစ်၏။

အထက်ပါနည်းအတိုင်း လျှောက်လွှာမျိုး ပြင်ဆင်ရန်မှာ အချိန် အတန်ကြာမည် ဖြစ်သော်လည်း သင်သည် သာမန် အလုပ်သမားတစ်ယောက် မဟုတ်ကြောင်း ဒုက္ခခံရသလောက် အကျိုးများရမည်ဟု သဘောပိုက်ရမည်။

အလုပ်တိုက်ရှင်၏ သားမှတစ်ပါး အခြားသော အလုပ်သမားများသည် နောက်ဆုံးထစ်မှ အစပြုကြရမြဲ ဖြစ်လေရာ သင်၏ လျှောက်လွှာနေရာကျပါမူ တစ်ထစ် နှစ်ထစ်ကျော်၍ ခန့်ထားခြင်း ခံရတတ်သောကြောင့် လျှောက်လွှာပေါ်၌ ဂရုစိုက်ရသော ဒုက္ခကို အချည်းနှီး မမှတ်သင့်ချေ။

အထူးအလေးဂရုပြုတတ်သော အချက်တစ်ခုမှာ အလုပ်ရှင်နှင့် အလုပ်သမားတို့သည် မိမိတို့ အမှုထမ်းရမည့် တိုင်းသူပြည်သားတို့၏ ကျေနပ်မှုကို ဂရုမစိုက်ဘဲ မိမိတို့အချင်းချင်း သာ ထက်ငါ များများရမှု အတွက်သာ လွန်ဆွဲ၍ နေတတ်သော ခေတ်မျိုး ကုန်လွန်ခဲ့ပြီဖြစ်ကြောင်း သတိပြုရချေမည်။

အလုပ်သမားများက လခ တိုးမရသောကြောင့် သပိတ်မှောက်ပြီးအလုပ်မဆင်းဘဲနေလျှင် အများပြည်သူတို့ပါ နစ်နာတတ်သဖြင့် ပြည်သူတို့၏ မကျေနပ်ခြင်း ခံရတတ်ကြောင်း သတိပြုပါလေ။ စင်စစ်မှာ တိုင်းသူပြည်သားတို့သည် အလုပ်ရှင် အစစ်ဖြစ်၍ အလုပ်တိုက်ရှင်ရော အလုပ်သမားပါ လုပ်သားများ ဖြစ်ကြ၏။ တိုင်းသူပြည်သား ကျေနပ်မှ ငွေရှင်ရော လုပ်သားပါ ကြီးပွားနိုင်ကြပေမည်။ ခရီးသည်များကို ဝေါက်ငမ်း ခြိမ်းခြောက်တတ်သော မီးရထား အလုပ်သမားများ၊ ခရီး သွားများကို မောင်း၍ ချတတ်သော ဘတ်စ်ကား စပယ်ယာ

များအတွက် ကုမ္ပဏီပိုင်ရှင်များက နေရာပေးကြတော့မည် မဟုတ်ချေ။ တစ်ခေတ်က ဈေးများသည်ကို ဈေးဆစ်သော ဈေးဝယ်များအား 'ဒါမျိုး သုံးဖူးရဲ့လား၊ မြင်ဖူးရဲ့လား' စသည်ဖြင့် ဘောက်မေးတတ်ကြလေရာ ထိုဈေးသည်များမှာ 'ဈေးရောင်းဖူးရဲ့လား' ဟူ၍သာ မေးဖွယ်ရာရှိ၍ ဆိုင်ပြုတ်သော အဖြစ်သို့ ရောက်ကြရပေမည်။ ဈေးဝယ်တို့ မည်သည် မိမိအား ငွေပေးရန် လာသူများဖြစ်သည်ဟု နားမလည်ဘဲ ရန်ဖြစ်လွတ်ချင်သော ဈေးသည်များအဖို့ ဆိုင်နေရာ မရှိတော့ပေ။ ဤခေတ်မှာ တစ်ဘက်နှင့်တစ်ဘက် သူ့ထက်ငါစိတ်ကျေနပ်အောင် ယဉ်ကျေးဖွယ်ရာ ပြုမူပြောဆိုတတ်သည်သာလျှင် အလုပ်အကိုင် ကြာရှင်မြဲနိုင်ဖို့ရှိ၏။ စာရေးများ လက်ဖက်ရည်သောက် ထွက်ချိန်နဲ့တွင် ဆိုင်ပိတ်ထားတတ်သော တိုက်, 'ဆိုင်'တို့သည် တစ်သက်လုံး ပိတ်ထားရဖို့ ရှိပေလိမ့်မည်။

## လူတိုင်းသည် ကုန်သည်ချည်း ဖြစ်ခြင်း

ကုန်စည်ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်သူတို့သာလျှင် ကုန်သည်မဟုတ်။ မိမိတို့၏ အရည်အချင်းကို ရောင်းချစားရသော လခစား အလုပ်သမားများသည်လည်း ကုန်သည်များဖြစ်ကြ၏။ ကုန်စည်ကို ဖြစ်စေ၊ အရည်အချင်းကို ဖြစ်စေ အရောင်းကောင်းသူသာလျှင် စွံနိုင်၏။ ထို့ကြောင့် မည်သည့်အရာမျိုး ရောင်းချရန်ရှိသည်ဖြစ်စေ ဖော်ပြခဲ့ပြီးသော နည်းစနစ်များကို ဆင်ခြင်သုံးသပ်ပါလေ။

အလုပ်သမားများ၌ အရေးကြီးသော အချက်တစ်ခုမှာ သူ့လခနှင့် တန်လောက်ရုံမျှ တိုင်း၍ လုပ်တတ်သော လုပ်သားမျိုးသည် မကြီးပွားတတ်ချေ။ စင်စစ်သော်ကား အလုပ်ကို တတ်နိုင်သမျှ အကောင်းဆုံးစိတ်ထားကောင်းကောင်းနှင့် အများဆုံး အလုပ်လုပ်ပေးရန် အသင့်ရှိသင့်၏။ ထိုသို့သော အကျင့်မျိုးရှိတတ်သော အလုပ်သမားသည် တစ်နေ့နေ့တွင် အလုပ်ရှင်၏ အသိအမှတ်ပြုခြင်းခံရမည်ဖြစ်၍ ကေန်မုချ ရှေ့တန်းသို့ ရောက်ရချေမည်။

"အကောင်းဆုံး" အလုပ်လုပ်ခြင်းဆိုသည်မှာ မိမိနှင့် ပတ်သက်သော အလုပ်ဟူသမျှကို အသေးအဖွဲမကျန် စေ့စေ့စပ်စပ် သပ်သပ်ရပ်ရပ် ဆောင်ရွက်လုပ်ကိုင်ခြင်းကို ဆိုလိုသည်။

"အများဆုံး" အလုပ်လုပ်ခြင်းဆိုသည်မှာ တိုး၍ကျင်လည်လေလေ၊ အလုပ်တွင်ကျယ်လေလေ ဖြစ်စေခြင်းကို ရည်မှန်းလျက် အခါခပ်သိမ်း တတ်နိုင်သမျှ အလုပ်လုပ်ပေးတတ်သော အကျင့်ပါစေခြင်းကို ဆိုလိုသည်။ ဤနေရာ၌ အကျင့်ပါစေခြင်းဟူသော စကား၏ လေးနက်ပုံကို သတိပြုပါလေ။

"စိတ်ထားကောင်းကောင်း" ဆိုသည်မှာ လုပ်ဖော်ကိုင်ဘက်များနှင့် တွဲဖက်လုပ်ကိုင်ရာတွင် ချောမောညီညွတ်စွာရှိစေခြင်းကို ဆိုလိုသည်။ ဤလူ့,ထိုလူတို့နှင့်မသင့်မြတ်သော အလုပ်သမားတစ်ယောက်သည် မည်မျှပင် အလုပ်ကောင်းသော်လည်း အရာမရောက်ဘဲ ရှိတတ်လေသည်။ စိမ်ခန့်ခွဲရသော အလုပ်မျိုး၌

လုပ်ကိုင်ရသူတို့သည် ထိုအရည်အချင်းမျိုး မရှိခဲ့လျှင် မတိုး
တက်နိုင်ချေ။

အလုပ်သမားအမြောက်အမြားနှင့် ဆက်ဆံရသဖြင့် အလုပ်သမားတို့ အကြောင်းကို ကောင်းစွာနားလည်သော ကာနက်ဂျီသူဌေးသည် အလုပ်များ၌ သူတစ်ပါးနှင့် ချောမောညီညွတ်စွာ ပေါင်းသင်းဆက်ဆံတတ်ခြင်းတည်းဟူသော အရည်အချင်းများကို မည်မျှလောက် အလေးဂရု ပြုလေသနည်းဆိုသော် ဘယ်မျှလောက် အလုပ်ကောင်း၍၊ ဘယ်မျှလောက်တွင်ကျယ်အောင် အလုပ်လုပ်ပေးသော အလုပ်သမား တစ်ယောက် ဖြစ်စေကာမူ ၎င်းနှင့် တွဲဖက် လုပ်ကိုင်ရသော အလုပ်သမားနှင့် ချောမောညီညွတ်စွာ ဆက်ဆံပေါင်းသင်းခြင်းမပြုနိုင်ခဲ့လျှင် ထိုအလုပ်သမားကို မိမိ၏အလုပ်ရုံ၌ မထားတော့ဘဲ ထုတ်ပစ်လေ့ရှိလေသည်။ စင်စစ်သော်ကား ဤလို ထိုလူမှစ၍ လူအများတို့နှင့် မသင့်တင့်သော လူတစ်ယောက်သည် သူတစ်ပါးတို့အပေါ်၌ အပြစ်ဖို့၍ ပြောတတ်သော်လည်း အမှန်မှာ ထိုလူ၏ အပြစ်မျှသာ ဖြစ်ကြောင်း သတိပြုလေ။ အချို့က ကံမကောင်း, အကြောင်းမလှသောကြောင့် လူတကာက မိမိအားမုန်းတီးကြသည်ဟု ရှာရှာဖွေဖွေဆင်ခြေပေးတတ်သေး၏။ မယုံလေနှင့်။ အတုလည်းမခိုးလေနှင့်။ သတိပြုလေ။

သူတစ်ပါးတို့နှင့် ဖက်စပ် လုပ်ကိုင်ရသော အလုပ်မျိုး ဟူသမျှ၌ နှစ်သက်ဖွယ်ကောင်းသော ဥပဓိရုပ်မျိုးနှင့် အမူအရာ

ရှိခြင်းသည် အလွန်တစ်ရာ အရေးကြီးလှ၏။ နှစ်သက်ဖွယ်သော အမှုအရာရှိ၍ သူတစ်ပါးတို့နှင့် ချောမောညီညွတ်စွာ ဆက်ဆံတတ်သော လူတစ်ယောက်သည် အလုပ်အကိုင် ညံ့ဖျင်းစေကာမူ လည်း ဖြည့်စွက်နိုင်သော သတ္တိရှိ၏။ နှစ်သက်ဖွယ်သော အမှုအရာမျိုး မရှိခဲ့လျှင် ၎င်းအတွက် အစားသွင်း၍ ဖာထေးနိုင်သောအရာ မရှိချေ။

သူတစ်ပါးထံ အမှုထမ်းခြင်း အားဖြင့် ဝမ်းစာရှာမှီးကြသော သူတို့သည် ကုန်စည် ဝတ္ထုပစ္စည်းများကို စွံအောင်ရောင်းချရသော ကုန်သည်များကဲ့သို့ပင် မိမိတို့၏ အရည်အချင်းကို ဗန်းပြကောင်းဖို့လို၏။

များစွာသော လခစား အမှုထမ်းများသည် ကုန်စည်ဝတ္ထုပစ္စည်းရောင်းချရသော ကုန်စည်များကဲ့သို့ ဗန်းပြရန် မလိုဟု မှတ်ထင်တတ်ကြသည် ဖြစ်သောကြောင့် ဤအချက်ကို လေးနက်အောင် အထပ်ထပ်ဖော်ပြခြင်း ဖြစ်လေသည်။

**ဆုံးရှုံးရခြင်း၏ အကြောင်းရင်း အချက်ကြီးများ**
**သင့်၌ ဘယ်နှစ်ခုရှိနည်း**

လောကကြီးတစ်ခုလုံးကို ဆန်းစစ်လိုက်သည့်အခါ မှန်းရွယ်သည့်အတိုင်း ထမြောက်အောင်မြင်သူများသည် အလွန်နည်း၍ ဆုံးရှုံးကြရသူများသာ များလှကြောင်း တွေ့ရပေလိမ့်မည်။

ဤအကြောင်းကို မှတ်တမ်းတင်၍ စုံစမ်းစစ်ဆေးခဲ့ဖူးသည့် ပညာရှိကြီးတစ်ဦးက လူ ၁၀၀ လျှင် ၉၈ ယောက်သောသူတို့

သည် ရည်မှန်းတိုင်း မပေါက်ရောက်ဘဲ ဆုံးရှုံးကြရသည်ဟု ထွက်ဆိုထား၏။ ကျွန်ုပ်တို့အထင်မှာ လူတစ်ရာလျှင် တစ်ယောက် မျှလောက်သာ ရည်မှန်းသည့်အတိုင်း ပေါက်ရောက်သည်ဟု ထင်မြင်မိ၏။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ပညာသင်ကြားရေး နည်း စနစ်၏ ချွတ်ယွင်းချက်သည် အကြောင်းတစ်ရပ်ဖြစ်၍ မိဘ များက ကောင်းသောနမူနာ မပြနိုင်ခြင်းသည် အကြောင်း တစ်ရပ်ဖြစ်၏။ ဤစာအုပ်၏ ရည်ရွယ်ချက်မှာ အဆိုပါ ချွတ်ယွင်းချက်တို့ကို ပြင်ဆင်ပေးရန် ဖြစ်ပေသည်။

ရည်မှန်းသည့်အတိုင်း ထမြောက်အောင်မြင်ခြင်း အကြောင်း ကြီး ၃၀ ရှိလေရာ ဤအခန်းတွင် ဆုံးရှုံးစေတတ်သော အကြောင်း ၃၀ တို့ကို ဖော်ပြရပေဦးအံ့။ ၎င်းတို့ကို သေချာစွာဖတ်ရှု၍ သင်၌ အောင်မြင်ခြင်းလမ်းတွင် ဆူးညှောင့်ခလုတ်သဖွယ်ဖြစ်သော အချက်ကြီး ဘယ်နှစ်ချက်ရှိသည်ကို မျက်စိဖွင့်၍စစ်ဆေးလေလော့။

၁။ မူလအခြေခံညံ့ဖျင်းခြင်း။ ပင်ကိုသန္ဓေ ကတည်းက စဉ်း စားဉာဏ် 'ဦးနှောက်' အလွန်ညံ့ဖျင်းလာခဲ့သူအဖို့မှာ ပြုပြင်ဖို့ မတတ်နိုင်သေးသလောက် ဖြစ်လေတော့၏။ သို့သော် ကိုယ်တိုင် ဉာဏ်တုံးခဲ့လျှင် အထက်တွင်ဖော်ပြပြီးခဲ့သော 'ဗိုလ်တစ်စု စု၍' ဤအကူအညီဖြင့် အတော်အတန် စွမ်းဆောင်ဖို့ရှိ၏။ သို့သော် ချွတ်ယွင်းချက်ကြီး ၃၀ တို့အနက်တွင် ပြုပြင်ဖို့ ခဲယဉ်းသော အချက်မှာ ဤအချက်မျှသာ ရှိချေ၏။

၂။ အသေအချာ မှန်းရွယ်ထားသော အချက်တစ်စုံတစ်ခု မရှိခြင်း။ တစ်သက်တာတွင် မည်သည့်အချက်ကို ပြည့်စုံစေရမည် ဟူ၍ တိတိ ကျကျ မှန်းချိန်ထားသော ရည်ရွယ်ချက်ပန်းတုံးတိုင် တစ်ခုမရှိသော သူတို့အဖို့မှာ မျှော်လင့်ဖွယ်ရာ မရှိချေ။ လူတစ်ရာလျှင် ၉၈ ယောက်သောသူတို့သည် ထိုကဲ့သို့သော ရည်မှန်းချက် တစ်ခု တိတိကျကျ မရှိကြသည်ကို တွေ့ရပေသည်။ ထို့ကြောင့်လည်း ဆုံးရှုံးကြရခြင်း ဖြစ်တန်ရာချေသည်။

၃။ ကြီးပွားလိုသော စိတ်ဆန္ဒမရှိခြင်း။ လောက၌ကြီးပွားလိုသော စိတ်ဆန္ဒမရှိသူ၊ ကြီးပွားမှုအတွက် လုံ့လမစိုက်ထုတ်လိုသော သူတို့မှာ မျှော်လင့်ဖွယ်ရာမရှိသဖြင့် ကျွန်ုပ်တို့ အကြံဉာဏ်ပေးရန် မတတ်နိုင်ပေ။ ထိုသူမှာ ကံကိုသာ မျှော်လင့်နေကြပေတော့။

၄။ ပညာမလုံလောက်ခြင်း။ ဤချွတ်ယွင်းချက်မှာ အလွယ်တကူ လွန်မြောက်နိုင်သော ချွတ်ယွင်းချက်မျိုး ဖြစ်၏။ ကျောင်းမှ သင်ကြားခဲ့ရသော ပညာနည်းပါးသဖြင့် ‘ကိုယ်ထူးကိုယ်ချွန်’ ကိုယ်ဘာသာ ပညာသင်ကြားရသူ တို့သည် ကြီးပွားခြင်းသို့ ရောက်ကြသည်ကို မကြာခဏ ကြုံတွေ့ကြရပေသည်။ ကောလိပ်ကျောင်းမှ သင်ကြားရသော ပညာသည်သာလျှင် ပညာမဟုတ်ချေ။ စင်စစ်မှာ မိမိလိုသောအရာကို သူတစ်ပါးတို့၏ အခွင့်အရေးများကို မကျူးကျော်စေရဘဲ ရအောင် စွမ်းဆောင်နိုင်သော သူသည် ပညာရှိတစ်ယောက် ဖြစ်

၏။ ပညာတတ်ရုံမျှနှင့် ငွေရနိုင်သည်မဟုတ်။ တတ်သောပညာကို ငွေရအောင် အသုံးပြုတတ်မှသာလျှင် ငွေရနိုင်ပေ၏။

၅။ စည်းကမ်းကို မရှိသေခြင်း။ မိမိကိုယ်မိမိ နိုင်နင်းအောင် ထိန်းသိမ်း အုပ်ချုပ်နိုင်ခြင်းသည် စည်းကမ်းရှိသေခြင်းကို ဖြစ်စေနိုင်၏။ ဖြစ်ပေါ်လျက်ရှိသော အခြေအနေကို မနိုင်နင်း. မအုပ်ချုပ်နိုင်မီ မိမိကိုယ်ကို ရှေးဦးစွာ နိုင်နင်းအုပ်ချုပ်ဖို့လို၏။ ကိုယ့်ကိုကိုယ် နိုင်နင်းအောင် အုပ်ချုပ်နိုင်မှုသည် အခက်ခဲဆုံးသော အလုပ်ကြီးတစ်ရပ်ဖြစ်၏။ မှန်ရှေ့၌ ရပ်လိုက်သောအခါ မြင်ရသောသူသည် သင်၏ အကြီးဆုံးသော ရန်သူလည်း ဖြစ်၏။ အကြီးဆုံးသော မိတ်ဆွေလည်း ဖြစ်ချေ၏။

၆။ မကျန်းမာခြင်း။ ကောင်းစွာ မကျန်းမာသူ တစ်ယောက်သည် လောက၌ ထိပ်တန်းသို့ရောက်အောင် မထွန်းကားနိုင်ချေ။ များစွာသော မကျန်းမာမှုတို့မှာ ကိုယ့်ကိုကိုယ် မနိုင်နင်းမှုကြောင့် ဖြစ်ရလေ၏။

၎င်းတို့မှာ...

က။ အစားကျူးခြင်း

ခ။ မဖွယ်ရာသော စိတ်အကြံရှိခြင်း

ဂ။ ကာမဂုဏ် လွန်ကျူးခြင်း

ဃ။ ဣရိယာပုထ် မမျှတခြင်း

င။ သန့်ရှင်းစင်ကြယ်သောလေကို မရှူရှိုက်ရခြင်း

၇။ ငယ်ရွယ်စဉ်က အပေါင်းသင်း မတော်ခြင်း။ တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဟူသော စကားသည် အလွန်မှန်ကန် တတ်ပေရာ၊ ငယ်ရွယ် နုနယ်စဉ်အခါကမူကား သာ၍ပင် မှန်ကန်တတ်ပေသေး၏။ ပြုပြင်ရန်လည်း အလွန့်အလွန် ခဲယဉ်း လှ၏။

၈။ ဝတ္တရားကို အချိန်လွဲခြင်း။ ဤသည်ကားများစွာသော ဆုံးရှုံးသူတို့၏ ချွတ်ယွင်းချက်ကြီးပေတည်း။ ဆောင်ရွက်ရန် အလုပ်ကို ဤအချိန် ထိုအချိန် စသည်ဖြင့် အချိန်ဆွဲ၍ မနေဘဲ ချက်ချင်း လက်ငင်း စတင် ဆောင်ရွက်သင့်ပေ၏။

၉။ ခွဲကောင်းခြင်း။ များစွာသောသူတို့သည် ထွက်ခြေ ကောင်းသော်လည်း ပန်းတုံးတိုင်သို့မရောက်မီ 'ခြေကုန်' သွား တတ်၏။ အားလျော့ဖွယ်ရာ တစ်စုံတစ်ခုနှင့် တွေ့ရသည်နှင့် တစ်ပြိုင်နက် စိတ်ပျက် အားလျော့သွားတတ်၏။ ခွဲညှံ့ခဲ့လျှင် မည်သည့်အရာမှ အစားထိုး၍မရနိုင်ချေ။ ခွဲကောင်းသူတို့အဖို့ ၌ ထာဝရ ဆုံးရှုံးခြင်းဟူသည် အဓိပ္ပာယ်မရှိချေ။ ဆုံးရှုံးခဲ့လျှင် ယာယီဆုံးရှုံးခြင်းမျှသာ ဖြစ်ရလေတော့၏။

၁၀။ မဖွယ်ရာသော ကိုယ်အမူအရာရှိခြင်း။ နှစ်သက်ဖွယ် ရာသော ကိုယ်အမူအရာရှိခြင်းဟူသည် သူတစ်ပါးတို့ကို ဆွဲငင် တတ်သော ဓာတ်သတ္တိရှိပေရာ မဖွယ်ရာသော ကိုယ်အမူအရာရှိ ခြင်းသည် သူတစ်ပါးတို့ကို တွန်းဖယ်တတ်သော ဓာတ်သတ္တိရှိပေ ၏။ ဆွဲငင်တတ်သော ဓာတ်သတ္တိရှိသော သူသည် သူတစ်ပါး

တို့ အကူအညီကို ရရှိသဖြင့် တန်ခိုးအင်အား ကြီးမားပေရာ၊ ထိုအခြင်းအရာသည် ကြီးပွားအောင်မြင်ရေးအတွက်အထောက် အပံ့ကြီး ဖြစ်၏။

၁၁။ လိင်ကြောင့် ဖြစ်သော အင်အားကို မထိန်းသိမ်း မအုပ်ချုပ်နိုင်ခြင်း။ လိင်တည်းဟူသော စိတ်ခံစားချက်သည်သတ္တဝါတို့ကို လှုပ်ရှားထကြွစေနိုင်သော တန်ခိုးသတ္တိရှိပေရာ၊ ၎င်းအင်အားသည် သတ္တဝါတို့၌ အကြီးဆုံးသော အင်အားဖြစ်၏။ ၎င်းအင်အားကို ဖြုန်းတီးမပစ်ဘဲ ထိန်းသိမ်းအုပ်ချုပ်ထားပါလျှင် အခြားကြီးကျယ်သောလုပ်ငန်းများအတွက် အသုံးချနိုင်ပေ၏။

၁၂။ အဖိုးမပေးဘဲ အချည်းနှီး အလကားရလိုခြင်း။ လောင်းကစားသော နည်းမျိုးဖြင့် ငွေရှာခြင်းသည် များစွာသော သူတို့ကို ပျက်စီးခြင်း တိုင်စေ၏။ ဖဲရိုက်ခြင်း၊ မြင်းလောင်းခြင်းတို့သာ လောင်းကစားခြင်းမဟုတ်။ ကူးသန်းရောင်းဝယ်မှုတို့တွင်လည်း မျက်စိကိုမှိတ်၍ လုပ်ရသဖြင့် လောင်းကစားခြင်းနှင့် တူသော အလုပ်မျိုးရှိသေး၏။ ဤနည်းမျိုးဖြင့် စီးပွားရှာခြင်းသည်လည်း ပျက်စီးခြင်းသို့တိုင် ရောက်တတ်၏။ သို့သော် တွက်ချက်ပြီးနောက် လဒ်မြင်သဖြင့် သူတစ်ပါး မလုပ်ဝံ့သော အလုပ်မျိုးကို စွန့်စားလုပ်ကိုင်ခြင်းနှင့် လောင်းကစားခြင်းတို့သည် များစွာခြားနား၏။ စွန့်စားလုပ်ကိုင်ခြင်းမည်သည် စိတ်ကူးကောင်းလျှင် အခါခပ်သိမ်း နိုင်တတ်၏။ လောင်းကစားခြင်းမှုကား သူတစ်လှည့် ငါတစ်လှည့်ဖြစ်တတ်၍ အခါခပ်သိမ်း မနိုင်နိုင်ချေ။

၁၃။ ဆုံးဖြတ်နိုင်သော သတ္တိမရှိခြင်း။ ကြီးပွား ထွန်းကားသော လူတို့သည် လျင်မြန်စွာ ဆုံးဖြတ်နိုင်သော သတ္တိရှိ၍ မိမိတို့၏ အဆုံးအဖြတ်ကို အလွန်ပြောင်းလဲခဲ၏။ ဆုံးရှုံးသော လူတို့မူကား ရုတ်တရက် မဆုံးဖြတ်နိုင်ဘဲ ဆုံးဖြတ်ပြီးသည် နောက်၌လည်း အလွယ်တကူ မကြာခဏ ပြောင်းလဲတတ်၏၊ မဆုံးဖြတ်နိုင်ခြင်းနှင့်အချိန်ရွှေ့ဆိုင်းခြင်းတို့သည် အမြွှာမွေးညီအစ်ကိုဖြစ်ကြ၏။ တစ်ခုရှိလျှင် တစ်ခုရှိတတ်၏။ ကြီးပွားထွန်းကားလိုသော သူတို့သည် ထိုအမြွှာညီနောင်တို့ကို လက်မခံဘဲ မောင်းထုတ်ရမည်။

၁၄။ ရွံ့ကြောက်ခြင်း ခြောက်မျိုးအနက် တစ်မျိုးမျိုး ကပ်ငြိခြင်း။ ရွံ့ကြောက်ခြင်း ခြောက်မျိုးတို့အကြောင်းကို နောက်အခန်းတစ်ခန်းတွင် အကျယ်တဝင့်ဖော်ပြထား၏။ ကြီးပွားလိုသောသူသည် ၎င်းတို့ကို စစ်ဆေးမောင်းနှင်ထုတ်ရချေမည်။

၁၅။ မှားယွင်းစွာ အိမ်ထောင်ဘက်မိခြင်း။ ဤချွတ်ယွင်းချက်သည်ကား များစွာသော စုံတွဲတို့၌ တွေ့တတ်သော ချွတ်ယွင်းချက်ဖြစ်၏။ အိမ်ထောင်ဘက်ပြုလုပ်ခြင်းသည် ယောကျ်ားနှင့် မိန်းမတို့ အလွန် ရင်းနှီးသောအဖြစ်သို့ ရောက်ပေသည် ဖြစ်ရာ၊ တစ်ဦးနှင့်တစ်ဦး ညီညွတ်သင့်မြတ်ခဲ့လျှင် ကြီးစွာသော သုခကို ရစေနိုင်၍ မသင့်မြတ် မညီညွတ်လျှင် ကြီးစွာသော ဒုက္ခကို ဖြစ်စေနိုင်၏။ ရွေးချယ်ခြင်း မှားယွင်းသဖြင့် မသင့်မြတ်သူ နှစ်ယောက်တို့ စုံဘက်မိသည့်အခါ အလွန်ဒုက္ခရောက်သော ဆုံးရှုံးခြင်းမျိုးကို ဖြစ်စေတတ်၏။ ထိုလင်မယား

အဖို့၌ ကြီးပွားလိုသော စိတ်ဆန္ဒမျိုးပင် ကွယ်ပျောက်တတ်လေတော့၏။

၁၆။ အစိုးရိမ်ကြီးခြင်း။ ဤနှယ် ထိုနှယ် စသည်ဖြင့် တွေးတော စိုးရိမ်နေသည့်အတွက်ကြောင့် အချိန်နှောင်းသွားသော လူသည် သူတစ်ပါးတို့၏ 'ရွေးကျ' ကိုသာ ရတတ်ပေကြောင်း။ 'နောက်ချေးနှင့် သလဲ'သာ ကျန်တတ်တော့၏။ အစိုးရိမ်ကြီးလွန်းခြင်းသည် အရမ်းပြုလုပ်ခြင်းနှင့် အတူ ဆုံးရှုံးနစ်နာစေတတ်၏။ နှစ်မျိုးလုံးသည် အလယ်အလတ်မဟုတ်သောကြောင့် ရှောင်ကြဉ်ထိုက်၏။ စွန့်စားတန်သလောက် မစွန့်စားဝံ့သော သူသည် ထိပ်တန်းသို့ ရောက်အောင် မကြီးပွားနိုင်ချေ။

၁၇။ အလုပ်အကိုင်၌ တွဲဖက်မှားခြင်း။ ဤအချက်သည်လည်း များစွာသောသူတို့ကို ဆုံးရှုံးစေသော အချက်တစ်ရပ်ဖြစ်၏။ အလုပ်အကိုင်ရှာဖွေရာတွင် စိတ်ကူးဉာဏ်နှင့် အမြော်အမြင်ရှိ၍ အတုခိုးနည်းယူလောက်သော ပုဂ္ဂိုလ်တစ်ယောက်၏ လက်အောက်တွင် လုပ်ကိုင်ခွင့်ရအောင် ရွေးချယ်သင့်၏။ သတ္တဝါတို့မည်သည် အတူတွဲဖက် လုပ်ကိုင်ရသော သူတို့ကို အားကျတတ်မြဲ ဖြစ်သောကြောင့် တကယ်တော်သော လူများနှင့် ယှဉ်ပြိုင်အားကျရခြင်းသည် မိမိကိုယ်ကိုယ် လူတော် တစ်ယောက်အဖြစ်သို့ ရောက်စေနိုင်၏။

၁၈။ အယူသည်းခြင်း။ အယူသည်းခြင်းသည် ကြောက်ခြင်း တစ်မျိုးပင်ဖြစ်၍ ဉာဏ်ပညာနည်းခြင်း၏ အထိမ်းအမှတ်

လည်းဖြစ်၏။ ကြီးပွားသော လူတို့သည် ပွင့်လင်းသောသဘော ရှိ၍ မည်သည့်အရာကိုမျှ မကြောက်တတ်ချေ။

၁၉။ အလုပ်အကိုင် အရွေးမှားခြင်း။ မိမိ မနှစ်သက်သော အလုပ်မျိုး၌ လုပ်ကိုင်မိသူတစ်ယောက်သည် ထိပ်တန်းသို့ ရောက် အောင် မကြီးပွားနိုင်ချေ။ ထို့ကြောင့် စိတ်ရောကိုယ်ပါ သဲသဲမဲမဲ လုပ်ကိုင်နိုင်သော အလုပ်အကိုင်မျိုးကို ရွေးချယ်လုပ်ကိုင်သင့်၏။

၂၀။ ဇူးစိုက်အားထုတ်လုပ်ကိုင်ခြင်း။ တစ်ခုသောအလုပ်၌ ဇူးစိုက်ခြင်းမရှိဘဲ 'အစုံခေါက်မိ'သော လူတစ်ယောက်သည် မည်သည့်အလုပ်တွင်မျှ မကြီးပွားဘဲ ရှိတတ်၏။ တစ်ခုတည်း သော ရည်မှန်းချက်ထား၍ ထိုတစ်ခုတည်းတွင် စိတ်အားရှိသမျှ အားစိုက်လုပ်ကိုင်ရမည်။

၂၁။ အရမ်းသုံးဖြုန်းတတ်သော အလေ့ရှိခြင်း။ အရမ်း သုံးဖြုန်းတတ်သော သူသည် မွဲမည်ကို စိုးရိမ်ရသော ဘေးမှ မလွတ်သောကြောင့် မကြီးပွားနိုင်ချေ။ ဝင်ငွေ၏ ရာခိုင်နှုန်း တချို့တစ်ဝက်ကို စုဆောင်းနေတတ်သော အကျင့်တစ်ခုရှိရ မည်။ လက်ထဲတွင် လက်ကျန်ငွေရှိသောသူသည် မွဲသွားမည်ကို ကြောက်ရွံ့နေရသော ဘေးမှ လွတ်မြောက်သည့်ပြင် အလုပ် အကိုင်ကိုလည်း ရွေးချယ်နိုင်ခွင့်ရှိ၏။ လက်ကျန်ငွေ မရှိသော သူမှုကား တွေ့ရာ အလုပ်ကို လုပ်ရတတ်၏။

၂၂။ စိတ်အားထက်သန်ခြင်း မရှိခြင်း။ စိတ်အား ထက် သန်ခြင်းမရှိသော သူသည် သူတစ်ပါးတို့ ယုံကြည်အားထား ခြင်းကို မဖြစ်စေနိုင်ချေ။ စိတ်အားထက်သန်ခြင်းသည် ကူးစက်

ပျံ့နှံ့စေတတ်သော သတ္တိရှိသည်ဖြစ်၍ အောင်မြင်ခြင်းအတွက် အလွန်တစ်ရာ အရေးကြီးပေ၏။

၂၃။ မတူလျှင် ဆန့်ကျင်သောစိတ် ဖြစ်ပေါ်တတ်ခြင်း။ များစွာသော သူတို့သည် ဘာသာရေး၌လည်းကောင်း၊ လူမျိုးရေး၌လည်းကောင်း၊ နိုင်ငံရေးဝါဒ၌လည်းကောင်း၊ မိမိနှင့် ကွဲလွဲသောသူတို့ကို တွေ့ရသည့်အခါ ဆန့်ကျင်ဘက် ပဋိပက္ခသဘောမျိုး ဖြစ်ပေါ်တတ်၏။ ထိုသူသည် မကြီးပွားတတ်ချေ။

၂၄။ လွန်ကျူးသော အလေ့အကျင့်ရှိခြင်း။ အစားကျူးခြင်း၊ အသောက်ကျူးခြင်း၊ ကာမရာဂ ကျူးခြင်း တို့သည် ကြီးပွားရေးအတွက် ကြီးစွာသော အနှောင့်အယှက်ကြီးများ ဖြစ်ကြ၏။

၂၅။ သူတစ်ပါးနှင့် ဖက်စပ်လုပ်ကိုင်ရန် မတတ်နိုင်ခြင်း။ လူအချို့တို့သည် သူတစ်ပါးတို့နှင့် ဖက်စပ်လုပ်ကိုင်ရန် မတတ်နိုင်ခြင်း အတွက်ကြောင့် ကြီးစွာသော အခွင့်အလမ်းများကို လက်လွတ်ကြရ၏။ ဤလိုလူမျိုးတို့အား လူတော်တို့က ရှောင်ကွင်းတတ်ကြ၏။

၂၆။ ကိုယ့်အစွမ်းကြောင့်မဟုတ်ဘဲ တန်ခိုးသတ္တိ ရရှိခြင်း။ ကိုယ်တိုင်ရှာကြံသော ငွေမဟုတ်ဘဲ မိဘများထံမှ အမွေအနှစ် ရရှိသော သူဌေးသူကြွယ်တို့၏ သားသမီးများကို ဆိုလိုသည်။ ကိုယ့်အစွမ်းဖြင့် မဟုတ်ဘဲ အချောင်ဆက်ခံရရှိသော ငွေကြေးတို့သည် အောင်မြင်ခြင်းအတွက် အနှောင့်အယှက်ဖြစ်တတ်၏။ အချောင်ရသော ငွေကြေးသည် မွဲခြင်းထက် ဆိုးသေး၏။

၂၇။ မရိုးမဖြောင့်ခြင်း။ ရိုးသားဖြောင့်မတ်ခြင်းအတွက် အစားထိုးနိုင်သော အရာမရှိချေ။ မလွဲမရှောင်သာ သဖြင့် တစ်ခါတစ်ရံ မရိုးမဖြောင့်ပြုမိသူတို့အဖို့မူကား မျှော်လင့်ချက် ရှိသေး၏။ သို့ရာတွင် တမင်တကာ မရိုးမဖြောင့် ပြုကျင့်တတ် သူတို့အဖို့မူကား မျှော်လင့်ဖွယ်မရှိချေ။ ထိုသို့သော လူမျိုး သည် ခေတ္တခဏ ငွေရကတ်သော်လည်း ထိုငွေသည် တည်မြဲခြင်း မရှိဘဲ နာမည်နှင့်တကွ လွတ်လပ်မှုပါ ဆုံးရှုံးတတ်လေသည်။

၂၈။ ပလွှားသော သဘောရှိခြင်း။ ကိုယ့်အကြောင်းကို အခါခပ်သိမ်း ထုတ်ဖော် ပြောပြခြင်းအားဖြင့် ပလွှားသော သဘောရှိသူတို့မှာ သူတစ်ပါးတို့ စက်ဆုပ်ရွံရှာခြင်း ခံရတတ်၍ မကြီးပွားတတ်ချေ။

၂၉။ စိတ်ကူးဉာဏ်မထုတ် အမှန်းအဆနှင့် အလုပ် လုပ် ခြင်း။ အပင်ပန်းခံ၍ စဉ်းစားစိတ်ကူးခြင်း မပြုလိုသဖြင့် ရော် ရမ်း မှန်းဆကာ စီမံတတ်သူတို့သည် မကြီးပွားတတ်ချေ။

၃၀။ အရင်းအနှီးချို့ငဲ့ခြင်း။ လုံလောက်သောအရင်းအနှီး မရှိခြင်းသည် အလုပ်အကိုင် အခြေတကျ မရှိမီ ချွတ်ချော် မှားယွင်းသည့်အခါ အခြေပျက်တတ်၏။

၃၁။ ဤနေရာတွင် အထက်၌ ဖော်ပြပြီးသော ချွတ်ယွင်း ချက်မျိုးတို့မှတစ်ပါး အခြားသောချွတ်ယွင်းချက်မျိုး သင်၌ တွေ့ရှိခဲ့လျှင် ထည့်သွင်းဖော်ပြရမည်။

အလုပ်အကိုင် အမျိုးမျိုးတို့၌ ဆုံးရှုံးရသော သူတို့ကို စစ်ဆေးလိုက်သည့်အခါ အထက်ပါ ချွတ်ယွင်းချက် တစ်ခုခု သော်လည်းကောင်း၊ တစ်ခုထက် ပိုမို၍ သော်လည်းကောင်း တွေ့ရမည်ဖြစ်၏။ သင့်ကိုယ်ကိုသင် စစ်တမ်းထုတ်ခြင်းထက် သင့် အကြောင်းကို ကောင်းကောင်းသိသည့် ရင်းနှီးသော မိတ်ဆွေတစ်ယောက်ကို စစ်ဆေးစေလျှင် သာ၍ ကောင်းပေမည်။ များစွာသောသူတို့သည် မိမိတို့အပြစ်ကို မိမိတို့ မမြင်တတ်ချေ။ သင်လည်း ထိုသို့သော လူမျိုးတစ်ယောက် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ကုန်စည် ဝတ္ထုပစ္စည်းရောင်းချသော ကုန်သည်သည် မိမိ၏ ကုန်စည် အကြောင်းကို ကောင်းကောင်း သိနားလည်ရန် လိုသကဲ့သို့ မိမိ၏ အရည်အချင်းကို ရောင်းချလိုသူ တစ်ယောက်သည်လည်း မိမိကိုယ်ကိုမိမိ ကောင်းကောင်း သိနားလည်ဖို့ အရေးကြီး၏။ မိမိ၏ အပြစ်အနာအဆာများကို မိမိသိရှိမှသာလျှင် ဖာထေးသည်ဖြစ်စေ၊ ဖျောက်ဖျက်သည်ဖြစ်စေ ပြုပြင်နိုင်ပေလိမ့်မည်။ ထူးကဲကောင်းမွန်သော အချက်များရှိလျှင်လည်း ၎င်းတို့ကို 'ဗန်းခင်း' ၍ ပြနိုင်ပေလိမ့်မည်။ ထို့ကြောင့် မိမိကိုယ်ကို မထောက်မညှာဘဲ မျက်စိကိုဖွင့်၍ ရဲရဲဝံ့ဝံ့စစ်ဆေးတတ်ဖို့ အရေးကြီးလှ၏။

အလုပ်အကိုင် ရှာဖွေကြသူများသည် မိမိတို့၏ တန်ဖိုးကို ပိုင်ပိုင်နိုင်နိုင်, တပ်တပ်အပ်အပ် ပိုင်းဖြတ်နိုင်ဖို့ အရေးကြီး၏။ လူတိုင်းသည် ငွေကိုများများကြီး လိုချင်ကြသည်သာ ဖြစ်၏။

သို့သော် မိမိလိုသောငွေထက်ပို၍ ထိုက်တန်သောအရည်အချင်း မျိုးရှိမှ တော်ချေမည်။ များစွာသောသူတို့သည် မိမိတို့ ထိုက်တန်သည်ထက်ပို၍ လိုချင်တတ်ကြ၏။ သူတစ်ပါး၌ အသုံးဝင်သော အရည်အချင်းမျိုးရှိ၍ ထိုအရည်အချင်းကို သူတစ်ပါးတို့ အသုံးချချင်အောင် ပြုတတ်မှသာလျှင် တန်ဖိုးရနိုင်၏။

## မိမိကိုယ်ကို စစ်တမ်းထုတ်ရန်အချက်ကြီး ၈ ချက်

ကုန်သည်ကြီးများသည် မိမိတို့၏ ကုန်စည်များကို နှစ်စဉ် ရေတွက် မှတ်သားရန် လိုသကဲ့သို့ လခစား အလုပ်သမားများ သည်လည်း မိမိတို့ အရည်အချင်းကို နှစ်စဉ် စစ်တမ်း ထုတ် ရန်လို၏။ စစ်တမ်းထုတ်သည့်အခါ တစ်နှစ်ထက်တစ်နှစ် ချို ယွင်းချက်များလျော့သွား၍။ ကောင်းသောအချက်များတိုးပွား လာထိုက်၏။ လူတို့မည်သည် ရှေ့သို့ တိုးသည်ဖြစ်စေ၊ နောက်သို့ ဆုတ်သည်ဖြစ်စေ၊ ရပ်တန့်နေသည်ဖြစ်စေ ရှိတတ်ပေရာ သင်မူ ကား ရှေ့သို့တိုးသူတစ်ဦးဖြစ်အောင် ကြိုးစားရမည်။ နှစ်စဉ် စစ်တမ်းထုတ်သည့်အခါ ရှေ့သို့တိုးလျှင် မည်မျှတိုးသည်ဟုသိ နိုင်ပေလိမ့်မည်။ နှစ်ကုန်သောအခါ၌ စစ်တမ်းထုတ်၍ တိုးတက် သော အချက်များ တွေ့ရသည့်အခါ၌ ရှေ့နှစ်စဉ် အဖို့တွင် မည်သည့်အချက်များ ထပ်မံတိုးတက်အောင် ကြိုးစားမည်ဟု ပြဋ္ဌာန်းထားရမည်။ စစ်တမ်း ထုတ်သည့်အခါ အောက်ပါ အချက်များအတိုင်း စစ်ဆေး၍ ရင်းနှီးသော မိတ်ဆွေ တစ် ယောက်၏ အကူအညီကို ရယူခဲ့လျှင် သာ၍ ကောင်းပေလိမ့်မည်။

၁။ ဤနှစ်အဖို့ ငါမှန်းထားသော ပန်းတိုင်သို့ ရောက်ပါ၏လော။ နှစ်စဉ်နှစ်တိုင်းမည်မျှလောက် ခရီးရောက်အောင်ကြိုးစားမည်ဟု သတ်မှတ်ထားရမည်။

၂။ ငါသည် တတ်နိုင်သမျှ အစွမ်းကုန် အမှုထမ်းခဲ့ပါ၏လော။ ယခုထက်ပို၍ ကောင်းအောင် အမှုထမ်းဖို့ ဖြစ်နိုင်ပါသေး၏လော။

၃။ ငါသည်ယခုထက်ပို၍ အလုပ်လုပ်နိုင်ပါသေးသလော။

၄။ ငါသည် သူတစ်ပါးတို့နှင့် ချောမောညီညွတ်စွာ အမှုထမ်းခဲ့ပါ၏လော။

၅။ ငါ၌ အလုပ်ကို အချိန် ရွှေ့ဆိုင်းတတ်သော အလေ့အကျင့်မျိုး ရှိပါသလော။

၆။ ငါသည် သူတစ်ပါးတို့နှစ်သက်ဖွယ်သော ဥပဓိရုပ်မျိုးရှိအောင် ကြိုးစားခဲ့ပါ၏လော။ ကြိုးစားလျှင် မည်မျှလောက်တိုးတက်ခြင်းရှိခဲ့ပါသနည်း။

၇။ ငါသည် အကြံအစည်တစ်ခုကို အဆုံးတိုင်ဆောင်ရွက်သည့် ဇွဲသတ္တိရှိခဲ့ပါ၏လော။

၈။ ငါသည်လျင်မြန်စွာ ဆုံးဖြတ်ချက်ချနိုင်သော အစွမ်းသတ္တိရှိပါ၏လော။

၉။ ငါ၌ ရွံ့ကြောက်ခြင်း ခြောက်မျိုးအနက် မည်သည့်ရွံ့ကြောက်ခြင်းမျိုး ရှိခဲ့ပါသနည်း။ [ရွံ့ကြောက်ခြင်း ခြောက်မျိုးကိုနောက်တစ်ခန်းတွင် ဖော်ပြဦးမည်။]

၁၀။ ငါသည် စိုးရိမ်ခြင်း များလွန်းသလော၊ နည်းလွန်းသလော။

၁၁။ အခြားသူတို့နှင့် ဆက်ဆံရာတွင် ချောမောညီညွတ်ခြင်းရှိပါ၏လော။ ချောမောညီညွတ်ခြင်းမရှိခဲ့လျှင် ငါ၏အပြစ်လုံးလုံးဖြစ်သလော၊ တစ်စိတ်တစ်ဒေသမျှသာ ဖြစ်သလော။

၁၂။ ငါသည် အလုပ်တစ်ခုတည်းတွင် ရှူးရှူးစိုက်စိုက် လုပ်ကိုင်ခဲ့ပါ၏လော၊ သို့မဟုတ် အာရုံများခဲ့သလော။

၁၃။ ငါသည် ပွင့်လင်းသောသဘောရှိ၍ သူတစ်ပါးတို့ ၏ကွဲလွဲချက်များကို သည်းခံနိုင်ပါ၏လော။

၁၄။ အမှုထမ်းရာ၌ ငါသည်အရည်အချင်းကို မည်သို့သောနည်းဖြင့် တိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့ပါသနည်း။

၁၅။ ငါ၌ လွန်ကဲသော အလေ့အကျင့်မျိုး ရှိပါသလော။

၁၆။ ငါသည် ပ,လွှားသောစိတ်မျိုးရှိကြောင်းကို အထင်အရှားဖြစ်စေ၊ မထင်မရှားဖြစ်စေ ဖော်ပြမိသလော။

၁၇။ ငါသည် လုပ်ဖော်ကိုင်ဘက်များ၏ ကြည်ညိုရိုသေခြင်းခံရလောက်အောင် ပြုမူပါ၏လော။

၁၈။ ငါ၏ ထင်မြင်ချက်များနှင့် ဆုံးဖြတ်ချက်များသည် မှန်းဆခြင်းအပေါ်၌ အခြေတည်ပါသလော၊ သို့တည်းမဟုတ် သေချာစွာ ပိုင်းခြားဝေဖန်ခြင်းနှင့် ဆင်ခြင် စဉ်းစားတတ်ခြင်းတို့အပေါ်၌ အခြေတည်ပါသလော။

၁၉။ ငါ၏ အချိန်ကိုလည်းကောင်း၊ အသုံးစရိတ်ကိုလည်းကောင်း၊ ဝင်ငွေကိုလည်းကောင်း တွက်ချက်တတ်သော အလေ့အကျင့်ရှိပါ၏လော။

၂၀။ အကျိုးရှိသော အလုပ်မျိုး၌ ကုန်သင့်သော အချိန်ကို အကျိုးမရှိသော အလုပ်မျိုး၌ ဘယ်မျှလောက် ဖြုန်းတီးမိလေသနည်း။

၂၁။ ရှေးနှစ်အဖို့၌ တိုး၍ အလုပ် တွင်ကျယ်စေခြင်းငှာ ငါ၏ အချိန်ဖြုန်းတီးပုံ အလေ့အကျင့်များကို မည်ကဲ့သို့ပြုပြင်ပြောင်းလဲနိုင်ပါသေးသနည်း။

၂၂။ ငါ၏စိတ်ထဲ၌ မကျေနပ်သော အပြုအမူမျိုးကို ပြုမိပါသလော။

၂၃။ ငါ့အား ပေးထားသော လခငွေထက်ပို၍ တန်အောင် မည်သည့်နည်းဖြင့် ဆောင်ရွက်လုပ်ကိုင်ခဲ့ပါသနည်း။

၂၄။ ငါသည် မည်သူ့အား မည်သည့်နည်းဖြင့် မတရားသဖြင့် ပြုကျင့်ခဲ့မိလေသနည်း။

၂၅။ ငါလုပ်သော အလုပ်ကို ငါကိုယ်တိုင်အလုပ်ရှင်ဖြစ်ခဲ့လျှင် ကျေနပ်လောက်ပါ၏လော။

၂၆။ ငါသည် ငါနှင့်လျော်သော အလုပ်အကိုင်မျိုးတွင် လုပ်ကိုင်လျက် ရှိပါ၏လော။

၂၇။ အလုပ်ရှင်သည် ငါ၏အလုပ်ကို ကျေနပ်ခြင်းရှိပါ၏လော။ မကျေနပ်ခဲ့လျှင် ဘယ်အတွက် မကျေနပ်လေသနည်း။

၂၈။ ထမြောက်အောင်မြင်ရေး နည်းစနစ်များဖြင့် ငါ့ကိုယ်ကို စစ်ဆေးလိုက်သည့်အခါ ဘယ်သို့သော အခြေအနေ၌ ရှိပါသနည်း။ ဤနေရာ၌ ရင်းနှီးသော မိတ်ဆွေတစ်ယောက်၏ အကူအညီဖြင့် မထောက်မညှာ မှန်ကန်စွာ စစ်ဆေး၍ တော်သည်၊ ညံ့သည်၊ အသင့်အတင့်ရှိသည် စသည်ဖြင့် ဆုံးဖြတ်ရမည်။

ဤအခန်းတွင် ဖော်ပြပါရှိသော အကြောင်းအရာများကို ဖတ်ရှုဆင်ခြင် သုံးသပ်ပြီးပြီဖြစ်၍ သင်သည် သင်၏ အရည်အချင်းကို ရောင်းချရန်အတွက် လက်တွေ့ဆောင်ရွက်ဖို့ အစီအစဉ်တစ်ခု ရေးဆွဲရန် အသင့်ရှိလောက်ပေပြီ။ အစီအစဉ် ရေးဆွဲပုံ စည်းကမ်း နည်းလမ်းများကို လည်းကောင်း၊ ခေါင်းဆောင်တို့၌ လိုအပ်သော အရည်အချင်းများကို လည်းကောင်း၊ မအောင်မြင်သော ခေါင်းဆောင်တို့၏ ချွတ်ယွင်းချက်များကို လည်းကောင်း၊ အလုပ်အကိုင်အမျိုးမျိုးတို့တွင် မအောင်မြင်တတ်သော လူတို့၏ ချွတ်ယွင်းချက်များကိုလည်းကောင်း၊ ကိုယ့်ကိုယ်ကို စစ်ကမ်းထုတ်ရမည့် မေးခွန်းပုစ္ဆာ များကိုလည်းကောင်း ဤအခန်းတွင် စုံလင်စွာ ဖော်ပြခဲ့ပြီးပေပြီ။

ဖော်ပြခဲ့ပြီးသော စည်းကမ်း နည်းလမ်းများကို ကောင်းကောင်းကြီးနားလည်၍ ကိုယ်ပိုင်ဖြစ်သည့်တိုင်အောင် အထပ်ထပ် ဆင်ခြင်သုံးသပ်ခဲ့လျှင် သင်၏ အရည်အချင်းကို အဖိုးကောင်းကောင်းရအောင် ရောင်းချတတ်ရုံမက အခြားသူတို့၏ အရည်အချင်းများကို ခွဲခြမ်းစိတ်ဖြာ တိုင်းထွာ ဆင်ခြင်ရာ၌

လည်း အထောက်အပံ့ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် အထက်
ပါ စစ်ဆေးချက်များသည် အရည်အချင်းရောင်းချသည့် အလုပ်
သမားများအတွက်သာမက သူတစ်ပါးတို့၏ အရည်အချင်းကို
ဝယ်ယူသော အလုပ်ရှင်များအတွက်လည်း များစွာအသုံးဝင်
ပေလိမ့်မည်။

Mg Chan Thar Maung
Hteegyaint

My Chan Nar Maung
Hteegyaint

အခန်း ၇

## ဆုံးဖြတ်ခြင်း
## ကြီးပွားရေးအတွက် သတ္တမခြေလှမ်း

အမေရိကန်ပြည်၌ ကြီးပွားချမ်းသာမှုကို ပညာရပ်တစ်ခု အနေဖြင့် လေ့လာလိုက်စားခဲ့သော ဆရာကြီးတစ်ဦးသည် မကြီးပွားနိုင်သော သူပေါင်း ၂၅,၀၀၀ တို့ကို ချဉ်းကပ်စစ်ဆေးစုံစမ်းခဲ့ဖူးရာ ရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့် မကြီးပွားစေနိုင်သော အချက်ကြီး ၃၀ တို့အနက် 'မဆုံးဖြတ်နိုင်ခြင်းတည်း'ဟူသော ချွတ်ယွင်းချက်သည် စာရင်း၏ထိပ်တွင်ရောက်နေကြောင်း တွေ့ရှိရဖူးလေသည်။ ဆိုလိုရင်းကား ထိုချွတ်ယွင်းချက်ကြောင့် ကြီးပွားထွန်းကားခြင်းသို့ မရောက်ရသော လူတို့၏ အရေအတွက်သည် အလွန်များပြားလှသည်ဟု အဓိပ္ပာယ်ရှိ၏။

ဆုံးဖြတ်နိုင်သော အရည်အချင်းမရှိခြင်းနှင့် တစ်ခုသော အလုပ်ကို အချိန်ရွှေ့ဆိုင်းတတ်ခြင်းတို့သည် အတူတူပင် ဖြစ်လေရာ ၎င်းချွတ်ယွင်းချက်သည် များစွာသော သူတို့၌ အနည်းနှင့် အများရှိတတ်၏။ အလုပ်တစ်ခု လုပ်ရန်ရှိလျှင် အမျိုးမျိုးဆင်ခြေကို့ဖြင့် အချိန်ဆွဲနေပြီးလျှင် မလုပ်ဘဲ မဖြစ်နိုင်သည့်

နောက်ဆုံးအချိန်ရောက်ခါမှ လုပ်ချင်တတ်ကြ၏။ ပျင်းရိဖွယ်ကောင်းသော အလုပ်ပင် ဖြစ်လင့်ကစား အချိန်ဆွဲ၍မထားဘဲ ပြီးဆုံးခြင်းသို့ ရောက်အောင် ချက်ချင်းထ၍ ဆောင်ရွက်တတ်သော ဝါသနာရှိသူတို့သည် ကြီးပွားရေးဘက်သို့ မျက်နှာမူလျက်ရှိသူများဖြစ်ကြ၏။ ကြီးပွားစေတတ်သော ဝါသနာကောင်းနှင့် မွေးဖွားလာသော သူများဟူ၍ ဆိုထိုက်ပေသည်။

သင်သည် ဤစာအုပ်ကို ဖတ်ရှုပြီး၍ ၎င်းတွင် ဖော်ပြပါရှိသော နည်းစနစ်များအတိုင်း လိုက်နာလေ့ကျင့်ရန် ပြင်ဆင်သောအခါ မိမိ၌ လျင်မြန်စွာဆုံးဖြတ်နိုင်သော အရည်အချင်းမျိုး ရှိ,မရှိအကြောင်းကို စမ်းသပ်ရန် အခွင့် ရပေလိမ့်မည်။

အထက်တွင် ဖော်ပြခဲ့သော ဆရာကြီးသည် လောက၌ မကြီးပွားသော လူများနှင့် ကြီးပွားထွန်းကားခြင်းသို့ ရောက်ခဲ့သူပေါင်း ထောင်သောင်းတို့ကို နှစ်ပေါင်းများစွာ ချဉ်းကပ်မေးမြန်း စုံစမ်းစစ်ဆေးကြည့်ခဲ့ဖူးရာ ဒေါ်လာတစ်သန်းကျော်အောင် ကြွယ်ဝခြင်းသို့ ရောက်ကြခဲ့သူဟူသမျှတို့သည် လျင်မြန်စွာ ဆုံးဖြတ်တတ်သော အရည်အချင်းမျိုး ရှိကြသူချည်းသာ ဖြစ်ကြောင်း တွေ့ခဲ့ရလေသည်။ ထိုသူတို့သည် ဆုံးဖြတ်ရသောနေရာတွင် အလွန်လျင်မြန်၍ ထိုဆုံးဖြတ်ချက်ကို ပြောင်းလဲရမည့်နေရာတွင် အလွန်နှေးကွေးကြောင်း တွေ့ရ၏။ မကြီးပွားသော သူတို့မှုကား တစ်စုံတစ်ခုကို ဆုံးဖြတ်ရန် အလွန်နှေးကွေးလှ၍ အထမမြောက်သည်နှင့် တစ်ပြိုင်နက် အလွန်ပြောင်းလဲလွယ်၍ မကြာခဏလည်း ပြောင်းလဲတတ်ကြလေသည်။

မိုတာကား သူဌေးကြီး မစ္စတာဖို့သည် မိမိဆုံးဖြတ်ချက်ချထားသော ကိစ္စတစ်ခုကို မည်သူပြော၍မျှ မပြောင်းလဲဘဲ ထားတတ်သောဝါသနာရှိသည့်အတွက်ကြောင့် ခေါင်းမာသည်ဟူ၍ပင် စွပ်စွဲခြင်းခံရ၏။ စင်စစ်သော်ကား ထိုဝါသနာသည်ပင် ၎င်းသူဌေးကြီး၏ ကြီးပွားထွန်းကားရေးတွင် အလွန်ကြီးမားလှသော အထောက်အပံ့ကြီး ဖြစ်၏။

စီးပွား မဖြစ်နိုင်သော သူတို့သည် အများအားဖြင့် သူတစ်ပါးတို့၏ ထင်မြင်ချက်ကို အရေးလုပ်တတ်လွန်း သူများဖြစ်ချေသည်။ ထိုသူသည် ကိုယ်ပိုင်ဉာဏ်ကိုအသုံးမပြုဘဲ မည်သူမည်ကဲ့သို့ ပြောသည်။ မည်သည့် သတင်းစာက မည်သို့ကဲ့ရဲ့ ရှုတ်ချရေးသားလိမ့်မည် စသည်ဖြင့် သူတစ်ပါးတို့၏ ထင်မြင်ချက်ကို အားကိုးတတ်သူများ ဖြစ်ကြလေသည်။ ထင်မြင်ချက်မည်သည် လောက၌ အပေါဆုံးသော အရာဝတ္ထုဖြစ်၏။ သင်လက်ခံလိုခဲ့လျှင် သင့်အကြောင်းကို အခမဲ့ ထင်မြင်ချက်ကို ပေးကြမည့်သူ အမြောက်အမြားရှိကြ၏။ သင်သည် အရေးကြီးသော ကိစ္စတစ်ခုကို ဆုံးဖြတ်ရာ၌ အခြားသူတို့၏ ထင်မြင်ချက်ကို အလေးဂရုပြုနေခဲ့လျှင် မည်သည့်လုပ်ငန်းဆောင်တာကိုမျှ ထမြောက် အောင်မြင်ခြင်း မရှိနိုင်ချေ။ သင်၏ ဆန္ဒကို ငွေဖြစ်အောင် ပြုလုပ်မှုကိစ္စကိုမူကား ပေယျာလကံထားလိုက်ပေဦးတော့။

သူတစ်ပါးတို့၏ ထင်မြင်ချက်ကို အလေးဂရုပြုနေသော သူသည် ပြင်းစွာသော ကိုယ်ပိုင်ဆန္ဒ မရှိနိုင်ချေ။

ဤစာအုပ်တွင် ဖော်ပြပါရှိသော နည်းစနစ်များအတိုင်း လိုက်နာလေ့ကျင့်ရန် အစပြုသောအခါ သင်၏ကိစ္စကို သင်၏ သဘောအတိုင်း ဆုံးဖြတ်ပါလေ။ ဖော်ပြခဲ့ပြီးသော 'ဗိုလ်တစ်စု' မှတစ်ပါး မည်သူအားမျှ တိုင်ပင်နှီးနှောခြင်း မပြုလေနှင့်၊ 'ဗိုလ်တစ်စု'ကိုရွေးချယ်ရာ၌ သင်၏ရည်ရွယ်ချက်ကို ကောင်းစွာ နားလည်၍ အစဉ်အမြဲ ထောက်ခံအားပေးမည့် သူများကိုသာ ရွေးချယ်ထားဖို့ အထူးသတိပြုပါလေ။

ရင်းနှီးသော မိတ်ဆွေများနှင့် ဆွေမျိုးဉာတိ များသည် ထင်မြင်ချက်များ ပေးကြခြင်းအားဖြင့်ဖြစ်စေ၊ ရယ်ရွှင်လိုသော သဘောနှင့် ပြက်ရယ်လှောင်ပြောင် ပြောဆိုကြခြင်း အားဖြင့် ဖြစ်စေ သင်၏ အကြံအစည်ကို ပျက်စေဖို့ မရည်ရွယ်ဘဲလျက် ပျက်စီးစေတတ်ကြလေသည်။ မိမိကိုယ်ကို ညံ့ဖျင်းသည်ဟု စွဲမြဲမှတ်ယူတတ်ကြသူများသည် မသိနားမလည်သော သူတို့က ဆန့်ကျင်ဘက် ထင်မြင်ချက်မျိုးပေးခြင်း အားဖြင့် ဖြစ်စေ၊ ပြက်ရယ် လှောင်ပြောင် ပြုလုပ်ခြင်းအားဖြင့် ဖြစ်စေ မိမိတို့၏ အကြံအစည် ပျက်စီးခြင်း ခံရတတ်လေသည်။

သင်၌ ကိုယ်ပိုင်ဦးနှောက်၊ ကိုယ်ပိုင်စိတ် ရှိ၏။ ၎င်းကို အသုံးပြု၍ သင်ကိုယ်တိုင် ဆုံးဖြတ်လေလော့။ သိလိုသော အချက်များ မပြည့်စုံသေးသဖြင့် မေးမြန်းစုံစမ်းရန် လိုခဲ့ပါလျှင် သင်၏ အကြံအစည်ကို ထုတ်ဖော်ပြောခြင်းမပြုဘဲ မေးမြန်း စုံစမ်းခြင်း ပြုလေလော့။

အကြားအမြင် ဗဟုသုတ နည်းပါးသော သူတို့သည် မိမိ သိရှိထားသည့် အနည်းငယ်မျှသော အရာကလေးကို အများကြီးဟူ၍ သူတစ်ပါးကို အထင်ရောက်စေလိုတတ်ကြ၏။

ရေမပြည့်သောအိုးသည် ဘောင်ဘင်ခတ်သည် ဆိုသော စကားအတိုင်း ထိုသူမျိုးတို့သည် နားကိုအသုံးမပြုဘဲ ပါးစပ်ကိုသာ အသုံးပြု၍ များစွာစကားပြောလိုတတ်ကြ၏။ လျှင်မြန်စွာ ဆုံးဖြတ်တတ်သော အလေ့အကျင့်ကို အလိုရှိခဲ့လျှင် နားနှင့် မျက်စိကိုဖွင့်ထား၍ ပါးစပ်ပိတ်ထားလေလော့။ စကားများသော သူတို့သည် စကားပြောခြင်းမှ တစ်ပါး အခြားအလုပ် မလုပ်တတ်ကြချေ။ နားထက် ပါးစပ်ကို ပို၍အသုံးပြုသောသူတို့သည် ဗဟုသုတရစေမည့် အခွင့်အရေးများ လက်လွှတ်တတ်သည့်အပြင် မိမိ၏ အကြံအစည်ကို သူတစ်ပါးအား ထုတ်ဖော် ပြောဆိုမိခြင်းအားဖြင့် သူတစ်ပါးတို့က မနာလိုသဖြင့် အနှောင့်အယှက်ပြုခြင်း ခံရတတ်လေသည်။

'နားကြီး, မျက်စိကြီး' တို့၏ရှေ့ စကားပြောမိသော အခါတိုင်း သင့်၌ ပညာ အဘယ်မျှလောက်သာရှိ၍ အဘယ်မျှချွတ်ယွင်းနေသည်ကို ထိုသူတို့အား ထုတ်ဖော်ပြသရာရောက်လေသည်။ စင်စစ် ဉာဏ်ပညာကြီးသော သူတို့သည် မိမိတို့၏ ဉာဏ်ကိုထုတ်ဖော်၍ မပြခြင်း၊ နှုတ်ဆိတ်ခြင်းတို့ဖြင့် ထင်ရှားပေ၏။

သင်နှင့် ပေါင်းသင်းဆက်ဆံနေသော လူတို့သည် သင်၏ နည်းတူ 'စီးပွားဖြစ်'မှု အခွင့်အလမ်းကို ရှာဖွေနေကြကြောင်း

သတိမမေ့လေနှင့်။ သင်၏ အကြံအစည်တို့ကို လူတိုင်းအား ထုတ်ဖော်ပြောဆိုမိပါမူ တစ်ယောက်ယောက်က သင်၏ဉာဏ်ကို အသုံးပြု၍ သင်၏အလုပ်ကို ဦးအောင် ဆောင်ရွက်သွားသဖြင့် ငေးလျက် ကျန်ရစ်တတ်လေသည်။

ထို့ကြောင့် နားနှင့်မျက်စိတို့ကို ဖွင့်ထား၍ ပါးစပ်ကို ပိတ်ထားရန် ရှေးဦးစွာ ဆုံးဖြတ်ချက်ချလေလော့။

ဤ အကြံပေးချက်ကို လိုက်နာဖို့ သတိဖြစ်စေခြင်းငှာ အောက်ပါ စာကြောင်းကို စာလုံးကြီးနှင့် ရေးကူး၍ နေ့စဉ် မြင်နိုင်လောက်သော နေရာ၌ ကပ်ထားပါလေ။

"သင့် အကြံအစည်ကို တစ်လောကလုံးအား ထုတ်ဖော်၍ မပြောမိ ရှေးဦးစွာ လုပ်၍ပြလော့။"

**ဆုံးဖြတ်ချက်တစ်ခုပေါ်တွင် အသက်တည်၍ နေခြင်း**

ဆုံးဖြတ်ချက်တစ်ခု၏ တန်ဖိုးသည် ဆုံးဖြတ်ချက်ချရသော သတ္တိအပေါ်တွင် တည်လျက်ရှိ၏။ လောက၌ အဖိုးတန်သော လူကြီးတို့၏ ဆုံးဖြတ်ချက်ကြီးများသည် အသက်သေရလောက်သည်အထိ စွန့်စားဆုံးဖြတ်ကြရ၏။

အမေရိကန်သမ္မတ အာဗျဟန်လင်ကွန်းသည် အမေရိကန်ပြည်ရှိ ကပ္ပလီလူမျိုးများအား လွတ်လပ်ခြင်းပေးသော ကြေညာစာတမ်းကိုထုတ်ပြန်ကြေညာရန် ဆုံးဖြတ်ချက်ချလိုက်သည့်အခါ နိုင်ငံရေးနှင့် ပတ်သက်၍ မိမိအား ထောက်ခံအားပေး

လာခဲ့သော မိတ်ဆွေများက မိမိအား စွန့်လွှတ်ကြလိမ့်မည်ဟု သိရှိ၏။ ထိုကြေညာချက်အတိုင်း ဆောင်ရွက်လုပ်ကိုင်ခြင်းအားဖြင့်လည်း စစ်မြေပြင်၌ ထောင်သောင်းမကသော လူတို့သည် အသက်ဆုံးရှုံးကြရမည်ဟူ၍လည်း သိရှိ၏။ နောက်ဆုံး၌ လင်ကွန်းကိုယ်တိုင်လည်း အသက်ဆုံးရှုံးခြင်း ခံရ၏။ ကြီးစွာသော သတ္တိ လိုအပ်သည့် ဆုံးဖြတ်ချက်ကြီးပေတည်း။

ကမ္ဘာ့ပညာရှိကြီး တစ်ဦးဖြစ်သော ဆိုကရေတီသည် မိမိ၏ အယူဝါဒကိုစွန့်လွှတ်မည့်အစား အဆိပ်ကိုသောက်ရန် ဆုံးဖြတ်ချက်ချခြင်းသည် ကြီးစွာသောသတ္တိ လိုအပ်သည့် ကိစ္စဖြစ်၍ ထိုပုဂ္ဂိုလ်ကြီးသည် လူအသီးသီး၌မိမိသဘောအတိုင်း နှစ်သက်ရာ ဝါဒကိုယူနိုင်ဖို့ လွတ်လပ်ခွင့်ရထိုက်ကြောင်းကို လွန်ခဲ့သော နှစ်ပေါင်း ၃,၀၀၀ ခန့်ကတည်းက အတိုက်အခံပြုလုပ် ဖော်ပြခဲ့၏။

သိဒ္ဓတ္ထကုမာရ မင်းသားသည် ယသော်ဓယာ၊ ရာဟုလာတို့နှင့်တကွ ထီးနန်းစည်းစိမ်ကို စွန့်ပစ်၍ တောထွက်တော်မူသောအခါ၌ အစား၊ အဝတ်၊ အနေအထိုင်မှစ၍ ကြီးစွာသော ဆင်းရဲဒုက္ခတို့နှင့် တွေ့ကြုံရလိမ့်မည်ဟု သိ၏။ သို့သော်လည်း သဗ္ဗညုတဉာဏ်တော်ကို အလိုရှိခြင်းအားဖြင့် စည်းစိမ် သုခတို့ကို စွန့်၍ ဒုက္ခဆင်းရဲ အမျိုးမျိုးတို့ကိုခံရန် ဆုံးဖြတ်တော်မူ၏။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်တော်မူရသော ပါရမီတော်ကို ထားဘိဦး။ ထိုနောက်ဆုံးသော ဘဝ၌ သားမယားနှင့်တကွ မင်းသားတို့၏ စည်းစိမ်ကို စွန့်လွှတ်၍

တစ်ယောက်ထီးတည်း တောကြီးထဲသို့ ထွက်သွားတော်မူနိုင်သော သတ္တိပင်လျှင် ကြည်ညို၍ မဆုံးနိုင်ဖြစ်လောက်သင့်၏။

မိမိမှန်းထားသော ရည်ရွယ်ချက်သည် မြင့်မြတ်ကြီးကျယ်သလောက် ရက်ရက်စက်စက်စွန့်လွှတ်၍ အနစ်နာခံရန် လို၏။ သဗ္ဗညုတ ဉာဏ်တော်ကို အလိုရှိသော ကိုယ်တော်မြတ်သည် အကြီးကျယ်ဆုံး အနစ်နာခံဖို့ ဆုံးဖြတ်ရန်လိုခဲ့၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အလိုရှိသော ပုဂ္ဂိုလ်သည် ဒုတိယတန်းစား ကြီးကျယ်သော မှန်းရွယ်ချက် ဖြစ်သောကြောင့် ဒုတိယတန်းစား အနစ်နာခံဖို့ ဆုံးဖြတ်ရန်လို၏။ သူဌေးဖြစ်လိုသောပုဂ္ဂိုလ်သည် တတိယတန်းစား၊ စတုတ္ထတန်း ဖြစ်သော နစ်နာချက်မျိုးကို ခံနိုင်ဖို့ ဆုံးဖြတ်ရန်လို၏။

မည်သို့ပင်ဖြစ်စေ ပိုင်ပိုင်,နိုင်နိုင် လျင်မြန်စွာ ဆုံးဖြတ်ချက်ချနိုင်သောသူတို့သည် မိမိတို့လိုအပ်သော အရာတို့ကို ရကြသည်သာလျှင်ဖြစ်၏။ မည်သည့်ဌာနဒ္ဒဖြစ်စေ အထွတ်အထိပ်သို့ ရောက်ကြသော သူတို့သည် ဆုံးဖြတ်ချက်ချနိုင်၍ ထိုဆုံးဖြတ်ချက်အတိုင်း မဆုတ်မနစ်လိုက်နာဆောင်ရွက်သူများဖြစ်ကြ၏။ ထိုအကြောင်းကြောင့် အကြင်သူတို့သည် အထွတ်အထိပ်သို့ ရောက်ကြခြင်းဖြစ်၏။ လောကကြီးသည် ကြီးစွာသော ဆန္ဒဖြင့် ပိုင်ပိုင်နိုင်နိုင်ဆုံးဖြတ်နိုင်သော ပုဂ္ဂိုလ်တို့အဖို့ ဖယ်ရှား၍ နေရာပေးရ၏။

ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်နိုင်ဘဲ ယီးတီးယားတားရှိသောစိတ်မျိုးသည် ငယ်ရွယ်စဉ်မှစ၍ အကျင့်ပါလာတတ်၏။ အကြင်သူ

သည် အောက်တန်း၊ အလယ်တန်း၊ အထက်တန်းမှစ၍ ကောလိပ်ကျောင်းသို့ တိုင်အောင် ယီးတီးယားတားရှိသော စိတ်မျိုးဖြင့် တစ်လျှောက်လုံး လာခဲ့တတ်၏။ ယီးတီးယားတားရှိသော စိတ်မျိုးကို ပယ်ဖျက်၍ ပိုင်နိုင်ကြံ့ခိုင်သော စိတ်မျိုးဖြစ်ပေါ်လာအောင် ကျောင်းများ၌ လေ့ကျင့်ပြုပြင်၍ပေးရန် မစီမံကြသေးခြင်းမှာ ခေတ်ကာလ ပညာသင်ကြားခြင်း နည်းစနစ်၏ ချွတ်ယွင်းချက်ကြီး တစ်ခုပေတည်း။

ဤအကြောင်းကိုသိနားလည်၍ တိုင်းသူ ပြည်သားများကို ကျောင်းသား အရွယ်မှစ၍ ကြံ့ခိုင်ပိုင်နိုင်သော စိတ်မျိုး ဖြစ်ပေါ်လာအောင် လေ့ကျင့်ပေးဖို့ စီမံပေးရန် သတိရကြသော အချိန်တွင် ကျွန်ုပ်တို့၏ တိုင်းပြည်သည် ထိုး၍ တင်လိုက်သကဲ့သို့ လျင်မြန်စွာ ကြီးပွားထွန်းကားသော အခြေသို့ ရောက်ရပေလိမ့်မည်။

ရေးခြင်း၊ ဖတ်ခြင်း၊ ဂဏန်းတွက်တတ်ခြင်း စသော ပညာရပ်တို့သာမက ကြံ့ခိုင်ပိုင်နိုင်သော စိတ်သဘောမျိုး ဖြစ်ပေါ်အောင် အလေ့အကျင့်တွင်လည်း အောင်လက်မှတ် ရမှသာ အထက်တန်းသို့တင်ပေးရန် စီမံထားရှိပါမှ တစ်တိုင်းပြည်လုံး လျင်မြန်စွာ ကြီးပွားထွန်းကား နိုင်ပေလိမ့်မည်။

ခေတ်ကာလပညာသင်ကြားခြင်း နည်းစနစ်၏ ချွတ်ယွင်းမှုကြောင့် ကျောင်းသားများသည် ကျောင်း၌ နေစဉ် အခါကတည်းက မည်သည့်အလုပ်အကိုင်မျိုးဖြင့် အသက်မွေးမည်ဟု ဆုံးဖြတ်ရန် မတတ်နိုင်ဘဲ ကျောင်းမှထွက်ပြီးသောအခါမှ သင့်တော်ရာ

အလုပ်အကိုင်ကို ရှာဖွေလုပ်ကိုင်ကြရလေသည်။ အလွယ်ကူဆုံး အလုပ် အကိုင်မှာ လခစား စာရေးအလုပ်ပင် ဖြစ်ရကား ကျောင်းမှထွက်လာသူ ရာခိုင်နှုန်း ၉၀ကျော်ခန့်တို့သည် အစိုးရဘက်၌ လည်းကောင်း၊ ကုမ္ပဏီ အလုပ်တိုက်များ၌ လည်းကောင်း စာရေးစာချီ အလုပ်မျိုး၌သာ ဝင်ရောက်လုပ်ကိုင် တတ်ကြလေသည်။ ထိုသူတို့သည် အလုပ်အကိုင်တစ်ခုကို ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်တတ်သော အလေ့အကျင့်မရှိကြသည်ဖြစ်၍ ကံပစ်ချရာအတိုင်း၊ လစ်လပ်သောနေရာ တစ်ခုခု၌ လုပ်ကိုင်ကြရခြင်းဖြစ်လေသည်။

ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်ခြင်းတည်းဟူသော အရည်အချင်းရှိရန်မှာ ကြီးစွာသော သတ္တိရှိဖို့လို၏။ မည်သည့် အလုပ်အကိုင်မျိုးကိုမှ လုပ်ကိုင်မည်ဟူ၍ ဆုံးဖြတ်နိုင်သောသူ တစ်ယောက်သည် မိမိလိုအပ်သောအရာကို ရ,ရမည်သာဖြစ်၏။ မြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကို အလိုရှိသကဲ့သို့ အကြင်သူတစ်ယောက်သည် ကြီးပွားချမ်းသာမှုကို ထက်သန်ပြင်းပြစွာဆန္ဒဖြင့် အလိုရှိခဲ့ပါမူ ဧကန်မုချ ရလိမ့်မည်ဟူ၍ စိတ်ချယုံကြည်ပါလေ။

Mg Chan Nar Maung

အခန်း ၈

## ဖွဲကောင်းခြင်း
## ကြီးပွားရေးအတွက် အဋ္ဌမခြေလှမ်း

ဆန္ဒကိုငွေဖြစ်အောင် စွမ်းဆောင်ရေး ကိစ္စ၌ ဖွဲကောင်းခြင်းသည် အလွန်တစ်ရာ အရေးတကြီး လိုအပ်သော အချက်ဖြစ်၏။ ဖွဲကောင်းခြင်း၏ အရင်းမူလမှာ စိတ်၏ တန်ခိုးသတ္တိကြီးမားခြင်းပင် ဖြစ်လေသည်။

ပြင်းထန်သော (ဆန္ဒိဒ္ဓိပါဒ်)တန်ခိုးသတ္တိ ကြီးမားသော စိတ် (စိတ္တိဒ္ဓိပါဒ်)နှင့် ပူးပေါင်းတွဲဖက်မိသောအခါ မည်သည့် အခက်အခဲမျိုးကိုမဆို တွန်းလှန်ဖြိုဖျက်နိုင်လေသည်။ အမွေရသော ပစ္စည်းမဟုတ်ဘဲ၊ ကိုယ့်စွမ်းဖြင့် ပစ္စည်းဥစ္စာမြောက်မြားစွာကို ရှာကြံစုဆောင်းမိသော သူတို့သည် မထောက်မညာရက်စက်စွာ ပြုမူတတ်သောသူများ ဟူ၍ ခေါ်ဝေါ် သမုတ်ခြင်းခံရတတ်လေသည်။ စင်စစ်သော်ကား ထိုသူတို့သည်ရက်စက်လှသောကြောင့်မဟုတ်။ တန်ခိုးအင်အား ကြီးမားသော စိတ်ကိုပြင်းထန်သော ဆန္ဒဖြင့် ပူးတွဲပေါင်းစပ်၍ မိမိတို့ မှန်းရွယ်ထား

သော ပန်းတုံးတိုင်သို့ မရောက်မချင်း ရုံးရုံးစိုက်စိုက် သွားတတ်ကြခြင်းမျှသာ ဖြစ်လေသည်။

များစွာသော လူတို့သည် အတိုက်အခံ အနှောင့်အယှက်တို့နှင့် တွေ့ရသည်နှင့် တစ်ပြိုင်နက် မိမိတို့၏ ရည်မှန်းချက်ကို တစ်ခါတည်းစွန့်လွှတ်၍ လက်လျှော့တတ်ကြလေသည်။ အနည်းငယ်မျှသော သူတို့သာလျှင် အနှောင့်အယှက်အဖျက်အဆီးများနှင့် တွေ့ရသော်လည်း လက်မလျှော့ဘဲ ပန်းတုံးတိုင်သို့ မရောက်မချင်း တစ်ခုတည်းသော စိတ်အာရုံဖြင့် ဖြောင့်ဖြောင့်ကြီးတန်းကာ သွားတတ်ကြလေသည်။ ထိုသူတို့သည်ကား ဟင်နရီဖို့၊ ကာနက်ဂျီ၊ ရော့ဖဲလား စသော ကမ္ဘာကျော် သူဌေးကြီးများ ဖြစ်လာကြလေသည်။

ဇွဲကောင်းခြင်းတည်းဟူသော သတ္တိသည် ပင်ကိုယ်အားဖြင့် တောက်ပ ထက်မြက်သော အရည်အချင်းမျိုး မဟုတ်သော်လည်း အုတ်တိုက်တည်ဆောက်ရာတွင် အင်္ဂတေသည် အရေးကြီးဘိသကဲ့သို့ ကြီးပွားတိုးတက်ရေးတွင်လည်း ဇွဲကောင်းခြင်းသည် အရေးကြီးလှပေသည်။

ခနဉစ္စာ ပေါကြွယ်ဝသည်တိုင်အောင် ရှာဖွေ စုဆောင်းခြင်းတည်းဟူသော အလုပ်သည်ကား ဤစာအုပ်များတွင် ဖော်ပြပါရှိသော နည်းစနစ် ၁၃ ရပ်လုံးကို လိုက်နာလေ့ကျင့်ရန်လိုပေ၏။ အဆိုပါ နည်းစနစ်တို့ကို ကောင်းမွန်နားလည်သည်တိုင်အောင် ဖတ်ရှု၍ မလျှော့တတ်သော ဇွဲမျိုးဖြင့်

အစမှအဆုံးတိုင် လိုက်နာလေ့ကျင့်မှသာလျှင် လိုအပ်သော စည်းစိမ်ဥစ္စာကို ရရှိနိုင်ကြမည် ဖြစ်လေသည်။

သင်သည် ဤစာအုပ်တွင် ဖော်ပြပါရှိသော နည်းစနစ်များကို လိုက်နာလေ့ကျင့်လိုသော အကြံနှင့် ဖတ်ရှုခြင်း ဖြစ်ခဲ့လျှင် အခန်း ၄ တွင် ဖော်ပြခဲ့သော လေ့ကျင့်ခန်း ခြောက်ရပ်ကို စတင် လေ့ကျင့်သည်နှင့် တစ်ပြိုင်နက် သင်၌ ဖွဲ့ရှိ,မရှိကြောင်းကို သိနိုင်ပေလိမ့်မည်။ သင်သည် သင်၏တစ်သက်တာ၌ ရည်မှန်းထားသော ပန်းတိုင်သို့သော်လည်းကောင်း၊ ထိုပန်းတိုင်သို့ရောက်အောင် မည်ကဲ့သို့ ဆောင်ရွက်မည်ဟူသော အကြံအစည်သော်လည်းကောင်း မရှိသူတစ်ယောက် ဖြစ်ခဲ့ပါမူကား ဤစာအုပ်ကို သာမန်ကာ လျှံကာမျှ ဖတ်ရှုပြီးနောက် လေ့ကျင့်ခန်းများကို မလိုက်နာဘဲ မေ့လျော့ ပျောက်ဖျက်ပစ်စေလိမ့်မည်။

ကျွန်ုပ်တို့သည် သင်၏ စွမ်းရည်သတ္တိကို စစ်ဆေး စုံစမ်းနေရသည်မှာ ဖွဲ့သတ္တိညံ့ဖျင်းခြင်းသည် မကြီးပွား မအောင်မြင်ကြခြင်း၏ အကြောင်းရင်းကြီး တစ်ရပ်ဖြစ်ကြောင်းကို တွေ့ရဖန်များလှသောကြောင့်ဖြစ်၏။ ထို့ပြင် ဖွဲ့ကောင်းခြင်း တည်းဟူသော အရည်အချင်းသည် အနည်းငယ်မျှသော လူတို့၌သာ ပင်ကိုယ်အားဖြင့် ပါလာတတ်၏။ သို့ရာတွင်ကြိုးစားအားထုတ်ခြင်းအားဖြင့် ဖွဲ့ညံ့သော အဖြစ်မှ ဖွဲ့ကောင်းသော အဖြစ်သို့တိုင် ရောက်နိုင်လေသည်။ ထိုကဲ့သို့ အားထုတ်ရာ၌ ပြင်းပြသော ဆန္ဒရှိလေလေ၊ လွယ်ကူလေလေ ဖြစ်ပေလိမ့်မည်။

ခပ်သိမ်းကုန်သောအရာတို့ပြည့်စုံမှု၏ အရင်းမူလသည် ဆန္ဒ ပင်ဖြစ်၏။ ဤအချက်ကို စွဲမြဲစွာ မှတ်သားထားပါလေ။ အနည်း ငယ်မျှသော မီးသည် အနည်းငယ်မျှသော အပူငွေ့ကိုသာ ဖြစ်စေနိုင်ဘိသကဲ့သို့ အနည်းငယ်မျှသော ဆန္ဒသည် အနည်းငယ် မျှသော အကျိုးကိုသာ ဖြစ်စေနိုင်၏။ မိမိကိုယ်၌ ဖွဲ့ညှဲ့ကြောင်း တွေ့ရှိရလျှင် ပျော့တော့သော ဆန္ဒမှ ပြင်းပြသောဆန္ဒ ဖြစ်ပေါ် လာလေအောင် မီးထိုး၍ ပေးပါလေ။

ဤစာအုပ်ကို အဆုံးတိုင်အောင် ဖတ်ရှုပြီးနောက် အခန်း ၁ တွင် ဖော်ပြပါရှိသော လေ့ကျင့်ခန်း ၆ ရပ်အတိုင်း လေ့ကျင့်ပါလေ။ ထိုလေ့ကျင့်ခန်းများကို လိုက်နာလေ့ကျင့် ရာ၌ သင်၌ ကြွယ်ဝချမ်းသာလိုသော ဆန္ဒပြင်းလျှင် ပြင်း သလောက် စိတ်အားထက်သန်ခြင်းရှိ၍ ဆန္ဒပျော့လျှင် ပျော့ သလောက် စိတ်အားထက်သန်ခြင်းနည်းပါးပေလိမ့်မည်။ လေ့ကျင့်ရာ၌ စိတ်အားပျော့တော့တော့ရှိနေကြောင်း တွေ့ရှိရပါ လျှင် သင်၏ 'ငွေစိတ်' လုံလောက်စွာ မရှိသေးကြောင်း သတိ ပြုပါလေ။ 'ငွေစိတ်' ရှိသော သူတို့သာလျှင် လူရည်တတ်အဖြစ် သို့ ရောက်နိုင်ပေ၏။

ရေဟူသမျှသည် သမုဒ္ဒရာသို့ စီးဆင်းရလေဘိ သကဲ့သို့ ငွေတို့သည် 'ငွေစိတ်'ဖြင့် ညှို့ယူတတ်သောသူတို့ထံသို့ စုဆောင်း ရမြဲ ဓမ္မတာဖြစ်၏။ ဤစာအုပ်မှာ သာမညစိတ်မှ 'ငွေစိတ်' ဖြစ်ပေါ်အောင် ဘယ်ကဲ့သို့ လေ့ကျင့် ပြုပြင်ရမည့်

အကြောင်းကို နည်းနာနိဿျနှင့်တကွ ဖော်ပြထားခြင်း ဖြစ်လေသည်။

သင်သည် ဖွဲ့ညံ့သူ တစ်ယောက် ဖြစ်ခဲ့ပါလျှင် အခန်း ၉ တွင် ဖော်ပြပါရှိသော ညွှန်ကြားချက်များအတိုင်း လိုက်နာ လေ့ကျင့်၍ 'ဗိုလ်တစ်စု' ဖြင့် မိမိကိုယ်ကို ခြံရံထားပြီးလျှင် ထိုသူတို့၏ တွဲဖက်ဆောင်ရွက်ခြင်း အားဖြင့် ဖွဲ့ညံ့ခြင်းကို ဖွဲ့ကောင်းခြင်းဖြစ်အောင် ပြုလုပ် ပေးလေလော့။ အခန်း ၃ နှင့် အခန်း ၁၀ တို့တွင်လည်း ဖွဲ့ကောင်းအောင် လေ့ကျင့်ခြင်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို တွေ့ရှိရပေလိမ့်မည်။ ၎င်းညွှန်ကြားချက်များအတိုင်း လိုက်နာ လေ့ကျင့်၍ သင်၏ ဘဝင်စိတ်ထဲ၌စွဲမြဲလာသည့်အခါ သင်သည် ဖွဲ့ညံ့သော အဖြစ်မှ ဖွဲ့ကောင်းသောအဖြစ်သို့ ရောက်လာပေလိမ့်မည်။

သင်၏ဘဝစိတ်သည် သင်နိုးကြားနေသည့်အခါ ဖြစ်စေ၊ သင် အိပ်ပျော်နေသည့်အခါဖြစ်စေ ရပ်နားခြင်းမရှိဘဲ ဆက်လက်၍ အလုပ် လုပ်တတ်လေသည်။

ဖော်ပြထားသော ညွှန်ကြားချက်များကို ရံဖန်လေ့ကျင့်၍ ရံဖန် ဖြတ်ထားခဲ့လျှင် အကျိုးမရှိချေ။ ရည်မှန်းထားသော ပန်းတိုင်သို့ ရောက်လိုခဲ့လျှင် ညွှန်ကြားချက်များကို အကျင့်ပါလာသည့်တိုင်အောင် ရပ်နားခြင်းမရှိဘဲ နေ့စဉ်နှင့်အမျှ လေ့ကျင့်ပေးရမည်။ အခြားနည်းအားဖြင့် 'ငွေစိတ်' ဖြစ်ပေါ်လာအောင် ပြုပြင်ပေးရန် မတတ်နိုင်ချေ။

---

ငွေစိတ်ရှိခြင်း၊ မွဲခြင်းတို့မှာ တစ်ခုတည်းသော သဘာဝ ဥပဒေအားဖြင့် ပြုပြင်စီရင်ခြင်းဖြစ်လေရာ မွဲစိတ်ရှိသော သူသည် မွဲခြင်းကို ဆွဲငင်၍ယူတတ်သည့်နည်းတူ ငွေစိတ်ရှိသော သူသည် ငွေကို ဆွဲငင်တတ်သော သတ္တိရှိ၏။ မွဲစိတ်သည် မွဲဓာတ်ကိုဖြစ်စေ၍ ငွေစိတ်သည် ငွေဆွဲသောဓာတ်ကို ဖြစ်စေ၏။ မွဲစိတ်သည် လေ့ကျင့်ပေးရန် မလိုဘဲ အလိုအလျောက်ဖြစ်ပေါ်တတ်ပေရာ 'ငွေစိတ်' မူကား နဂိုမပါခဲ့လျှင် လေ့ကျင့်မွေးမြူ၍ ယူတတ်ရလေသည်။

အထက်ပါစာပိုဒ်၏ အနက်သဘောကို ကောင်းစွာ ရိပ်မိခဲ့လျှင် ဥစ္စာရှာမှီးရာ၌ ဖွဲကောင်းခြင်း၏ အရေးကြီးကြောင်း နားလည်ပေလိမ့်မည်။ ဖွဲမကောင်းခဲ့လျှင် သင်သည် အစမပြုမီက ပင် ဆုံးရှုံးခြင်းနှင့် တွေ့ဆုံရလေလတ္တံ့။ ဖွဲကောင်းခဲ့ပါမူကား ဧကန်မုချ ထမြောက် အောင်မြင်ပေလိမ့်မည်။

အိပ်ပျော်စဉ်အခါ၌ 'ဘီလူးစီး' ခြင်း ခံရဖူးလျှင် သင်သည် ဖွဲကောင်းခြင်း၏ တန်ဖိုးကို ရိပ်မိနားလည်ပါလိမ့်မည်။ 'ဘီလူးစီး' ခြင်းဆိုသည်ကား အိပ်ရာထဲ၌ မပျော်တပျော် မနိုးတနိုး ရှိနေသည့်အခါ ချောက်ကြီးထဲသို့ ကျတော့မည့်ဆဲဆဲသို့ ထင်မှတ်နေရစဉ်၊ ထလည်း မထနိုင်၊ လှုပ်လည်း မလှုပ်နိုင် ဖြစ်နေရပေလိမ့်မည်။ လှုပ်ရှားနိုင်ခဲ့လျှင် ချောက်ထဲသို့ ကျရမည့် ဘေးမှ လွတ်မြောက်နိုင်လိမ့်မည်ဟု သိရှိသော်လည်း တစ်ကိုယ်လုံးကို မဆိုထားဘိ၊ လက်ချောင်းကလေး တစ်ချောင်းကိုမျှ မလှုပ်ရှားနိုင်အောင် ဖြစ်နေ၏။ ထိုအခါ သင်သည် လှုပ်ရှား

နိုင်မှ လွတ်မြောက်မည့်အကြောင်းကို သိရှိသည်နှင့် ပထမ လက်ချောင်းကလေးတစ်ချောင်း၊ ထို့နောက် လက်မောင်း၊ ထို့နောက် ခြေထောက်စသည်တို့ဖြင့် တိုး၍ တိုး၍ လှုပ်ကြည့်ပြီးလျှင် နောက်ဆုံးတွင် တစ်ကိုယ်လုံး ရန်းကန်လှုပ်ရှားလိုက်လေရကား၊ 'ဘီလူးစီး'သော အဖြစ်မှ လွတ်မြောက်လာလေ၏။ ဖွဲ့ညှံ့ခြင်းဆိုသည်မှာ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း စိတ်၏ တန်ခိုး ညှံ့ဖျင်းခြင်းပင် ဖြစ်လေရာ ပျံ့လွင့် ပျင်းရိ ထိုင်းမှိုင်းခြင်းသည် အားနည်းသောစိတ်ဖြစ်ရာ 'ဘီလူးစီး' ဘီသကဲ့သို့ စီးနင်းဖိနှိပ်၍ ထား၏။ ထိုအခါ၌ ဘီလူးစီးခြင်းကို တွန်းလှန်ရသည့်နည်းတူ တဖြည်းဖြည်း ကြိုးစား၍ တွန်းလှန်ရ၏။ တွန်းလှန်ရခြင်းသည် မည်မျှလောက် နေးကွေး ခက်ခဲလှသည် ဖြစ်စေ အစွမ်းကုန် ညှစ်ထုတ်၍ ရန်းဖယ်ရ၏။ ပထမ တစ်ကြိမ်နှစ်ကြိမ် စသည်ဖြင့် အောင်မြင်ခဲ့လျှင် တစ်ကြိမ်ထက် တစ်ကြိမ် လွယ်ကူလာ၍ ဖွဲ့ကောင်းသော အဖြစ်သို့ ရောက်လာရ၏။ ဖွဲ့ကောင်းခြင်းဟူသော သတ္တိကို ရရှိသော အခါတွင်မူကား မအောင်မြင်နိုင်သောကိစ္စဟူ၍ မရှိချေ။

သင်သည် 'ဗိုလ်တစ်စု'ကို သတိနှင့် ရွေးချယ်ခဲ့ပါလျှင် ထိုသူတို့အနက်တွင် ဖွဲ့ကောင်းစေဖို့ လေ့ကျင့်ရေးကိစ္စ၌ အထောက်အပံ့ရစေမည့်သူ တစ်ယောက်တစ်လေ ဖြစ်စေ ပါရှိစေလိမ့်မည်။ အမေရိကန်ပြည်နှင့် အခြား တိုင်းပြည်များရှိ ကမ္ဘာကျော် သူဌေးကြီးများ၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုသည့်အခါ ထိုသူတို့သည် နဂိုအားဖြင့် ဖွဲ့ကောင်းလာကြသည်ဖြစ်စေ သို့တည်း မဟုတ်

ဖွဲ့ကောင်းအောင် လေ့ကျင့်ထားကြသည်ဖြစ်စေ ရှိကြသည်ကို တွေ့ရပေ၏။

ဖွဲ့၏အစား လဲလှယ်ထည့်သွင်းပေးနိုင်သော အခြားအရည်အချင်းဟူ၍ မရှိချေ။ မည်မျှပင် ခဲယဉ်းပင်ပန်းစေကာမူ ဖွဲ့ကို မရမချင်း လေ့ကျင့်ပေးရချေမည်။ အားတက်ဖွယ် ကောင်းသော အချက်မှာ ပထမ၌ မည်မျှပင် နှေးကန်စေကာမူ မလွှတ်ဘဲ ဆွဲထားပါက တဖြည်းဖြည်းနှင့်အရှိန်ရ၍ လက်ဝယ်သို့ ရောက်လာသည်ကို တွေ့ရပေလိမ့်မည်။

ဖွဲ့ကောင်းခြင်းတည်းဟူသော အလေ့အကျင့်ကို မွေးမြူထားသော သူတို့သည် အောင်မြင်ရေးအတွက် အာမခံကုမ္ပဏီတစ်ခုတွင် စာချုပ်ထားပြီးသည်နှင့် တူလှပေ၏။ ထိပ်သို့ရောက်အောင် တက်ရာ၌ အကြိမ်ပေါင်းမည်မျှ ချော်ကျသည်ဖြစ်စေ နောက်ဆုံးတွင် ထိပ်ဖျားသို့ရောက်ရမည်သာဖြစ်၏။ လောက၌ ကြီးပွားမှုသည် ဝက်ပါထဲသို့ ဝင်ရခြင်းနှင့် တူလှပေရာ မလျှော့သော လုံ့လဖြင့် ထွက်ပေါက်ရှာသောလူသည် နောက်ဆုံးတွင် တွေ့ရမည်သာ ဖြစ်၏။ ထွက်ပေါက်မရှိသော ဝက်ပါဟူ၍ မရှိနိုင်ချေ။ ဝက်ပါမှလွတ်မြောက်လာသူများကို ပရိသတ်က ဩဘာပေးကြသကဲ့သို့ တစ်ခုသောလုပ်ငန်း၌ အထွတ်အထိပ်သို့ ရောက်သူများအား လောကကြီးက ဩဘာပေးကြ၏။ 'ခင်ဗျားဖြစ်လိမ့်မည်ဆိုတာ ကျုပ်တို့သိသားပဲ' ဟုပြောတတ်၏။

အချောတိုင်တက်သောသူသည် အကြိမ်ကြိမ် ချော်၍ကျပြီး နောက် မလျှော့သောဇွဲဖြင့် ဆက်ကာဆက်ကာတက်၍ ထိပ်သို့ ရောက်သဖြင့် ငွေထုတ်ကိုဖြုတ်ယူရသောအခါ ရရှိသောဆုငွေ ထက် ဝမ်းမြောက်ဖွယ်ကောင်းသော အရာသည်ကား မိမိ လုပ်သော အလုပ်၌ အောင်မြင်သဖြင့် 'ငါကွ'ဟု ဟစ်အော် လိုက်ချင်အောင် ကြည်နူးသော အရသာပင် ဖြစ်၏။

စီးပွားဥစ္စာရှာမှီးရာ၌ အကြိမ်ကြိမ်ဆုံးရှုံးရပြီးမှ ထမြောက် အောင်မြင်ရသောသူမှာ အချောတိုင်သမားထက် အဆပေါင်း များစွာ ထူးကဲလွန်မြတ်သော အရသာကို ခံစားရချေမည် ဖြစ် လေသည်။ အချောတိုင်တက်သောသူသည် တစ်ကြိမ်လျှောကျ သောအခါတွင် ဝါးလုံးတွင် သုတ်လိမ်းထားသော အချောဆီ များ ကပ်ပါသွားသဖြင့် နောက်တစ်ကြိမ်တက်ရန် လွယ်ကူ စေဘိသကဲ့သို့ စီးပွားရှာမှုတွင်လည်း တစ်ကြိမ် ဆုံးရှုံးသော သူသည် မိမိ၏ အပြစ်များကိုမြင်သဖြင့် နောက်တစ်ကြိမ်တွင် ထိုအပြစ်မျိုးမှ ရှောင်ဖယ်နိုင်ခွင့်ရခြင်းအားဖြင့် ထမြောက် အောင်မြင်ဖို့ လွယ်ကူစေ၏။

အလုပ်အကိုင်အမျိုးမျိုး ရှိကြသည့်အနက် စာရေးဆရာ အလုပ်သည် ထမြောက် အောင်မြင်သော အခါ၌ ရရှိသော ငွေအပြင် ထင်ပေါ် ကျော်စောခြင်းတည်းဟူသောဂုဏ်ကိုလည်း ခံစားကြရမည်ဖြစ်၍ အတော်ပင် လူကြိုက်များသော အလုပ် တစ်ခုဖြစ်၏။ ကျွန်ုပ်တို့ တိုင်းပြည်၌မူ ရသော ငွေသည်လည်း ကောင်း၊ ကျော်စောသော ဂုဏ်သည်လည်းကောင်း မက်မော

လောက်အောင် မရှိလှသော်လည်း အခြားတိုင်းပြည်များ၌မူ လက်စွမ်းလက်စ ရှိသူမှန်သမျှသည် ထိုအလုပ်ကို ဝင်ရောက် စမ်းသပ်ကြ၍ ဟန်မကျသောအခါမှ အခြားလုပ်ငန်းများသို့ ကူးပြောင်း လုပ်ကိုင်တတ်ကြလေသည်။

စာရေးဆရာ အလုပ်နှင့်ပတ်သက်၍ အမေရိကန်ပြည်တွင် ဖင်နီဟတ်ဆိုသူ မိန်းမတစ်ယောက်၏ ကောင်းခြင်းမှာ မှတ်သားဖွယ် ကောင်းလှပေသည်။ ဖင်နီဟတ်သည် စာရေးခြင်းဘက်တွင် ဝါသနာပါသူတို့၏ ထုံးစံအတိုင်း ထိုအလုပ်ဖြင့် ဝမ်းစာသာမက စီးပွားဥစ္စာလည်း ရှာမှီးအံ့ဟူသောအကြံနှင့် စတင်ရေးသားခဲ့ရာ ၄ နှစ်တိုင်တိုင် ကြိုးစားရေးသားခဲ့သော်လည်း မိမိစာအုပ်ကို လက်ခံရိုက်နှိပ်ထုတ်ဝေမည့် တိုက်မတွေ့သဖြင့် ကြီးစွာသော ပင်ပန်းဆင်းရဲခြင်းနှင့် တွေ့ရ၏။ သတင်းစာတိုက် တစ်တိုက်တည်းကပင် ထိုမိန်းမ၏ စာများကို ၃၆ ကြိမ်တိုင်တိုင် အလိုမရှိကြောင်းနှင့် ငြင်းပယ်ခဲ့၏။ လူသာမန်တို့သည် ၃၆ ကြိမ်ကိုမဆိုထားဘိ အစွန်းထွက်လောက်မျှ ငြင်းပယ်ခြင်းခံရပါမူ အချည်းနှီးအလုပ်ဟူ၍ လက်လျှော့လိုက်ကြမည်ဖြစ်၏။ ထိုမိန်းမကား ဤကဲ့သို့မဟုတ်ချေ။ ငါ၏စာကို 'သင်း'တို့ တစ်နေ့နေ့တွင် လက်ခံရမည်ဟူသော ဖွဲ့မျိုးနှင့် တစ်အုပ်ပြီး တစ်အုပ်၊ တစ်စောင်ပြီးတစ်စောင်၊ တစ်တိုက်ပြီး တစ်တိုက် ဆက်လက် ရေးသားပေးပို့ခဲ့ရာ ၃၇ ကြိမ်မြောက် ပေးပို့သော အခါတွင် ၃၆ ကြိမ် ငြင်းပယ်ပြီးသော စာအုပ်တိုက်သည် ၎င်း၏ စာအုပ်ကို လက်ခံ၍ ရိုက်နှိပ်ရောင်းချခဲ့၏။

ထိုစာအုပ်သည် ချက်ချင်းပင် ကမ္ဘာကျော်စာအုပ်အဖြစ်သို့ ရောက်သွားလေရကား စာအုပ်တိုက်များသည် ကိုယ်စားလှယ်များစေလွှတ်၍ ဖင်နီဟတ်ထံ အလုအယက် ဝယ်ယူကြသဖြင့် ခြေချင်းလိမ်လျက် ရှိနေတော့၏။ ဖင်နီဟတ်သည် မိမိ၏စာအုပ်များကို ရောင်းချခြင်းအားဖြင့် ငွေများကိုရေတွက်၍ မဖြစ်နိုင်လောက်အောင် ရရှိလေတော့၏။ ထို့နောက် ရုပ်ရှင်ကုမ္ပဏီများက ၎င်း၏စာအုပ်များကို အသုံးပြုကြလေရာ ငွေများသည် ဖင်နီဟတ်ထံသို့ ရေစီးသကဲ့သို့ တဝေါဝေါစီး၍ ဝင်လာလေတော့၏။

စာအုပ်အဖြစ်နှင့် ရိုက်နှိပ်ရောင်းချပြီးနောက် ရုပ်ရှင်ကုမ္ပဏီတစ်ခုက တစ်ခုသောဝတ္ထုကို ရုပ်ရှင်ရိုက်ကူးခွင့် ရရန်အတွက် ဒေါ်လာတစ်သိန်းပေး၍ ဝယ်ယူဖူးလေသည်။

ဤသည်ကား ဖွဲ့တည်းဟူသော သတ္တိ၏အကျိုးပေတည်း။ ဖင်နီဟတ် တစ်ဦးတည်းသာ မဟုတ်။ အမျိုးမျိုးသော အလုပ်အကိုင်တို့နှင့် အထွတ်အထိပ်သို့ ရောက်ကြသူ အပေါင်းသည် ဖွဲ့တည်းဟူသော သတ္တိကို အခြေခံပြုကြရသည်သာ ဖြစ်၏။ ဖွဲ့တည်းဟူသော သတ္တိကို အခြေခံပြုကြရသည်သာ ဖြစ်၏။ အကယ်၍ ညံ့သောသူသည် လုပ်နိုင်မှ ဝမ်းဝရုံမျှ ရှိတတ်ပေရာ ကြီးပွားထွန်းကားသူတို့မူကား ဖွဲ့ရှိကြသည်ကိုသာ တွေ့ရပေလိမ့်မည်။

ဖွဲ့ကောင်းခြင်းသည် ဉာဏ်ကြီးသကဲ့သို့ ဝမ်းတွင်းပါ မဟုတ်သော်လည်း လေ့ကျင့်မွေးမြူ၍ ရနိုင်သော အရည်အချင်းမျိုး ဖြစ်ရကား အောက်ပါအကြောင်းတို့ကြောင့် ဖြစ်ပေါ်လာရပေ၏။

၁။ ရည်ရွယ်ချက် အတည့်အလင်းရှိခြင်း။ ဇွဲရှိအောင် လေ့ကျင့်မွေးမြူရာ၌ မိမိ၏ပန်းတိုင်ကို အတည့်အလင်းဆုံးဖြစ်သတ်မှတ်ထားခြင်းသည် အရေးကြီးဆုံးဖြစ်၏။ထက်သန်သောရည်မှန်းချက်သည် အခက်အခဲအမျိုးမျိုးတို့ကို လွန်မြောက်နိုင်၏။

၂။ ဆန္ဒပြင်းထန်ခြင်း။ တစ်စုံတစ်ခုသော အရာကို ထက်သန် ပြင်းထန်စွာရလိုက်သည့်အခါဇွဲကောင်းဖို့ မခက်ခဲလှချေ။

၃။ ကိုယ့်အစွမ်းကို ယုံကြည်အားကိုးခြင်း။ မိမိ၏ အကြံအစည်အတိုင်း ထမြောက်အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟူ၍ မိမိအစွမ်းကို ယုံကြည်စိတ်ချခြင်းသည် ထိုအကြံအစည်အတိုင်း အဆုံးတိုင် ဇွဲကောင်းကောင်းနှင့် ဆောင်ရွက်နိုင်ဖို့ အားပေးရာ ရောက်၏။ (ကိုယ့်အစွမ်းကို ယုံကြည်ခြင်းမှာ အခန်း ၃ တွင် ဖော်ပြပါရှိသော နည်းစနစ်အရ လေ့ကျင့်နိုင်လေသည်။)

၄။ လုပ်ငန်းအစီအစဉ်ကို အသေအချာ သတ်မှတ်ထားခြင်း။ သတ်မှတ်ထားသော လုပ်ငန်း အစီအစဉ် ရှိခြင်းသည် ဇွဲကောင်းစေဖို့ အားပေးအားမြှောက် ပြုတတ်၏။

၅။ တိတိကျကျ သိနားလည်ခြင်း။ မိမိ၏ လုပ်ငန်း အစီအစဉ်တို့သည် ဇွဲကောင်းမှုအတွက် ကူညီအားပေးစေနိုင်၏။ အသေအချာမသိရဘဲ ရော်ရမ်း မှန်းဆကာဖြင့် 'စမ်းတဝါးဝါး' အလုပ်လုပ်ရခြင်းသည် ဇွဲကို ဖျက်ဆီးတတ်၏။

၆။ တွဲဖက် ဆောင်ရွက်ခြင်း။ အခြားသူတို့နှင့် တွဲဖက်

ချောမောညီညွတ်စွာ ရှိခြင်းသည် ဖွဲ့ကောင်းဖို့ အားပေးတတ်၏။

၇။ အားကြီးသော စိတ်ဓာတ်ရှိခြင်း။ မှန်းထားသောပန်းတုံးတိုင်သို့ရောက်အောင် သတ်မှတ်ထားသော လုပ်ငန်းအစီအစဉ်၌ အာရုံရှုးစိုက်သောအလေ့အကျင့်ရှိခြင်းသည် ဖွဲ့ကောင်းစေတတ်၏။

၈။ အကျင့်ပါခြင်း။ ဖွဲ့ကောင်းခြင်းဆိုသည်မှာ နေ့စဉ်နှင့်အမျှလုပ်ကိုင်ဆောင်ရွက်ရသော အလုပ်တို့မှာ အကျင့်ပါလာခြင်း၏ အကျိုးဆက်ပင်ဖြစ်၏။ ကြောက်တတ်သောသူတစ်ယောက်သည် ရဲရင့်သောအမှုတို့ကို တစ်ခုပြီးတစ်ခု စွန့်စား၍ ပြုခြင်းအားဖြင့် ကြောက်တတ်သောစိတ်ကို ပယ်ဖျောက်နိုင်၏။

ဖွဲ့အကြောင်းနှင့်ပတ်သက်၍ မပြီးဆုံးမီ သင့်ကိုယ်ကို သင်စစ်တမ်းထုတ်၍ မည်သည့်အချက်၌ ဖွဲ့ညံ့သည်အဖြစ်ကို ပေါ်ပေါက်အောင် စစ်ဆေးပါလေ။ သင့်ကိုယ်၌ အထက်ပါအချက်ကြီး ရှစ်ချက်တို့တွင် မည်သည့်အချက်၌ ချွတ်ယွင်းလျက်ရှိသည်ကို ရဲရဲဝံ့ဝံ့ စစ်ဆေး ကြည့်ရှုပါလေ။ ထိုကဲ့သို့စစ်ဆေး၍ ပေါ်ပေါက်လာသည့်အခါ လိုသောအချက်ကို လက်ဆုပ်လက်ကိုင်ပြု၍ ပြင်ဆင်ပြောင်းလဲရန် တတ်နိုင်ပေလိမ့်မည်။

## ဖွဲ့ညံ့ခြင်း၏ အထိမ်းအမှတ်များ

ဤနေရာ၌သင်သည် သင်၏ကြီးပွားရေး၌ အကြီးအကျယ်အနှောင့်အယှက်ပြုလျက်ရှိသော ရန်သူအစစ်ကြီးများကို တွေ့ရပေလိမ့်မည်။ ဤနေရာ၌ ဖွဲ့ညံ့ကြောင်း ဖော်ပြသည့် နိမိတ်

လက္ခဏာတို့သာမက ဖွဲ့ညံ့ခြင်းကိုဖြစ်စေသည့် အရင်းအမြစ်တို့ ကိုလည်း တွေ့ရှိရပေလိမ့်မည်။ သင်သည် အရည်အချင်းမည်မျှ လောက်ရှိ၍ မည်မျှလောက် စွမ်းဆောင်နိုင်ကြောင်းကို အစစ် အမှန်သိလိုခဲ့လျှင် အောက်ပါအချက်တို့ကို သေချာစွာ ဖတ်၍ စစ်ဆေးပါလေ။ ဓနဥစ္စာ မြောက်မြားစွာ ကြွယ်ဝလိုသူ ဟူ သမျှတို့သည် ဤချွတ်ယွင်းချက်များကို နှိမ်နင်းနိုင်မှ သာလျှင် အလိုဆန္ဒ ပြည့်ဝနိုင်ပေလိမ်မည်။

၁။ မိမိရည်မှန်းထားသော ပန်းတုံးတိုင်သို့ သေသေချာ ချာ မသတ်မှတ်နိုင်ခြင်း

၂။ အမျိုးမျိုးသော ဆင်ခြေတို့ဖြင့် အကြောင်းပြ၍အချိန် ဆွဲတတ်ခြင်း

၃။ သက်ဆိုင်ရာ ပညာဗဟုသုတကို ရှာဖွေစုဆောင်းခြင်း၌ စိတ်မပါခြင်း

၄။ တစ်ခုသောကိစ္စကို မျက်နှာချင်းတော့ဆိုင် ဆုံးဖြတ် တတ်သော အလေ့အကျင့် မရှိခြင်း

၅။ အခက်အခဲတို့မှ လွတ်မြောက်မှုအတွက် ပိုင်ပိုင်,နိုင်နိုင် အကြံအစည်မထုတ်ဘဲဆင်ခြေပေးခြင်း၊ ရှောင်တိမ်းနေတတ်ခြင်း။

၆။ ကိုယ့်ကိုကိုယ် တော်လှချေပြီဟူ၍ စိတ်ကျေနပ်နေ တတ်ခြင်း။ ဤချွတ်ယွင်းချက်မျိုး ရှိသူတို့အတွက်မူကား ဆေး လည်းမရှိ၊ မျှော်လင့်ဖွယ်ရာလည်းမရှိချေ။ ဤပုဂ္ဂိုလ်မျိုးသည် ဤစာအုပ်တွင် ဖော်ပြပါရှိသော အကြောင်းအရာတို့ကိုလည်း ဟုတ်လှသည် မထင်မှတ်တတ်ချေ။

၇။ တော်စွာ လျော်စွာ စိတ်သဘော ထားတတ်ခြင်း။ ထိုသဘောမျိုး ရှိသူတို့သည် အခက်အခဲများကို တွေ့တွေ့ဆိုင်ဆိုင် နိမ်နင်းဖို့ မကြိုးစားဘဲ ပုံတော်သလို သပ်ကာယပ်ကာ စီမံတတ်ကြလေသည်။

၈။ မိမိ၏ အပြစ်များကို သူတစ်ပါးတို့အပေါ်သို့ လွှဲတင်၍ မညီညွတ်သော အချက်များနှင့် တွေ့ရသည့်အခါ မလွှဲမရှောင်သာဟူ၍ မှတ်ယူတတ်ခြင်း

၉။ ဆန္ဒအားနည်းခြင်း

၁၀။ ဆုံးရှုံးမည့် အရိပ်နိမိတ်မြင်ကာမျှနှင့် လုပ်ငန်းတစ်ခုကို လျင်မြန်စွာ လက်လွှတ်တတ်ခြင်း

၁၁။ လုပ်ငန်းအစီအစဉ်ကို အသေအချာ ကွက်စိပ်ရိုက်၍ မြင်လောက်သောနေရာ၌ ရေးဆွဲမထားမိခြင်း

၁၂။ အချက်ကောင်း အကွက်ကောင်းပေါ်လာသည့်အခါ၌ ရုတ်တရက် မဆောင်ရွက်ဘဲ ဖင့်နွှဲဆိုင်းတွတတ်ခြင်း

၁၃။ ပြင်းထန်သော ဆန္ဒမျိုးမရှိဘဲ လိုချင်ကာ မတ္တာမျှရှိနေတတ်ခြင်း

၁၄။ လုပ်လို,ဖြစ်လို, ပိုင်လိုသော စိတ်များမရှိဘဲ မွဲသောအခြေအနေ၌ ကျေနပ်နေတတ်ခြင်း

၁၅။ မပေးဘဲနှင့် ရလိုသောဝါသနာအလျောက် လောင်းကစားခြင်း အစရှိသည့် ရုတ်တရက် ချက်ချင်းကြွယ်ဝစေတတ်

သည့် ဖြတ်လမ်း, ရှာတတ်သော အလေ့အကျင့်မျိုး ရှိခြင်း။ ဤသူမျိုးတို့သည် ကုန်ကူးခြင်းအလုပ်တွင် ဝယ်ရာ၌ အချောင်ရှာလိုတတ်၍ ရောင်းရာ၌ 'မျက်လုံးကို သဲပက်၍' ရောင်းလိုတတ်လေသည်။

၁၆။ အခြားသူတို့ အပြစ်ရှာမည်ကိုကြောက်ရွံ့တတ်သဖြင့် လုပ်ငန်းအစီအစဉ်ကို ပိုင်ပိုင်နိုင်နိုင်, သတ်မှတ်မထားမိခြင်း။

များစွာသော သူတို့သည် မိတ်ဆွေများ၊ ဆွေမျိုးများ၊ ဉာတိများမှစ၍ တစ်ရပ်လုံး၊ တစ်နယ်လုံး၊ တစ်တိုင်းပြည်လုံးက အပြစ်ပြောဆိုကြမည့်အရေးကို တွေးတောစိုးရိမ်မိသည့်အတွက် မိမိလုပ်လိုသော အလုပ်ကို မလုပ်ဝံ့ဘဲ ရှိတတ်ကြလေသည်။

ဤသူမျိုးသည့်ကား 'မှားလျှင်လည်းအများနဲ့' ဟူသော သဘောထားမျိုးရှိသည်ဖြစ်၍ ထူးထူးချွန်ချွန် ကြီးပွားသော အခြေအနေသို့ ရောက်နိုင်ဖို့ မရှိချေ။

များစွာသော သူတို့သည် ကြီးပြင်းလာသောအခါမှ ပညာရှာရလျှင် သူတစ်ပါးတို့ ပြက်ရယ်ပြုမည်ကို ရွံ့ရှက်သည်နှင့် ဆည်းပူးသင့်သော ပညာကို မဆည်းပူးဘဲ နေတတ်ကြ၏။

များစွာသော သူတို့သည် ဆွေမျိုးဉာတိတို့၏ စကားကို နားထောင်ရန် ဝတ္တရားရှိသည်ဟု မှတ်ထင်ကြသဖြင့် မကြီးပွားနိုင်ဘဲ ရှိကြရ၏။ မိမိ၏ ကြီးပွားရေးကို အနစ်နာခံ၍ ဆွေမျိုးဉာတိတို့၏ စကားကို နားထောင်ရန် ဝတ္တရားဟူ၍ ရှိသင့်ဟန်မတူချေ။

အချို့သောသူတို့သည် စွန့်စွန့်စားစား ကြံစည်လိုသော်လည်း မတော်တဆ ချော်သွားခဲ့လျှင် သူတစ်ပါးတို့ ကဲ့ရဲ့ပြောဆိုမည်ကို ကြောက်ရွံ့စိုးရိမ်သဖြင့် မကြံစည်ဘဲ နေတတ်ကြ၏။ ဤသို့သော သူမျိုးတို့၌ အပြစ်တင်ခံရမည်ကို ရွံ့ကြောက်သော စိတ်သည် ကြီးပွားမှုကို လိုသောဆန္ဒထက် ခွန်အားကြီးမားဘိ၏။

များစွာသော သူတို့သည် ကြီးပွားထွန်းကားလောက်သော အကြံအစည်မျိုး ဖြစ်ပေါ်လာသောအခါ ဆွေမျိုးဉာတိတို့က 'အကြံကြီးလွန်းသည်' ဟူ၍ အပြစ်ပြောကြမည်ကို ကြောက်ရွံ့သဖြင့် ထိုအကြံအစည်ကို လက်လျှော့တတ်ကြလေသည်။

ကျွန်ုပ်တို့ကိုယ်တိုင်ဖြစ်စေ၊ အခြားသူတို့၌ဖြစ်စေ ကြီးပွားထွန်းကားလောက်သော အကြံအစည် စိတ်ကူးတို့သည် ရံဖန်ရံခါ ဖြစ်ပေါ်လာတတ်သော်လည်း သူတစ်ပါး၏ ထင်မြင်ချက်ကို ထောက်ထားမိသည့်အတွက် ထိုစိတ်ကူးတို့သည် ဆောင်ရွက်လုပ်ကိုင်ရသော အခြေမျိုးမရောက်မီ အသေဖွားသော သားကဲ့သို့ တစ်ခဏချင်း ပျက်စီးရသည်ကိုတွေ့ကြရလေသည်။ သို့ဖြစ်၍ များစွာသော အကြံကောင်း အစည်ကောင်းတို့ကို သုတ်သင်ပယ်ရှင်းဖျက်ဆီးတတ်သော အရာသည်ကား သူတစ်ပါးတို့ အပြစ်တင်ခြင်းကို ရွံ့ကြောက်မည် စိုးရိမ်တတ်သော စိတ်ပင်ဖြစ်ချေ၏။

များစွာသော သူတို့က 'ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်' ဟူသော စကားကို အကိုးအကားပြု၍ ကံကောင်းမှ ချမ်းသာတော့မည်ကဲ့သို့ တစ်ထစ်ချမှတ်ယူတတ်ကြ၏။ 'ကံမရှိ၊ ဉာဏ်ရှိ

တိုင်းမွဲ'ဟူ၍ပင် အချို့က ပြောကြသေး၏။ စင်စစ်မှာ အခွင့်ကောင်း မကောင်းကို သိတတ်ခြင်းသည် ဉာဏ်၏ အလုပ်ဖြစ်လေရာ အခွင့်မကောင်းသည်ကို ကောင်းသည်ဟု မှားယွင်းမှတ်ထင်သည့်အတွက် ဆောင်ရွက်မိသဖြင့် မွဲရခြင်းသည် ဉာဏ်ရှိသော့ကြောင့် မွဲရသည်ဟု မဆိုသင့်ချေ။ ဉာဏ်လိုသည့်အတွက် အကြံချော်ခြင်းမျှသာဖြစ်လေသည်။ အခွင့်ကောင်းပေါ်သည်ကိုစောင့်ကြည့်၍ ပေါ်သည်နှင့်တစ်ပြိုင်နက် ဆောင်ရွက်တတ်သော ဉာဏ်မျိုးရှိသောသူသည် ထိုဉာဏ်အတွက်ကြောင့် ဘယ်အခါ့မျှ မမွဲနိုင်ချေ။ မွဲရလျှင် ဉာဏ်လိုသောကြောင့်လည်းကောင်း၊ ဗွဲလိုသောကြောင့်လည်းကောင်း၊ စိတ်ကူး လိုသောကြောင့်လည်းကောင်း ဖြစ်ရချေမည်။ တစ်ခုသေချာသည်ကား ကံရှိမှ စီးပွားဖြစ်နိုင်သည်ဟူသော သဘောနှင့် ကံကိုသာမျှော်လင့်နေသော သူတစ်ယောက်သည် ထီပေါက်ခြင်းမှတစ်ပါး စီးပွားဥစ္စာပေါများရန် လမ်းမရှိတော့ချေ။ ကံမရှိသောအခါ၌ အကြံအစည်များ လွဲချော်တတ်ကြောင်းကို မငြင်းပယ်နိုင်သော်လည်း မလျှော့သောဗွဲဖြင့် မှားသောအပြစ်များကို ဖယ်ရှား၍ ထပ်ကာတလဲလဲ အကြံအစည်ထုတ်ပါမူ ထမြောက်အောင်မြင်သူတို့သာများပေလိမ့်မည်။ ထိုအခါမှကံလိုက်လာသည်ဟု ဆိုလျှင်လည်း ကျွန်ုပ်တို့မငြင်းနိုင်တော့ပေ။ ဖော်ပြခဲ့ပြီးသော နည်းလမ်းအတိုင်း ကျကျနနလေ့ကျင့်လိုက်နာ၍ တစ်သက်ပတ်လုံး မနေမနားကြိုးစားအားထုတ်ပါမူ တစ်ကြိမ်တစ်ခါမျှ ကြီးပွားချမ်းသာလောက်အောင် မဖြစ်ရသူဟူ၍ တကယ်ရှားပေလိမ့်မည်။

အချက်ကောင်းအကွက်ကောင်းဆိုသည်မှာ ကံအားလျော်စွာလည်း ဖြစ်ပေါ်လာတတ်၏။ မိမိကလည်း ပြုလုပ်ယူနိုင်၏။ အလိုအလျောက် မပေါ်လာသဖြင့် ခွဲကောင်း စိတ်ကူးကောင်းဖြင့် အကွက်ကောင်း အချက်ကောင်းကို ဖန်ဆင်းနိုင်သည့်အတွက်ကြောင့် ကြီးပွားထွန်းကားခြင်းသို့ ရောက်ကြသူများသည် အတိုင်းတိုင်းအပြည်ပြည်၌ မြောက်မြားစွာ ရှိကြသဖြင့် ၎င်းတို့၏ အတ္ထုပ္ပတ္တိကို စာဖွဲ့ရေးသားရပါမူ ပိဋကတ်တိုက်ပင် ဆံ့နိုင်ဖွယ်ရာ မရှိချေ။

သင်တွေ့ရသော လူပေါင်း ၁၀၀ တို့အား လောက၌ မည်သည့်အရာကို အရေးတကြီး အလိုရှိပါသနည်းဟု မေးမြန်းခဲ့လျှင် ရာခိုင်နှုန်း ၉၀ တို့က မေးခွန်းကို အသေအချာမဖြေဆိုနိုင်ဘဲ ဖြစ်နေသည်ကို တွေ့ရပေလိမ့်မည်။

ဖြေဆိုရန် ထပ်လောင်းတိုက်တွန်းသည့်အခါ အချို့က ငွေဟူ၍သော်လည်းကောင်း၊ အချို့က စိတ်ချမ်းသာမှုဟူ၍လည်းကောင်း၊ အချို့က ကျော်စောကိတ္တိရှိခြင်းဟူ၍လည်းကောင်း၊ အချို့က ဩဇာတိက္ကမ ကြီးခြင်းဟူ၍လည်းကောင်း၊ အချို့က လူချစ်လူခင် ပေါများခြင်းဟူ၍လည်းကောင်း၊ အနည်းငယ်တို့က မင်္ဂလ်ဖိုလ်နိဗ္ဗာန် ဟူ၍လည်းကောင်း အမျိုးမျိုး ဖြေဆိုကြပေလိမ့်မည်။ ထိုဆန္ဒမျိုးသည် မရေရာ မဖြစ်ပေါ်တတ်သော ဆန္ဒမျိုးမျှသာ ဖြစ်လေရာ ထိုဆန္ဒအတိုင်း ပြည့်စုံအောင် ဆောင်ရွက်မှုအတွက် မည်ကဲ့သို့သော နည်းလမ်းမျိုးသတ်မှတ်ဆုံးဖြတ်ထားပါသနည်းဟု မေးမြန်းသောအခါ၌ သာ၍ မရေမရာဖြေဆိုကြ

သည်ကို တွေ့ရပေလိမ့်မည်။ ဥစ္စာဓနတို့မည်သည် လိုချင်ကာမတ္တဖြင့် ရရှိနိုင်သည် မဟုတ်ချေ။ ပြင်းစွာသောဆန္ဒကို အခြေခံပြု၍ ဘယ်ကဲ့သို့ ဆောင်ရွက်မည်ဟု လုပ်ငန်းအစီအစဉ်ဖြင့် ကြံစည်စိတ်ကူးထားပြီးလျှင် ၎င်းစိတ်ကူးအတိုင်း ဇွဲကောင်းကောင်းနှင့် ဆောင်ရွက် လုပ်ကိုင်မှသာလျှင် ရနိုင်သော အရာမျိုးဖြစ်လေသည်။ စင်စစ်မှာ ဤနည်းအတိုင်း ဆောင်ရွက်နိုင်ကြပါလျှင် လောကတွင် မရှိနိုင်သောအရာဟူ၍ ခပ်ရှားရှား ရှိပေလိမ့်မည်။

## ဇွဲကောင်းအောင် လေ့ကျင့်နည်း

ဇွဲကောင်းသော အလေ့အကျင့်သို့ တက်လှမ်းရန်လှေကားထစ် လေးထစ်ရှိ၏။ ထိုအလေ့အကျင့်မျိုးရရှိရန်မှာ လွန်ကဲသော ဉာဏ်ရည်လည်းကောင်း၊ ကျောင်းမှ သင်ကြားရသောပညာမျိုးလည်းကောင်း လိုသည်မဟုတ်။ လုံ့လအနည်းငယ်မျှသာ လိုလေသည်။ လှေကားထစ် လေးထစ်တို့သည်ကား…

၁။ ပြင်းထန်သော ဆန္ဒဖြင့် တိတိကျကျ သတ်မှတ်ထားသော ရည်မှန်းချက်တစ်ခု ရှိရခြင်း

၂။ ထိုရည်မှန်းချက်အတိုင်း ပြည့်စုံစိမ့်သောငှာ လုပ်ငန်းအစီအစဉ်တစ်ခု ရေးဆွဲထား၍ ၎င်းအတိုင်း မနေမနား ကြိုးစားဆောင်ရွက်ရခြင်း

၃။ မိတ်ဆွေဉာဏ်ရှိသော အခြားသူတို့၏ အားလျော့စေတတ်သော အကြံပေးချက်များကို လက်မခံဘဲ နားပိတ်၍ထားခြင်း

၄။ မိမိ၏ အကြံအစည်အတိုင်း ဆုံးခန်းတိုင်ရောက်အောင် ဆောင်ရွက်နိုင်ရန် အားပေးအားမြှောက် ပြုမည့်မိတ်ဆွေများနှင့် ပူးပေါင်းခြင်း

မည်သည့်ရည်မှန်းချက်မျိုးထား၍ ဆောင်ရွက်သည်ဖြစ်စေ ထမြောက် အောင်မြင်မှုအတွက် ဤလှေကား လေးထစ်တို့သည်အလွန်တစ်ရာ အရေးကြီး၏။ ဤစာအုပ်တွင်ပါရှိသော အခန်းကြီး ၁၀ ခန်းတို့၌ ဖော်ပြထားသည့် လေ့ကျင့်ခန်းများမှာ ဤလှေကား လေးထစ်ကို တက်ရာတွင် အကျင့်ပါစေမှုအတွက် မျှသာ ဖြစ်လေသည်။

ဤလှေကားထစ်မျိုးမှ တက်ခြင်းအားဖြင့် အကြင်သူသည် မိမိ၏ စီးပွားရေးကို မိမိသဘောအတိုင်း ပြုပြင်အုပ်ချုပ်ပိုင်ခွင့် ရှိ၏။

ဤလှေကားထစ်များမှ တက်သောသူတို့သည် လွတ်လပ်စွာ ကြံစည်စိတ်ကူးတတ်သော အလေ့အကျင့်ကို ရနိုင်၏။

ဤလှေကားထစ်များမှ တက်သောသူတို့သည် ဓနဥစ္စာ အနည်းနှင့် အများ ကြွယ်ဝချမ်းသာသောအခြေသို့ရောက်နိုင်၏။

ဤလှေကားထစ်များမှ တက်သောသူသည် တန်ခိုးကြီးခြင်း၊ ကျော်စောခြင်း၊ လူတို့လေးစားခြင်းစသည်းဟူသော အခြေသို့ ရောက်နိုင်၏။

ဤလှေကားထစ်မှ တက်သောသူသည် အချက်ကောင်
အကွက်ကောင်းများ ပေါ်သည့်အခါ လာဒ်ကိုမြင်သဖြင့်
ပေါ်ပေါက်အောင်လည်း ဖန်ဆင်းနိုင်၏။

ဤလှေကားထစ်များမှ တက်သောသူသည် စိတ်ကူးက
တကယ်ဖြစ်အောင် ပြုလုပ်နိုင်၏။

ဤ လှေကားထစ်များသည် ရွံ့ကြောက် စိုးရိမ်ခြင်း
စိတ်အားလျော့ခြင်း၊ အမှတ်မဲ့ နေတတ်ခြင်းတို့ကို ပပျောက်
နိုင်၏။

ဤလှေကားထစ်များကို ကျော်နင်း၍ တက်မိသူဟူသမျှ
အဖိုးကြီးမားသောအကျိုးကျေးဇူး ခံစားဖို့ရှိ၏။ အကျိုးကျေးဇူ
ဆိုသည်ကား မိမိလိုသောအရာကို လက်မှတ်ထိုး၍ ယူနိုင်ခြ
နှင့် တူလှပေသည်။

မစ္စစ်ဆင်ပဆင်နှင့် အင်္ဂလန်ပြည် ဒွေတ်ဘုရင်တို့ နဖူးစ
ဆုံဆည်းရခြင်းနှင့် ပတ်သက်၍ မစ္စစ်ဆင်ပဆင်ဘက်မှ ကြ
လိုက်သော် သင်ခန်းစာကြီးတစ်ရပ်ရထိုက်ပေ၏။ ၎င်းတို့ လက
ထပ်ကြစဉ်အခါက ကျွန်ုပ်တို့သည် သူရိယသတင်းစာအယ်ဒီတ
အဖြစ်နှင့် ခေါင်းကြီးပိုင်းနှင့်မှတ်ချက်များ ရေးသားခဲ့ရာ မျ
စွာသောသတင်းစာအပေါင်းတို့က ဒွေတ်ဘုရင်၏ အပြုအမူ
ရှုတ်ချရေးသားကြသော်လည်း သူရိယသတင်းစာ တစ်စော
တည်းကသာလျှင် ဒွေတ်ဘုရင်၏ ရဲရင့်သောသတ္တိကို ထောက်
ချီးကျူး ရေးသားခဲ့ဖူးလေသည်။

ဤစာအုပ်၌မူ ဒွေတ်ဘုရင်ဘက်မှမကြည့်ဘဲ မစ္စစ်ဆင်မဆင် ဘက်မှကြည့်ရှုဆင်ခြင်၍ ထူးကဲသောအချက်များကိုဖော်ပြရပေအံ့။

မစ္စစ်ဆင်မဆင်သည် လင်ယောကျ်ားဓါ် ချစ်ခင်ကြင်နာခြင်း ကို ပြင်းထန်စွာ အလိုရှိခဲ့၏။ ဝေလာမင်းသားနှင့် မတွေ့မီ နှစ်ကြိမ်တိုင်တိုင် စမ်းသပ်လက်ထပ်ခဲ့သော်လည်း မိမိမျှော်လင့် သည့်အတိုင်း လေးနက်သော ကြင်နာချစ်ခင်ခြင်းကို မတွေ့ခဲ့ရ ချေ၊ သာမန် မိန်းမဖြစ်ခဲ့လျှင် နှစ်ကြိမ် အထမမြောက်သော အခါ၌ လက်လျှော့မည်ဖြစ်သော်လည်း မစ္စစ်ဆင်မဆင်မှုကား စိတ်အားမလျှော့ဘဲ ရှာမြဲတိုင်း ဆက်လက်ရှာခဲ့၏။

ကျွန်ုပ်တို့သည် မစ္စစ်ဆင်မဆင်အကြောင်းကို ဝေလာမင်း သားနှင့် လက်ထပ်တော့မည့်ဆဲဆဲတွင်မှ ကြားသိရသော်လည်း စင်စစ်မှာမူကား၊ မစ္စစ်ဆင်မဆင်သည် အညတြအဖြစ်မှ မင်းသား ၏ မိတ်ဆွေအဖြစ်သို့ရောက်အောင် လှော်ခတ်ကြံစည်လာရပုံ များမှာ အံ့ဩဖွယ်ရာကြီးဖြစ်ပေ၏။ လူပျိုမင်းသား၏ ကြင်ယာ တော်အဖြစ် မဆိုထားဘိ။ ၎င်းနှင့် နီးရင်းသော အပေါင်း အသင်းများအနက်တွင် တစ်ယောက်အပါအဝင်ဖြစ်ဖို့ကိုစွပင်လျှင် အလွန်တစ်ရာခဲယဉ်းလှ၏။ ကျွန်ုပ်တို့သည် မစ္စစ်ဆင်မဆင်၏ အမြင်လှမ်းခြင်းကို မည်သို့သဘောထားကြသည်ဖြစ်စေ၊ အလွန် ခက်ခဲလှသောအရာကို ရရှိအောင်စွမ်းဆောင်နိုင်သော ဖွဲ့ကိုမူ ကား ကမ္ဘာ၏ ရာဇဝင် စာတင်လောက်ပါပေ၏။

မစ္စစ်ဆင်မဆင်သည် မိမိလိုသောအရာကို ရအောင်ပြုလုပ် ရာ၌ ကမ္ဘာပေါ်တွင် အကြီးဆုံးသော အင်ပိုင်ယာကြီးကို

တုန်လှုပ်ချောက်ချားစေခဲ့၏။ တစ်ကမ္ဘာလုံးတွင်ရှိသော အပို့ဟူသမျှတို့က 'မျက်စပစ်' ခဲ့ကြရသောလူပျိုကြီးကို အသက် ၄၀ ကျော်သဖြင့် အရွယ်လွန်ပြီဟုဆိုအပ်သည့် နှစ်ခုလပ် မိန်းမတစ်ယောက်က မိအောင်ဖမ်းနိုင်ခြင်းမှာ ဤခေတ်အခါတွင် လူ၏စိတ်ဓာတ်နှင့်ပတ်သက်၍ အကြီးဆုံးသော အံ့ဖွယ်ကြီး တစ်ခုဖြစ်ချေ၏။

ဒွေတ်ဘုရင်ဘက်မှ ကြည့်ပြန်သော် အသို့တွေ့ရလေသနည်း။ ထိုသူသည် မိန်းမတစ်ယောက်၏ မေတ္တာအတွက် အကြီးဆုံးသော ထီးနန်းစည်းစိမ်ကို စွန့်လွှတ်ရသည်ဖြစ်ရာ ရရှိသော ပစ္စည်းနှင့် ပေးရသော တန်ဖိုးသည် အဆမတန် များလွန်းလေသလော။

ဤအမေးပုစ္ဆာကိုဖြေဆိုရန်မှာ အခြားသူတို့၏အရာမဟုတ်။ ကာယကံရှင်ဖြစ်သော ဒွေတ်ဘုရင်တစ်ဦးတည်းသာလျှင် မှန်ကန်အောင် ဖြေဆိုနိုင်ပေလိမ့်မည်။

အခြားသူတို့အဖို့မူကား တွေးဆရုံလောက်သာ တတ်နိုင်ကြပေမည်။ ကျွန်ုပ်တို့သိရှိကြသည်ကား ဝေလာမင်းသားသည် ကမ္ဘာပေါ်တွင်အကြီးကျယ်ဆုံးသော အင်ပိုင်ယာ ရှင်ဘုရင်တစ်ပါး၏သားတော်ကြီးဖြစ်ခဲ့၍ ဖခင်၏အရိုက်အရာကိုဆက်ခံရသော်လည်း မိမိ၏ရာထူးကို အမြတ်တနိုးကြီး ရှိလှသူ တစ်ယောက်မဟုတ်ကြောင်း ကျွန်ုပ်တို့သိရ၏။ တစ်ကမ္ဘာလုံး၌ရှိသော ထိပ်တန်းမိန်းမများနှင့် ဘုရင့်သမီးတော်များသည် ဝေလာမင်းသားကို ဝိုင်း၍ပိုးပန်းခဲ့ကြကြောင်း၊ ဗြိတိသျှ ဝန်ကြီးချုပ်များက ဤမင်းသမီး ထိုမင်းသမီး စသည်တို့ဖြင့် ဇန်းပြု၍ စေ့စပ်ခဲ့

ကြောင်း ကျွန်ုပ်တို့သိရ၏။ ဝေလာမင်းသားသည် ထင်ပေါ်ကျော်စောခြင်းကိုအလိုမရှိဘဲလျက်နှစ်ပေါင်း ၄၀ ကျော်ကျော် ထင်ပေါ်ကျော်စောခဲ့ရ၍ ထီးနန်းစည်းစိမ်ကို ခင်မင်တွယ်တာသူ တစ်ယောက်မဟုတ်ဘဲ ဘုရင်အဖြစ်သို့ရောက်ခဲ့ရ၏။ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေးနေထိုင်လိုသူ တစ်ယောက်ဖြစ်ပါလျက် အကြီးဆုံးသော ဂုဏ်ထူးနှင့် တာဝန်ကြီးကို ထမ်းရွက်ခဲ့ရ၏။

အချို့သောသူတို့က ကာမာဝစရကုသိုလ်နှင့် ပတ်သက်၍ ဤလောကတွင် အမြင့်မြတ်ဆုံး အကျိုးပေးထားသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည့်အတွက်ကြောင့် အလွန်စည်းစိမ်ရှိ၍ စိတ်ချမ်းသာလှလိမ့်မည်ဟု မှတ်ထင်ဖွယ်ရှိ၏။

စင်စစ်သော်ကား ဝေလာမင်းသားသည် လူချစ် လူခင်အပေါ်များဆုံးသော မင်းသားအဖြစ် တန်ခိုးအကြီးဆုံးသော ဘုရင်အဖြစ်သို့ ရောက်ရ၍ ထင်ပေါ် ကျော်စောခြင်း၊ ဩဇာတိက္ကမ ကြီးခြင်းနှင့်တကွ ချမ်းသာသုခ အမျိုးမျိုးတို့ကို ရရှိသည်ဟု ဆိုနိုင်သော်လည်း ဒွတ်ဘုရင်၏စိတ်တွင်ကြီးစွာသော အချက်တစ်ခု လိုလျက်ရှိ၏။ ထိုအချက်သည်ကား မိန်းမတစ်ယောက်၏ မေတ္တာပင်ဖြစ်၏။

ဝေလာမင်းသားသည် မစွစ်ဆင်မဆင်နှင့် မတွေ့မီကတည်းကပင် မေတ္တာဓာတ်ကိုလိုလျက်ရှိရာ အခြားသောသုခအမျိုးမျိုးကိုကို ရရှိသော်လည်း ထိုချွတ်ယွင်းချက်ကြောင့် ၎င်း၏နှလုံးသည် ပေါင်းလောင်းကြီး ဖြစ်၍နေခဲ့၏။ ဤမိန်းမ၊ ထိုမိန်းမ

စသည်တို့နှင့် သာမန်အားဖြင့် ချစ်ကြိုက်မိဖူးသည် ဖြစ်သော်လည်း မေတ္တာစစ်မဟုတ်သောကြောင့် လိုအပ်သောတောင့်တမှုသည် ပြည့်စုံခြင်းသို့မရောက်ခဲ့ချေ။ မစ္စစ်ဆင်ပဆင်နှင့် တွေ့ရသောအခါတွင်မှ ဟောင်းလောင်းဖြစ်၍နေခဲ့သော နှလုံးသည် အံကျအောင် ပြည့်စုံသွားလေတော့၏။

[ကြည်နေရာ၌ မေတ္တာစစ်အကြောင်းကို နားမလည်သောသူတို့သည် အထက်ပါစာပိုဒ်၏ အဓိပ္ပာယ်ကို နားလည်ကောင်းမှ နားလည်ကြပေမည်။ မည်သည့်ယောကျ်ားမဆို၊ မည်သည့်မိန်းမကိုဖြစ်စေ၊ လိင်မတူသည့်အတွက်ကြောင့် အသင့်အတင့် ချစ်ခင်နိုင်၏။ မိန်းမတို့ကလည်း ထိုနည်းအတူပင်ဖြစ်၏။ သို့ရာတွင် မေတ္တာဓာတ်စစ်ဖြင့် ချစ်ခင်ဖြစ်ဖို့သည်တို့မှာ အလွန်ရှားပေရကား လက်ထပ်ပြီးကြသော လင်စုံမယားစုံတို့အနက်တွင် ရာခိုင်နှုန်း ၂၅ မျှပင် ရှိကောင်းမှ ရှိကြပေမည်။ များစွာသော ယောကျ်ားမိန်းမတို့သည် မေတ္တာဓာတ်စစ်ကိုပင် နားမလည်ကြ မခံစားဖူးကြသဖြင့် လိင်ကြောင့်ဖြစ်ပေါ်သောလိုလားမှုကိုပင် မေတ္တာဟူ၍ မှတ်ထင်လျက် ဘဝ၏အဆုံးသို့တိုင် ရောက်ကြရလေသည်။]

မစ္စစ်ဆင်ပဆင်သည် နှစ်ကြိမ်တိုင်တိုင် စမ်းသပ်သော်လည်း အချည်းနှီးဖြစ်ခဲ့၏။ ဝေလာမင်းသားသည် အသက် ၄၀ ကျော်တိုင်အောင် ထိထိရောက်ရောက် မစမ်းသပ်ဘဲ လူပျိုကြီးအဖြစ်နှင့် နေခဲ့၏။ ထိုသူနှစ်ဦးတို့သည် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရသည်နှင့် တစ်ပြိုင်နက် တစ်သက်ပတ်လုံး ချဉ်ခြင်းတပ် လာကြသောအရာကို တွေ့ရသည့်အလားကဲ့သို့ တစ်ကမ္ဘာလုံးတို့၏ ကဲ့ရဲ့ပြစ်

တင်ခြင်းကို ထောက်ထားရွံ့ကြောက်ခြင်း မရှိဘဲ တစ်ဦးနှင့် တစ်ဦး အတူနေထိုင်မှုအတွက် တစ်ကမ္ဘာလုံးအပေါ်မှ ရရှိနိုင်သော ချမ်းသာသုခဟူသည်ကို စွန့်လွှတ်လိုက်ကြ၏။ ဝေလာမင်းသားသည် ထီးနန်းကိုစွန့်လွှတ်သောအခါ၌ 'သူငယ်နပ်စား' အရွယ်လည်းမဟုတ်၊ 'နွားရူးဆူးတိုး' စိတ်မျိုးလည်းမဟုတ်၊ 'အူတူတူ' ပုဂ္ဂိုလ်မျိုးလည်းမဟုတ်၊ မည်သို့ပြုလျှင် မည်သို့ဖြစ်လိမ့်မည်ဟု ကောင်းကောင်းနှိုင်းချိန် စဉ်းစားတတ်ပြီးမှ မေတ္တာဓာတ်အတွက်ကြောင့် ခပ်သိမ်းသော လောကချမ်းသာတို့ကို စွန့်လွှတ်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ရကား ကျွန်ုပ်တို့သည် ၎င်း၏ ပိုင်နိုင်ရဲရင့်သော စိတ်ဓာတ်ကို မချီးမွမ်း မအံ့သြဘဲ မနေနိုင်အောင် ရှိပေလိမ့်မည်။

ဝေလာမင်းသား၏ မြင့်မြတ်သောစိတ်ဓာတ်ကို နားမလည်သူ ပေါများလှသောကြောင့် ဖွင့်ဟ၍ ဖော်ပြရဦးအံ့။ ဝေလာမင်းသားသည် မစ္စစ်ဆင်ပဆင်ကို လက်ထပ်မယားကြီးအဖြစ်နှင့်လည်း မတင်မြှောက်၊ ထီးနန်းကိုလည်း မစွန့်လွှတ်ဘဲ အကြင်လင်မယားကဲ့သို့ တိတ်တဆိတ်နေထိုင်နိုင်ခွင့်ရှိသည်ကား မှန်ပေ၏။ ထိုကဲ့သို့ နေထိုင်ကြခြင်းသည် ဥရောပတိုက်တွင်အချို့သူတို့အဖို့ ထုံးစံတစ်ခုဖြစ်နေကြသည်လည်း မှန်၏။ ထိုကဲ့သို့နေထိုင်ခဲ့ပါလျှင် မည်သူကမျှ ကန့်ကွက်နိုင်ကြမည် မဟုတ်ဘဲ သဘောတူညီကြရမည်လည်းမှန်၏။ သို့ရာတွင် ဝေလာမင်းသားသည် 'ခိုးကြောင်ခိုးဝှက်' အလုပ်မျိုးကို မကြိုက်တတ်သည့် ဘွင်းဘွင်း စိတ်သဘောရှိသည့် ပုဂ္ဂိုလ်ကျော်တစ်ဦးဖြစ်ရပေ

ကား ထီးနန်းစည်းစိမ်ကို ပြောင်ပြောင်ကြီး စွန့်လွှတ်လိုက်၍ မစွစ်ဆင်ပဆင်ကို ပြောင်ပြောင်ကြီး လက်ထပ်ယူလေသည်။

လူကြွေ့လူကောက်တို့က ဝေလာမင်းသား၏ ပရိယာယ် မသုံးခြင်းကို ပြစ်တင်ကဲ့ရဲ့ကြသော်လည်း ကျွန်ုပ်တို့မှုကား ထို လူ၏ ပွင့်လင်းသောစိတ်နှင့် ရဲရင့်သောသတ္တိတို့ကို ကြည်ညို၍ မဆုံးနိုင်အောင် ဖြစ်ပေတော့၏။ ထိုသူသည် လိုသောအရာကို ရမှုအတွက်ဆိုသော အဖိုးကို ပေးဝံ့သူတစ်ယောက် ဖြစ်ပေ၏။ မည်သည့်အလောင်းတော်ဖြစ်မည်ဟု မည်သူမျှမပြောနိုင်ချေ။

ဥရောပတိုက်၌ ရှိကြသော ထီးဆောင်းမင်းအပေါင်းတို့ သည် ဝင်ဆာမင်းသားကဲ့သို့ 'အူတစ်ဆင်းတည်း' ရှိသောစိတ် မျိုး ရှိခဲ့လျှင် တစ်ပြည်နှင့် တစ်ပြည်၊ တစ်မင်းနှင့် တစ်မင်း ဂုဏ်တုဂုဏ်ပြိုင် ပြုလုပ်ကာ ရန်ဆောင်ခြင်းတည်းဟူသောစိတ်ဆိုး စိတ်ယုတ်မျိုး ကင်းရှင်းကြမည်ဖြစ်၍ တထိန်းထိန်း၊ တဒိုင်းဒိုင်း တိုက်ခိုက်ကြရသော အဖြစ်မှ ငြိမ်းချမ်းညီညွတ် မျှတသော အခြေသို့ပင် ရောက်ကြရမည် ဖြစ်လေသည်။

စိတ်ပညာအကြောင်းကို လေ့လာလိုက်စားသောသူတို့သည် ဝင်ဆာမြို့စားကြီးနှင့် မစွစ်ဆင်ပဆင်တို့၏ လိုသောအရာကိုရ အောင် ပြုလုပ်ခြင်းတည်းဟူသော ဇွဲကိုလည်းချီးမွမ်းကြ၍မိမိတို့ အသီးသီး လိုသောအရာကိုရအောင်ပြုလုပ်ရေး၌ ထိုသူနှစ်ဦးတို့ ၏ နမူနာအတိုင်း လိုက်နာဆောင်ရွက်ကြရမည် ဖြစ်လေသည်။

ကမ္ဘာကျော် သူဌေးကြီးတစ်ဦးဖြစ်သော ဟင်နရီဖို့အား လည်းကောင်း၊ ဓာတ်သီချင်းစက်၊ ရုပ်ရှင်စက်မှစ၍ ဆန်းသစ်

သော ကိရိယာ အမျိုးပေါင်း ၅၀ ကျော်မျှ တီထွင်သွားခဲ့သူ အေဒီဆင်အား လည်းကောင်း အကြိမ်ပေါင်းများစွာ တွေ့မြင်ရ၍ ၎င်းတို့၏ ကြီးပွားအောင်မြင်ခြင်း အရင်းအမြစ်ကို စီစစ်စုံစမ်း မေးမြန်းရှာဖွေခဲ့သော ပညာရှိကြီးတစ်ဦးက ထိုသူတို့၌ ဖွဲ့ကောင်းခြင်း တည်းဟူသော သတ္တိမှတစ်ပါး အခြားထူးကဲသောသတ္တိဟူ၍ မတွေ့ရှိရကြောင်းနှင့် ထုတ်ဖော်ရေးသားခဲ့ဖူးလေသည်။ ယင်းသို့ဖြစ်ရကား မိမိလိုအပ်သော အရာကို မလျှော့သောဖွဲ့သတ္တိဖြင့် မနေမနားကြိုးစားဆောင်ရွက်သော သူတို့အား သဘာဝဓမ္မသည် အောင်မြင်ရေးအတွက် လျှို့ဝှက်နက်နဲသောအချက်ကို ဖွင့်လှစ်ဖော်ပြပြဟန်တူသည်ဟု ဆိုထိုက်ပေတော့သတည်း။

အခန်း ၉

# ဗိုလ်တစ်စု၏ တန်ခိုးအင်အား ကြီးပွားရေးအတွက် နဝမခြေလှမ်း

ဓနဥစ္စာရှာဖွေ စုဆောင်းရေးကိစ္စအဖို့၌ တန်ခိုးအင်အား ရှိမှုသည် အရေးကြီးလှ၏။

'စိတ်ကူးဉာဏ်' သက်သက်သည် လှုပ်ရှားလုပ်ကိုင်သော အဖြစ်သို့ရောက်အောင် တန်ခိုးအင်အားဖြင့် တိုက်တွန်းပြုပြင် မပေးခဲ့လျှင် အရာမရောက် အဖိုးမထိုက်တန်ချေ။ ဤအခန်းမှာ 'တန်ခိုးအင်အား'ကို ဘယ်ကဲ့သို့ရရှိနိုင်၍ ဘယ်ကဲ့သို့အသုံးချ ရမည့်စနစ်နည်းနာတို့ကို ရေးသားဖော်ပြမည် ဖြစ်လေသည်။

'တန်ခိုးအင်အား'ဆိုသည်မှာမိမိ၌ရှိပြီးဖြစ်သော ဗဟုသုတကို နေရာတကျ အသုံးချမှုပင်ဖြစ်လေသည်။ အကြင်သူတစ်ယောက် သည် နေရာတကျ ကြိုးစားအားထုတ်ခြင်းဖြင့် ဆန္ဒမှ ငွေဖြစ် အောင် ပြုလုပ်နိုင်ခြင်းကို တန်ခိုးအင်အားဟူ၍ ဆိုလိုပေသည်။ နေရာတကျ ကြိုးစားအားထုတ်ခြင်း ဆိုသည်မှာလည်း လိုအပ် သောအရာကို ရရှိမှုအတွက် လူနှစ်ယောက် ဖြစ်စေ၊ လူ

နှစ်ယောက်ထက်ပိုသည်ဖြစ်စေ ချောမောညီညွတ်စွာ တွဲဖက်ဆောင်ရွက်ခြင်းကို ဆိုလိုပေသည်။

ငွေရအောင်ရှာမှုအတွက် တန်ခိုးအင်အားလို၏။ ရှာ၍ရပြီးသောငွေကို မပျောက်ပျက်ရအောင် စုဆောင်းမှုအတွက်လည်း တန်ခိုးအင်အားလို၏။

တန်ခိုးအင်အားကို ဘယ်ကဲ့သို့ရှာမှီးရမည်ဟု စုံစမ်းကြပေဦးအံ့။ တန်ခိုးအင်အားဟူသည်မှာ ရှိပြီးသော ဉာဏ်ပညာ ဗဟုသုတကို နေရာတကျ အသုံးချခြင်း ဖြစ်သည်ဆိုပါလျှင် ဉာဏ်ပညာဗဟုသုတ ရှာမှီးနိုင်သော နေရာဌာနတို့ကို ရှေးဦးစွာ စစ်ဆေးကြရမည်။

က။ လူ့အစဉ်အဆက် စုဆောင်း ရှာမှီးခဲ့သည့် ဗဟုသုတအတွေ့အကြုံ အကြားအမြင်တို့ကို မှတ်တမ်း တင်ထားသည့် စာအုပ်စာတမ်းများထားရှိရာ ပိဋကတ်တိုက်များ

ခ။ လောကဓာတ်ပညာဘက်၊ ဘဏ္ဍာရေးဘက်၊ စီးပွားရေးဘက်မှစ၍ အဆန်းအသစ်စမ်းသပ်တွေ့ရှိရသော အချက်အလက်များကို ထည့်သွင်းပါရှိသည့် မဂ္ဂဇင်းဂျာနယ်စသည်များ

ဂ။ ဧကဂ္ဂတာကျအောင် ရှူးစိုက်ဆင်ခြင်ခြင်း

အထက်ပါဌာနတို့မှ စုဆောင်းရရှိသော ဗဟုသုတတို့ကို လုပ်ငန်း အစီအစဉ်ဖြစ်အောင် နေရာတကျ သတ်မှတ်စီစဉ်၍ ထိုအစီအစဉ်အတိုင်း လုပ်ကိုင် ဆောင်ရွက်ခြင်းသည် တန်ခိုးအင်အား ဖြစ်စေခြင်းဟူ၍ ဆိုလိုပေသည်။

---

အထက်ပါ စာသုံးပိုဒ်ကို ဖတ်ရှုလိုက်လျှင်ပင် အကြင်သူ တစ်ယောက်သည် မိမိတစ်ကိုယ်တည်းအားဖြင့် လိုသမျှသော ဗဟုသုတကို စုဆောင်း၍ အကြံထုတ်ပြီးလျှင် ၎င်းအကြံ အတိုင်း လုပ်ဆောင်ရန် ခဲယဉ်းသည့်အဖြစ်ကို ရိပ်မိနားလည် နိုင်ပေလိမ့်မည်။ အလုပ်ကြီးကြီးစိတ်ကူး၍ အကြံကြီးလေလေ လိုအပ်သောတန်ခိုးအင်အားရမှုအတွက် သူတစ်ပါးတို့၏ တွဲ ဖက် ဆောင်ရွက်ခြင်းကို လိုလေလေ ရှိနေပေလိမ့်မည်။

## 'ဗိုလ်တစ်စု'အားဖြင့် တန်ခိုးအင်အား စုဆောင်းခြင်း

'ဗိုလ်တစ်စု'ဆိုသည်ကား မှန်းထားသော ပန်းတိုင် ရောက်မှုအတွက် လူနှစ်ယောက်ဖြစ်စေ၊ နှစ်ယောက်ထက်ပို၍ ဖြစ်စေ၊ အကြံရော ဉာဏ်ရော၊ လုံ့လဝီရိယရော ချောမော ညီညွတ်စွာ ပူးပေါင်းတွဲဖက် ဆောင်ရွက်လုပ်ကိုင်ခြင်းကို ဆိုလို ပေသည်။

အကြင်သူတစ်ယောက်သည် မည်မျှပင်လူရည်ချွန်လှပါသည် ဆိုစေကာမူ ဗိုလ်တစ်စု၏ အကူအညီမရခဲ့လျှင် တိုင်းသိပြည်သိ ဆိုလောက်အောင် ကြီးကျယ်သော အလုပ်အကိုင်မျိုးကို ကြံ စည် လုပ်ကိုင်လောက်အောင် တန်ခိုးအင်အား ကြီးမားနိုင် မည်မဟုတ်ချေ။ လွန်ခဲ့သော အခန်းတစ်ခန်းတွင် ဆန္ဒကို ငွေ ဖြစ်အောင် ပြုလုပ်ရေးအတွက် လုပ်ငန်းစီစဉ်နည်းကို ဖော်ပြခဲ့ ပြီးဖြစ်ရာ သင်သည် ထိုနည်းစနစ်အတိုင်း ဖွဲကောင်းကောင်းနှင့် လိုက်နာ၍ ဗိုလ်တစ်စုကိုလည်း နေရာတကျ ရွေးချယ်တတ်ပါမူ

သင်လိုသောအရာကို ပြည့်စုံမှုအတွက် ခရီးတစ်ဝက်ရောက်ပြီ ဟူ၍ ဆိုထိုက်ပေပြီ။

နေရာတကျ ရွေးချယ်ထားသော 'ဗိုလ်တစ်စု'ကို အသုံးပြုခြင်းအားဖြင့် လှို့ဝှက်နက်နဲသော တန်ခိုးအင်အား ကြီးမားစေနိုင်ကြောင်းကို နားလည်စိမ့်သောငှာ 'ဗိုလ်တစ်စု' ထားရှိခြင်းစနစ်၏ထူးခြားသော အချက်နှစ်ချက်ကို ရှင်းလင်းဖော်ပြရပေအံ့။ ဗိုလ်တစ်စုထားရှိခြင်း၏ ထူးခြားသော အချက်နှစ်ချက်မှာ ပထမအချက်သည် စီးပွားရေးနှင့် သက်ဆိုင်၍ ဒုတိယအချက်မှာ စိတ်ဓာတ်နှင့်သက်ဆိုင်လေသည်။ စီးပွားရေးပြဿနာမှာ အလွန်တစ်ရာထင်ရှားလှ၏။ မည်သူမဆို အခြားလူတစ်စု၏ အကြံဉာဏ်ပေးခြင်း၊ ချောမောညီညွတ်စွာ စိတ်ရောကိုယ်ပါ တွဲဖက်ဆောင်ရွက်ခြင်းတို့ကို ရရှိခဲ့လျှင် စီးပွားရေးဘက်၌ အကျိုးများကြောင်းကို လူတိုင်းပင် နားလည်ကြပေလိမ့်မည်။ တိုင်းကျော် ပြည်ကျော် ကမ္ဘာကျော်ဖြစ်အောင်ကြီးကျယ်သော လုပ်ငန်းရှင်ကြီးများ၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုရသည့်အခါ ဤနည်းအတိုင်းဆောင်ရွက်လုပ်ကိုင်ကြခြင်းကိုသာတွေ့ရတတ်လေသည်။ သင်သည် ဤအချက်ကို ကောင်းကောင်းကြီး သဘောပေါက်ခဲ့လျှင် စီးပွားရေးဘက်တွင် အခြေတစ်ခုစိုက်မိပြီဟူ၍ မှတ်လိုက်လေလော့။

စိတ်ဓာတ်နှင့်ဆိုင်သော အချက်မှာမူကား အတော်ပင်နက်နဲသည်ဖြစ်၍ ရုတ်တရက် နားလည်ဖို့ ခဲယဉ်း၏။ လူတို့သည် ဝတ္ထုဒြပ်အကြောင်းကိုသာ နားလည်တတ်ကြ၍ စိတ်ဓာတ်

အကြောင်းကို လိုက်စားခြင်း နည်းပါးလှသောကြောင့်ဖြစ်၏။ စိတ်ဓာတ်၏ ဆန်းကြယ်ပုံကား မောင်ဖြူနှင့် မောင်နက်တို့၏ တွဲဖက် ပူးပေါင်းသည့်အခါ မောင်ဖြူ မောင်နက်တို့၏ ပူးပေါင်းခြင်းအပြင် တတိယလူတစ်ယောက်နှင့် တူသည့် စပ်ကြား ကပြားလူတစ်ယောက်လည်း ပေါ်ထွက်လာချေသေး၏။ ရုပ်အားဖြင့် ရေတွက်လိုက်သော် မောင်ဖြူနှင့် မောင်နက် နှစ်ယောက်တို့သာ ရှိသော်လည်း စိတ်ဓာတ်အားဖြင့်မူကား သုံးယောက်ကဲ့သို့ တန်ခိုးအင်အား တိုးတက်ကြီးမားလာလေတော့၏။ လောက၌ ဤနက်နဲသော အချက်ကို ရိပ်မိနားလည်သူအလွန်နည်းပါးလှပေသည်။သို့သော် ယုံမှားခြင်း မရှိလေနှင့်၊ ကြိုးစား၍ မှတ်သားနာယူလေလော့။

ကမ္ဘာပေါ်တွင် အကြွယ်ဝဆုံး သူဌေးကြီးဖြစ်သော မစ္စတာကာနက်ဂျီသည် သံမဏိကုန်သည်ကြီးအဖြစ်နှင့် စီးပွားရှာရာတွင် ၅၀ ခန့်မျှသော အလုပ်သမားတို့ကို 'ဗိုလ်တစ်စု' အဖြစ်ဖြင့် ရွေးချယ်ခန့်ထား၍ ၎င်းတို့နှင့် ပူးပေါင်းတွဲဖက် ဆောင်ရွက်လုပ်ကိုင်ခြင်းအားဖြင့် ကုဋေကုဋေ ကြွယ်ဝချမ်းသာသော အဖြစ်သို့ ရောက်ခဲ့ရကြောင်းကို ၎င်းကိုယ်တိုင်က ဖွင့်ဟ ဝန်ခံဖူးလေသည်။ ၎င်းသူဌေးကြီးသာမက ကမ္ဘာပေါ်၌ ရှိရှိသမျှသော၊ သူဌေးလတ်၊ သူဌေးလေးတို့သည်လည်း 'ဗိုလ်တစ်စု'တည်းဟူသော စနစ်ကို တမင်တကာဖြစ်စေ၊ အမှတ်တမဲ့ဖြစ်စေ အသုံးချခဲ့ခြင်းအားဖြင့် ကြီးပွားထွန်းကားသော အခြေသို့တိုင် ရောက်ခဲ့ကြခြင်းဖြစ်လေသည်။

လောကီမှုအလုပ်တွင် 'ဗိုလ်တစ်ရ' တည်းဟူသော နည်းစနစ်မှတစ်ပါး အခြားသော နည်းစနစ်အားဖြင့် တန်ခိုးအင်အားကြီးမားနိုင်သည်ဟူ၍ မရှိခဲ့ဖူးချေ။

လူတို့၏ ဦးနှောက်သည် လျှပ်စစ်ဓာတ်အိုး (Battery)နှင့် တူလှပေရာ ဓာတ်အိုးတစ်ခုတည်းရှိသော လျှပ်စစ်ဓာတ်အားထက် ဓာတ်အိုးသုံးလေးခုမှ ရရှိသော ဓာတ်အားသည် ပိုမိုကြီးမားစေနိုင်ကြောင်းကိုလူတိုင်းပင်နားလည်နိုင်ကြပေမည်။ ထိုနည်းအတူ ဦးနှောက်တစ်ခုတည်းမှ ရရှိနိုင်သော တန်ခိုးအင်အားထက် ဦးနှောက်သုံးလေးခုမှ ရရှိသော တန်ခိုးအင်အားသည် ပိုမိုကြီးမားလှပေသည်။ ထူးခြားသောအချက်တစ်ခုမှာ ဦးနှောက်သုံးလေးခုသည် အတူတကွပူးပေါင်းတွဲဖက်၍ ချောမောညီညွတ်စွာ အလုပ်လုပ်နိုင်ကြသည့်အခါတွင် ၎င်းတို့မှ ဖြစ်ပေါ်လာသည့် ကြီးမားလှစွာသော တန်ခိုးအင်အားကို ဦးနှောက်အသီးသီးတို့က အသုံးချနိုင်ကြလေသည်။

အမေရိကန်ပြည်မှ မိုတာကားသူဌေးကြီး ဟင်နရီဖို့သည် အရင်းအနှီးလည်းမြောက်မြားစွာမရှိ၊ ခေတ်ကာလ ပညာလည်းကောင်းစွာမတတ်မြောက်၊ ဗဟုသုတလည်း မရှိဘဲလျက် စတင်၍ အလုပ်လုပ်ခဲ့ရ၏။ ၁၀ နှစ်မျှကြာသောအခါတွင် ဟင်နရီဖို့သည် အထက်ပါ အခက်အခဲကြီးသုံးခုတို့ကို လွန်မြောက်နိုင်ခဲ့သည်ဖြစ်ရာ ၂၅ နှစ်မျှကြာသောအခါတွင် အမေရိကန်ပြည်၌ အကြွယ်ဝဆုံးသော သူဌေးကြီးတစ်ဦး ဖြစ်လာခဲ့လေသည်။ ထူးခြားသောအချက်တစ်ရပ်မှာ ဟင်နရီဖို့သည် ၎င်း၏ ဉာဏ်ဝီရိယ အစွမ်းဖြင့် အတော်အတန် ကြီးပွားခဲ့ပြီးနောက်

သောမတ်အေဒီဆင်၊ ဖိုင်းယားစတုန်းစသော ဦးနှောက်ကြီးရှင်များနှင့် ပေါင်းသင်းဆက်ဆံမိသောအခါတွင်ထိုး၍တင်လိုက်ဘိသကဲ့သို့ အပြေးအလွှားထွန်းကားကြီးကျယ်သော အခြေသို့တိုင် ရောက်လာခဲ့လေသည်။

လူတို့မည်သည် မိမိတို့နှင့် သင့်မြတ်စွာ ရောနှော၍ ချောမောညီညွတ်စွာ ပေါင်းသင်းဆက်ဆံနိုင်သော သူတို့၏ စိတ်ဓာတ်ကို မိမိတို့အတွင်း မသိမသာ သွတ်သွင်းယူငင်တတ်ကြမြဲဖြစ်လေရာ၊ ဟင်နရီဖို့သည် ဉာဏ်ကြီးရှင်များနှင့် ပေါင်းသင်းဆက်ဆံခွင့် ရခဲ့ခြင်းအားဖြင့် ပညာမဲ့ခြင်း၊ ဗဟုသုတနည်းပါးခြင်းတည်းဟူသော အခက်အခဲတို့ကို လွန်မြောက်၍ သန်းပေါင်းများစွာသော ဒေါ်လာရှင်ကြီးတစ်ဦး ဖြစ်လာရလေသည်။ ဟင်နရီဖို့သည် 'ဗိုလ်တစ်စု' တည်းဟူသော နည်းစနစ်ကို အတိအလင်းအသုံးပြုခဲ့ကြောင့်နှင့် ၎င်းထံမှ တစ်ဆင့်စကားရေးသားသော စာများကို ဖတ်ရှုရဖူးလေသည်။

ဟင်နရီဖို့သည် ကိုယ်တိုင်အသုံးချခဲ့သဖြင့် သူဌေးကြီးဖြစ်ခဲ့သော နည်းစနစ်ကို သင်သည် ယခုရရှိပြီးဖြစ်၍ အသုံးချရန်သာ လိုပေတော့သည်။ အကယ်အသုံးချ၍ သက်တမ်းအတိုင်းနေရပါမူကား သင်သည် မကြီးပွားဘဲ မနေနိုင်ချေ။

တန်ခိုးအင်အား ကြီးမားခြင်းနှင့် ပတ်သက်၍ အံ့သြဖွယ်ကောင်းလှသော ပုဂ္ဂိုလ်ကြီးသည်ကား မဟတ္တမဂန္ဒီပင်ဖြစ်၏။ အချို့သော ဘုရင်များသည် လူဦးရေသန်းပေါင်းများစွာတို့ကို မရှင်းဂန်း၊ လေယာဉ်ပျံ၊ စစ်သင်္ဘော၊ စက်အမြောက် စသည်တို့နှင့် အုပ်စိုးနိုင်ကြ၏။ မဟတ္တမ ဂန္ဒီမူကား သန်းပေါင်း

၀၀ ကျော်မျှသော လူဦးရေတို့ကို စိတ်ဓာတ်သက်သက်ဖြင့် အလိုရှိရာသို့ ဆွဲဆောင်နိုင်ခဲ့ခြင်းမှာ ယခုလောကတွင် အံ့ချီး ယ်ရာကြီးတစ်ခု ဖြစ်နေပေတော့၏။ သန်းပေါင်းနှစ်ရာကို ဆိုထားဘိ၊ လူနှစ်ယောက် သုံးယောက်မျှကို မိမိလိုရာသို့ ကြာရှည်စွာ ဆွဲဆောင်ရန်ကြိုးစားဖူးသော သူတို့သည် မည်မျှ လောက် ခဲယဉ်းသောအလုပ် ဖြစ်ကြောင်းကို ရိပ်မိနားလည် နိုင်ကြပေလိမ့်မည်။

ပညာဗဟုသုတရှာမှီးခြင်းနှင့် ပတ်သက်၍ နည်းသုံးနည်းကို ဖော်ပြခဲ့ရာ မစ္စတာဂန္ဒီသည် ဧကဂ္ဂတာကျအောင် ရှုးစိုက်ဆင် ခြင်ခြင်းတည်းဟူသောနည်းကို အထူးအံ့သုံးပြုသူ တစ်ယောက် ဖြစ်သည်ဟု ကျွန်ုပ်တို့သိရှိ၏။ ဧကဂ္ဂတာကျအောင် ရှုးစိုက်ဆင် ခြင်ခြင်းသည် သမထအလုပ်၊ ဝိပဿနာအလုပ်တို့တွင်သာလျှင် အသုံးဝင်သည်မဟုတ်။ လောကီကြီးပွားရေးနှင့် စိတ်ကို စိတ်ချင်း ဆွဲငင်မှုတွင်လည်း အလွန်တစ်ရာ အသုံးဝင်လှ၏။ တစ်ခုသော ကိစ္စကို ဧကဂ္ဂတာကျအောင် ရှုးရှုးစိုက်စိုက် လိုက်လိုက် လှဲလှဲ သဲသဲမဲမဲ စဉ်းစားဆင်ခြင်သော သူသည် သဘာဝဓမ္မ၏ လျှို့ဝှက်နက်နဲသောအချက်ကို ထိုးထွင်းသိမြင်နိုင်သည် ဖြစ်၍ သာမန် လူတို့ အလွန်ဖြည့်စွက်နိုင်သော အခက်အခဲတို့ကိုလွန် မြောက်နိုင်သောတန်ခိုးသတ္တိမျိုး ရရှိနိုင်လေသည်။ ပိုင်ကတ်တိုက် နှင့် မဂ္ဂဇင်းဂျာနယ်တို့မှရတတ်သောပညာဗဟုသုတသည် ရုံဖန် မှန်၍ ရုံဖန်မှားတတ်သေး၏။ တတိယနည်းအားဖြင့် ရရှိသော ဉာဏ်မူကား အလွန်မှားခဲလှ၏။ အတတ်ပညာအသီးသီးတို့တွင်

အခေါင်အထိပ်သို့ ရောက်ကြသော ပုဂ္ဂိုလ်ကျော်ဟူသမျှတို့သည် ဤနည်းစနစ်ကို အသုံးပြုကြသည်ချည်း ဖြစ်လေသည်။

သို့ဖြစ်၍ ဤစာအုပ်ကို ဖတ်ပြီးနောက် စဉ်းစားပါလေ…။ အထပ်ထပ် စဉ်းစားပါလေ။ ဤစာအုပ်ကိုဖတ်စဉ်၌ သင်သည် တစ်ခန်းစီတစ်ခန်းစီ ဖော်ပြထားသော အချက်များကိုတစ်ခုစီ တစ်ခုစီကဲ့သို့ တွေ့မြင်ဦးမည်ဖြစ်ရာ နောက်ဆုံး၌ စူးစူးစိုက်စိုက် ဧကဂ္ဂတာကျအောင် ဆင်ခြင်လိုက်သော အခါတွင် လိုရင်း ဖြစ်သော အချက်ကြီး တစ်ခုတည်းကို 'မုန့်တီဟင်း' ကဲ့သို့ အကွင်း အကွင်းကြီး အချောင်း အချောင်းကြီးမြင်ရပေလိမ့်မည်။

ငွေသည် ရက်တတ်သော အပျိုကလေးနှင့် တူလှသော ကြောင့် ၎င်းကိုရအောင် ရှာရခြင်းသည် ရက်တတ်သောမိန်းမ ပျိုလေးကို လှည့်ရခြင်းနှင့် တူလှကြောင်းနှင့် ပညာရှိတစ်ဦး ရေးသားဖူး၏။ တိုက်ရိုက်ကြီး 'လှည့်'ပြန်လျှင် အမျိုးမျိုး ရှောင်တိမ်းနေတတ်၍ နောက်ဆုတ်မည်ကြံပြန်ကလည်းချော့မြူ နေဘိသကဲ့သို့ လုပ်နေပြန်တတ်၏။ ဆိုလိုရင်းကား ပြင်းစွာ သော ဆန္ဒဖြင့် မရမနေဟူသော ဖွဲ့မျိုးထားလျှင် မည်ကဲ့သို့ ပြုရချေမည်ဟု လုပ်ငန်းအစီအစဉ် သတ်မှတ်ပြီး၍ ထိုအစီအစဉ် အတိုင်း မနေမနားကြိုးစားဆောင်ရွက်ရမည်ဟု ဆိုလိုခြင်း ဖြစ်လေသည်။

အကြံပေါက်၍ ငွေရစပြုလာသောအခါ ငွေသည်ထိုလူ၏ နောက်သို့ အတင်းလိုက်နေဘိသကဲ့သို့ ပြုတတ်၏။ ရေသည် တောင်ထိပ်မှ တောင်အောက်သို့ စီးဆင်းဘိသကဲ့သို့ ငွေသည်

ထိုသူ့ထံသို့ စီးဆင်းလေတော့၏။ ထိုသူသည် လှုပ်ကာ လှည့်ကာမှုနှင့်ပင် ငွေဝင်၍ နေလေတော့၏။

ငွေလောကကြီးသည် ထူးဆန်းသော ချောင်းကြီးနှင့် တူလေရာ ချောင်းတစ်ဖက်၌ရှိသော ရေသည် အထက်သို့ ဆန်တက်၍ ချောင်းတစ်ဖက်၌ရှိသောရေသည် အောက်သို့ စုန်ဆင်း၏။ တစ်ဖက်သို့ရောက်နေကြသော သူတို့သည် အောက်သို့မျောပါနေကြ၍၊ အခြားတစ်ဖက်ရှိ လူများမှုကား များစွာလုံ့လမပြုဘဲ အထက်သို့ဆန်တက်နေကြ၏။ အောက်သို့ မျောပါသောသူတို့မူကား မွဲပြာကျကုန်၏။ အထက်သို့ဆန်တက်သော သူတို့ကား ကြွယ်ဝချမ်းသာကြ၏။ လူခပ်သိမ်းတို့၏ အလုပ်ကား အထက်သို့ ဆောင်လျက်ရှိသော ရေကြောင်းရှိရာဘက်သို့ ရောက်အောင် လှော်ခတ်ပြုပြင် ပေးရုံမျှသာ ရှိ၏။ လှော်ခတ်ခြင်းဆိုသည်ကား ဖြစ်ရမည်ဟူသော စိတ်ဓာတ်မျိုး မွေးမြူမှုပင်ဖြစ်၏။ ဝန်တိုခြင်း၊ မုန်းတီးခြင်း၊ ရမ္မက်ကြီးခြင်း၊ မနာလိုခြင်းစသော စိတ်ဓာတ်မျိုးသည် မွဲပြာကျသောဘက်သို့ စုန်ဆင်းသော စိတ်ဓာတ်မျိုးဖြစ်၏။ ချစ်ခင်ခြင်း၊ ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းစသော စိတ်ဓာတ်မျိုးသည် ချမ်းသာကြွယ်ဝခြင်းကို ဆောင်ကြဉ်းတတ်သော စိတ်ဓာတ်မျိုးဖြစ်၏။ သို့ဖြစ်ရကား ဤစာအုပ်ကို ဖတ်ရှုလျက်ရှိသော သင်သည် ၎င်းတွင်ပါရှိသော အညွှန်းများကို တက်သဖွယ် အသုံးပြု၍ အထက်သို့ ဆန်စီးရသော ရေစီးကြောင်းဘက်သို့ရောက်အောင် လှော်ခတ်လေလော့။

Mg Chan Thar Maung
Hteegyaint

အခန်း ၁၀

# လိင်စိတ်ဓာတ်ကို အသုံးချခြင်း
# ကြီးပွားရေးအတွက် ဒသမခြေလှမ်း

ကာမ ၁၁ ဘုံ၌ ရှိကြကုန်သော သတ္တဝါတို့အဖို့၌ လိင် တည်းဟူသော စိတ်ဓာတ်သည် အလွန်တစ်ရာ ခွန်အားကြီးမားလှ၏။ လိင်ကြောင့် ဖြစ်ပေါ်ရသော ကာမရာဂ တည်းဟူသော စိတ်ဓာတ်သည် အလွန်ပြင်းထန်သော ဆန္ဒကို ဖြစ်ပေါ်စေတတ်ပေရာ များစွာသောသူတို့သည် ‘အချစ်’ဟု ခေါ်ကြသော ထိုဆန္ဒအတွက်ကြောင့် စည်းစိမ်ကိုသော်လည်းကောင်း၊ နာမည်ကိုသော်လည်းကောင်း၊ ဘာသာအယူဝါဒကိုသော် လည်းကောင်း၊ အသက်ကိုသော် လည်းကောင်း စွန့်လွှတ်ကြဖူးခဲ့လှလေပြီ။

ကာမရာဂတည်းဟူသော ဆန္ဒသည် ခွန်အားကြီးမားလှသော စိတ်ဓာတ်ကို ဖြစ်ပေါ်စေတတ်ပေရာ ပြင်းထန်စွာ စီးဆင်းသောချောင်းမှရေအားကို စက်လှည့်ရန်အတွက် အသုံးပြုနိုင်သည့်နည်းတူ လိင်ကြောင့်ဖြစ်ပေါ်သော စိတ်ဓာတ်ကိုလည်း

မြင့်မြတ်သော လုပ်ငန်းများအတွက် အသုံးပြုပါမူ လွန်စွာ အရေးပါ အရာရောက်မည်ဖြစ်ပေသည်။

ကာမရာဂတည်းဟူသော ဆန္ဒပြင်းထန်ခြင်းသည်စိတ်ဓာတ် ပြင်းထန်ခြင်း၏ အထိမ်းအမှတ်ဖြစ်ပေရာ ထိုစိတ်ဓာတ်ကို ယုတ် ညံ့သောနေရာ အသုံးပြုလိုက်ပါမူ အချည်းနှီး ဖြစ်ရလေ တော့၏။ ထိုသို့မဟုတ်မူ၍ စာစီကုံးခြင်း၊ ပန်းချီကား ရေးဆွဲခြင်း၊ စီးပွားရှာခြင်း အစရှိသော ဌာနမျိုး၌ ၎င်း စိတ်ဓာတ်ကို လွှဲပြောင်းအသုံးပြုလိုက်ပါမူ၊ထိုသူသည်စိတ်ကူး ဉာဏ်ထက်သန်သော ပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့ ရောက်လာပေ၏။ သို့သော် ပြင်းထန်သောစိတ်ဓာတ်ကို အလွန်တစ်ရာနိုင်နင်းဖို့ လိုပေ၏။ ပြောင်းလွှဲနိုင်ပါမူကား အဖိုးတန်လှခြင်းအကြောင်း မှာ ယုံမှားဖွယ်ရာ မရှိချေ။

ကာမဆန္ဒ အားကြီးသောသူသည် ကာမမှု၌ ပတ်သက် သော အလုပ်မျိုး၌သာ အကြံအစည်ပြု၍ နေတတ်၏။ ထိုအလေ့ အကျင့်ကို ရှေးဦးစွာ ပယ်ဖျောက်ဖို့ ကြိုးစားရချေမည်။ ညစ် ညမ်းသော စိတ်ကူးမျိုးကို ဘယ်အခါမျှလက်သင့် မခံထိုက်ချေ၊ ဖြစ်ပေါ်လာတိုင်း မောင်းနှင်ထုတ်ဖို့ သတိပြုပါလေ။ မကြာမီ အတွင်း နိုင်နင်းသောအခြေသို့ ရောက်ကြပေလိမ့်မည်။

လောကမှုအကြောင်းနှင့် ပတ်သက်၍ စစ်တမ်းစစ်ချက် ထုတ်လာခဲ့ကြသော ဆရာကြီးများတွေ့ရှိထားကြသည့်အချက် ကြီး နှစ်ချက်မှာကား . . .

၁။ လောကဥ္စ ကြီးပွားထွန်းကားခြင်းသို့ ရောက်ကြကုန်သော ပုဂ္ဂိုလ်ကြီးများသည် လိုင်တည်းဟူသော စိတ်ဓာတ်ပြင်းထန်ကြသူများ ဖြစ်ကြ၍ ထိုစိတ်ဓာတ်ကိုလိုရာသို့ လွှဲပြောင်း အသုံးပြုနိုင်သူများ ဖြစ်ကြ၏။

၂။ စာရေးခြင်းအတတ်၊ ပန်းချီကားအတတ်၊ ပန်းပုအတတ်၊ သဘင်အတတ်မှစ၍ အတတ်အမျိုးမျိုးတို့နှင့်တကွ စီးပွားရေးဘက်၌ အထွတ်အထိပ်သို့ ရောက်ကြသူ အပေါင်းတို့သည် 'အချစ်'တည်းဟူသော စိတ်ဓာတ်၏ လှုံ့ဆော်တိုက်တွန်းမှုကြောင့် ထိုသို့သော အခြေသို့တိုင် ရောက်ကြခြင်းဖြစ်၏။

အထက်ပါကောက်နုတ်ချက်နှစ်ခုကို ထုတ်နုတ်၍မှတ်တမ်းတင်ခဲ့ကြသော ဆရာကြီးများသည် မိမိသဘောအလျောက်တွေးဆ ရေးသားကြခြင်းမဟုတ်။ လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ခန့်မှစ၍ ယနေ့တိုင် ကြီးပွားထွန်းကားခဲ့ကြသော ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုဆင်ခြင်ပြီးခါမှ ရေးသားထားကြသော ကောက်နုတ်ချက်များ ဖြစ်လေသည်။ တစ်ခုသောဘက်၌ ထွန်းထွန်းပေါက်ပေါက် ကြီးပွားသူတစ်ယောက်၏ အဖြစ်အပျက်ကို ထောက်လှမ်းစုံစမ်းကြည့်ပါလျှင်လည်း ထိုသူသည် 'အချစ်စိတ်ဓာတ်အားကောင်းသူ တစ်ယောက်' ဖြစ်ကြောင်းတွေ့ရပေလိမ့်မည်။

လိုင်တည်းဟူသောစိတ်ဓာတ်သည် မည်သည့်ဝတ္ထုဒြပ်ကမျှ တွန်းလှန်ခြင်းငှာ မတတ်နိုင်သည့်ခွန်အားမျိုးကို ဖြစ်စေနိုင်၏။ ထိုစိတ်ဓာတ်မျိုး သက်ဝင်နေသည့်အခါတွင် အကြင်သူ တစ်

ယောက်သည် လုပ်ရှားထကြွမှုနှင့် ပတ်သက်၍ မတုပနိုင်သော အင်အားမျိုးရှိတတ်သဖြင့် လူသာမန်တစ်ယောက်သည် ပင်လျှင် လူစွမ်းကောင်းတစ်ယောက် ဖြစ်လာနိုင်ပေ၏။

စိတ်သည် လိင်စိတ်ဖြင့် လှုံ့ဆော်သည့်အခါ စိတ်ကူးဉာဏ်ကို ထက်သန် အားပေးစေတတ်လေသည်။

လူကိုဖြစ်စေ တိရစ္ဆာန်ကိုဖြစ်စေ၊ လိင်ကြောကို ဖြတ်၍ 'သင်း' ထားသည့်အခါ လှုပ်ရှားထကြွစေခြင်း တည်းဟူသော သဘောကို သုတ်သင်ရှင်းလင်းလိုက်သည်နှင့် တူပေ၏။ နွားသိုးကို သင်းလိုက်သည့်အခါ နွားမကဲ့သို့ ပျော့၍ သွားလေတော့၏။ လူတို့ကမူ 'ယဉ်'သွားမှုခိုင်းကောင်းသည်ဟု သင်းကြခြင်း ဖြစ်ပေရာ 'ယဉ်'ခြင်း စင်စစ်အားဖြင့် စိတ်မာန် မရှိခြင်းပင် ဖြစ်ပေ၏။ လူတို့တွင်လည်း လိင်စိတ်မရှိသောသူသည် နပုလ္လိင် ဖြစ်နေ၍ မည်သည့်နေရာ၌မျှ အသုံးမဝင်ချေ။

**စိတ်ကို လှုံ့ဆော်ပေးနိုင်သောအရာများ**

လူတို့၏စိတ်ကို ထကြွလှုပ်ရှားခြင်းရှိအောင် လှုံ့ဆော်ပေးနိုင်သော အရာများသည်ကား ဆယ်ပါးရှိ၏။ ၎င်းတို့မှာ–

၁။ ကာမဆန္ဒ (မေထုန်သံဝါသ စိတ်ဆန္ဒ)

၂။ မေတ္တာစာတ်

၃။ ကြီးပွားမှု၊ ကျော်စောမှု၊ တန်ခိုးအာနိသင်ကြီးမှု စသည်တို့အတွက် ပြင်းစွာသော ဆန္ဒရှိခြင်း

၄။ အတီးအမှုတ်

၅။ အဆွေခင်ပွန်း သဘောဝင်ခြင်း
၆။ ကြီးပွားရေးအတွက် ဖွဲ့စည်းထားသည့် 'ဗိုလ်တစ်စု'
၇။ သူတစ်ပါး နှိပ်စက်ခြင်းကို အတူတကွခံကြရခြင်း
၈။ ဘာဝိဂတာ၊ ဗဟုလိကာ၊ အကြိမ်ကြိမ် အဖန်ဖန် ပွားများခြင်း
၉။ ရွံ့ကြောက်ခြင်း
၁၀။ သေရည်သေရက်စသော မူးယစ်ဖွယ်များ

အထက်ပါ ဆယ်ပါးတို့တွင် ကာမဆန္ဒစိတ်သည် 'ကိုယ်ထိလက်ရောက်' ထကြွလှုပ်ရှားမှုကို အပြင်းထန်ဆုံး လှုံ့ဆော်တတ်သည်ဖြစ်၍ ထိပ်ဆုံးမှ ဖော်ပြလိုက်ရပေ၏။

၎င်းဆယ်ပါးတို့အနက် ရှစ်ပါးသည် (အသုံးပြုတတ်လျှင်) ကောင်းကျိုးကို ပေးစေတတ်၍ နှစ်ပါးသည် မကောင်းကျိုးကို (အများအားဖြင့်) ပေးစေတတ်၏။ ထိုနှစ်ပါးတို့သည်ကား ရွံ့ကြောက်ခြင်းနှင့် သေရည်သေရက် စသည်တို့ပေတည်း။

စိတ်ကိုလှုံ့ဆော်စေတတ်သော အရာဆယ်ပါးတို့ကို တစ်ပါးစီ နှိုင်းယှဉ် ဆင်ခြင်သည့်အခါ၊ ကာမဆန္ဒ တည်းဟူသော လှုံ့ဆော်မှုသည် ခွန်အားအကြီးဆုံး ဖြစ်ကြောင်း သဘောပေါက်နိုင်ပေလိမ့်မည်။

ထူးဆန်းသောအချက်မှာ စိတ်သည် အထက်ပါ ဆယ်ပါးတို့အနက် တစ်ပါးပါးဖြင့် လှုံ့ဆော်ပေးသည့်အခါ သာမန်အားဖြင့် မဖြစ်ပေါ်ဖူးသောစိတ်ကူးမျိုးဖြစ်ပေါ်နိုင်၏။ ယခင်က မတွေးတောနိုင်သောအရာကို တွေးတောနိုင်၏။ အနာဂတ်

အဖို့ကိုလည်း မှန်းဆနိုင်၏။ အမြင်ကျယ်ဝန်းလာ၏။ ပမာဆိုသော် မြေပြင်မှကြည့်၍ မမြင်စွမ်းနိုင်သော အရာဝတ္ထုတို့ကို တောင်ထိပ်မှတက်၍ ကြည့်သည့်အခါ မြင်နိုင်စွမ်းသကဲ့သို့ ပေတည်း။ သာမာန်စိတ်သည် မြေပြင်မှရပ်၍ကြည့်သကဲ့သို့ အမြင်ကျဉ်းမြောင်းလှပေရာ အထက်ပါ ဆယ်ပါးတို့ဖြင့် လှုံ့ဆော်ပေးသောစိတ်သည် တောင်ထိပ်မှတက်၍ မျှော်လင့်ခြင်းကဲ့သို့ မှိမှိဆင်ခြင်သောအရာကို ပိုင်းပိုင်းခြားခြား သိမြင်နိုင်သော အစွမ်းသတ္တိ ရှိလာရပေတော့၏။ မြေပြင်မှ မျှော်ကြည့်သည့်အခါ သစ်ပင်၊ ချုံပင် အဆောက်အအုံတို့သည် ထိုသူအားပိတ်ကွယ်နေသော်လည်း တောင်ထိပ်မှ မျှော်ကြည့်သည့်အခါ ထိုပိတ်ကွယ်ခြင်းတို့ကို လွန်မြောက်နိုင်ပေ၏။ ထိုနည်းအတူ လှုံ့သာမန်စိတ်သည် ဝတ်မှုစားမှုစသော ဗဟုသုတကိစ္စတို့ဖြင့် ပိတ်ဖုံးလျက်ရှိရာ လှုံ့ဆော်ထားအပ်သော စိတ်မူကား၊ ထိုကိစ္စတို့ကို လွန်မြောက်၍ ယခင်ကမမြင်နိုင်စွမ်းသော အရာတို့ကိုမြင်စွမ်းနိုင်ပေ၏။ ထိုသူတို့အဖို့၌ ယခင်က မဖြစ်ပေါ်ဖူးသောအကြံအစည်နှင့် စိတ်ကူးဉာဏ်တို့သည် လျှပ်ပစ်သကဲ့သို့ စိတ်ထဲတွင် လင်းခနဲ ဝင်းခနဲ ထင်မြင်လာနိုင်ပေတော့၏။ စိတ်ချရသော အချက်မှာ ထိုသို့သောနည်းအားဖြင့် ဖြစ်ပေါ်လာသော စိတ်ကူးဉာဏ်တို့သည် မှားသည်ဟူ၍ မရှိနိုင်ချေ။

ထို့ကြောင့် မဂ်ဉာဏ်ဖိုဉာဏ်ကို ရရှိသောပုဂ္ဂိုလ်တို့သည် နံပါတ် ၈ တွင် ဖော်ပြထားသည့် ဘာဝိဂတာ၊ ဗဟုလိကာ (အဖန်တလဲလဲထပ်ခါထပ်ခါ ပွားများခြင်း) အားဖြင့်လည်း ကောင်း၊ နာမည်ကျော်စာအုပ်ကြီးများ၊ တေးချင်းကြီးများ၊

အဆောက်အအုံကြီးများ၊ ပန်းချီကားကြီးများကို စီရင်ခဲ့သော ဆရာကြီးများနှင့် စီးပွားရေးဘက်၌ ထိပ်တန်းသို့ ရောက်ကြသော သူဌေးကြီးများသည် ကျန်သောနည်းများအနက် တစ်ပါးပါးဖြင့်လည်းကောင်း လိုရာသို့ရောက်ခဲ့ကြခြင်း ဖြစ်လေသည်။

စိတ်သည် အလွန်တစ်ရာဆန်းကြယ်၏။ လောကတွင် စိတ်ကဲ့သို့ ဆန်းကြယ်သော အခြားသောအရာတစ်ခုမျှ မရှိချေ။ ကျွန်ုပ်တို့ ပြုလုပ်ပြောဆိုကြံစည်သမျှသော အမှုခပ်သိမ်းတို့သည် စိတ်သာလျှင် အရင်းမူလ ဖြစ်ချေ၏။ သို့သော် သိသိသာသာ ကြံစည်စိတ်ကူးလျက်ရှိသောစိတ်၊ ပြုလုပ်ပြောဆိုကြံစည်ခဲ့သမျှတို့ကြောင့်အမှတ်ထင်လျက်ရှိသောစိတ်ဟူ၍နှစ်မျိုးရှိလေသည်။ ပထမစိတ်မှာ(သင်္ဂြိုဟ်နည်းအားဖြင့်) စေတသိက်နှင့် ပူးပေါင်းသောစိတ် ဖြစ်လေသည်။ ဒုတိယစိတ်သည် စိတ်သက်သက်ဖြစ်၍ ဘဝင်စိတ်ဟူ၍ ခေါ်ဆိုရပေမည်။

ရှင်းလင်းဦးအံ့။ အခြားသော ဘာသာဝင်တို့က တစ်သက်ပတ်လုံး ကျွန်ုပ်တို့ ပြုလုပ်ပြောဆိုကြံစည်ခဲ့သမျှသော ကောင်းမှုမကောင်းမှုတို့ကို ထာဝရဘုရားက မှတ်သားထား အကောင်းနှင့်အဆိုး နှိုင်းချိန်ပြီးလျှင် နောင်တမလွန်ဘဝ၌ ချီးမြှောက်သင့်သူကို ချီးမြှောက်၍ အပြစ်ပေးထိုက်သူကို အပြစ်ပေးသည်ဟု ယုံကြည်ကြ၏။ ဗဟုသုတနည်းပါးသော ဗုဒ္ဓဘာသာဝင်တို့ကလည်း သိကြားမင်းက ရွှေပုရပိုက် ခွေးပုရပိုက် စသည်တို့တွင် မှတ်သားထားသလိုလို ယုံကြည်နေကြ၏။ နားလည်သူတို့က ကုသိုလ်ကံ အကုသိုလ်ကံအလျောက် အကျိုးပေးကြသည်ဟု

ပြောကြသော်လည်း မည်သူက တပ်တပ်အပ်အပ် မှတ်သား
ထား၍ တိတိကျကျအကျိုးအပြစ်ပေးလေသနည်းဟု မေးမြန်း
သော်လည်း မကြံစည်အပ်ဟု ဖြေဆိုကောင်း ဖြေဆိုကြပေလိမ့်
မည်။ စင်စစ်သော်ကား မည်သည့် အပြင်ပုဂ္ဂိုလ် တစ်ဦး တစ်
ယောက်ကမျှ မှတ်သားထားသည် မဟုတ်။ ထိုသူ၏ ဘဝ၌
အမှတ်ထင်လျက်ရှိသဖြင့် ထိုအတိုင်း ကောင်းကျိုး မကောင်း
ကျိုး ဖြစ်စေရခြင်းပင် ဖြစ်လေသည်။

ထပ်၍ ရှင်းဦးအံ့။ အကြင်သူ တစ်ယောက်သည် ကြမ်းပိုး
တစ်ကောင်ကို သတ်ဖူး၏။ သေးနုပ်သောမကောင်းမှုဖြစ်သော
ကြောင့် ထိုဒုစရိုက်မှုကို တစ်သက်ပတ်လုံး မှတ်သားထားရှိနိုင်
မည်မဟုတ်ချေ။ ယင်းသို့ဖြစ်လျှင် ထိုသူသည် ထိုမကောင်းမှု၏
အပြစ်ကို မခံရပေဘူးလောဟု မေးဖို့ရှိ၏။ မေ့ပျောက်သွား
သော်လည်းခံရမည်သာ ဖြစ်၏။ အကြောင်းမူကား ထိုသူသည်
ထိုမကောင်းမှုကို သတိအားဖြင့် မေ့ပျောက်သွားသော်လည်း
ထိုမကောင်းမှုသည် ထိုသူ၏ဘဝင်စိတ်တွင် အမှတ်ထင်လျက်
ရှိသောကြောင့် ဖြစ်လေရာ ဘဝ၌ ထိုပြစ်မှုအတွက် ခံရမည်သာ
ဖြစ်လေသည်။ ကျွန်ုပ်တို့ ပြုမိခဲ့သမျှသော ကောင်းမှု မကောင်းမှု
ဟူသမျှသည် ကျွန်ုပ်တို့၏ဘဝင်စိတ်တွင် အမှတ်ထင်လျက်ရှိရ
ကား နိဗ္ဗာန်သို့မရောက်မချင်း(ဝါ) ထိုဘဝင်စိတ်ရှိသမျှ ကာလ
ပတ်လုံး အခွင့်သာလျှင် ခံကြစံကြမည်သာ ဖြစ်လေသည်။

အရေးကြီးသည်ကား သတိတခြား၊ဘဝင်စိတ်တခြား ဖြစ်
၏။ ကျွန်ုပ်တို့သည် သတိမရှိသဖြင့် စိတ်ကူးကြံစည်ခြင်း မပြု

သော်လည်း ဘဝင်စိတ်သည် အိပ်ခြင်းရပ်နားခြင်းမရှိဘဲ၊ အခါခပ်သိမ်း အလုပ်လုပ်လျက်ရှိ၏။ နိရောဓသမာပတ်ဝင်စားသော ပုဂ္ဂိုလ်နှင့် အသညသတ် ဘုံသားတို့မှ တစ်ပါး ဘဝင်စိတ်သည် အစဉ်အမြဲ အလုပ်လုပ်လျက်ရှိ၏။

အလွန်အရေးကြီးသည်ကား ဘဝင်စိတ်၌ ယခုဘဝတွင် တွေ့မြင်ခံစားခဲ့ဖူးသမျှတို့သာမက သံသရာအစဉ်မှ ကြုံတွေ့ ကြံစည်ခဲ့ရသမျှတို့သည် အမှတ်ထင်လျက် ရှိရကား၊ ဤအကြောင်းကို သဘောပေါက်သော သူတို့သည် အခြားသော ဝိတက်ဝိစာရတို့ကို ရပ်သိမ်း၍ ထိုဘဝင်စိတ်မှ အာရုံကိုယူရန် လေ့ကျင့်ထားပါလျှင် လောကကြီးပွားရေးအတွက် ဖြစ်စေ၊ သမထအတွက်ဖြစ်စေ အလွန်အကျိုးများလှပေသည်။

သို့သော် ဤအလုပ်မှာ အလွန်တစ်ရာ နက်နဲသိမ်မွေ့လှသည် ဖြစ်၍ နက်နဲသောအလုပ်တွင် ဝါသနာပါသူ အနည်းငယ်တို့အဖို့ လမ်းစလောက်သာ ရေးသားဖော်ပြလိုက်ရပေသည်။ လူတိုင်းမရိပ်မိကြသေးသော အချက်သည်ကား သမထအလုပ် ဝိပဿနာ အလုပ်တို့သည်သာလျှင် ကမ္မဋ္ဌာန်းဖြင့် စိတ်အာရုံစူးစိုက်စွာ အလုပ်လုပ်ရန် လိုသည်မဟုတ်။ လောက၌ ပထမတန်း ထိပ်သီးဖြစ်အောင် ကြီးပွားပေါက်ရောက်လိုသူတို့သည်လည်း တစ်နည်းအားဖြင့် ကမ္မဋ္ဌာန်းထိုင်ကြလေသည်။

ကမ္ဘာကျော်အောင် စကားပြောကောင်းလှသော ပုဂ္ဂိုလ်ကြီးတစ်ဦးသည် အလွန်တစ်ရာ နက်နဲသိမ်မွေ့လှသော အခြင်းအရာများအကြောင်းကို ပြောဟောနေစဉ်အခိုက်တွင် မျက်စိမှိတ်၍ ပြောဟောလေ့ရှိ၏။ အဘယ်ကြောင့် မျက်စိမှိတ်၍

ထားသနည်းဟု မိတ်ဆွေများက မေးမြန်းကြသောအခါ ထိုသူက 'မျက်စိမှိတ်ထားသောအခါတွင် ကျွန်ုပ်တို့၏စိတ်သည် အနန္တဉာဏ်တော်ကြီးနှင့် ဆက်သွယ်လျက်ရှိသောကြောင့် နက်နဲသော အကြံဉာဏ်ကြီးများ ဖြစ်ပေါ်လာသည်ဟု ဖြေဆို၏။ ထိုသူကား ခရစ်ယာန်ဘာသာဝင် ဖြစ်၍ အနန္တဉာဏ်တော်ကြီးဆိုသည်ကား ထာဝရဘုရားသခင်ကို ဆိုလို၏။ ကျွန်ုပ်ယူဆချက်ကား မျက်စိမှိတ်၍ ငါးဒွါရကိုပိတ်ထားလိုက်သောအခါတွင်၊ မနောဒွါရ တစ်ခုတည်းမှသာ ဘဝင်စိတ်နှင့် ဆက်သွယ်သည်ဖြစ်၍ အကြံကြီး ဉာဏ်ကြီးများ ပေါ်ထွက်လာရသည်ဟု မှတ်ယူ၏။ ထွက်ပေါ်လာရခြင်းကား သံသရာအစဉ်မှ ကြုံတွေ့ခဲ့ရသမျှတို့သည် ဘဝင်စိတ်တွင် အမှတ်ထင်လျက် ရှိသည်ဖြစ်၍ ထိုဘဝင်စိတ်မှ အာရုံကိုယူခြင်းသည် ထက်မြက်ကြီးကျယ်သော အကြံဉာဏ်တို့ကို ဖြစ်စေနိုင်ပေ၏။

အမေရိကန်ပြည်၌ သူဌေးကြီးတစ်ဦးသည်လည်း မိမိ၏ အလုပ်အကိုင်နှင့်ပတ်သက်၍ လေးနက်ခက်ခဲသော ဆုံးဖြတ်ချက်တစ်ခုကို ပြုလုပ်ရန် လိုသည့်အခါတိုင်း မျက်စိမှိတ်၍ သုံးမိနစ်လောက် ဧကဂ္ဂတာကျအောင် ဆင်ခြင်ပြီးမှ ဆုံးဖြတ်ချက်ချလေ့ရှိ၏။ ထိုသူသည် ဘဝင်စိတ်၏ အကူအညီဖြင့် ဆုံးဖြတ်ချက်ချခြင်းပင် ဖြစ်သည်။

လူတို့သုံးစွဲကြသည့် ကိရိယာအဆန်းအသစ်ပေါင်း ၂၀၀ ကျော်မျှ တီထွင်လုပ်ကိုင်ခဲ့ဖူးသည့် ဒေါက်တာဂိတ်ဆိုသူ ဆရာကြီးသည် စိတ်ကူးအဆန်းအသစ်များ ဖြစ်ပေါ်လာအောင်

သည် မိမိ၏အိမ်တွင် အခန်းတစ်ခန်းကို အထူးတလည် ပြုပြင်စီမံထားလေရာ ၎င်းအတွင်းသို့ မည်သည့်အသံ မည်သည့်အလင်းရောင်မျှ မဝင်နိုင်ချေ။ အခန်း၏အလယ်၌စားပွဲတစ်ခုရှိ၍ စားပွဲပေါ်တွင် စာရေးစက္ကူကပ်တစ်ခု တင်ထားလေသည်။ စားပွဲအနီး၌ကား ဓာတ်မီးခလုတ်တစ်ခုရှိ၏။ ဆရာကြီးသည် ဘဝင်စိတ်၏ အကူအညီအားဖြင့် စိတ်ကူးဉာဏ် အဆန်းအသစ်တစ်ခုကို အလိုရှိသည့်အခါ ၎င်းအခန်းသို့ဝင်၍ ကုလားထိုင်ပေါ်၌ထိုင်ပြီးလျှင် ဓာတ်မီးခလုတ်ကိုပိတ်ပြီးနောက် နက်နဲစွာ ဆင်ခြင်လေရာ ဆန်းသစ်သောစိတ်ကူးတို့သည် လျှပ်ပစ်ကဲ့သို့ ၎င်း၏စိတ်ထဲတွင် ဖြစ်ပေါ်လာသည်ဟု ပြောပြဖူးလေသည်။ ထိုကဲ့သို့ဖြစ်ပေါ်လာသော စိတ်ကူးတို့ကို ထိုဆရာကြီးသည် စာရွက်ပေါ်တွင် ရေးသားမှတ်ထားရလေသည်။

တစ်နေ့သ၌ စိတ်ကူးအသစ်အဆန်းတို့သည် ထိုဆရာကြီး၏ ဦးခေါင်းထဲသို့ မရပ်မနား ဆက်ကာဆက်ကာ ဝင်လာလေရာ ဆရာကြီးသည် ထိုင်ရာမှ မထဘဲ သုံးနာရီခန့်လုံးလုံး ရေးသား မှတ်သားနေရလေသည်။ ရေးပြီးသော မှတ်ချက်တို့ကို ပြန်လည်ဖတ်ရှုလိုက်သည့်အခါ လောကဓာတ် ပညာဘက်တွင် ဆင်တူမရှိသေးသည့် စနစ်နည်းနာတစ်ခုကို အနုံစိပ်၍ စုံလင်စွာ ဖော်ပြထားသည်ကို တွေ့ရှိရလေသည်။ ဤနည်းအားဖြင့် ဒေါက်တာဂိတ်သည် ၂၀၀ ကျော်မျှသော ကိရိယာ အဆန်းအသစ်တို့ကို တီထွင်နိုင်ခဲ့လေသည်။

အချို့က ဆရာကြီး၏အလုပ်လုပ်နည်းကို နက်နဲစွာ စဉ်းစားဆင်ခြင်ခြင်းမှုသာဖြစ်မည်ဟု ဆိုကြပေလိမ့်မည်။ ထိုသို့ ဆိုခဲ့

လျှင် အကြမ်းအားဖြင့် မှန်ပါ၏။ ကျွန်ုပ်တို့၏ ထင်မြင်ချက်ကား ယခုဘဝ၌ရှိသော ဒွါရင်းပေါက်တို့မှ အာရုံ ငါးပါးတို့ကို လုံးလုံးကြီး ပိတ်ထားပြီးလျှင် သိသရာအစဉ်မှ ကြုံတွေ့မှတ်သား ထားခဲ့သည့် အထူးထူးသော စိတ်ကူးတို့ကို ဘဝင်စိတ်မှ ခံယူ ရရှိခြင်းဖြစ်သည်ဟု ယူဆပေ၏။ ထို့ကြောင့်သာလျှင် ယခုဘဝ၌ မကြုံဖူး၊ မမြင်ဖူးသော စိတ်ကူးမျိုးတို့သည် လျှပ်ပစ်သကဲ့သို့ ဖျတ်ခနဲပေါ်ပေါက်လာရခြင်း ဖြစ်ဟန်တူပေသည်။ သို့သော် ဤအချက်သည် အလွန်ကျယ်ပြန့်ရာနက်နဲသိမ်မွေ့လှပေရကား အရင်း မူလကို တွေးဆရန် မဆိုထားဘိ၊ ဤနည်းကို အသုံးချဖို့ နား လည်လျှင်ပင် ဗဟုသုတ စုံလင်လှပြီဟု ဆိုလောက်ပါပေပြီ။

ဒေါက်တာဂိတ်၏ ထူးဆန်းသော အလုပ်တစ်ခုမှာ မည်သို့ အလုပ်အကိုင်မျိုး၌ဖြစ်စေ အခက်အခဲတွေ့ကြုံသူတို့သည် ဆရာ ကြီးထံသို့လာ၍ အကြံဉာဏ်တောင်းကြလေသည်။ ဆရာကြီး သည် ထိုအခန်းသို့ ဝင်၍ နာရီပေါင်း မည်၍ မည်မျှ ထိုင်၍ စိတ်ကူးရသည့်အလျောက် အဖိုးအခ ပေးကြရလေသည်။ ကြီးကျယ်သော မြူနီစီပယ် အဖွဲ့ကြီးများ၊ ကုမ္ပဏီများတို့ သည် ဒေါက်တာဂိတ်၏ စိတ်ကူးကို အဖိုးအခနှင့် ငှားရမ်း၍ နှစ်စဉ် ငွေအမြောက်အမြား ပေးခဲ့ကြရဖူးလေပြီ။ သာမန်နည်း အားဖြင့် လူတို့သည် စဉ်းစားဂိတ်ကူးသည့်အခါ မိမိတို့တွေ့ကြုံ ခံစားခဲ့ရဖူးသမျှတို့ အပေါ်မှ အခြေတည်လျက် အကျိုး အကြောင်းအားဖြင့် ဆက်စပ်ကာ ဆင်ခြင်စဉ်းစားကြရခြင်း မှ ဖြစ်လေသည်။ ဒေါက်တာဂိတ်၏ စဉ်းစား ဆင်ခြင်နည်း ကား နား၊ မျက်စိ၊ လျှာ စသော အာရုံကြောတို့ဖြင့် တွေ့ကြုံခံစား

ရှုဖူးသမျှတို့ကို စွန့်လွှတ်၍ ၎င်းတို့အပေါ်တွင် အခြေမတည်ဘဲ ဘဝင်စိတ်မှ အာရုံကို အလွတ်ခံယူသည့်နည်း ဖြစ်သောကြောင့် ပို၍စိတ်ချရ၏။ အကြောင်းမူကား နား၊ မျက်စိတို့သည် လူကို လှည့်စားနိုင်၏။ ဘဝင်စိတ်မူကား သဘာဝအတိုင်းဖြစ်သော ကြောင့် လှည့်စား၍ မရဘဲ အမှန်အတိုင်း ဖော်ပြတတ်သော ကြောင့် ဖြစ်ပေ၏။

ကမ္ဘာလောက၌ အဆန်းအသစ်များတီထွင်ကြသည့်ပုဂ္ဂိုလ် များသည် နှစ်မျိုးနှစ်စားရှိကြ၏။ များစွာသောစိတ်ကူးသမား တို့သည် ဤသို့ဖြစ်လျှင် ဤသို့ဖြစ်ရမည်ဟူသော ကျိုးကြောင်း ဆင်ခြင်နည်းသက်သက်ဖြင့်သာ စိတ်ကူးတတ်ကြ၏။ မစ္စတာအေ ဒီဆင်နှင့် ဒေါက်တာဂိတ်တို့မူကား ဘဝင်စိတ် အကူအညီဖြင့် တစ်လောကလုံးကို ခြုံ၍ စိတ်ကူးနိုင်သူများ ဖြစ်ကြလေသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း စိတ်ကို အပြင်းအထန် လှုံ့ဆော်တိုက်တွန်းပေးနိုင်သော အခြင်းအရာတို့သည် ၁၀ပါးမျှ ရှိလေရာ ၎င်းတို့အနက်တွင် လိင်ကြောင့်ဖြစ်သော လှုံ့ဆော်မှု သည်အင်အားအကြီးဆုံးဖြစ်၏။ ကမ္ဘာ၏ရာဇဝင်တွင် ကြီးကျယ် ထွန်းကားခဲ့သူများ၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုဆင်ခြင်သည့်အခါ တစ်ယောက်သော မိန်းမအား ချစ်ကြိုက်မှုကို အရင်းခံ၍ ထို 'အချစ်'၏အားအစွမ်းဖြင့် ကြီးပွားထွန်းကားသော အခြေသို့ တိုင်ရောက်ကြသူများကို အမြောက်အမြားပင် တွေ့ကြရပေသည်။

အမေရိကန်သမ္မတဟောင်း တစ်ဦးဖြစ်သော လင်ကွန်းသည် မစ္စရတ်တလက်နှင့်မတွေ့မီအခါက သူလိုငါလို လူတစ်ယောက်မျှ သာ ဖြစ်ခဲ့ပေရာ ထိုမိန်းမနှင့် တွေ့ရပြီးသည့်နောက်ထိုမိန်းမကို

ချစ်ခင်သော မေတ္တာစိတ်သည် ကြီးကျယ်သော အလုပ်မျိုးကို ခွန့်စားဆောင်ရွက်ရန် လှုံ့ဆော်တိုက်တွန်းပေးသကဲ့သို့ ဖြစ်ခဲ့၏။ ကမ္ဘာကျော် ပြင်သစ်စစ်ဗိုလ်ကြီး နပိုလီယန်သည်လည်း 'မ'ကို ချစ်ခင်တည်းဟူသော စိတ်ဓာတ်အရင်းခံဖြင့် ကျော်စောထင်ရှားခြင်း၏ အထွတ်အထိပ်သို့ ရောက်ခဲ့၏။ မပြောပလောက်အောင် ထွန်းကားသော ပုဂ္ဂိုလ်တို့၏ အတ္ထုပ္ပတ္တိကို ဆင်ခြင်သည့်အခါ များသောအားဖြင့် လိမ္မာရေးခြားရှိသော မိန်းမတစ်ယောက်နှင့် ပေါင်းသင်း ဆက်ဆံရခြင်းသည် ကြီးပွားခြင်း၏အခြေခံဖြစ်၍ ကြီးပွားသည်ထက် ကြီးပွားအောင် လှုံ့ဆော်တိုက်တွန်းမှုလည်း ဖြစ်ကြောင်းကို တွေ့ရလိမ့်မည်။

အချို့သောသူတို့မှာ မိမိနှင့် အပြန်အလှန် ချစ်ခင်ကြင်နာခြင်းဟူသော သားမယားနှင့် ဆက်ဆံရခြင်း အတွက်ကြောင့် စီးပွားဖြစ်ထွန်းခဲ့၍ စည်းစိမ်ယစ်သည် အားလျော်စွာ 'မ' နောက်သို့လိုက်စားပြီးလျှင် သားငယ်၊မယားငယ်တို့နှင့်ဖောက်ပြန်မိသည်နှင့် တစ်ပြိုင်နက် စီးပွားယုတ်လျော့ သွားတတ်လေသည်။ များစွာသော လူတို့၏အယူကား ထိုသူသည် 'မ' လိုက်စား၍ ပျော်ပါးမှုကြောင့် စီးပွားဆုတ်ယုတ်သည်ဟု ဆိုကြ၏။ ကျွန်ုပ်တို့၏ ထင်မြင်ချက်ကား ထိုသူသည် မယားကြီးနှင့် နှောင်ဖွဲ့ထားအပ်သော လိင်စိတ်ဓာတ်၏ အားယုတ်မှုကြောင့် စီးပွားရေးနှင့် ပတ်သက်သော အကြံအစည်ဘက်တွင် လျော့ပါး ဆုတ်ယုတ်သွားသည်ဟု ယူဆပေသည်။

မည်သို့ပင်ဖြစ်စေ၊ လူသတ္တဝါတို့၏ စိတ်သည် တသမတ်တည်း ခွန်အားရှိသည်မဟုတ်ဘဲ လှုံ့ဆော်သော အရာရှိလျှင်

ရှိသည့်အလျောက် ခွန်အားတိုးတက် ကြီးမားလာကြောင်း မှာကား ထင်ရှားလောက်ပေပြီ။

အနောက်တိုင်းသား လောကဓာတ် ဆရာကြီးများ၏ ယူဆချက်မှာကား လောကီမှုဌ်အထွတ်အထိပ်သို့ရောက်ကြသော သူဟူသမျှတို့သည် လိင်မှုနှင့်ပတ်သက်၍ ထက်သန်သူတို့ချည်း ဖြစ်ကြသည်ဆို၏။ ဤသို့ဆိုရာ၌ ရာဂစရိုက်သမားတိုင်း ကြီးပွားထွန်းကားရမည်ဆိုလိုခြင်း မဟုတ်ချေ။ ရာဂစရိုက်ဓာတ်ခံရှိပြီးနောက် ထိုစရိုက်ကြောင့်ဖြစ်သော ဓာတ်အားကို ကြီးပွားမှုအတွက် အသုံးချသော သူတို့သာလျှင် အထူးတလည်ကြီးပွားထွန်းကားကြသည်ဟု ဆိုလိုခြင်းဖြစ်၏။ ရာဂစရိုက်ဖြစ်သော်လည်း မိမိ၏ စိတ်ဓာတ်အားကို ကာမဂုဏ် ခံစားမှုအတွက် သက်သက်အသုံးချပါမူကား မကြီးပွါးသည့်အပြင် ယုတ်ညံ့ သိမ်ဖျင်းသောအဖြစ်သို့ ရောက်ကြရလေသည်။ စင်စစ်သော်ကား ပထမအမျိုးအစားသည် နည်းပါး၍ ဒုတိယအမျိုးအစား သာလျှင် ပေါများလှပေသည်။ ထို့ကြောင့်လည်း ရာဂစရိုက်သမား မရှားပါးသော်လည်း ကြီးပွားထွန်းကားသူ ရှားပါးလှခြင်း ဖြစ်ချေသည်။

**အသက် ၄၀ ကျော်မှ ကြီးပွားတတ်ခြင်း**

အမေရိကန်ပြည်၌ လူပေါင်း ၅၀၀၀ မျှတို့ကို တစ်ယောက်စီ တွေ့ဆုံ၍ ၎င်းတို့၏ အဖြစ်အပျက်ကို စိစစ်မေးမြန်း စုံစမ်းစစ်ဆေးခဲ့ဖူးသော စီးပွားရေးပါရဂူကြီး တစ်ယောက်က ရေးသား ဖော်ပြခဲ့ဖူးသည်မှာ အသက် ၄၀ မတိုင်ရောက်မီ ပြောပလောက်အောင် ကြီးပွားထွန်းကားသူဟူ၍ အလွန်တစ်ရာ

နည်းပါးကြောင်း၊ အချို့မှာ အသက် ၅၀ ကျော်လွန်မှပင် ကြီးပွားထွန်းကားလာကြသည်ကို တွေ့ရကြောင်းနှင့် ရေးသားထား၏။ ထိုဆရာကြီးသည် ဤအချက်ကို ထူးဆန်းလှသည်ဟု မှတ်ယူ၍ အဘယ်ကြောင့် ထိုကဲ့သို့ ဖြစ်ရလေသနည်း ဟု အကြောင်းရင်း ဆက်လက်စုံစမ်းခဲ့ဖူးလေသည်။

ထိုဆရာကြီးတွေ့ရှိရသောအချက်သည်ကား များစွာသော လူတို့သည် အသက် ၄၀ မကျော်မီ မကြီးပွား မထွန်းကားနိုင်ကြခြင်းမှာ ငယ်ရွယ်စဉ်အခါ၌ လိင်ကြောင့်ဖြစ်သော စိတ်ဓာတ်အားကို ကာမဂုဏ်ခံစားမှုအတွက်သာလျှင် အသုံးပြုမိသောကြောင့် ဖြစ်လေသည်။ငယ်ရွယ်စဉ်အခါ၌ကား ထိုစိတ်ဓာတ်သည် အလွန်တစ်ရာထက်သန်လှသည်ဖြစ်၍ ထစ်ဘက်သတ်တည်း လိုက်စားရန် တိုက်တွန်းနေဘိသကဲ့သို့ ဖြစ်နေ၏။ အသက် ၄၀ ကျော်လွန်သည့်အခါ၌မူ လူအချို့သည် ထိုဘက်တွင် အတော်အတန် တင်းတိမ်ရောင့်ရဲခြင်း ရှိလာတတ်ကြလေရာ၊ ထိုလူအချို့သည် ကြီးပွားထွန်းကားတတ်၏။ ဘယ်အခါမျှ တင်းမတိမ်၊ သတိမရသော သူတို့သည်ကား ဘယ်တော့မျှ မကြီးပွားနိုင်ကြချေ။

လိင်ကြောင့်ဖြစ်သော စိတ်ဓာတ်သည် ဘက်ထရီအိုးသဖွယ် အားပေးအားမြှောက်ပြုတတ်သည်ဖြစ်၍ စွမ်းစွမ်းတမံကြံစည်လုပ်ကိုင်နိုင်စေတတ်၏။ အမေရိကန်ပြည်တွင် အကြီးကျယ်ဆုံး အလုပ်တိုက်ရှင်သူဌေးကြီးတစ်ဦးက မိမိသည် မိမိ၏ချောမောလှပ၍ ချစ်ခင်ဖွယ်ကောင်းလှသော စာရေးမကလေးကို ချစ်ကြိုက်သောစိတ်ဓာတ်ကြောင့် လုပ်ငန်းနှင့်ပတ်သက်၍

အကြံကောင်း အစည်ကောင်းများ ဖြစ်ပေါ်လာပေသည်ဟု ဖွင့်ဟဝန်ခံဖူးလေသည်။ စာရေးမကလေးသည် မိမိအနီး၌ထိုင်နေသည့်အခါ သူဌေးကြီး၏ စိတ်သည် အခြားသောနည်းအားဖြင့် လှုပ်ရှားနိုးကြားခြင်းမရှိသလောက်၊ ထိုအခါ၌ ထက်မြက်နိုးကြားခြင်းရှိသည်ဖြစ်၍ အလွန်အဖိုးတန်လှသော အကြံအစည်များ ဖြစ်ပေါ်လာသည် ဆို၏။ ဤသည်ကား လိင်ဓာတ်၏ လှုံ့ဆော်မှုပင်ဖြစ်လေသည်။

ကမ္ဘာကျော်စာရေးဆရာကြီးများ၏ အဖြစ် အပျက်ကို ဖတ်ရှုသည့်အခါ လိင်ဓာတ်၏ လှုံ့ဆော်မှုမဟုတ်ဘဲ အရက်၊ ဘိန်း စသည်တို့၏ လှုံ့ဆော်အားပေးခြင်းဖြင့် ကမ္ဘာကျော်စာအုပ်ကြီးများ ရေးသားထားကြသည်ကို တွေ့ရ၏။ သို့သော်သေအရက်နှင့် ဘိန်းတို့မည်သည် သဘာဝလှုံ့ဆော်မှုမဟုတ်ဘဲ တမင်ပြုလုပ်နေရသော အတုအပ လှုံ့ဆော်မှုမျိုးသာ ဖြစ်လေရကား တာရှည်အသုံးပြုသူတို့အဖို့၌ နောက်ဆုံးတွင် အကျိုးထက် အပြစ်က များပြားတတ်ကြလေသည်။

ယောကျ်ားဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ မည်သည့်သတ္တဝါဖြစ်စေ ကာမ ၁၁ ဘုံသား မှန်ခဲ့လျှင် လိင်စိတ်ဓာတ်သည် အနည်းနှင့်အများ ကိန်းအောင်း တည်ရှိရမည်သာ ဖြစ်၏။ သို့သော် ခပ်သိမ်းကုန်သောသူတို့၌ အညီအမျှတည်ရှိသည်မဟုတ်။ အချို့ကား နည်းပါး၍ အချို့ကားပြင်းထန်၏။ များသောအားဖြင့်မူကား ပြုပြင်ပေးနိုင်သောအရာမဟုတ်၊ စရိုက်ဆိုသည့်အလိုက် 'ဝမ်းတွင်းပါ' စိတ်ဓာတ်မျိုးဖြစ်၏။ လိင်စိတ်ဓာတ်

ပြင်းထန်သော သူတို့သည် သူတစ်ပါးတို့၏ စိတ်ကို ဆွဲငင်တတ်သော သံလိုက်ဓာတ်ရှိ၏။ ထိုသူမျိုးကို အောက်ပါ အခြင်းအရာများအားဖြင့် ထင်ရှားသိသာနိုင်၏။

၁။ လက်ဆွဲနှုတ်ဆက်ခြင်း။ လက်ကိုဆွဲ၍ နှုတ်ဆက်လိုက်လျှင်ပင် အချို့သူတို့သည် လိင်စိတ်ဓာတ် ပြင်းထန်ကြောင်း သိသာနိုင်၏။ ကြေးဖလားကို ခေါက်ပြီးနောက် အသံမကုန်မီ စမ်းကိုင်လိုက်ရခြင်းကဲ့သို့ 'ရှိန်း' လျက်ရှိသည်ကို တွေ့ရ၏။ လိင်စိတ်ဓာတ် လျော့သောသူတို့မူကား မတီးခေါက်သော ကြေးဖလားကို ကိုင်စမ်းရခြင်းနှင့် တူ၏။

၂။ သံနေသံထား။ လိင်စိတ်ဓာတ် ပြင်းသော သူတို့သည် စကားပြောသောအခါ၌ အသံအနိမ့်အမြင့်ဖြင့် သာယာနာပျော်ဖွယ်ရှိအောင် ပြောတတ်၏။ လိင်စိတ်ဓာတ် ပျော့သူတို့မူကား အသံတသမတ်တည်းနှင့် ခြောက်သွေ့စွာပြောတတ်၏။

၃။ ခြေဟန်လက်ဟန်။ လိင်စိတ်ဓာတ်ပြင်းသော သူတို့သည် သွက်သွက်လက်လက် ဖျတ်ဖျတ်လတ်လတ် လှုပ်ရှားတတ်၍ ကြည့်ဖွယ်ကောင်းသော ကိုယ်ဟန်အမူအရာ ရှိ၏။

၄။ ဝတ်စားဆင်ပြင်ခြင်း။ လိင်စိတ်ဓာတ်ပြင်းသောသူတို့သည် မိမိကိုယ်ကို လှပတင့်တယ်အောင် ဆင်ပြင်ဝတ်စားဖို့ ဂရုစိုက်တတ်၍ မိမိနှင့်လိုက်လျောသော အသွေးအဆင်တို့ကိုလည်း ရွေးချယ်တတ်၏။

လူပေါင်းများစွာတို့နှင့် ဆက်ဆံရသဖြင့် လူအကြောင်းကို နားလည်သော အနောက်တိုင်းသား သူဌေးကြီးများသည် အလုပ်သမားများ ရွေးချယ်၍ လိင်စိတ်ဓာတ်ပြင်းသော သူတို့

ကို အထက်ပါ အခြင်းအရာတို့ဖြင့် ရွေးချယ်ကြသည်ဟု ဖတ်ရှုဖူး၏။ လိင်စိတ်ဓာတ် ပြင်းသောသူတို့သည် မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ စိတ်အားထက်သန်စွာနှင့် စိတ်ရောမာန်ပါ ဆောင်ရွက်လုပ်ကိုင်တတ်ပေရာ ထိုအခြင်းအရာသည် ကြီးပွားခြင်းအတွက် အထောက်အပံ့ တစ်ခုဖြစ်လေသည်။

လူအများရှေ့တွင် စကားပြောရသော နိုင်ငံရေးသမားဖြစ်စေ၊ တရားဟောဆရာဖြစ်စေ၊ ကျောင်းဆရာဖြစ်စေ၊ ရှေ့နေဖြစ်စေ လိင်စိတ်ဓာတ်ပျော့ခဲ့လျှင် ပရိသတ်၏နှလုံးခိုက်အောင် မပြောနိုင်ဘဲ ပျော့ရွတ်ရွတ် ဖြစ်နေတတ်လေ၏။

စင်စစ်သော်ကား၊ လိင်စိတ်ဓာတ်သည် Dynamo လျှပ်ဓာတ်အားကို လိင်နှင့်ပတ်သက်သောအလုပ်တွင် အသုံးမပြုဘဲ အခြားအလုပ်အကိုင် အကြံအစည်တို့၌အသုံးပြုပါမူ အလွန်တစ်ရာ အရေးပါ အရာရောက်လှပေသည်။ အနည်းငယ်မျှသော ပညာရှင်တို့သည် ဤအချက်ကိုသိလျက် အသုံးပြုကြ၏။ များစွာသော သူတို့ကား ဤအချက်ကိုမသိဘဲလျက်နှင့် အသုံးပြုကြ၏။ မည်သို့ပင်ဖြစ်စေ ဖြစ်ပေါ်သော ဓာတ်အားကို လိင်ကိစ္စတွင် မသုံးဘဲ လမ်းလွှဲ၍အသုံးချမိသူတို့သည် စင်စစ်အကျိုးခံစားကြရလေသည်။

သို့သော် လိင်ကြောင့်ဖြစ်ပေါ်သော ဓာတ်အားသည် လိင်နှင့်ပတ်သက်သော ကိစ္စမျိုး၌သာ သဘာဝအလျောက် အသုံးပြုလိုတတ်သည် ဖြစ်သောကြောင့် ၎င်းဓာတ်အားသည် အခြားကိစ္စအတွက် လွှဲပြောင်းအသုံးချရာမှ မိမိစိတ်ကိုနိုင်နင်းဖို့လိုလှ၏။ ရုတ်တရက်အားဖြင့် လွှဲပြောင်းနိုင်လောက်

အောင် မနိုင်နင်းခဲ့လျှင် တဖြည်းဖြည်း လေ့ကျင့်မွေးမြူပေးရ၏။ ထိုကဲ့သို့ လေ့ကျင့်ပေးရခြင်းသည် ပင်ပန်းသော အလုပ်တစ်ခုဖြစ်သော်လည်း ခံစားရသော အကျိုးသည် အလွန်များလှသောကြောင့် အပင်ပန်းခံထိုက်ပေသည်။

လိင်တည်းဟူသော သဘာဝသဘောတရားကို နားလည်သူ အလွန်နည်းပါးလှပေသည်။ လိင်တည်းဟူသောစိတ်သည် ရာဂနှင့် ဆက်စပ်လျက်ရှိသော်ကြောင့် လိင်စိတ်ပြင်းထန်ထက်သန်ခဲ့လျှင် ရာဂကြီးသည်ဟု ကဲ့ရဲ့ရှုတ်ချခြင်းကို ခံကြရလေသည်။ စင်စစ်မှာ လိင်စိတ်ပြင်းထန်ခြင်းသည် စိတ်အား ထက်သန်ခြင်းကို ဖြစ်စေနိုင်သည်ဖြစ်၍ ၎င်းကိုအလွဲသုံးစားမပြုဘဲ နေရာကျအောင် အသုံးချတတ်ပါမူ ကြီးပွားထွန်းကားခြင်းကို ဖြစ်စေနိုင်လေသည်။

ဆိုလိုရင်းမှာ လိင်စိတ်ထက်သန်သော လူတစ်ယောက်သည် ထိုထက်သန်သော စိတ်အားကို ကာမဂုဏ်ခံမှု သက်သက်အတွက် အသုံးမချဘဲ မိမိ ကြီးပွားထွန်းကားမှုဆိုင်ရာ ကိစ္စများအတွက် အသုံးချပါမူ လွန်စွာအရေးပါ၍ အရာရောက်နိုင်လေသည်။ တစ်နည်းသော်ကား လိင်စိတ်ထက်သန်ခြင်းသည် စိတ်၏ တန်ခိုးထက်သန်ခြင်းပင်ဖြစ်၍ ထိုသူသည် ၎င်းအတွက် ရှက်စွံ့ဖွယ်မရှိ၊ ခွန်အားကြီးသော စက်ကြီးတစ်လုံးကို ပိုင်ဆိုင်ရသော ပိုင်ရှင်ကဲ့သို့ နေရာတကျ အသုံးချဖို့သာလျှင် တာဝန်ရှိပေတော့သည်။ သို့ရာတွင် ဤသို့ရေးသားခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရာဂကဲလွန်းသဖြင့် အလွန်အကျူး ကာမဂုဏ် ခံစားတတ်သော သူတို့ကို ထောက်ခံအားပေးလိုသည်ဟူ၍ မမှတ်ယူသင့်ပေ။

ကမ္ဘာလောက၌ ကြီးပွားထွန်းကားလျက်ရှိသော ပုဂ္ဂိုလ်ကြီးများ၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုသည့်အခါ များစွာသော ကမ္ဘာကျော်ပုဂ္ဂိုလ်များသည် ဇနီးဖြစ်သူကို ချစ်ခင်မြတ်နိုးခြင်းရှိ၍ ၎င်း၏အကူအညီဖြင့် ထွန်းကားသောအခြေအနေသို့ ရောက်ကြသည်ကို တွေ့ရှိရပေသည်။ တစ်ချို့သော မိန်းမတို့မှာ တိုင်းသိပြည်သိမဟုတ်ဘဲ လင်ယောကျ်ားကို မထင်မရှား ကူညီပေးခြင်းအားဖြင့် လင်ယောကျ်ား၏ အခြေအနေကို မြှင့်တင်ပေးနိုင်ခြင်းများကိုလည်း တွေ့ရှိရပေသည်။သင်တို့၏ မိတ်ဆွေများအနက် အလားတူနည်းအားဖြင့်ကူညီပေးခြင်းအတွက်ကြောင့် ကြီးပွားကျော်ကြားသော အခြေအနေသို့ရောက်ကြသူများကိုလည်း တွေ့ရှိရကောင်း တွေ့ရှိပေလိမ့်မည်။

သို့ရာတွင် သတိပြုရန်ရှိသည်ကား၊ လိင်စိတ်ဓာတ်တည်းဟူသော စိတ်အင်အားသည် ကြီးပွားထွန်းကားခြင်းကို ဖြစ်စေသော်လည်း ထိုလိင်စိတ်၏အလိုသို့လိုက်၍ ကာမဂုဏ်စည်းစိမ်ကိုအလွန်အကျူး ခံစားခဲ့ပါမူကား သေသောက်ကျူးခြင်းကဲ့သို့ပင် ကြီးပွားရေးအတွက် အနှောင့်အယှက်ကြီး ဖြစ်စေနိုင်တတ်လေသည်။

လိင်စိတ်ဓာတ်နှင့်ပတ်သက်၍ ထူးခြားသော အခြင်းအရာတစ်ခုမှာ ယောကျ်ားတို့သည် အသက် ၂၀ကျော် ၃၀ အတွင်း၌ မိမိတို့၏ လိင်စိတ်ဓာတ်အင်အားကို ကာမဂုဏ် ခံစားမှုတို့၌ အသုံးချတတ်ကြသည်ဖြစ်၍ ၎င်းအင်အားသည် စိတ်ကူးဉာဏ်ဘက်သို့ မရောက်နိုင်သည်ဖြစ်သောကြောင့် ကြီးပွားထွန်းကားသော အခြေအနေသို့ မရောက်နိုင်ကြပေ။ ၄၀ ကျော်လွန်သော

အခါ၌မူကား ကာမဂုဏ်ခံစားခြင်းသည် အလိုအလျောက် ဆုတ်ယုတ်ခဲ့လေရာ ထိုအခါမှစ၍ လိင်စိတ်ဓာတ်အင်အားသည် စိတ်ကူးဉာဏ်ဘက်သို့ ရောက်သွားသည် ဖြစ်သောကြောင့် စိတ်နှင့်ပတ်သက်၍ ကြီးကျယ်သော အလုပ်ကြီးများကို ဖြစ်မြောက်နိုင်ကြလေသည်။ ကမ္ဘာပေါ်တွင် ကြီးပွားထွန်းကားလျက် ရှိသော ပုဂ္ဂိုလ်ကြီးများ၏ အဖြစ်အပျက်ကိုဖတ်ရှု ဆင်ခြင်သည့်အခါ အသက် ၄၀ မှ ၆၀ အတွင်းတိုင် ရောက်သောအခါမှသာလျှင် ပြောပလောက်အောင်စတင်၍ ကြီးပွားလာကြခြင်းကို တွေ့ရှိကြရပေသည်။ လိင်စိတ်ဓာတ် သက်သက်သည် ရာဂစိတ်သက်သက်မျှသာ ဖြစ်ရကား ၎င်းသည် မုန်တိုင်းကဲ့သို့ အင်အားကြီးမားစေကားမူလည်း မေတ္တာစိတ်ဓာတ်နှင့် တွဲဖက်ခြင်းမရှိခဲ့လျှင် လေရူးတိုက်ခိုက်ခြင်းကဲ့သို့ အရာမရောက်ရှိဘဲ ရှိတတ်လေသည်။ ထို့ကြောင့် လိင်စိတ်ဓာတ်အင်အားကြီးမားသောသူပင် ဖြစ်လင့်ကစား မေတ္တာမျှတသော သူတစ်ယောက် မရှိခဲ့လျှင် ထိုသူ၏ အပြုအမူတို့သည် အဓိပ္ပာယ်မရှိ အရာမရောက်ဘဲ ရှိတတ်လေသည်။

ရာဂစိတ်သက်သက်သည် ခွန်အားတစ်မျိုးဖြစ်သည်ဟု ဖော်ပြခဲ့သော်လည်း ထိုစိတ်ဓာတ်သက်သက်သည် နှစ်သက်မြတ်နိုးဖွယ်ရာ မဟုတ်ချေ။ အကြင်သူတစ်ယောက်သည် ပြင်းထန်သော ရာဂစိတ်ဖြင့် ဖိစီးလျက်ရှိကြားအံ့၊ ထိုသူ၏ မျက်လုံးများနှင့် မျက်နှာထားတို့သည် ၎င်း၏စိတ်ကို ထင်ရှားစွာ ဖော်ပြလျက်ရှိပေလိမ့်မည်။ နှစ်သက်ဖွယ်သော အဆင်းသဏ္ဌာန်ကို ဆောင်

ခြင်းမှာ မူကား မစွမ်းနိုင်ချေ။ ရာဂစိတ် သက်သက်မဟုတ်ဘဲ ချစ်ကြိုက်မြတ်နိုးခြင်းတည်းဟူသော မေတ္တာ စိတ်ဓာတ်နှင့် ပူးပေါင်းတွဲဖက်လျက် ရှိပါမူကား ထိုသူ၏ မျက်လုံးများနှင့် မျက်နှာထားတို့သည် ကြည်လင်ပြေပြစ်ခြင်းရှိ၍ နှစ်သက်ဖွယ် ရာသော အဆင်းသဏ္ဍာန်ကို ဆောင်နိုင်ပေလိမ့်မည်။

ရာဂစိတ်သက်သက်နှင့် ချစ်ခင်စုံမက်ခြင်း တည်းဟူသော မေတ္တာစိတ်တို့၏ ကွဲပြားခြားနားပုံကို သိနားလည်ရန် လိုပေသည်။ ရာဂစိတ်သက်သက်ဟူမူကား၊တစ်ဦးတစ်ယောက်သော သူကိုပိုင်ဆိုင်လို၍ မိမိထင်သလို ပြုကျင့်လိုမှုမျှသာ ဖြစ်ပေရာ၊ မေတ္တာ စိတ်ဆိုသည်ကား ထိုသူအတွက်ဆိုလျှင် မိမိတတ်နိုင်သမျှ အနစ်နာခံလိုသောစိတ်မျိုး အခါခပ်သိမ်း ပေါ်ပေါက်လျက် ရှိရပေမည်။ ဤစံချိန်အတိုင်းညှိနှိုင်း၍ ကြည့်ပါမူကား လင် နှင့်မယားအဖြစ်နှင့် အတူတကွ နေထိုင်ကြသည့် များစွာသော လင်မယားတို့၌ ချွတ်ယွင်းချက်များကို တွေ့ရကောင်းတွေ့ရပေ လိမ့်မည်။ စင်စစ်သော်ကား တစ်ယောက်သော မိန်းမကို ရလိုမှု သက်သက်သည် မေတ္တာ မဟုတ်သေးချေ။

တစ်ယောက်သောမိန်းမအပေါ်၌ မေတ္တာစိတ်ဓာတ်လွှမ်းကဲ လျက်ရှိသော လူတစ်ယောက်သည် ထိုမိန်းမ၏ စိတ်ချမ်းသာမှု အတွက် အနည်းနည်း အဖုံဖုံ မနေမနား ကြိုးစားအားထုတ် ချေတော့မည်ဖြစ်ရာ ထိုကဲ့သို့ ကြိုးစားအားထုတ်ခြင်းသည်ပင် လျှင် ကြီးပွားထွန်းကားခြင်း၏ အခြေခံဖြစ်ချေတော့၏။ ။

Mg Chan Thar Maung

Hteegyaint

## ဤစာအုပ်



(ဤ) စာအုပ်မှာ တစ်ဘက်သား အပေါ်၌ 'ကျော' ရအောင် လုပ်ယူသော နည်းမျိုးဖြင့် မဟုတ်ဘဲ လူအသီးသီး၏ သန္တာန်၌ ရှိတတ်သည့် ကြီးပွားရေး မျိုးစေ့ ကလေးကို အညှောက်ပေါက်စေပြီး အပင်ကြီး ထွား အောင် ပြုစု ပျိုးထောင်ပေးမည့် နည်းမျိုးဖြစ်လေသည်၊

ကျွန်ုပ်သည် ၎င်းစာအုပ်ကို ဘာသာပြန်ဆိုရာတွင် ဗုဒ္ဓအဘိဓမ္မာ အခေါ်အဝေါ်များနှင့် တကွ စိတ်သဘာဝနှင့်ပတ်သက်သည့် ကိုယ်တွေ့ ကလေးများကိုလည်း ရောညှပ်ဖြည့်စွက်ကာ ပြန်ဆိုရေးသားထားခြင်းဖြစ်သောကြောင့် စာဖတ်ပရိသတ်က အရှေ့တိုင်း စိတ်ကူးသက်သက်ဖြစ်သည်ဟူ၍ပင် မှတ်ထင် ယုံကြည်ကြလေသည်။ xx 'အကြံဉာဏ်ဖြင့် ကြီးပွားအောင် လုပ်နည်း' စာအုပ်မှာ ဦးနု၏ 'လူပေါ် လူဇော်လုပ်နည်း (မိတ္တဗလဋီကာ)' စာအုပ်နှင့် မည်သည့် ပညာရှိခိုးရိုး၌ ဖြစ်စေ ယှဉ်ပြိုင်ဝံ့သော စာတစ်အုပ် ဖြစ်ပါသည်။"

ဆရာကြီးရွှေဥဒေါင်း
တသက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ
တတိယတွဲ (စာ ၂၃၂)၊ ၁၉၆၁

ဤစာအုပ်တွင် စီးပွားရေးကို အဓိကထား၍ ရေးသားထားသော်လည်း စာဖတ်သူတို့သည် ခေတ်ဉာဏ်ယှဉ်ကာ မိမိတို့ ဆန္ဒ ပြင်းပြသောဘက်တွင် အသုံးပြုနိုင်မည် ဖြစ်ရာ....

ကြီးပွားရေး
ပထမအကြိမ် ၁၉၄၅၊ အောက်တိုဘာလ
ပုံနှိပ်အမှာ